www.burmeseclassic.com

ဝတ္ထု



# မိုးဆက်နှင်းထက်

## ပိုင်ရှင်(စ်)တို့၏ ခေါင်းလောင်းသံ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀၆၃၀၀၄၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀၇၅၃၀၇၀၇ |
| မျက်နှာဖုံးဒီဇိုင်း | - | ခန့်မင်းထက် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃၃လမ်း(ညာ)၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့် | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| အတွင်းပုံနှိပ်သူ | | အမှတ်(၈၀/၁)၊ သံလွင်လမ်း |
| | | ဗဟန်းမြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွေး |
| ထုတ်ဝေခြင်း | - | ဒုတိယအကြိမ် |
| | | ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |


BURMESE CLASSIC .com



## စာရေးသူအမှာ

ကျွန်တော်၏ 'နည်းပညာကောလိပ်' သန်လျင်ကို အခြေခံ၍ ရေးဖွဲ့ထားသော ဤဝတ္ထုတွင် နာမည်များကို အရင်းအတိုင်း အနစ်နာခံ၍ ပါဝင်ခွင့်ပေးခဲ့သော ကျွန်တော်၏ ချစ်သူငယ်ချင်းများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

မည်သူ့ကိုမျှ ရည်ရွယ်၍ ရေးသားထားခြင်းမဟုတ်သော ကြောင့် တိုက်ဆိုင်မှုရှိက ခွင့်လွှတ်ကြပါရန်တောင်းပန်လျက်. . .။

မိုးဆက်လင်းထက်



www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

မနက်ခင်း မြူနှင်းများသည် ကမ္ဘာမြေပေါ်သို့ တဖွဲဖွဲကြွေကျနေသည်ကို 'မိုးစက်' ဦးတည်ရာမဲ့ ငေးမောကြည့်နေမိသည်။ သူ့ရှေ့တွင် ရင့်ကျက်တည်ငြိမ်နေသော ကျောင်းတော်ကြီးသည် နှင်းမှုန်များအောက်တွင် အေးချမ်းတည်ငြိမ်စွာ နိုးထလာခဲ့ပါသည်။

သိပ်ပိုင်ဦရန့်များ ထုံသင်းနေသည့် မြေပါရောင်လမ်းကလေးသည် သူ၏နေ့စဉ်တာဝန်များကိုထမ်းဆောင်ရန် အသင့်ဖြစ်နေပါပြီ။ အရာရာ တည်ငြိမ်အေးဆေးစွာရှိနေသလောက် သူ၏စိတ်တွေကတော့ အဆမတန်လှုပ်ရှားနေ၍ မိနက်ကတည်းက ကျောင်းသို့ ကျောင်းချိန်ထက် တစ်နာရီစောစွာရောက်ရှိနေ၏။

ဒီနေ့ကျောင်းစတက်သည့်နေ့. . . ကျောင်းသားတိုင်း သူ့လို အနည်းနှင့်အများ စိတ်လှုပ်ရှားနေကြမည်ဟု ယင်မိသည်။

ကန်တင်းအတွင်းမှာတော့ အေးစိမ့်စိမ့်ရာသီဥတုနှင့်အတူ ဖွင့်ထားသော သီချင်းသံလေးက တိုးတိုးလေးလွင့်ပျံ့နေသည်။ 'မိုးစက်' မကျောင်းအဝင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လမ်းသို့ လှမ်းမျှော်ကြည့်နေရင်း လက်မှနာရီကိုကြည့်ကာ ချိန်းထားသော အချိန်ထက် နာရီဝက်ခန့်နောက်ကျနေပြီဆိုတာသိလိုက်ရသည်။ သူတို့ရော ငါ့လို. . . စိတ်လှုပ်ရှားနေမှာလား. . .။

"ရောက်နေတာကြာပြီလား မိုးစက်. . . ငါတို့ ဒီကောင့်ကိုစောင့်နေလို့ ကြာသွားတာ"

ယုံးစံအတိုင်း ရန်နိုင်စိုးကြောင့် ဖြစ်မည်ဆိုတာ မပြောဘဲလည်းသိလိုက်သည်။ သည်ကောင်အပြင်တစ်ခါထွက်လျှင် မှန်ကိုအခါတစ်ရာလောက်ကြည့်တတ်သည့်ကောင်။ ပြီးတော့ ဒီရုပ်က ဒီရုပ်ပဲ တိုးတက်တာမဟုတ်. . .။

နေထွေးဦးကပြောပြီး လက်ဖက်ရည်တစ်ခွက် လှမ်းမှာလိုက်ကာ. . .

"မင်းရော ငွေသွားသွင်းပြီးပြီလား"

"မင်းတို့ကိုစောင့်နေတာ"

"ငါတို့တော့ ဒီနေ့သွားမသွင်းသေးဘူး. . . ကျောင်းစတက်တဲ့နေ့ဆိုရင်တော့ လူအရမ်းများမှာ. . . နောက်နေ့မှပဲ သွင်းတော့မယ်"

ရန်နိုင်စိုးက ဝင်၍. . .

"ဟုတ်တယ် မနက်ဖြန်ကျမှပဲ ငွေသွင်းတော့မယ်. . . ဒါပြီးရင် နေထွေးဦးအခန်းလိုက်သွားမလို့. . . မင်းရောလိုက်မှာလား"

'မိုးစက်' ဆေးလိပ်ငွေ့တွေကို ဖြည်းဖြည်းချင်းမှုတ်ထုတ်ကာ အသာခေါင်းယမ်းပြလိုက်ပြီး. . .

"ဒီနေ့မှ ကျောင်းစတက်တာ. . . အခန်းသိအောင်တော့ သွားလိုက်ဦးမယ်ကွာ. . . မင်းတို့ကရော ဘာဖြစ်လို့ ကိုယ့်အခန်းကိုယ်မတက်ချင်ရတာလဲ"

"ဘာမှမဟုတ်ဘူး. . . ပျင်းလို့"

"အေးလေ. . . မင်းတို့ဟာမင်းတို့သွားပေါ့. . . ငါတော့ အတန်းသွားတက်မယ်"

"ဒါနဲ့ ကျော်မင်းနဲ့ဇာနည်လည်း မရောက်သေးပါလား. . . ဒီကောင်



BURMESE CLASSIC .com



တွေ ဒီနေ့ကျောင်းစတက်ရမှာမသိဘူးထင်တယ်. . . ဟေ့ကောင်. . . စည်သူ မင်း ဒီကောင်တွေဆီ ဖုန်းဆက်မထားဘူးလား"

"ဆက်တယ်. . . အိမ်မှာမှမရှိတာ"

"ဩော်. . ."

မင်္ဂလာဆောင်ဘက်လာကြသည်မှာ အထက်တန်းကျောင်းသားဘဝကတည်းကမို့ အခုလိုတစ်ကျောင်းတည်းလာတက်ကြရတော့လည်း ပျော်စရာပိုကောင်းသွားသည်။ တစ်ယောက်အကြောင်းတစ်ယောက် ပေါက်သိတွေမို့ ညီအစ်ကိုရင်းထက်တောင် ပို၍ချစ်ခင်ကြ၏။ အားလုံးငြိမ်သက်သွားပြီးမှ 'မိုးစက်' က. . .

"ငါတို့သူငယ်ချင်းတွေအကုန်လုံး အခုလို တစ်ကျောင်းတည်းလာဆုံကြတော့ ပျော်ဖို့ပိုကောင်းသွားအောင် ငါတစ်ခုစဉ်းစားမိတယ်"

"ဘာလဲ"

"ဒီလိုကွ. . . ငါတို့ အဆောင်နေကြရင်ကောင်းမယ်"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ခေတ္တခဏ တိတ်ဆိတ်သွားကြ၏။ ပြီးမှ. . . စည်သူက

"အဆောင်နေတာတော့ဟုတ်ပါပြီ. . . အိမ်တွေက ခွင့်ပြုပါ့မလား"

"နားလည်အောင်ပြောပေါ့ကွာ. . . ငါတို့ကလည်း ကလေးတွေမှ မဟုတ်ကြတော့တာ. . . ခွင့်ပြုမှာပါ"

'မိုးစက်'ရှင်းပြတော့ သူတို့နားယောင်နေကြရင်းမှ ရန်နိုင်စိုးကဝင်၍

"အေးကွာ. . . ငါတော့ အိမ်ကိုမရရအောင်ပြောပြီး နေမယ်၊ မင်းတို့လည်း ရအောင်ပြော. . . အားလုံး အဆောင်နေဖြစ်ကြရင် ပျော်စရာကြီး"

ရန်နိုင်စိုးက အားတက်သရောပြောတော့ နေထွေးဦးကလည်း. . .

"ငါလည်းရအောင်ပြောမယ် စိတ်ချ. . . မင်းတို့သာ သေချာအောင်လုပ်"

စည်သူကလည်းဝင်၍



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မင်းတို့ရအောင်နေမယ်ဆိုမှတော့. . . ငါလည်း ရအောင်ပြောမှာပေါ့ကွ"

"ဒါဆို အားလုံး OK နော်"

"OK"

သူတို့ သံပြိုင်အော်လိုက်ကြ၏။

"ညီလေးရေ. . . ကိတ်မုန့်တစ်ပွဲလောက်ချကွာ"

မိုးစက်က ကိတ်မုန့်တစ်ပွဲလှမ်းမှာပြီး. . .

"ဒါနဲ့. . . ကျော်မင်းနဲ့ဇာနည်ကိုတော့ လာမှပဲပြောတော့မယ်၊ မင်းတို့လည်း ပိုင်းပြောကြဦးနော်"

"ဟာ. . . ဒီကောင်တွေအတွက်ကတော့ စိတ်ချ. . . ငါတို့နေမယ်ဆိုရင် ဒီကောင်တွေလည်းမရရအောင်နေမှာ. . . ဒီကောင်တွေလည်း အိမ်မှာဖင်နွေးအောင် နေချင်တဲ့ကောင်တွေမှမဟုတ်တာ"

"ဟုတ်တယ်. . . ဟုတ်တယ်. . . ဒီကောင်တွေ သိပ်တောင်စည်းရုံးရမှာမဟုတ်ဘူး"

ခဏကြာတော့ သူတို့တွေ ကန်တင်းမှထွက်လာကြတော့သည်။ 'မိုးစက်'ကတော့ သူ့အတန်းဘက်ထွက်လာ၍ ကျန်တဲ့အကောင်တွေကတော့ နေထွေးဦးအတန်းဘက် လိုက်သွားတော့သည်။

သူ့ရှေ့မှာ လူဆယ်ယောက်လောက် ရှိနေသည်။ ကျောင်းသား ကျောင်းသူများ၏အသံများကလည်း တော်တော်ဆူညံနေပြီး အရေးထဲ သူ့နောက်မှာ ကြားဖြတ်တိုးလို့ဆိုပြီး ကျောင်းသားတစ်ယောက်နှင့် ကျောင်းသူလေးငါးယောက် စကားများနေသေး၏။ ဒီလို လူရှုပ်ရှုပ်နှင့် တန်းစီရသည့်အလုပ်မျိုးကို 'မိုးစက်'စိတ်အညစ်ဆုံး၊ ဒါပေမဲ့ မတတ်နိုင်၊ ကျောင်းသားတိုင်း ကြုံရသည့်ဒုက္ခပဲလေ၊ ကျောင်းလခသွင်းသူ၊ အချိန်စာရင်းစာရွက်တောင်းသူများနှင့် ကျောင်းသားရေးရာရှေ့မှာ လူတွေပြည့်ကျပ်နေပြီး ပူရတဲ့ကြားထဲ လူငွေ့များနှင့် အသက်ရှူမွန်းသလိုလိုတောင်ဖြစ်လာသည်။ ဟိုကောင်တွေနှင့်အတူ နောက်နေ့မှသွင်းရင် ကောင်းမလားလို့တောင်စဉ်းစားပြီးမှ ရောက်မှတော့ မထူးတော့ပြီမို့ ဆက်ရပ်နေလိုက်၏။

မနက်ကတည်းက အတန်းသိအောင်ဆိုပြီး အတန်းထဲသွားထိုင်နေလိုက်တာ ထမင်းစားချိန်အထိ ဟိုကောင်တွေက ရောက်မလာ၊ ဘယ်နေရာသွားအလေလိုက်နေလဲမသိ. . . အတန်းထဲမှာလည်း ဆရာ ဆရာမတွေတစ်ချိန်ပြီးတစ်ချိန်ဝင်နေလိုက်တာ တစ်ချိန်မှအပြင်မထွက်လိုက်ရ၊ စာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တိပတ်တိ မသင်သေးပေမယ့် မိတ်ဆက်စကားပြောလိုက်၊ စာလေး နည်းနည်းသင်လိုက်၊ အခြားဗဟုသုတလေးများ ပြောပြလိုက်နဲ့ပဲ အချိန်ကုန်သွားတော့၏။ ဒါနဲ့ ထမင်းစားချိန်ရောက်တော့ ဟိုကောင်တွေလည်း ရှာလို့မတွေ့တဲ့အတူတူ ကျောင်းသားရေးရာဘက် လှည့်လာခဲ့ခြင်းဖြစ်၏။

"ဒီမှာခင်ဗျ. . . ဒီမှာ"

အနောက်မှ လက်တို့ပြီးခေါ်သံကြားတော့ လှည့်ကြည့်လိုက်ရာ သူ့လိုပဲ တန်းစီနေသည့် ကျောင်းသားတစ်ယောက်. . .

"ဗျာ. . . ဘာလဲမသိဘူး"

"ကျောင်းလခက ဘယ်လောက်သွင်းရမှာလဲမသိဘူး၊ အဲဒါသိချင်လို့"

"ကျွန်တော်လည်းမသိဘူး. . ."

"စာအုပ်ဖိုးရော ကျောင်းလခရော ကျန်တဲ့စာရွက်စာတမ်းကြေးတွေရော အားလုံး တစ်ထောင့်ရှစ်ရာကျတယ်"

ဘေးက ပိုက်ဆံသွင်းပြီး ဖြတ်သွားတဲ့ ကျောင်းသားတစ်ယောက်က သူတို့နှစ်ယောက်ပြောနေသံကြား၍ ဝင်ပြောသည်။

"ဩော်. . . ဟုတ်ကဲ့ ကျေးဇူးပဲ"

ဝင်ပြောသည့်သူကို ကျေးဇူးတင်ကြောင်း ပြောလိုက်၏။

သူ့နောက်ကကျောင်းသားကပဲ သူ့ကို ထပ်မေးပြန်သည်။

"သူငယ်ချင်းက. . . ဒီနေ့မှ ကျောင်းစတက်တာလား"

"ကျောင်းစတက်တာတော့ ဒီနေ့မှ"

"ဒါဆို တစ်ခေါက်မှမရောက်ဖူးဘူးပေါ့"

လူကျပ်လို့ စိတ်ညစ်နေရသည့်အထဲ အင်တာဗျူးနဲ့လာတိုးနေသေးသည်။ လူပုံက ဝဝတုတ်တုတ်နှင့် သူ့နေရာမှာ ကျောင်းသားနှစ်ယောက်လောက် ဆန့်သည်။ တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲလို့၊ အကျႌက ချွေးတွေနှင့် သူ့ခန္ဓာကိုယ်ကိုကပ်နေကာ မျက်လုံးက ဟိုကြည့်လိုက်၊ ဒီကြည့်လိုက် သူ့ကိုကြည့်လိုက်နှင့် အသက်ခံရမည့်ဝက်တစ်ကောင် ဂနာမငြိမ်ဖြစ်နေပုံနှင့်





တော်တော်တူသည်။ သူ့ကိုကြည့်ရင်းနှင့် သူပါ စိတ်ဖိုက်လာသည်။

"မဟုတ်ဘူး"

"ဗျာ. . ."

သူ ကျွန်တော့်အဖြေကို တွေးရကျပ်သွားပုံရသည်။

"ဒီလိုဗျာ. . . ပထမအခေါက် ဖောင်လာတင်တုန်းက ရောက်ဖူးတယ်"

"ဩော်. . ."

အဲဒီတော့မှ ရှင်းသွားပုံရသည်။ သူကပဲ ဆက်ပြီး

"ကျွန်တော်ကတော့ အခုမှရောက်ဖူးတာ. . . ကျောင်းအပ်တုန်းက ဖောင်ကို အိမ်ကတစ်ယောက်လာတင်လိုက်လို့ မရောက်ဖူးလိုက်ဘူး"

"ဩော်. . ."

သူ မြန်မြန်စကားဖြတ်ပြီး ရှေ့သို့ပြန်လှည့်မည်အပြု. . .

"ဒါနဲ့ သူငယ်ချင်းနာမည်က ဘယ်လိုခေါ်လဲ"

ဒီကောင်နဲ့တော့ပြဿနာ. . . သူ့ကို ဘာလို့ ဒီလောက်လိုက်စကားပြောနေလဲမသိ၊ ကျောင်းလခ ဘယ်လောက်သွင်းရမှန်းမသိလို့ မေးတာဆိုရင်လည်း သူသိပြီးနေပြီ၊ ဒါမှမဟုတ် စကားကြုံနေလို့ အာလာပ သလ္လာပ ပြောတာဆိုရင်လည်း ဒီလောက်ဆို တော်လောက်ပြီ။ အခုဟာက အတင်းကြီး လိုက်စကားပြောနေတာတော့ သိပ်မဟုတ်ချင်တော့။ ဒီကောင့်ကြည့်ရတာ သိပ်မှုမမှန်ချင်၊ တစ်ခုခုကို ထိန်းချုပ်ထားပုံရသည်။ မျက်နှာမှာလည်း ချွေးသီးချွေးပေါက်တွေနှင့် တော်တော်မြင်မကောင်းတော့။

"ကျွန်တော့်နာမည် မိုးစက်ပါ"

လူမှုရေးအရသာ ပြန်ဖြေလိုက်ရတာ. . . နည်းနည်းတော့လန့်လာသည်။ သူနှင့်စကားပြောနေရင်းမှာပင် တစ်ကိုယ်လုံးတုန်လာပြီး မျက်လုံးက တောင်ကြည့်လိုက်မြောက်ကြည့်လိုက်နှင့် တစ်ခုခုကြောင့် တစ်ခုခုကိုအာရုံလွှဲနေပုံရသည်။ ဖော်ကြာ ဝက်ရူးပြန်ရောဂါတွေဘာတွေရှိနေလျှင်ဒုက္ခ. . .



www.burmeseclassic.com

www.burmeseclassic.com



ရောဂါထလာပြီး သူ့ကို လူလယ်ကောင် လည်ပင်းညှစ်လျှင်ပြဿနာ. . .။ သူ ကျွန်တော့်ကိုကြည့်၍ မချိသွားဖြဲလေးနှင့်. . .

"ဩော်. . . ကျွန်တော့်နာမည် ကျော်ဖြိုးပေါ. . . ခင်မင်တဲ့လူတွေ ကတော့ ပေါကြီးလို့ခေါ်ကြတယ်. . . ဟဲ. . . ဟဲ. . . ဟဲ"

တဟဲဟဲက ပါလိုက်သေးသည်။ သူလည်း အမြင်ကတ်ကတ်နှင့်. . .

"ဘာလဲ ဂေါ်ကြီး ဟုတ်လား"

"အာ. . . မဟုတ်ပါဘူး. . . ပေါကြီးပါဗျာ"

"ဩော်. . . ဩော်"

သူ့ရဲ့ပြောင်မြောက်လှတဲ့နာမည်ကို အပျက်ခံချင်ပုံမပေါ်. . . နည်းနည်းကွဲပြီးတိုသွားပုံရ၏။ ဒါပေမဲ့ သူနဲ့ခင်မင်သွားတော့ ဒီကောင် အားတက်သွားပုံရသည်။ ပြီးတော့ သူ့နားကပ်လာကာ လေသံလေးနှင့်. . .

"ဟို. . . ဟို. . . ငါ့ကိုတစ်ခုလောက်ကူညီပါလား"

ပြောရမှာ အားနာနေတာလား. . . ရှက်နေတာလားမသိ ထစ်ထစ်ငေါ့ငေါ့နဲ့. . .

"ပြောလေ. . . ဘာကူညီရမှာလဲ"

ပြောသာပြောလိုက်ရတာ သူလည်းခပ်လန့်လန့် ခုနက ကျောင်းလခ ဘယ်လောက်လဲလို့ မေးပုံထောက်ရင် ဒီကောင့်မှာ ပိုက်ဆံမပါလာလို့များလားမသိ၊ အဲဒါဆို သူလည်းမကူညီနိုင် သူ့မှာလည်း ပိုက်ဆံအဲဒီလောက် အပိုပါမလာခဲ့. . .။ ဒီကောင် တော်တော်ပျော်သွားပုံရသည်။

"ဟို. . . ဟိုဟာ အိမ်သာဘယ်နားရှိလဲ. . . အဲ. . . အဲဒါသိချင်လို့"

"ဩော်. . ."

ဂနာမငြိမ်ဖြစ်နေပုံကို အခုမှ သူသဘောပေါက်လိုက်ပြီ။ ဒီကောင် ကြည့်ရတာ အရှက်အကြောက်လည်း တော်တော်ကြီးပုံရ၏။ ယောကျ်ားအချင်းချင်း အိမ်သာမေးတာတောင် ရှက်ကိုးရှက်ကန်းနဲ့ အစောကြီးကတည်းက သွားချင်နေပုံရသည်။ ဘယ်သူ့ကိုမှမမေးရဲ၍ သူ့ကို စကားရောဖောရော





နှင့်ဝင်ပေါင်းကာ အခုမှ စုံစမ်းခြင်းဖြစ်မည်။ ပြောမယ့်သာ ပြောရတာ တကယ်တမ်းကျ သူလည်း အိမ်သာဘယ်လိုသွားရမှန်းမသိ၊ မနက်ကတည်းက ခုချိန်ထိ အိမ်သာကိုတစ်ခေါက်မှမရောက်လိုက်၊ ကြည့်ရတာ သူ့ကို ပထမတစ်ခေါက် ကျောင်းရောက်ဖူးသည်ဆို၍ အားကိုးတကြီးမေးပုံလည်း ရသည်။ မျက်နှာကတော့ တော်တော်ပျက်နေပြီ။

"သိရင်ပြော. . . ပြောပါကွာ. . . ငါ. . . ငါထွက်တော့မယ်"

အသံတုန်နေရုံတင်မက ငိုသံပါရောပါလာပြီ၊ အဲဒါမှဒုက္ခ ဖင်ကို လက်နှင့်ပိတ်၍ ရှက်ရကောင်းမှန်းမသိတော့ဘဲ ပြောနေပုံကို သူတော်တော် သနားသွားသည်။ သူမှမကယ်ရင်. . . ဒီကောင် ဒီနားတင် ကိစ္စပြီးသွားနိုင်သည်။

"ဟိုဘက်နားမှာ. . . ဒီလမ်းအတိုင်းသွား. . . ညာဘက်ခြမ်းမှာ"

သူလည်းသိ၍မဟုတ် ခုနက ကျောင်းသူနှစ်ဦးကို ဆရာမတစ်ယောက်က ညွှန်လိုက်တာတွေ့လိုက်ရ၍ ပြောလိုက်ခြင်းပင်။ မပြောလို့လည်းမဖြစ်။ ကြာလျှင် ကိုယ်ပါအရှက်ကွဲမည်။ အဲဒီတော့မှပဲကိုယ်တော်ချောက မျက်နှာတစ်ခုလုံး ဝင်းပသွားပြီး မဟာကယ်တင်ရှင်နတ်ဘုရားတစ်ပါးကို ကြည့်သည့်အကြည့်နှင့် ကြည့်ကာ. . .

"ဟာ. . . ကျေးဇူးတင်လိုက်တာကွာ"

သူ့ခမျာ တော်တော်အောင့်ထားရပုံရသည်။ ကျေးဇူးတင်စကားတောင် ကမန်းကတန်းပြော၍ ပြေးသွားလိုက်တာ ခန္ဓာကိုယ်နဲ့တောင်မလိုက်။ မြန်လိုက်တဲ့ဖက်တီး ဂျက်အင်ဂျင်တပ်ထားသလားတောင် အောက်မေ့ရ၏။ သူ ဖက်တီးပြေးပုံလေးကိုကြည့်ရင်း မုဒိတာပွားနေလိုက်ရာ. . .

"ဟဲ့. . . ဟဲ့. . . ဒီမှာ"

"ဘာလဲဗျ"

"နင် ဟိုကောင်ကို အိမ်သာညွှန်လိုက်တာလား"

"ဟုတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



လူသားတစ်ယောက်ကိုကယ်တင်လိုက်သည့် သူရဲကောင်းတစ်ယောက်၏မျက်နှာပေးနှင့် သူ့ကိုလှမ်းပြောသည့် ကောင်မလေးကိုကြည့်ကာ. . .

"ဘာလဲ. . . နင်ရော အိမ်သာသွားမလို့လား"

"ဟာ. . . ဘယ်ကလာ. . . နင်ညွှန်လိုက်တာ. . . အဲဒါ. . . မိန်းမ အိမ်သာကြီး"

"ဟေ. . ."

"ဟုတ်တယ်. . . ပြီးတော့. . . ကျား/မ ဆိုပြီး ရေးထားတဲ့နံပါတ်ပြားတွေလည်း ဘယ်သူတွေ လက်ဆော့သွားမှန်းမသိဘူး ပြုတ်နေတယ်. . . ခုန နင်ညွှန်လိုက်တဲ့ကောင်သိမှာမဟုတ်ဘူး. . . ငါကြည့်နေတာ ဟိုကောင် နင်ညွှန်လိုက်တဲ့အတိုင်း တန်းနေတာပဲ ဝင်သွားတာ"

သွားပြီ. . . ။ ဟိုကောင်တော့ ဒုက္ခအကြီးအကျယ်ရောက်ပြီ။ အခုမှ လိုက်ပြောလို့လည်း မီတော့မှာမဟုတ်တော့၊ သူလှမ်းကြည့်လိုက်ရာ. . . ဖက်တီးရဲ့အရိပ်အခြေတောင် မမြင်ရတော့ပေ။ အတိအကျမသိဘဲပြောထည့်လိုက်သည့် ကိုယ့်ကိုယ်ကိုလည်း တော်တော်အပြစ်တင်မိသွားသည်။ စေတနာက. . . ဝေဒနာဖြစ်သွားပြီ။ ကျောင်းစတက်သည့်နေ့မှာပဲ သူ တစ်ပါးကို ချောက်တွန်းသလိုဖြစ်သွား၏။ ဖက်တီးဘဝကို သူဆက်မတွေးဝံ့။ ကျောင်းမှာထပ်တွေ့ရင်တောင် ဘယ်လိုမျက်နှာပြရမလဲ။ ဖက်တီးက နားလည်ရင် တော်သေးသည်။ သူ့ကို သက်သက်အရှက်ခွဲသည်ဟုထင်သွားလျှင်. . . ဟူး. . . မလွယ်။

သူ့အလှည့်ရောက်လာ၍ ငွေသွင်းစရာရှိသည်များကို သွင်းကာ ကျောင်းသားရေးရာရှေ့မှ ပြန်ထွက်ခဲ့တော့သည်။ လမ်းတစ်လျှောက် သူ့ကို အားကိုးတကြီးကြည့်နေသည့် ဖက်တီးမျက်နှာလေး ပြန်မြင်ယောင်လာ၏။

"သဗ္ဗေသတ္တာ ကမ္မသကာပေါ့ ဖက်တီးရေ"

🔔 🔔 🔔

## သူ

ကဲန်တင်းကိုရောက်တော့. . .

"ဟာ. . . ဟေ့ကောင်. . . မင်းဘယ်သွားနေတာလဲ၊ ငါတို့ အခုလေးတင် မင်းအခန်းရောက်သေးတယ်. . . မင်းကို မတွေ့လို့"

"ငါ ငွေသွားသွင်းနေတာ"

"မင်းက. . . ငါတို့နဲ့မှ အတူတူသွင်းမယ်ဆို"

"ငါလည်း မင်းတို့ကို ဘယ်လိုက်ရှာရမှန်းမသိတာနဲ့ ငွေသွားသွင်းလိုက်တာ"

သူတို့ပြောနေစဉ်မှာပဲ ဇာနည်နဲ့ကျော်မင်း ရောက်လာပါတော့တယ်။ ဝင်လာတော့လည်း တစ်ယောက်နဲ့တစ်ယောက်၊ တစ်ယောက်တစ်ပေါက် စကားများရင်း ခုံတစ်ယောက်တစ်လုံးစီ ဆွဲထိုင်ကာ ကျော်မင်းက. . .

"မင်းတို့ပဲစဉ်းစားကြည့်ကြကွာ"

"ဟာ. . . ဘာလဲဟ အရင်းမရှိ အမြွက်မရှိ"

"အဖျားမရှိပါကွာ"

"အဖျားက ဘာလုပ်ဖို့လဲ. . . အမြွတ်ရှိမှကောင်းမှာပေါ့ကွ. . . ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ကယ်မဟုတ်လား ကျော်မင်း"

"ဟုတ်တယ်"

"အာ"

"နေစမ်းပါဦး. . . ငါပြော"

"အေး နေပါတယ်. . . ဘယ်မှလည်းမသွားပါဘူး"

"ဟာ. . . အဲဒါပြောတာမဟုတ်ဘူး. . . ဒီကောင်ကွာ ဇာနည် ငါ ဒေါသထွက်တယ်"

"ဟုတ်လား ဘယ်ထွက်သွားတာလဲ. . . ပြန်ခေါ်ရွေ"

"ခွီးပဲကွာ"

"အေးလေ. . . အစောကြီးကတည်းက အဲဒီလို လို့ရင်းပြောလိုက်ရင် ပြီးတာပဲ"

သူတို့ ရယ်ဖြစ်ကြသည်။ ကျော်မင်းက ပြောနေတာကို နေထွေးဦးက မခံချိမခံသာဖြစ်အောင် လိုက်ပြောနေခြင်းပါ။ ဒေါသထွက်လာတဲ့ ကျော်မင်းတောင် အူကြောင်ကြောင်ဖြစ်သွားရသည်။

"နေထွေးဦး ဒီကောင်ပြောပါစေကွာ. . . ကဲ ပြော ကျော်မင်း ဘာဖြစ်လို့လဲ"

အဲဒီတော့မှ ဒီကောင် ဒေါသထွက်ရမှန်း ပြန်သတိရလာပြီး

"ဇာနည်ပေါ့. . . သူ့ကားယူမလာပါနဲ့ဆိုတာ ယူလာတယ်၊ ဒီကောင့်ကားအကြောင်းလည်း မင်းတို့သိသားပဲ (၅)မိုင်လောက်ခရီးကို (၄)ညအိပ်လောက် သွားနေရတာ"

"ဘာဖြစ်လဲ ငါ့ဟာငါယူလာတာ မင်းကိုအတင်းစီးခိုင်းလို့လား၊ မင်းဟာမင်း အတင်းလိုက်လာတာ"

"ဟာ. . . မင်းတစ်ယောက်တည်း ကားပျက်နေရင်. . . ဒုက္ခရောက်မှာစိုးလို့ သိလား မသာရဲ့"

"ကဲ ကဲ. . . တော်တော့ကွာ မင်းတို့ကလည်း မဟည့်အတူနေတွေ





အဲဒီတော့ ဘာဖြစ်လဲဆက်ပြော"

မိုးစက်က ဝင်ပြောလိုက်တော့. . .

"ထုံးစံအတိုင်းပျက်တာပေါ့. . . ပျက်တာကလည်း (၃)ခါတောင်၊ ပထမ ဆီပိတ်လို့တဲ့ ထိုးရပ်သွားတယ်၊ ကောင်းသွားတော့ ဆက်မောင်းလာတာ ဖင်တောင်မနွေးသေးဘူး၊ ဘီးထပ်ပေါက်တယ်၊ ပြင်ပြီးဆက်မောင်းလာပြန်ရော. . . သန်လျင်တံတားလည်းကျော်ရော ကားအနောက်က မီးခိုးတွေ စက်ရုံခေါင်းတိုင် အရှုံးပေးရတယ် ထွက်လာလို့ ဆင်းကြည့်တော့ အိပ်ဇောမရှိတော့ဘူး၊ ဆော်သေးတယ် ဒီအချိန်ကျောင်းရောက်လာတာ. . . ငါတော့ ဒီသန်လျင်မှာတင် နည့်တရင်းတိုင်ရပြီမှတ်တာ"

"ဟား. . . ဟား. . . ဟား. . . ဟား"

"ဟား. . . ဟား. . . ဟား. . . ဟာ"

သူတို့ရယ်လိုက်ကြသည်။ ဇာနည့်ကားအကြောင်းလည်း သူတို့သိသည်။ ဒီကောင်က ကားသာစီးနေတာ ကားကို နည်းနည်းမှပြင်တာမဟုတ်။ ပြီးတော့ ကားကလည်း လက်တင်စီးအသစ်မဟုတ်၊ အစုတ်၊ ဇာနည့်ကားလာလျှင် လမ်းထိပ်လောက်မှသိရပြီ။ ထော်လာဂျီပေါ် ဆိုင်းဝိုင်းတင်လာသလို အသံစုံမြည်နေ၏။ ပြီးတော့ ဒီကောင်တစ်ခါတစ်ခါ ကားဆီသွားထုတ်လျှင် သူငယ်ချင်းတွေအကုန်လုံး ဒါမှမဟုတ် ရပ်ကွက်ထဲက ကလေးတွေ အကုန်တင်ခေါ်သွားတတ်သည်။ စေတနာရှိ၍ အလကားနေရင်း တင်ခေါ်နေသည်ထင်လျှင် မှားသွားမည်။ သူ့ကား လမ်းမှာဖြစ်ဖြစ်၊ ဆီဆိုင်မှာဖြစ်ဖြစ် စက်ရပ်သွားလျှင် နှိုးမရတော့၊ ဒီတော့ ပါလာတဲ့သူတွေ ဝိုင်းတွန်းရတော့သည်၊ တစ်ခါ သူတို့ကို လက်ဖက်ရည်တိုက်မယ်ဆိုပြီးခေါ်သွားသည်။ မယုံသော်လည်း လက်ဖက်ရည်မျက်နှာလေးရှိ၍ လိုက်သွားတာ ငါးပါးမှောက်တော့၏။ ဓာတ်ဆီဆိုင်မှာ ဆီထည့်ပြီး စက်ပြန်နှိုးတော့ မရတော့။ ထုံးစံအတိုင်း သူငယ်ချင်းတွေ ဝိုင်းတွန်းလိုက်တာ ဖွတ်ချက်. . . ဖွတ်ချက်နှင့် အိမ်သာရောက်သွားသည့် ကားကမနိုး၊ အဲဒီတော့ သူတို့အကုန်သောက်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် လက်ဖက်ရည်လည်း လမ်းတစ်ဝက်မှာတင် အငွေ့ပျံကုန်လို့ ဘယ်ရောက်သွားမှန်းမသိ၊ အိပ်ရောက်တော့ အကုန်လုံးလျှာထွက်နေပြီ။ ဇာနည်ကတော့ ဘာမှမဖြစ်လိုက်၊ တစ်လမ်းလုံး ကားခေါင်းထဲမှာ မိန့်မိန့်ကြီး. . .။ အဲဒီကတည်းက ဇာနည့်ကားကို သူတို့ ဝေးဝေးကရှောင်တော့သည်။ မတတ်သာလို့ လိုက်စီးရရင်လည်း တက္ကစီခ(ဒါမှမဟုတ်) ဘတ်စ်ကားခလောက်တော့ အိတ်ထဲမှာ ဆောင်၍စီးကြရသည်။ နောက်မို့ဆို မလွယ်. . .။

ဒီလိုနဲ့ပဲ ဒီကောင်နှစ်ကောင် ပွစိပွစိပြောရင်း ကျော်မင်းက လက်ဖက်ရည်မှာပြီး တစ်လိပ်ယူကာ မီးညှိလိုက်၏။ 'မိုးစက်'က ဝင်၍. . .။

"အခုမှသတိရတယ်. . . မင်းတို့ကို ပြောရဦးမယ်"

"ဘာလဲ"

"ငါတို့အားလုံးတိုင်ပင်ပြီးသွားပြီ. . . အဆောင်နေကြမလို့"

"အကုန်လုံးလား"

နေထွေးဦးက ဝင်၍

"မဟုတ်ဘူး. . . တစ်ယောက်တစ်ခြမ်းစီ"

"ဟာ နေစမ်းပါကွာ. . . ဒီမှာ အကောင်းပြောနေတာ"

ဒီကောင်ကလည်း တစ်မှောင့် စကားအကောင်းပြောရင်း ဝင်ဝင်ဖောက်သည်။

"အဲဒါ မင်းတို့သဘောက"

"ဟာ နေမယ်. . . နေမယ်. . . ဒီကောင်တော့မသိဘူး၊ ငါကတော့ နေကိုနေမယ်. . . နို့မို့ဆို ဒီကောင့်ကားနဲ့မဖြစ်ဘူး. . . မစီးချင်လို့လည်းမရဘူး. . . အိမ်ကနီးနေတော့ တစ်ခါမဟုတ်တစ်ခါ စီးနေရဦးမှာ. . ."

ကျော်မင်းက အားရဝမ်းသာကြီးဝင်ပြော၏။

"ဒါနဲ့ ဇာနည်. . . မင်းကရော"

မိုးစက်က ဇာနည့်ကိုမေးတော့ ကျော်မင်းကပဲ ဝင်ပြောပြန်သည်။



"ဇာနည်. . . မင်းအရေးကြီးဆုံးပဲ. . . မင်းကားနဲ့သာ ကျောင်းတက်ရင် တစ်လ(၂)ခေါက်လောက်ပဲ ကျောင်းကိုရောက်လိမ့်မယ်"

ဒီတစ်ခါတော့ ဇာနည် ကျော်မင်းကိုဘာမှပြန်မပြော. . .။ နည်းနည်းစဉ်းစားသွားသည်။ သူ့ကားအကြောင်း သူသိလို့လား (ဒါမှမဟုတ်) အိုက်တင်ခံနေတာလားတော့မပြောတတ်. . .။ ပြီးမှ. . .

"မင်းတို့အားလုံးနေရင် ငါလည်းနေမယ်လေ"

"OK"

"ဖြန်း"

သူတို့အဖွဲ့၏ထုံးစံအတိုင်း လက်ဝါးအားလုံးစုပြုံရိုက်ကာ သဘောတူလိုက်ကြတော့သည်။ ဘာပဲဖြစ်ဖြစ် သူတို့အားလုံး အဆောင်နေဖြစ်သွားကြပါပြီ။ နေရောင်ခြည်ကတော့ မနက်ကထက် နွေးထွေးတောက်ပကာ ကောင်းကင်တွင် တိမ်အလှလင်းပယျက်. . .။

www.burmeseclassic.com

အဲဒီ အချိန်မှာ ပေါကြီးဘဝကတော့. . .

လူ့လောကကြီးနဲ့ ပတ်ဝန်းကျင်တစ်ခုလုံး အခု လောလောဆယ် ကိုယ်နဲ့ဘာမှမဆိုင်သလို ခံစားမိတယ်. . .။ တစ်ကိုယ်လုံး ကြွက်သီးတွေထပြီး. . . ခန္ဓာကိုယ်တစ်ခုလုံး လေမှာမြောက်နေသလိုပဲ။ ကိုယ့်ကိစ္စတွေ ဖြေရှင်းပေးမယ့်နေရာ တစ်နေရာတည်းရှိတယ်။ အဲဒါ'အိမ်သာ' သိသိချင်း အမြန်ဆုံးအရှိန်နှုန်းနဲ့ပြေးထွက်ခဲ့တယ်။ ဘဝမှာ ဒီတစ်ခါ အမြန်ဆုံးပဲ. . . ဒါပေမဲ့ လှမ်းနေတဲ့ခြေလှမ်းတွေကို နှေးနေသလိုခံစားမိတယ်။ တော်သေးတာပေါ့ ကာယ်တင်ရှင် မောင်မင်းကြီးသားနဲ့တွေ့လို့၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ။ သူသာ ညွှန်မပြရင် မလွယ်. . .။ ကိစ္စက ယိပ်ဝရောက်နေပြီ။

အိမ်သာထဲလှမ်းဝင်လိုက်တော့ ဘယ်သူမှမရှိ လူရှင်းနေသည်၊ တော်သေးသည်။ လွတ်လွတ်လပ်လပ် စိတ်ကြိုက်သွားလို့ရပြီ. . .။ အခန်းတစ်ခန်းကိုဝင်. . . ချက်ထိုးပြီးတာနဲ့ ထိုင်ချလိုက်တာ. . .'ဟာ'ယိပ်ပြာလေးတွေ တဖျတ်ဖျတ်နဲ့ စိတ်ကူးလေးကို သယ်ဆောင်သွားပြီး တိမ်တွေဆီ အလည်ခေါ်သွားသလို. . . လောကကြီးတစ်ခုလုံး ပေါ့ပါးလန်းဆန်းသွားပါ





တော့သည်။ ခဏအကြာမှာတော့. . .

"ဟဲ့. . . မိရွှေ နင့်မှာ နှုတ်ခမ်းနီပါလား"

"အေး. . . ပါတယ်"

"ပါဆံပင်တွေ အရင်တုန်းကလိုမလှတော့ဘူး. . . ညှပ်လိုက်တာများသွားပြီလားမသိဘူးနော် မိစု"

"မဟုတ်တော့. . . အမြန်လုပ် ဒါပြီးရင် Class တက်ရဦးမယ်"

"နီနီ. . . မနက်က နင့်ကိုစကားလာပြောတာ ဘယ်သူလဲ"

"ငါ့အိမ်ဘေးကပါ"

ဟာ. . . မိန်းမသံတွေပါလား. . . သူသေချာအောင် ယပ်နားထောင်လိုက်သည်။

". . . . . . . . . . . ."

". . . . . . . . . . . ."

မိန်းမမှ တကယ့်မိန်းမစစ်စစ်အသံတွေ. . .။ အိပ်မက်မက်တာတော့မဖြစ်နိုင်၊ သူ့ကိုယ်သူ ငုတ်ကုတ်ကြီး အရှင်လတ်လတ်တွေ့နေရတယ်။ ဒါဆို ဘာလဲ. . . ရင်ထဲမှာ ဟိုက်ဒရိုဂျင်ပုံးအလုံးနှစ်ထောင်လောက် ပေါက်ကွဲသွားသလို ငြိမ်ယူနေတဲ့စိတ်လေးတွေ အားလုံးဖွာထွက်သွား၏။ တစ်စုံတစ်ခုတော့မှားယွင်းနေပြီ. . . ဘုရား. . . ဘုရား ထင်သလိုဖြစ်မလာပါစေနဲ့ ဆုသာတောင်းလိုက်ရတာ. . . လုံးဝသေချာသွားပြီ။ အပြင်မှာလည်း. . . လူတွေတဖြည်းဖြည်းများလာပြီ။ ဒါ. . . မိန်းမအိမ်သာ သေချာသွားပြီ။ ငါဘယ်လိုလုပ်ရမလဲ. . . ဆက်ထိုင်နေရုံပဲရှိတော့တယ်။ ချွေးတွေလည်း တစ်ကိုယ်လုံးရွှဲလို့. . . အလွန်ပူအိုက်တဲ့ရာသီမှာ ဂွန်နီအိတ်ထဲတစ်ကိုယ်လုံး ဝင်နေရသလိုပဲ၊ အသက်တောင် ဖြည်းဖြည်းလေးခိုးရှူကာ လှုပ်တောင်မလှုပ်ရဲ. . .။ ဖြစ်နိုင်ရင် ခန္ဓာကိုယ်ကို သေးသေးလေးဖန်ဆင်းလိုက်ပြီး ပြတင်းပေါက်က ခုန်ချသွားချင်လိုက်တာ။ ဒါပေမဲ့. . . ဒါက အခုလက်ရှိမှာ မဖြစ်နိုင်. . .။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကိုခြုံကြည့်လိုက်ရင် ဒီပြဿနာအစက ဟိုကောင်. . . အခက်အခဲဖြစ်နေတာကိုကူညီသလိုလိုနဲ့ ချောက်တွန်းတာ. . . ဒီကောင့်မျက်နှာကို အစိတ်စိတ်အမွှာမွှာဆုတ်ဖြဲပစ်မယ်. . .။ သေချင်းဆိုး. . . ကာလနာ. . . မြွေပွေးကိုက်. . . တွေးရင်းတွေးရင်းနဲ့ဒေါသတွေ ရေကာတာကျိုးပေါက်သွားသလို ဝုန်းခနဲပွင့်ထွက်သွားသည်။ တွေ့ကြသေးတာပေါ့ ငပိန်ရာ. . . လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်. . . ရှက်စိတ်ကြောင့်ထွက်ပေါ်လာသည့်ဒေါသနှင့် မွန်းကျပ်စိုးရွံ့ခြင်းတို့ပေါင်းစပ်ကာ အသိတရားသည် လက်ရှိရောက်ရှိကြုံတွေ့နေရသောအခြေအနေကို ခေတ္တမျှပျောက်ကွယ်သွားစေသည်။ မျက်စိနှစ်လုံးလုံး ပြာသွားသည်. . . ကိုယ့်ကိုယ်ကို ဘာလုပ်လို့လုပ်လိုက်မှန်းတောင်မသိလိုက်. . . စိတ်ထဲတွင် သိနေသည်က'ဟိုကောင်' ခန္ဓာကိုယ်သို့ အသိတရားနှင့် ဝိညာဉ်ပြန်လည်ရောက်ရှိလာချိန်တွင် အရာရာ ပြင်မရအောင်ပြီးဆုံးသွားခဲ့ပြီ. . .။

"တောက်. . . ဒုန်း"

"ဟဲ့. . . အမလေး. . . ဘာသံကြီးလဲ"

". . . . . . . . . ."

"အမေ့"

"ပလုတ်တုတ်. . . ဘာ့လဲဟ"

"ဟဲ့. . . ဆွေ့ဆွေ့ အိမ်သာထဲက တောက်ခေါက်သံကြီးက ကြောက်စရာကြီးဟဲ့"

"အေး. . . တံခါးကိုလည်း တစ်ခုခုနဲ့ထိုးလိုက်သလိုပဲ"

"သရဲခြောက်တာလားမသိဘူး"

"နေ့ခင်းကြောင်တောင်ကြီးဟာယ်. . . မဖြစ်နိုင်ပါဘူး"

"တောက်ခေါက်သံကြီးက ယောကျ်ားသံကြီးကျနေတာပဲ"

သူ အိမ်သာတံခါးကို စိတ်ကိုတိုနဲ့ထိုးလိုက်တာ အိမ်သာတစ်ခုလုံးကြားသွားပြီ. . . ဒုက္ခပဲ။





တစ်ယောက်တစ်ပေါက်ပြောဆိုသံများနဲ့ အိမ်သာနားသို့ လူများဝိုင်းအုံလာကြသည်။ မိန်းမတို့၏သဘာဝအရ စပ်စုချင်ကြရသည့်ကြားထဲ ဘာဒုန်းဒုန်းတဒိုင်းဒိုင်းနှင့် အိမ်သာထဲက ကြားနေရတော့ ပိုဆိုးကုန်သည်။

"အထဲက. . . သူငယ်ချင်း ဘာဖြစ်လို့လဲ"

သူ. . . ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

"အထဲက. . . သူငယ်ချင်း ဘာကူညီပေးရမလဲ"

". . . . . . . . ."

"ဒုန်း. . . ဒုန်း. . . ဒုန်း. . . ဒုန်း"

အပြင်မှ တံခါးကို အဆက်မပြတ်ထုကာ. . .

"ဘာကူညီပေးရမလဲ. . . ပြောလေ သူငယ်ချင်း"

". . . . . . . ."

"ဟယ် ဘာသံမှလည်းမကြားဘူး"

ဘုရားသခင် ကယ်တော်မူပါ၊ တပည့်တော် ဒုက္ခအကြီးအကျယ်ရောက်နေပါပြီဘုရား၊ ဒီနေ့ကစပြီး ညတိုင်းဘုရားရှိခိုးပါ့မယ်။ လူကြီးမိဘကိုလည်း ရိုသေပါတော့မယ်ဘုရား။ တပည့်တော်ဒုက္ခလေးကို ဒီတစ်ခါ ညာတာသောအားဖြင့် ကယ်တော်မူပါဘုရား။ ကတိသမျှ မှတ်သမျှ ဆုတောင်းလိုက်ပြီးတော့ ရသမျှဘုရားကတွေကိုသာ စိတ်ထဲ ထပ်ခါတလဲလဲ ရွတ်နေမိတော့တယ်။ ဒါပေမဲ့. . . ဆုတောင်းမပြည့်ပါ။ အပြင်က ငတိမကွေ့ကလည်း ဒီလောက်နဲ့တင် ရပ်မသွား. . .

"ဟဲ့. . . ဘာသံမှမကြားရဘူး. . . ဘာဖြစ်နေလဲမသိဘူး"

"အေး. . . တစ်ခုခုဖြစ်နေတာထင်တယ်"

"ဟုတ်တယ်. . . အိမ်သာထဲမှာများ မူးလဲနေလားမသိဘူး"

"အဲဒါဆို တို့မှာ တာဝန်အပြည့်ရှိတယ်"

"ဒါပေါ့ဟ"

"ကျော်တက်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဘယ်လိုကျော်တက်မလဲ"

"အဲဒါဆို ဆရာမကို အကျိုးအကြောင်းသွားပြောရအောင်"

ခေါင်းတစ်ခုလုံး ထူပူသွားပြီး၊ ကြက်သီးမွေးတွေပါ ထောင်လာကာ မျက်လုံးတွေပါ ပြာကုန်သည်။ ကိစ္စက ဆရာမခေါ်သည့်အဆင့်ထိပါရောက်ကုန်ပြီ။ ဆရာမရောက်လာလျှင် သူဆက်မတွေးရဲတော့။ အိမ်သာရှေ့မှာ လူတွေအုံလာပြီး တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြသံတွေ တဖြည်းဖြည်းများလာ၏။ ဆရာမခေါ် သူခေါ်။ နီးစပ်ရာ ထင်ကြေးပေးသူပေးနဲ့ လူတွေတော်တော်များလာပြီ။ နောက်ဆုံး အိမ်သာထဲမှာ လူမြည့်သွားပြီး နေရာမရလိုက်သူတွေက အိမ်သာရှေ့မှာဝိုင်းအုံပြီး အိမ်သာထဲ ဘာဖြစ်နေတာလဲဆိုတာ အကဲခတ်နေကြ၏။ ဒုက္ခ. . . ဒုက္ခ သူ့အဖြစ်က ရေဆာတုန်း ရေတွင်းထဲကျခဲ့သော်လည်း မစင်တွင်းဖြစ်နေပြီ၊ ဆုပ်လည်းစူး စားလည်းရူးဘဝ။ အမေ့သားတော့ ရေတိမ်နစ်ပါပြီ အမေရယ်. . .။ အဲဒီအချိန်မှာပဲ ဆရာမရောက်လာပါတော့တယ်။

"ကောင်မလေးတွေ ဖယ်စမ်း. . . ဘယ်မှာလဲ. . . ဘယ်အခန်းလဲ"

"ဒီအခန်း ဆရာမ"

ဆရာမက မနည်းတိုးဝင်လာပြီး ကျောင်းသူတစ်ယောက်ပြတဲ့ အိမ်သာခန်းရှေ့မှာရပ်၊ အိမ်သာထဲလှမ်းပြီး ဘာဖြစ်နေတာလဲ၊ ဘာလုပ်နေတာလဲမေးတော့ သူပြန်မထူး၊ ဒီတော့ ဆရာမရော ကျောင်းသူတွေပါ အိမ်သာထဲကကျောင်းသူ တစ်ခုခုဖြစ်နေပြီဟုဆိုကာ အိမ်သာတံခါးကို ရိုက်ဖျက်ပြီး အထဲက သူ့ကိုထုတ်ဖို့ကြိုးစားကြတော့သည်။

ဒီတစ်ခါတော့ ဆက်လက်ဟန်ဆောင်နေဖို့ မဖြစ်တော့။ ကျောင်းသူတစ်ယောက်မဟုတ်ဘဲ သူဖြစ်နေတာတွေ့ရင် ပြဿနာပိုရှုပ်သွားနိုင်သည်။ ဟာမယ့်အေး ပြေးတွေ့တာပဲကောင်းပါတယ်။ သူပိုင်နိုင်စွာ ဆုံးဖြတ်လိုက်ပြီး မတ်တတ်ရပ်ကာ မျက်နှာမှချွေးတွေကို ပုဆိုးနဲ့သုတ်ပြီးတော့ မျက်နှာကို အချိုသာဆုံးထား၊ စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင်ထိန်း၍ တံခါးကို





အသာလေးဖွင့်လိုက်ပါတော့တယ်။

"ချွက်. . . ကျွီ"

"ဟော. . . ပွင့်လာပြီ"

တံခါးပွင့်လာတဲ့နောက်ကို လူတွေအာရုံစိုက်ကာ ကြည့်နေချိန် အပေါက်ဝမှာ သူ့မျက်နှာကြီး စတင်ပေါ်လာချိန်မှာတော့. . .

"ဟင်"

"ဟယ်"

"အို"

ပြိုင်တူအာမေဍိတ်အသံတွေ ထွက်ပေါ်လာကာ မီးကို ရေနဲ့ငြိမ်းလိုက်သလို အသံတွေအားလုံး ရုတ်ခြည်းတိတ်ဆိတ်သွား၏။

ဆရာမရော ကျောင်းသူတွေပါ မမြင်ဖူးတဲ့ သတ္တဝါကောင်တစ်ကောင် အိမ်သာရှေ့လာပြီး မတ်တတ်ရပ်နေတာမြင်လိုက်ရသလို မှင်တက်အံ့ဩကြည့်နေချိန်မှာ. . . ပထမဆုံးသတိဝင်လာသူက ဆရာမပါ။

"မင်းဘယ်သူလဲ"

"ဟို. . . ဟို. . . ကျွန်. . . ကျွန်တော်"

သူ့အဖြေစကားမဆုံးခင်မှာပဲ

"မင်း ဒါ မိန်းကလေးအိမ်သာဆိုတာမသိဘူးလား"

"သိ. . . သိ. . . သိပါတယ်. . . ဆ. . . ဆ. . . ဆရာမ"

"ဘာ"

ဆရာမ ဟော်လိုက်သံက အိမ်သာထဲမှ ပဲ့တင်ခနဲထွက်သွား၏။ မျက်နှာတစ်ခုလုံး တင်းမာသွားပြီး ဒေါသမျက်ဝန်းများနှင့်ကြည့်ကာ. . .

"မင်းသိလျက်နဲ့ဝင်တာပေါ့ ဟုတ်လား"

"ဟာ. . . မဟုတ်ပါဘူးဆရာမ. . . ကျွန်. . . ကျွန်တော် အစက မသိပါဘူး. . . ဒီ. . . ဒီအလဲရောက်မှသိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်း ပြန်လည်ရှင်းပြလိုက်ရ၏။

နောက်မို့ဆို သူ့ကို ငါးစားတော့မတတ် စိုက်ကြည့်နေတဲ့မိန်းမအုပ်ထဲမှာတင် အသက်ပျောက်သွားနိုင်သည်။ ဒါတောင် ဆရာမရှိနေ၍ တော်သေးသည်။ နောက်မို့ဆို သူ့ကို ဝိုင်းပြီးအမှုန့်ကြိတ်ပစ်မလားတောင်မသိ၊ သူပြောသာပြောလိုက်ရသည်။ ဘယ်သူမှ ယုံကြည်မယ့်ပုံမပေါ်၊ ဒါ့ကြောင့် ဆရာမဘေးမှ ပပကစ်ကစ် ကောင်မလေးက စလိုက်တော့. . .

"ဆရာမ သူ့အလကားပြောတာဖြစ်မယ်. . . သမီးတို့ခေါ်တုန်းက သူပြန်မထူးဘူး. . . အထဲက သမီးတို့ကို ချောင်းကြည့်နေတာဖြစ်မယ်"

"ဟုတ်တယ်. . . တီချယ် သူ့ပုံစံကြည့်ပါလား နှာဘူးရုပ်"

"ပြောစမ်း. . . ဝတုတ်၊ နင် ဘာအကြံအစည်နဲ့ ဒီအထဲဝင်လာတာလဲ. . . နှမချင်းမစာမနာ၊ ရုပ်နဲ့အကျင့်လည်း လိုက်လည်းလိုက်ပ"

"တရုတ်ဘိန်းစား လေထိုးထားတဲ့ရုပ်"

"ကဲ. . . ကဲ တော်ကြတော့၊ ဒီကိစ္စ ဆရာမရှင်းမယ်၊ ဘယ်သူမှ ဘာမှထပ်မကြားချင်တော့ဘူး၊ တော်ပြီ. . . အားလုံးဘိတ်"

"ဒါဆိုရင် မင်းငါနဲ့လိုက်ခဲ့. . . ရုံးခန်းရောက်မှရှင်း"

"ဟုတ်. . . ဟုတ်ကဲ့"

ဆရာမက အခြေအနေကိုဝင်ထိန်းကာ. . . သူ့ရှေ့မှ ဦးဆောင်ထွက်သွားလေသည်။ မကတ်နိုင်တော့ လူက ရှက်လည်းရှက် ဒီနေမှာလည်း ကြာကြာဆက်နေလို့မဖြစ်တော့၊ ဆရာမရုံးခန်းခေါ်တာကိုပဲ ကိုယ့်အတွက် ထွက်ပေါက်တစ်ခုရသလို ဝမ်းသာအားရ လိုက်သွားမိသည်။

"နှာဘူး"

"ဝက်ပေါ"

"ပြိတ္တာ"

"ဝက်ဘူး"

"အတော်အတင့်ရဲကဲ့ကောင်"





"အေးဟယ်. . . မိန်းမအိမ်သာထဲ သူမို့ဝင်ရဲတယ်"

"ငါတို့ကို အထဲက သူချောင်းနေတာ ဘယ်လောက်တောင်ကြာနေပြီလဲမသိဘူး"

"ဘူးကျတာလွန်ရော"

ကိုယ်သွားရာ လမ်းတစ်လျှောက် အားပေးတဲ့ပရိသတ်ကတော့ တစ်ခဲနက်နဲ့ပေါ့ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

ညသည် ကြယ်တာရာတို့ ဝိုင်းရံထားသော လသခင်နှင့်အတူ ခံ့ညားထည်ဝါစွာ လှပနေပါသည်။ လေပြည်လေညင်းတို့သည် ဆောင်းရနံ့ကို သယ်ဆောင်လာ၍ အာကာတစ်ခွင်ကို နှင်းအလွှာခြုံရန် ကြံစည်နေသည်ထင်သည်။ လေအဟုန့်တွင် သီဟိုဠ်ရနံ့သင်းသင်းသည် ကျောင်းဝင်းအတွင်းမှ တစ်ချက်တစ်ချက် သင်းပျံ့နေပါ၏။

အဆောင်ရှေ့ တက္ကသိုလ်လမ်းပေါ်တွင်ကား သီချင်းသံသည် လှပသော ထိုညကို တန်ဆာဆင်လိုက်ပြီး အဆောင်တို့၏ညချမ်းကို သာယာလွမ်းဆွတ်စေပါသည်။ သူတို့အဖွဲ့ ဒီအဆောင်ရှေ့မှာ ဂစ်တာလာတီးဖြစ်တာ ဒါနဲ့ဆို (၈)ခါလောက်ရှိပြီ။ ဒါပေမဲ့ အဆောင်သူတစ်ယောက်နဲ့မှ သူတို့ မရင်းနှီးသေး။ သူတို့နှင့်သိသောသူများကလည်း အဆောင်မနေကြ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကိုယ်နဲ့သိသည့်မိန်းကလေး ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ မိန်းကလေးအဆောင်ရှေ့တွင် ကျောင်းသားများ ဂစ်တာတီးခြင်းသည် မည်သူ့ကိုမှ ခွင့်တောင်းရန်မလိုသော(သို့မဟုတ်) မည်သူကမှပေးအပ်ထားသော တာဝန်မဟုတ်သော သူ့အလိုလိုဖြစ်ပေါ်လာသည့် တက္ကသိုလ်တို့၏ ညချမ်း





အခွင့်အရေးတစ်ရပ်ပင်ဖြစ်၏။

ရန်နိုင်စိုးက ဂစ်တာကို ကြိုးညှိနေရင်းမှ ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိလိုက်သည်။ နေထွေးဦးက ဝါးဆစ်ဘူး ဖင်ပြတ်နှစ်ခုကို သားရေစတစ်စစီနှင့်အုပ်ကာ ကြိုးစည်းထားပြီး ဘယ်ကကောက်လာမှန်းမသိသော တုတ်နှစ်ချောင်းနှင့်ဒရမ်လုပ်ကာ စည်းချက်လိုက်ပေးနေ၏။ ဂီတအကြောင်းကို စည်းနဲ့ဝါးတောင် ပတ်ပတ်နပ်နပ် နားမလည်သည့် ဇာနည်က သီချင်းဆိုရန် သီချင်းရွေးနေသည်။ သူတို့တစ်ဖွဲ့လုံးတွင် ဇာနည်နှင့် နေထွေးဦးသည် ဖိုးဆိုချင်များဖြစ်ကြ၏။ သို့သော် အသံက မကောင်းသည့်အပြင် ဆိုလိုက်သောသီချင်းအလိုက်နှင့် သူတို့၏ အသံကီး(KEY)မှာ အနိမ့်အမြင့်မရှိ ဇာစ်သမတ်ကြီးသွားနေသည်။ စာကျက်နေသော ကလေးတစ်ယောက်ကို နောက်ခံတီးလုံး လိုက်ပေးနေသည်နှင့်တူပါသည်။ ဂီတဘိုးအေကြီး ဘီသိုဗင်တောင် ယခုရှိနေလျှင် သူ့ကို (KEY)အတိုင်းလိုက်တီးမပေးနိုင်၍ ကိုယ့်ကိုယ်ကို သတ်သေသွားမလားတောင်မသိ။ ဘီသိုဗင် ယခုခေတ်တွင် လူလာမဖြစ်ခြင်းမှာ သူတော်တော်ကံကောင်းသွားပါသည်။

စည်သူနှင့်ဝင်းထွဋ်တို့ကတော့ နည်းနည်းပါးပါး ဆိုတတ်ကြ၏။ သို့သော် အသံက မန်ဒါလီဘဲကို ခွေးဆွဲသလို အောက်ညစ်ညစ်နှင့် အဲဒီလို အရည်အချင်းရှိ၍ အလားအလာကောင်းသောသူများနှင့် ဖွဲ့စည်းထားသော သူတို့တီးဝိုင်းလေးကို အဆောင်ရှေ့လာတီးသောအခါတိုင်း နားထောင်ပေးရသော အဆောင်သူလေးများမှာ သနားစရာတော်တော်ကောင်းသည်။ အရှင်လတ်လတ် ငရဲကျခံနေရပါသည်။ ဒါတောင် ဒီကောင်တွေ တစ်ခါတစ်ခါ ထထအော်လိုက်သေးသည်။ အခုလည်းကြည့် ဂစ်တာကြိုးညှိတာကို မစောင့်နိုင်လို့ဆိုပြီး နေထွေးဦးက သူ့မှာပါလာတဲ့ ဝါးဆစ်ဘူးနဲ့ ကတ္တရာလမ်းကိုထုကာ သီချင်းတစ်ပုဒ်ဆိုပြီးသွားတော့. . .

"ခုနသီချင်းလေးကို အသံသာသာလေးနဲ့ သီဆိုသွားတဲ့သူကတော့ ကျွန်တော် နေထွေးဦးဖြစ်ပါတယ်ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ရှီး"

သူ့ဘာသာသူ လက်ခုပ်တီး၍အားပေး၏။

"ဟုတ်ပါတယ်. . . ကျွန်တော် ဇာနည်ကလည်း နောက်တစ်ပုဒ် သူ့ထက်သာအောင် သီဆိုပေးဦးမှာဖြစ်ပါတယ်၊ ကဲ. . . ရွာစားကျော်ရေ စလိုက်ကြရအောင်"

အဲဒီလိုကောင်တွေ ကိုယ့်ဘဝကိုယ် ဘယ်ရောက်လို့ရောက်မှန်းမသိကြတဲ့ကောင်တွေ. . . ဒါပေမဲ့ ဒီကောင်တွေအသံ အစွမ်းထက်သွားလို့လားမသိ၊ အဆောင်သူတစ်ယောက် ဆင်းလာပါတော့သည်။

"ဟိုမှာထွက်ပြီ. . . လာပြီကွ"

"ဟာ. . . ဟုတ်တယ်ကွ၊ ဘာတွေ. . . ဘာတွေပေးနေလဲမသိဘူး"

ကျော်မင်းနဲ့စည်သူပြောမှ လှမ်းကြည့်လိုက်တော့ အမှောင်ချထားသော စကြိုလမ်းတွင် လရောင်ဝိုးတဝါးသာ ထိုးကျနေသောကြောင့် ပြတ်ပြတ်သားသားမမြင်ရ၊ အဆောင်လှေကားမှ ဆင်းလာသော ကျောင်းသူတစ်ဦးက အဆောင်စောင့်အား ချိုင့်တစ်လုံးနှင့်အတူ ပန်းကန်ဟုထင်ရသော အရာတစ်ခုပေးနေပြီး အဆောင်ရှေ့မှ သူတို့အဖွဲ့ဆီသို့ လက်ညှိုးထိုး၍ တစ်ခုခုပြောနေသည်ကို မီးရောင်အောက်တွင် မှုန်ဝါးဝါးမြင်နေရသည်။ ခဏကြာတော့ အဆောင်စောင့်က ပေးလိုက်သော ချိုင့်နှင့်ပန်းကန်အားယူလာ၍ အဆောင်တံခါးတွင်ရပ်ကာ သူတို့အား လက်ယပ်ခေါ်နေ၏။

"ဟေ့ကောင် ဟိုမှာခေါ်နေပြီ သွားလိုက်လေ"

"ဟာ. . . မင်းသွားပါလား၊ ငါကြောက်တယ်"

"ဒီကောင်ကတစ်မျိုး၊ ရန်နိုင်စိုး. . . မင်းသွားကွာ"

"ငါ ဂစ်တာကြီးနဲ့ကွ"

"နေထွေးဦး"

"ရှက်တယ်"

"သေစမ်းကွာ. . . နေဟော့ နောက်ဆုံး ငါပဲသွားလိုက်တော့မယ်"





ဝင်းထွဋ်က အထ. . . စည်သူက

"ဘယ်သူမှ သွားမနေနဲ့တော့ ဟိုမှာကြည့်. . . မိုးစက်က ရောက်တောင်သွားပြီ"

သူတို့တွေ ပြောနေ၊ ငြင်းနေ၊ ရှက်နေစဉ်မှာပင် မိုးစက်ဘယ်အချိန်က ရောက်သွားမှန်းမသိလိုက်၊ အဆောင်တံခါးရှေ့မှာ အဆောင်စောင့်နဲ့ စကားပြောနေပြီး ခဏကြာတော့ ချိုင့်နဲ့ပန်းကန်ကိုင်ပြီး ပြန်လှည့်လာတော့သည်။

"ဘာတွေလဲကွ"

"လက်ဖက်သုပ်နဲ့ ကော်ဖီနဲ့ ပြီးတော့ စာတစ်စောင်လည်းပါတယ်"

"ဟာ. . . တကယ်. . . ပွတာပဲ၊ ဒါနဲ့ စာက ဘယ်သူ့အတွက်လဲ"

ဒီကောင်တွေ သို့လောသို့လောနှင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။

"ငါလည်းမသိဘူး၊ အဆောင်စောင့်ကိုမေးတော့ ဖတ်ကြည့်တဲ့၊ ပြီးတော့ ချိုင့်နဲ့ဖန်ခွက်ကို စားပြီးသောက်ပြီးရင် အဆောင်တံခါးအောက်ကိုပဲ ထိုးခဲ့တဲ့. . . အဲဒါပဲပြောသွားတယ်"

"ဒါဆို စာအရင်ဖတ်ကွာ"

စာကို စာအိတ်နှင့် သေသေချာချာထည့်ထားပြီး အသေအချာပိတ်ထားသည်။ စာအိတ်အဖုံးတွင်တော့ နှင်းဆီပုံတံဆိပ်တုံးကို ရိုက်ထား၏။ ဘာအဓိပ္ပာယ်လဲဆိုတာကိုတော့ တစ်ယောက်မှမသိပါ။ သို့သော် အားလုံးသိနေသည်က ထိုစာသည် သူတို့အဖွဲ့ကို ရည်ညွှန်းပေးခြင်းသာဖြစ်သည်။

မှားစရာ အခြားအဖွဲ့လည်းမရှိ. . . ဒီည သူတို့အဖွဲ့တစ်ဖွဲ့တည်း အဆောင်ရှေ့တွင်ရှိ၏။

"အမြန်ဖောက်ပါကွ. . . ငါ့ရင်တွေခုန်လွန်းလို့"

အရေးထဲ ရန်နိုင်စိုးဆိုတဲ့အကောင်က သူ့ကိုပဲ ကောင်မလေးတွေက ရည်ရွယ်ပြီး ပေးလိုက်သလိုလိုဝင်လုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး ရန်နိုင်စိုးရ. . . မင်းက ရင်တွေဘာတွေခုန်နေရအောင် ဒီစာက မင်းကိုပေးတယ်လို့ ဘယ်သူကပြောလို့လဲ"

"အေးလေ. . . မင်းရုပ်မင်းရည်လည်း မှန်ထဲပြန်ကြည့်ပါဦး. . . ဒီလိုအခွင့်အရေးမျိုး ရတတ်သလားလို့"

အားလုံးဝိုင်းပြောလိုက်တော့မှ မျက်နှာငယ်လေးနှင့် လက်ကလေး နှစ်ဖက်ကို ပါးတွင်ဖိကပ်ကာ ငုတ်တုတ်လေးပြန်ထိုင်သွားသည်။ သူ့ဘဝသူ နားလည်သွားပုံတော့ရပါ၏။ သို့သော် မျက်နှာက သနားစရာပုံမပေါက်ဘဲ သေခါနီးမျောက်တစ်ကောင် မျက်နှာပျက်နေသည့်ပုံ. . .။

"မိုးစက်. . . စာအမြန်ဖောက်ကွာ"

နေထွေးဦးက ချိုင့်နှင့်ပန်းကန်ကို ကိုင်လျက် ငုတ်တုတ်ထိုင်ရင်း လှမ်းပြောလိုက်၏။

မိုးစက် စာကိုဖောက်လိုက်တော့. . .

*အောက်ပါအဆိုတော်များ၏ သီချင်းများကိုရလျှင် ဆိုပေးပါရန် မေတ္တာရပ်ခံပါသည်. . .*

*(၁) စန္ဒရားချစ်ဆွေ*

*(၂) ကိုအံ့ကြီး*

*(၃) ကိုတင်လှိုင်*

*အထက်ပါသီချင်းများကို တစ်ပုဒ်မှမရလျှင် ကျေးဇူးပြု၍ ကော်ဖီနှင့်လက်ဖက်သုပ် သုံးဆောင်၍ အေးချမ်းစွာပြန်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်ရှင်။*

*ပုံ - အဆောင်သူများ*

***P.S*** *ကော်ဖီနှင့်လက်ဖက်သုပ်ကုန်လျှင် ထပ်မရတော့ပါ။*

စာကိုဖတ်ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ကြောင်တောင်တောင်ဖြစ်သွားကာ. . .





"ဒါ. . . ငါတို့ကို သက်သက်စမ်းတာကွ"

"ဟုတ်တယ်. . . ငါတို့မရမှန်းသိလို့ လုပ်တာ"

"ဟုတ်တယ်. . . ငါတို့ကို နားငြီးတယ်. . . အစာစားပြီးပြန်တော့ ဆိုတာနဲ့ အတူတူပဲ"

"ဇာနည်. . . မင်းရလား"

"အင်း. . . ကြားတော့ကြားဖူးတယ် ဒါပေမဲ့. . . ဆိုနေမကျတော့ စည်းဝါးကိုက်ပါ့မလားမသိဘူး"

အခုထိ လက်မလျှော့သေး ကိုယ့်ကိုယ်ကို အထင်ကြီးနေတုန်း

"နေထွေးဦး မင်းရော"

"လုံးဝမရဘူး"

တော်သေးတယ်၊ ကံဆိုးမိုးမှောင်ကျ၍ ဒီကောင်များ မတောက်တခေါက်လောက်ရသွားလို့ကတော့. . . မလွယ်။

"ကဲပါကွာ. . . တစ်ယောက်မှမရတဲ့အတူတူ မထူးပါဘူး၊ သူတို့တိုက်တဲ့ ကော်ဖီနဲ့ လက်ဖက်သုပ်စားပြီး ပြန်ကြတာပေါ့. . . ဒါပဲရှိတော့တာပေါ့"

"မင်းတို့က အခုမှ စဉ်းစားတုန်းရှိသေးတာလား"

ရန်နိုင်စိုးက ပလုတ်ပလောင်းအသံနှင့်လှမ်းပြောလိုက်တော့မှ အားလုံး လှည့်ကြည့်လိုက်ရာ ဒီကောင် ဘယ်အချိန်ကတည်းက တီးနေလဲမသိ။

"ဟေ့ကောင်. . . ငါတို့ကိုစောင့်ဦးလေ. . . အငတ်"

"ငါ့လည်း နည်းနည်းပေး"

"ငါအရင်သောက်မှာကွ. . . အလှည့်မကျော်နဲ့. . . ညာဝေပဲ"

"ဟာ. . . လုကွာ. . . လု"

"ဟေး. . . လုဟေ့. . . လု. . . လု"

"ဟေ့ကောင် ငါအရင်ရတာကွ"

"လုပါတယ်ဆိုနေမှ သူအရင်ရတယ်၊ ငါအရင်ရတယ် လုပ်နေပြား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မင်းအရင်ရလည်း မင်းလက်ထဲက လုတယ်ကွ ဘာဖြစ်လဲ"

"ဟာ. . . ချကွာ"

"ဖွန်းကြီး လိမ်သွားပြီကွ"

"ချိုင့်ပိန်တော့မယ် ဟော့ကောင်. . . ဖြည်းဖြည်းဆွဲကွ"

ခွေးအုပ်ထဲ အမဲသားတုံးချပေးလိုက်တာကမှ သူတို့ထက် ကျနေဦးမည်။ ကောင်းကောင်းမွန်မွန်စားလျှင်လည်း ရလျက်သားနှင့် လုစားရတာကမှ အရသာပိုရှိသလိုလို တစ်ယောက်ပါးစပ်နား ရောက်သွားသောဇွန်းကို တစ်ယောက်ကလုလိုက်၊ ထိုတစ်ယောက်ဆီက နောက်တစ်ယောက်က လုလိုက်နှင့် ပျော်စရာတော်တော်ကောင်းသည်။

သူတို့လက်ထဲရောက်နေသည့် ပန်းကန်လေးကတော့ ဘောလုံးအသင်းနှစ်သင်းကြားမှ ဘောလုံးလို တစ်ဖက်ရောက်သွားလိုက်၊ ဒီဘက်ပြန်ရောက်လာလိုက်နဲ့ ဆီးဖြူသီး ဆန်ကောထဲ ထည့်လှိမ့်သလိုဖြစ်နေ၏။ သို့သော် ပန်းကန်လေးလည်း ကြာကြာမခံနိုင်ပါ။

"ခွမ်း"

"ဟာ. . . သွားပြီ. . ."

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်သွားကာ အားလုံး ရုပ်ရှင်ပြကွက်တစ်ခုကို ခေတ္တရပ်ထားလိုက်သလို အားလုံး လက်ရှိရောက်နေသည့် အနေအထားအတိုင်း ခေတ္တရပ်တန့်သွားတော့သည်။

ရန်နိုင်စိုးက ဇွန်းကြီးကို ပါးစပ်တွင်တပ်လျက် မျက်လုံးလေးနှစ်ဖက်ကလယ်ကလယ်နှင့် သူမဟုတ်သလိုလို၊ စည်သူ့ဆီမှ ချိုင့်ကိုဆွဲလုနေသောနေထွေးဦးက လက်ကြီးတန်းလျက် အထက်မရောက် အောက်မရောက်ကုန်းကုန်းကွကွကြီးနှင့် မိုးစက်က ပန်းကန်ကို လှမ်းဖမ်းလိုက်သော်လည်း မမီလိုက်၍ မှင်တက်သွားကာ လက်ကိုဖမ်းလိုက်သည့်ပုံစံမှ ငုတ်တုတ်ကြီးထိုင်၍ အခုထိ လှမ်းဖမ်းသည့်လက်ကိုမရုပ်မိသေး။ ခဏကြာတော့ အားလုံး လက်ရှိအနေအထားသို့ သတိပြန်လည်လာကြသည်။





"ကွဲသွားပြီ. . . ဘယ်လိုလုပ်မလဲ"

"အေးကွာ. . . အားနာစရာကြီး. . . ငါတို့ကိုတော့ ဘယ်လိုထင်မလဲမသိဘူး. . . ကျွေးလည်းကျွေးရသေးတယ်. . . ပန်းကန်လည်း ခွဲပစ်တယ်ဆိုတော့. . ."

"ဘာတတ်နိုင်မှာလဲကွ"

"မိုးစက်. . . လျော်ပေးရင် ကောင်းမယ်ထင်တယ်"

"ဘယ်ကောင်းမလဲ. . . ရှိုင်းရာကျသွားလိမ့်မယ်. . . တောင်းပန်လိုက်တာကောင်းမယ်"

"အခုအချိန်ကြီး ဘယ်လိုတောင်းပန်မလဲကွ. . . လူမှမတွေ့ရတာ"

"အဆောင်စောင့်ကတစ်ဆင့်ဆိုရင်ကော"

"အဲဒါလည်း မကောင်းသေးဘူး၊ ဪ. . . ငါသိပြီ. . . စာရေးပြီးတောင်းပန်ခဲ့မယ်. . . မနက်ဖြန်မှ ဘယ်အဖွဲ့နဲ့ပေးတာလဲ စုံစမ်းပြီးတော့ ငါတို့ ကိုယ်တိုင်တောင်းပန်လိုက်မယ်လေ. . . အဲဒါမကောင်းဘူးလား"

"မဆိုးဘူးကွ. . . အဲဒီအကြံကောင်းတယ်၊ ဟုတ်တယ် အဲဒီအတိုင်းလုပ်မယ်"

"အဲဒါဆို မိုးစက် မင်းရေး"

"မင်းက စာမရေးတတ်ဘူးလား. . . မင်းရေး"

"ငါတို့က အဲဒါမျိုးတွေ သိပ်မရေးတတ်ဘူးကွ၊ မင်းက အဲဒါမျိုးပိုင်တယ်၊ မင်းရေးပါကွာ၊ အရင်တုန်းကလည်း မင်းပဲ ငါတို့အဖွဲ့ကို ကောင်မလေးတွေနဲ့ပတ်သက်ရင် မြှားနတ်မောင်လုပ်လုပ်ပေးနေတာလေ. . . အခုလည်း ပြေလည်သွားအောင် ရေးစပ်လိုက်ပေါ့ကွာ နော်"

ဒါနဲ့ပဲ နောက်ဆုံး သူပဲရေးလိုက်ရတာပါပဲ။

"ဘောပင်နဲ့ စာရွက်ကော"

"ဘောပင်တော့ပါတယ်၊ စာရွက်တော့မပါဘူး၊ ဪ. . . ရတယ် ဒီမှာ ဒီမှာ. . ."



www.burmeseclassic.com

www.burmeseclassic.com



အဆောင်သူများခင်ဗျာ. . .

လက်ဖက်သုပ်ကို အစပ်အဟပ်တည့်စွာသုပ်ယား၍ တစ်သက်နှင့်တစ်ကိုယ် ဒီလက်ဖက်သုပ်လောက်ကောင်းသော လက်ဖက်သုပ် ကျွန်တော်တို့ တစ်ခါမှမစားဖူးပါ။ ထို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် ဣန္ဒြေမဆည်နိုင်စွာပင် လုယက်စားသောက်မိပါသဖြင့် ပန်းကန်မှာ ကျကွဲသွားပါသည်။ ထို့ကြောင့် ခွင့်လွှတ်ပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်ခင်ဗျား။ မနက်ကျလျှင်လည်း လူချင်းလာရောက်တောင်းပန်မည်ဖြစ်ပါ၍ ခွင့်လွှတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

***P.S*** ကော်ဖီကတော့ နည်းနည်းပေါ့ပါသည်။

စာကို ချိုင့်အောက်တွင်ဖိကာ အဆောင်တံခါးအောက်သို့ ထိုးခဲ့၍ မျက်နှာပူစွာနဲ့ပဲ ပြန်လာခဲ့ရပါတော့သည်။

ယနေ့ညဏ်ရာသီဥတုသည် ခါတိုင်းညထက် ပို၍အေးမြနေကာ သူတို့ပြန်တော့ ကောင်းကင်တွင် ခုနစ်စင်ကြယ်တောင် အမြီးထောင်နေပါပြီ။

## ၁၁

မှခက်ခက်ခဲခဲ မစုံစမ်းလိုက်ရပါဘဲနှင့် ညက သူတို့အဖွဲ့အား ကော်ဖီတိုက်သည့်သူများကို သိလိုက်ရ၏။ သူတို့အား ကော်ဖီတိုက်သောအဖွဲ့သည် သူငယ်ချင်း ကောင်မလေးတွေပဲ ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ကြောင်းနှင့် ခပ်စွာစွာကောင်မလေးများ ပါဝင်သလို ခပ်အေးအေးကောင်မလေးများလည်း ပါဝင်ကြောင်း သိရသည်။ အဖွဲ့တွင် မည်သူမျှခေါင်းဆောင်တင်ထားတာ မဟုတ်သော်လည်း ဟိုနေရာစပ်စပ် ဒီနေရာစပ်စပ်ပါဝင်ကာ သူသိသူတတ် အမြဲလုပ်တတ်၍ သူ့ကိုယ်သူ အဖွဲ့ခေါင်းဆောင်ပေးထားသူမှာ အိအိခိုင်ဆိုသော ကောင်မလေးဖြစ်ကြောင်းနှင့် ထိုအိအိခိုင်ပြီးလျှင် သူတို့အဖွဲ့တစ်ဖွဲ့လုံးပြီးသွားတတ်ကြောင်း ထိုအိအိခိုင်မှာ ခပ်စွာစွာနေတတ်၍ တစ်ခါတစ်ရံ မလိုအပ်ဘဲနှင့် ပဲတွေဘာတွေစွတ်များနေတတ်ကြောင်းကို အဆောင်ရှေ့ ဇေ့တိုင်းလိုလိုရောက်၍ တစ်ယောက်တည်း ဂစ်တာသွားသွားတီးတတ်သော သန်းစိုးမြတ်(ခေါ်) ကိုပြူးဆီမှ သိလိုက်ရသည်။

"အိက စိတ်သဘောထားလေးတော့ ကောင်းပါတယ်ကွ၊ ဒါပေမဲ့ မင်းဝင်တတ်ဖို့တော့လိုမယ်နော်. . . မိုးစက်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ မိန်းမကျမ်းကျေနေသော အချစ်ဂုရုကြီးလိုလို အမြဲပုံဖမ်းနေသော ကိုပြူး၏ မေးစေ့ကြီးကိုလက်နှင့်မလိုအပ်ဘဲပွတ်ကာ ပြောခဲ့နေသောအမူအရာကို အမြင်ကတ်သော်လည်း ကိုယ့်ဘက်က သိချင်တာများရှိနေသည်မို့ သည်းခံ၍နားထောင်နေလိုက်ရသည်။

ကိုပြူးသည် ကျောင်းဖွင့်ချိန်များတွင် တစ်လမှာ ရက်(၃၀)ရှိနေလျှင် ထိုမိန်းမဆောင်ရှေ့သို့ (၂၉)ရက်လောက် ညတိုင်းရောက်နေတတ်သူ။ သူများတွေလို ဟေးလားဝါးလားနှင့် အဆောင်ရှေ့ကို အပျော်သက်သက် ဂစ်တာလာတီးတာမျိုးမဟုတ်။ သူက ခံစားချက်အပြည့်နှင့် လာဆိုခြင်းဖြစ်သည်။ သူတို့နှင့် တစ်ဆောင်တည်းနေကြသူမို့ သူငယ်ချင်းဖြစ်သွားခြင်းဖြစ်၏။

အခုလည်း မနေ့က ကောင်မလေးတွေအကြောင်းကို သူတို့စုံစမ်းရင်းနှင့် စကားစပ်မိပြီး ကိုပြူးအကြောင်းကို သူတို့သိချင်၍ အရက်တိုက်ကာ ဝိုင်းမေးကြ၏။ ပထမတော့ အင်တင်တင်လုပ်နေသေးသည်။ နောက်တော့ အရက်ကလေး တစ်ခွက်နှစ်ခွက်ဝင်သွားတော့ ကျွဲခိုးပေါ်တော့သည်။

"ကိုပြူးက ဒီအဆောင်ရှေ့ ဘာလို့ ညတိုင်းလိုလိုလာနေရတာလဲ မပင်ပန်းဘူးလား"

"အချစ်ပေါ့ကွာ. . . အချစ်. . . အချစ်"

သူတို့မေးတော့. . . နှစ်နှစ်ကာကာကြီးပြန်ပြောဖူးသည်။

"ဩော်. . . ကိုပြူးကောင်မလေးက ဒီအောင်ချမ်းမြေဆောင်မှာနေတာလား၊ ဒါဆို သူက ကိုပြူးသီချင်းဆိုရင် ထွက်ထွက်နားထောင်နေမှာပေါ့"

"အင်း. . ."

အင်းဆိုပြီး သံရှည်ကြီးဆွဲကာ ပြောဖို့တော်တော်ကျပ်နေပုံရသည်။ ဒါဆို သူနဲ့ကြိုက်နေသည့်ကောင်မလေးမဖြစ်နိုင်တာ ကျိန်းသေသွားပြီ။ သူကသာ လိုက်နေတာပဲဖြစ်မည်။ သူတို့ထင်တာ မှန်ပါသည်။





"ငါလိုက်နေတာပါကွာ. . . ကြာပါပြီ"

"ဒါဆို အခုတော့ အဆင်ပြေနေပြီပေါ့"

ယက်ပြင်းကိုအရှည်ကြီးချကာ. . .

"ငါ့ကို သူပစ်သွားတာပါကွာ၊ မိန်းမတွေက မှန်းဆရသိပ်ခက်တာကွ၊ မှတ်ထား မိန်းမဆိုတာ သိပ်ကြောက်ဖို့ကောင်းသလို သိပ်ချစ်ဖို့လည်းကောင်းတယ်၊ ပြီးတော့ သိပ်လည်းမာယာများတယ်ကွ"

"ကိုပြူးကို အဲဒီမိန်းမက အသည်းခွဲသွားလို့လား"

"အသည်းခွဲသွားရုံတင်ဘယ်ကမလဲကွ. . . ငါ့ဘဝကြီးတစ်ခုလုံးကို သူကောင်းကောင်းကြီး အသုံးတော်ခံသွားတာပေါ့"

ပြောရင်းပြောရင်းနှင့် ခံစားချက်တွေ ရင်ထဲပြည့်လျှံလာပြီး အသံတွေ ဘာတွေတောင်ပြောင်းလာကာ မျက်ဝန်းတွေ မျက်ရည်တွေတောင် ပိတ်ဖုံးလာတော့သည်။ ဩော်. . . ယောကျ်ားတစ်ယောက်၏ မျက်ရည်နှင့် ရင်း၍ချစ်တဲ့အချစ်ကို အဲဒီမိန်းကလေး နားလည်နိုင်ပါ့မလား။

"ဒါနဲ့ အဲဒီကောင်မလေးက ကိုပြူးကို ဘာလုပ်သွားလို့လဲ"

ချထားသောအရက်ခွက်ကို ခပ်ပြင်းပြင်းမော့ချကာ ဆေးပေါ့လိပ်ကို မီးညှိ၍ တစ်ချက်ဖွာရှိုက်လိုက်ပြီးမှ. . .

"သူနဲ့ငါစတွေ့ခဲ့တာ သူ ဒီကျောင်းမရောက်ခင်ကတည်းက ဆိုပါတော့၊ ပထမတော့ သူ ငါ့အပေါ် အခွင့်အရေးတော်တော်ပေးတယ်ကွ၊ ငါလည်း သူ့ကို မြင်မြင်ချင်းချစ်မိတာပါ၊ ချစ်တာမှ တကယ်နှစ်နှစ်ကာကာ ချစ်တာ. . . အဲဒါ သူလည်းသိတယ်. . . ငါလည်း သူ့ကိုချစ်လွန်းတော့ သူ့အနားမှာနေနေရရင်ပဲ ငါ့ဘဝပြည့်စုံပြီလို့ထင်ခဲ့တာကွ. . . ပျော်လည်း အရမ်းပျော်တယ်၊ သူနဲ့တွေ့နေရရင် အရာအားလုံးမေ့သွားရလောက်အောင် ပါပဲကွာ၊ ဘယ်လောက်ထိလဲဆိုရင် သူ့ကိုငါချစ်တယ်လို့ ဖွင့်ပြောဖို့တောင် မေ့နေခဲ့တဲ့အထိပဲ"

"ဟာ. . . အဲဒါဆို ကိုပြူးမှားတာပေါ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"နေဦးလေ. . . ငါဆက်ပြောတာ နားထောင်ပါဦး"

"ဟေ့ကောင် ကျော်မင်း၊ မင်းမသိရင် ဝင်ဝင်မပါနဲ့ကွာ. . . ဒီမှာ ဇာတ်ရှိန်အမြင့်ဆုံးရောက်နေပြီကွ. . . ကိုပြုံးဆက်ပြော. . . ဒီကောင့်ကို ခေါင်းထဲလည်းမနေနဲ့"

အားလုံး တိတ်ဆိတ်ငြိမ်သက်စွာပင် ကိုပြုံးစကားကို စောင့်ဆိုင်းနေကြသည်။ ခဏကြာတော့ ကိုပြုံးက ဆေးလိပ်မီးခိုးကို တစ်ချက်မှုတ်ထုတ်လိုက်ပြီး. . .

"ဒါနဲ့ငါလည်း ဖွင့်ပြောတော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက်တယ်. . . သူလည်း ငါ့အပေါ် ရေလာမြောင်းပေးစကားမျိုးတွေမပြောပေမယ့် ငါ့အပေါ် တော်တော် ဖေဘာပေးတယ်၊ သူ့ရဲ့ ကလေးဆန်ဆန်စကားလေးတွေနဲ့ သူ့ရဲ့အကြည့်စူးစူး မျက်စောင်းလေးတွေကြားမှာ ငါခဏခဏ အသက်ရှူရပ်တန့်ခဲ့ဖူးတယ်. . . ငါခဏခဏသေဆုံးဖူးတယ် ညီလေးတို့ရာ"

"ဟုတ်ပါပြီ. . . အဲဒါနဲ့ ကိုပြုံး ချစ်တယ်လို့ပြောလိုက်ရောလား"

"နေဦးလေ. . . လာမယ်"

"ဟေ့ကောင်. . . ဝင်မပါပါနဲ့ဆို"

"ဟီး ဟီး. . . ငါမနေနိုင်တော့လို့ပါကွ"

ဒီကောင်ကြည့်ရတာ ကိုပြုံးနေရာဝင်ခံစားနေပုံရတယ်၊ ဘေးကြက်က ခြေပိုပြင်းနေသည်။

"မင်းမနေနိုင်ရင် မင်းအလှည့်ကျမှပြော ဒီမှာအရှိန်ပျက်တယ်"

"အေးပါကွာ"

ကိုပြုံးက စကားကိုခေတ္တရပ်တန့်ထားပြီးမှ ပြန်စသည်။

"အဲဒါနဲ့ ငါလည်း တစ်နေ့ကျဖွင့်ပြောမယ်လုပ်တော့ သူ. . . သူနောက်တစ်ယောက်နဲ့ အဲဒီညမှာပဲ ဖုန်းပြောရင်း ချစ်သူတွေဖြစ်သွားကြတယ်ကွာ"

"ဟာ"





အားလုံး၏ရင်ထဲမှာ ဇာတ်ရှိန်အမြင့်ဆုံးရောက်ပြီးမှ ဝုန်းခနဲပြုတ်ကျသွားသော ကိုပြုံးအဖြစ်ကို မချိတင်ကဲ ခံစားလိုက်ရသည်။

"အဲဒီကောင်နဲ့ သူနဲ့က ဘယ်တုန်းကတည်းကသိတာလဲ"

"ငါနဲ့အတူတူလောက်ပဲ သူနဲ့သိတာကွ"

"ဒါဆို အဲဒီကောင်ကို ကိုပြုံးသိမှာပေါ့"

"အင်း"

"တောက်. . . ကိုပြုံးရာ ပါးစပ်နားရောက်ခါနီးမှ ခွေးကျွေးလိုက်ရတယ်လို့ဗျာ"

မိုးစက် အားမလိုအားမရနှင့် ကိုပြုံးဘက်မှရပ်တည်၏။

"ငါကျွေးလိုက်တာမဟုတ်ဘူးကွ၊ သူ့ဟာသူ ပါသွားတာ"

ငိုသံကြီးနှင့်အော်ပြော၏။ ရင်ထဲမှ ခံစားချက်မိုင်းဗုံး စနက်တံကို ကိုပြုံး မီးရှို့မိပြီထင်သည်။ ဇာတ်ကတော့ တော်တော်ခံစားချက်အပိုင်းတွေ ပါလာပြီ. . .။

"အဲဒီကောင်က ကိုပြုံးလိုက်နေတာ မသိဘူးလား"

"မသိဘူးထင်တယ်"

"ကိုပြုံးကရော မပြောပြဘူးလားဗျာ"

"ငါတို့နှစ်ယောက်အကြောင်းကို တို့နှစ်ယောက်ကလွဲပြီး ဘယ်သူ့ကိုမှ မပြောပြခဲ့ဘူးကွ"

ရန်နိုင်စိုးက စိတ်ဝင်စားစွာ နားထောင်နေရာမှ

"ကိုပြုံးလိုသွားတာ အဲဒါပဲဗျာ. . . ကဲ ထားပါတော့ဗျာ. . . အခုတော့ အဲဒီကောင်နဲ့ပဲလား"

ဟိုးအဝေးကြီးကို ငေးမောကြည့်နေရာမှ. . .

"သိပ်အဆင်မပြေဘူးကြားတယ်"

"ဒါဆို ကိုပြုံးမျှော်လင့်ချက်ရှိသေးတာပေါ့. . . ဘာပဲဖြစ်ဖြစ် ကြိုးစားရင် ရနိုင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူများတွေဘဝကို မဖျက်ဆီးချင်ပါဘူးကွာ၊ ငါ့ဘဝနဲ့ငါ ရှိပါစေတော့"

"မဆိုင်ဘူးလေ၊ ကျွန်တော်တို့ကူညီမယ်ဗျာ၊ သူလည်း ဟိုကောင်နဲ့ အဆင်သိပ်မပြေဘူးဆို. . . ဘာပဲဖြစ်ဖြစ် စိတ်ကစားသွားလို့ အဖြေပြန်ပေးလိုက်တာလည်းဖြစ်နိုင်တာပဲ၊ အဲဒီကိစ္စ ကိုပြူးကိုကူညီနိုင်တာ တစ်ယောက်ပဲရှိတယ်. . . အဲဒါ ဒီကောင်"

"ဟာ နေစမ်းပါ ရန်နိုင်ရာ. . . ငါ အဲဒါတွေမလုပ်ချင်တော့ပါဘူး"

"ဟာ. . . မင်းက ကိုပြူးကိုမကူညီနိုင်ဘူးပေါ့"

"အဲ. . . ဟို. . . အဲလိုတော့မဟုတ်ပါဘူး"

"နေစမ်းပါဦး. . . မိုးစက်က ဘာလုပ်ပေးနိုင်လို့လဲ"

ကိုပြူး မိုးစက်တို့ကို နားမလည်နိုင်စွာကြည့်တော့. . .

ရန်နိုင်စိုးက ဝင်၍

"ကိုပြူး မိုးစက်အကြောင်းမသိသေးလို့ပါ. . . ဒီကောင်က ကျွန်တော်တို့အထဲမှာ အပြောအကောင်းဆုံးနဲ့ မြားနတ်မောင်လုပ်တဲ့နေရာမှာအတော်ဆုံးပဲ သူလုပ်ပေးရင်အရာရာအဆင်ပြေသွားတာပဲ. . . ကျွန်တော်တို့ သူငယ်ချင်းတွေဆို ကောင်မလေးတွေလိုက်တော့မယ်ဆိုရင် သူ့ဆီက အကြံဉာဏ်ယူရတယ်၊ သူဝင်လုပ်ပေးရင် အဆင်မပြေသွားကြတာချည်းပဲ"

"ဟုတ်လား မိုးစက်. . . မင်းက ဆရာကြီးပေါ့"

"မဟုတ်ပါဘူး ကိုပြူးရာ. . . ကျွန်တော်လုပ်ပေးခဲ့တာတွေ တိုက်ဆိုင်သွားလို့ အဆင်ပြေသွားတာပါ. . . အဲဒါကို ဒီကောင်တွေ တစ်ဆိတ်တစ်အိတ်လုပ်ပြောနေတာ"

"အလကား ကိုပြူး. . . ဒီကောင်လုပ်ပေးလို့ နေထွေးဦးတို့ စည်သူတို့ဆို သူတို့ကောင်မလေးတွေနဲ့ အဆင်ပြေသွားကြတာ. . . နောက်မို့ဆို ဒီကောင်တွေ အခုချိန်ထိ သူတို့ကောင်မလေးတွေနား ကပ်လို့ရမှာတောင် မဟုတ်ဘူး"





"ဟုတ်တယ်. . . ဟုတ်တယ်. . . ကိုပြူး. . . ရန်နိုင်စိုးပြောတာ မှန်တယ်"

နေထွေးဦးနှင့် စည်သူကလည်း ဝင်ထောက်ခံသည်။

ဒီကောင်တွေ ဒီလောက်ပြောနေမှတော့ ကိုယ်က မလုပ်ပေးဘူးဆိုလျှင် မကောင်းတော့၊ လုပ်ပေးလို့ အဆင်မပြေဘဲ ပိုဆိုးသွားလျှင်လည်း ဒုက္ခ၊ ကိုပြူးကတော့ ဘာမှမပြောသော်လည်း ဒီကောင်တွေကသာ ကြက်တူရွေးက တော်တော် မယ်ဘော်ကကဲနေသည်။

"ကဲ. . . ကျွန်တော် အတတ်နိုင်ဆုံးလုပ်ပေးမယ်ဗျာ. . . အတတ်နိုင်ဆုံး ဖန်တီးပေးမယ်. . . ဒါပေမဲ့ အဆင်မပြေခဲ့ရင်တော့ ကျွန်တော့်အပြစ်မဟုတ်ဘူးနော်"

ကိုပြူး တစ်ချက်စဉ်းစားပြီးမှ

"အေးပါကွာ. . . ငါလည်း ဘာပဲဖြစ်ဖြစ် အဆင်တော့ပြေချင်တယ်ကွာ. . . ဒါပေမဲ့ သူတစ်ပါးကိုလည်း မထိခိုက်စေချင်ဘူး၊ ဘာပဲဖြစ်ဖြစ် အဆင်မပြေလည်း မင်းကိုအပြစ်မတင်ပါဘူး၊ ငါ မင်းကိုတောင် ကူညီတဲ့အတွက် ကျေးဇူးတင်ရမှာပါ ငါ့ညီရာ. . . ကူညီနိုင်ရင်တော့ ကူညီပေးပါ"

"စိတ်ချပါ. . . ကျွန်တော်အစွမ်းကုန်ကူညီပေးပါ့မယ် ကိုပြူးရာ"

"OK အောင်မြင်မှုအထိမ်းအမှတ်နဲ့ ချီးယားစ်"

"အောင်မြင်ပါစေ မိုးစက်"

"အောင်မြင်ပါစေ ကိုပြူး"

"ချီးယားစ်"

ခွက်များကို ကိုင်မြှောက်ကာ ထိခတ်လိုက်ချိန်မှာ သူတို့အားလုံးရဲ့ရင်ထဲမှာ နွေးထွေးမှုအပူလှိုင်းတစ်ခု ဖြတ်သန်းစီးဆင်းသွားပြီး အပြုံးကိုယ်စီနှင့် ရင်းနှီးမှု တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းသောစိတ်မာတ်နှင့် ညီရင်းအစ်ကိုပမာ ချစ်ခင်မှုများ အားလုံး၏ရင်ထဲမှာ ခိုင်မြဲစွာ မဏ္ဍိုင်ထူလိုက်ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကိုပြူးကောင်မလေးနာမည်က ဘယ်လိုခေါ်သလဲ"

"ခိုင်. . ."

"ဟိုကောင့်နာမည်ကရော"

"ဇော်ဇော်"

ကောင်း

ကင်တွင် တိမ်တိုက်တို့လေဟုန်စီး၍ လွင့်မျောနေလျက် တိမ်စိုင်တို့ ဟိုတစ်စုဒီတစ်စုနှင့် တိမ်ပန်းချီကို စာစီ၍ မရနိုင်အောင် လုပနေပါတော့၏။ နေမင်း၏အလင်းရောင်သည် ကမ္ဘာမြေသို့ အတားအဆီးမရှိကျရောက်နေသော်လည်း သီဟိုဠ်လမ်းလေးပေါ်သို့ အကိုင်းအခက်များကြား . ခိုးကြောင်ခိုးဝှက်နှင့် အစက်အပြောက်လေးများအဖြစ်သာ ကျရောက်နေရှာ၍ မြေနီလမ်းလေးတစ်လျှောက် စိမ့်စိမ့်လေးအေးမြနေပါသည်။ ကျောင်းအဝင်လမ်းတစ်လျှောက် ရောင်စုံပန်းလေးများ ရှေ့လျားနေသည့်ပမာ ကျောင်းသူ/ကျောင်းသားများသည် မိခင်ကျောင်းတော်ကြီး၏ နို့ရည်ကို သောက်စို့ရန် တဖွဲဖွဲရောက်ရှိလာကြပါတော့သည်။ ကျောင်းရှေ့ ကတ္တရာလမ်းပေါ်မှ ကျောင်းဝင်းအတွင်းမျိုးဝင်၍ သီဟိုဠ်လမ်းပေါ်သို့ ခြေချလိုက်ချိန်မှာတော့. . .

"အဲဒါ အီအီခိုင်ဆိုတာပဲ ဖိုးဟယ်"

"ဟိုရှေ့က ပတုတ်ကြီးလား"

"ဟာ. . . မဟုတ်ဘူး ဟိုမှာလေ. . . ဘောင်းဘီအနက်ရောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တီရှပ်အပြာလေးနဲ့"

"ဩော်. . . ဟို ဆံပင်ကျောလယ်လောက်နဲ့လား"

"အေး. . . အေး. . . ဟုတ်တယ်"

ကိုဖြူးဖြူ၍. . .

သူ့ရှေ့ လူလေးငါးဆယ်ယောက်လောက်အကျော်တွင် အိအိနိုင်ကို သူတွေ့လိုက်ရပါ၏။ အနောက်မှတွေ့ရခြင်းကြောင့် ရုပ်ကိုတော့ သေချာ မမြင်ရ။ ဒါပေမဲ့ ခန္ဓာကိုယ်အချိုးအစားတော့ ကြော့ရှင်းလှပသောမိန်းကလေး တစ်ယောက်ဖြစ်သည်ဆိုတာကိုတော့ သူမှတ်ချက်ချမိသည်။ သူ့ဘေးနားမှ သူငယ်ချင်းနှစ်ယောက်ကို ဟိုဘက်လှည့်ပြောလိုက်၊ ဒီဘက်လှည့်ပြောလိုက်၊ ဆံပင်ကိုခါလိုက်၊ လက်နဲ့ ဆံပင်ကိုသပ်တင်လိုက်နဲ့ သူတစ်ယောက်တည်း အလုပ်ရှုပ်နေ၏။ ဘေးမှနှစ်ယောက်ကလည်း သူပြောသမျှ မျက်ခုံးလေး ပင့်ပြီး နားထောင်လိုက်၊ လက်ကလေးအုပ်ပြီး ရယ်လိုက်၊ လက်ဝါးနှစ်ဖက် ကိုရိုက်၍ အံ့ဩဟန်လုပ်ပြလိုက်နှင့် တစ်မျိုးနဲ့တစ်မျိုး မထပ်အောင်လုပ်ကာ သူ့စကားကို နားထောင်နေသည်။ တော်တော်စကားများမည့် မိန်းကလေး။ နှစ်ယောက်စလုံးကို အနားမပေးဘဲ သူတစ်ယောက်တည်း ဗိုင်ခံပြောနေတာ သာကြည့်၊ အင်း ဒီကောင်မလေးနဲ့တော့ သူဘယ်လိုစကားစပြောရမလဲ၊ ဘယ်က စလို့လမ်းစပြီးဝင်မလဲ၊ မိုးစက် ဦးနှောက်ကို ဟဖျတ်ဖျတ်နှင့် အနားမပေးဘဲ တောက်ကွက်တွေနဲ့ ပြောမည့်စကားလုံးများကိုစီစဉ်ကာ သူတို့နောက် လိုက်လာခဲ့ရာ စကားများသော မိန်းကလေးတို့၏ ထုံးစံ အတိုင်း လမ်းလျှောက်ရာတွင် သူမတူအောင်နှေး၍တဖြည်းဖြည်း သူတို့နှင့် နီးလာလေတော့သည်။ သီဟိုဠ်လမ်းမှလွန်လာတော့ မိုးစက်စဉ်းစားသည်. . လမ်းမှာပဲပြောရင်ကောင်းမလား ဒါမှမဟုတ် ဆက်လိုက်သွားပြီး လူရှင်းသည့် တစ်နေရာရောက်မှပဲ ပြောရင်ကောင်းမလား စဉ်းစားနေချိန်မှာပဲ အိအိနိုင် နှင့် သူ့သူငယ်ချင်းတစ်အုပ် ထပ်ပေါင်းမိသွားပြန်၍ အတွေးများပျက်သွား ရပြန်သည်။





"ဟယ်. . . အို၊ သင်္ချာစာအုပ် အဆောင်မှာကျန်ခဲ့လို့ အနုသွားယူ မလို့၊ ဒီကောင်တွေခေါ်ပြီးထွက်လာတာ၊ နင်ပါပြန်လိုက်ခဲ့ဟာ"

"ဘယ်မှပြန်မလိုက်ခဲ့ဘူး. . . ရော့ ဒီမှာ ငါယူလာတယ်၊ နင့်အခန်း ထဲ ဘီးဝင်ရှာရင်းနဲ့တွေ့လို့. . . နင်တို့ကလေ အလှပြင်ဖို့ကျ မမေ့ဘူး. . . စာအုပ်ကျ မေ့တယ်၊ တော်တော်ကောင်းတဲ့ကောင်မတွေ"

"ဟိ. . . ဟိ. . . ငါလည်း လောလော လောလောနဲ့ ထွက်လာတာ မေ့သွားလို့ပါဟာ. . . နင်ကလည်း အပြစ်ပြောဖို့လောက်ပဲ"

"ဒါနဲ့ ပထမဆုံးအချိန် ဘာအချိန်လဲ"

"DRAWING"

"ပျင်းစရာကြီးဟာ. . . ငါတို့ အတန်းလစ်ကြရအောင်"

"တက်လိုက်ပါဟာ အိကလည်း"

"မတက်ချင်ဘူးဟာ. . . ကန်တင်းသွားထိုင်ပြီး လေပေါရအောင် လာ"

လမ်းတစ်လျှောက်လုံး စကားများလာတာတောင် မဝသေး၊ အတန်း ချိန်လစ်ပြီး လေပေါဦးမယ်တဲ့ အလကားရတဲ့လေတောင် ချမ်းသာပေးမယ့် ပုံမပေါ်၊ ဒုက္ခ. . . ဒုက္ခ၊ သူခေါ်တော့လည်း တစ်ဖွဲ့လုံး သုတ်ခနဲနေအောင် ပါသွားကြသည်။ ကိုဖြူးပြောတာ ဖြစ်နိုင်သည်။

သူပြီးလျှင် ပေစဖွဲ့လုံးပြီးသည်ဆိုတာ။ ဘာပဲဖြစ်ဖြစ် ကန်တင်းရောက် မှပဲ မိးစင်ကြည့်ကမည်ဟုတွေးကာ သူတို့နောက် မိုးစက်တို့ ရေစုံမျော လိုက်ခဲ့တော့၏။

ကန်တင်းရောက်တော့ သူတို့ထိုင်သည့်စားပွဲနှင့် တစ်ဝိုင်းကျော် လောက်တွင်နေရာယူ၍ လက်ဖက်ရည်သုံးခွက်၊ စိုးမြင့်ကျော်(၂)ပွဲ၊ ကိတ်မုန့် တစ်ပွဲပါ မှာလိုက်၏။

"မိုးစက် မင်းဘယ်လိုလုပ်မယ် စိတ်ကူးထားလဲ. . . ရှုပ်ကတော့ မိုက်တယ်ကွ. . . စတိုင်လည်းမဆိုးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းထွဋ်က ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့လိုက်ရင်းမှ လှမ်းကြည့်၍ အသာမေးလိုက်သည်။

"ငါလည်းစဉ်းစားနေတာ ရိုးရိုးလေးပဲဝင်လိုက်ရင် ကောင်းမယ်ထင်တယ်"

"ဘယ်လိုရိုးရိုးလေးလဲ"

"ဒီအတိုင်းပဲ သူတို့စားပွဲသွားထိုင်ပြီး ကောင်းပန်လိုက်ရုံပေါ့ကွ"

"ဟာ. . . မင်းဟာက ပေါ်တင်ကြီး"

"ပေါ်တင်ကြီးမကောင်းပန်လို့. . . မင်းက ခိုးကြောင်ခိုးဝှက် ကောင်းပန်ချင်လို့လား"

"ဟာ. . . အဲဒီလိုလည်းမဟုတ်ဘူးလေကွာ၊ ဒီအတိုင်း ပေါ်တင်ကြီးဝင်ထိုင်လို့ကောင်းပါ့မလား"

"ဟာ. . . ဟော့ကောင် နေဦးလေ"

ဝင်းထွဋ်ပြောလို့မဆုံးခင်မှာပင် မိုးစက် ဝိုင်းမှထသွားကာ အိအိခိုင်တို့ဝိုင်းဘက် ကူးသွားလိုက်၏။

"ဟာ. . . ဒီကောင်တော့. . ."

"ဟော့ကောင် ဝင်းထွဋ်. . . မင်း ဒီလောက်စိုးရိမ်နေရင် မင်းလိုက်သွားပါလား"

"မသွားရဲဘူး. . . ပါးယားတယ်"

စည်သူကပြောတော့ ဝင်းထွဋ် ပါးကိုပွတ်ကာပြန်ပြောရင်း မိုးစက်ကိုလှမ်းကြည့်နေစဉ်မှာပင် မိုးစက် အိအိခိုင်တို့ဝိုင်းနားသို့ ရောက်သွားတော့သည်။

"ကျွန်တော့်နာမည် မိုးစက်ပါ"

"အေးဟဲ့. . . ငါလည်း အဲဒီအစကိုပြောတာ လှတယ်နော်၊ ငါနဲ့ဆိုလိုက်မှာ. . . ဒီတစ်ခါ ဗိုလ်ချုပ်ဈေးရောက်ရင်တော့ မရမကကို ရှာဝယ်လိုက်ဦးမယ်"





"နင်သွားရင် ငါတို့ကိုပါ ခေါ်နော်"

"အဟမ်း. . . အဟမ်း"

ဒါလည်းမထူးခြားသေး။

"မနေ့က နင်ဆိုးတဲ့နှုတ်ခမ်းနီလေး အရောင်အရမ်းလှတာပဲ. . . ဘယ်ကဝယ်လာတာလဲ"

"ရန်ကင်းစင်တာကလေ. . . ငါဝယ်တုန်းက အဲဒီတစ်ဘူးပဲကျန်တော့တယ်"

"ဒီမှာခင်ဗျ. . . ဒီမှာ"

သူအသံကျယ်ကျယ်လေး ထိုးဖောက်လိုက်တော့မှ သတိဝင်လာ၍ အားလုံး စကားစပြတ်ကာ သူ့ကို ဝိုင်းကြည့်ကြသည်။ နားမလည်သောမျက်လုံးများနှင့် တစ်ယောက်နဲ့တစ်ယောက် ဘာလဲဆိုသောအဓိပ္ပာယ်နဲ့ မေးငေါ့ပြနေကြပြီးမှ. . .

"ဘာကိစ္စရှိလို့လဲမသိဘူး"

"အလှူခံဆို ကန်တော့ဆွမ်းနော်"

"မိတ်ဆက်ချင်ရင်တော့ တို့မှာ မိတ်ဆွေသိပ်များနေပြီသိလား"

"ဟိ. . . ဟိ. . . ဟိ"

သူ့အပေါ် စကားလုံးများစွာနှင့် တစ်ယောက်တစ်ပေါက် ထိုးနှက်ကာ ဝိုင်းလှောင်ကြတော့သည်။ ဖြစ်ပါသည်. . . သည်လောက်တော့ မိုးစက်တို့က မမှု ဒီတုံ့ပြန်မှုမျိုးရှိခဲ့မယ်ဆိုတာ အစကတည်းက ကြိုသိထားသည်ပဲ။ သူတို့စကားကို ဘာမှမခံစားရသည့်ပုံစံနှင့် ပြုံးပြုံးလေး ဣန္ဒြေမပျက်နေကာ အားလုံးကို ခြုံကြည့်လိုက်ပြီး. . .

"ကျွန်တော့်နာမည် မိုးစက်ပါ"

"အဲဒါ ကျွန်မတို့က ဘာလုပ်ရမှာလဲ"

"ဒီမှာ ထိုင်ပါရစေနော်"

"ရှင်က နာမည်ပြောပြတိုင်း ဝင်ထိုင်ခွင့်ပေးရအောင် ဒီနေရာက



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခသည် နေရာချထားရေးစခန်းမှ မဟုတ်တာ. . . ထိုင်ချင်ရင် တခြား နေရာအများကြီး. . . အဲဒီမှာသွားထိုင်"

"ဟုတ်ပါတယ်. . . ကျွန်တော်လည်း ဒုက္ခသည်မဟုတ်ပါဘူးဗျာ. . ဒီက သူငယ်ချင်းတွေကို တောင်းပန်ချင်လို့ပါ"

"ဘယ်လို"

သူတို့ နည်းနည်းစိတ်ဝင်စားသွားသည်။ အဲဒီအခွင့်အရေးကို လက် လွတ်မခံ. . . မိုးစက် လွတ်နေသည့်ခုံတွင် သွက်လက်စွာ ဝင်ထိုင်လိုက် တော့သည်။

"ဝုန်း"

"ဟာ"

"ဟယ်"

"အား. . . ပူတယ် ပူတယ်"

"ဟယ်. . . ရေနွေးအိုးကြီး မှောက်သွားပြီ"

တဒင်္ဂလေးအတွင်းမှာပဲ အဖြစ်အပျက်ကမြန်ဆန်လွန်းသည်။ သူဝင် အထိုင် ထိုင်ခုံကခြေထောက်နှင့် ဖင်ထိုင်သည့်နေရာအဆက်မှ ရုတ်တရက် ပြုတ်ထွက်သွားတော့၏။ သူလည်း ခြေပစ်လက်ပစ် ဖင်ထိုင်လျက်ကြီးပြုတ် ကျသွားတော့၏။ မှီရာလှမ်းဆွဲလိုက်ရာမှ ရေနွေးအိုးကို သွားဆွဲမိ၍မှောက် ကျကာ သူ့အပေါ် ရေနွေးတွေဖိတ်ကျကုန်သည်။

"ဘယ်လိုဖြစ်တာလဲ. . . ဒီခုံက အစကတည်းကကျိုးနေလို့ ကျွန်မ တို့က မထိုင်တာ"

"ဟာ. . . စောစောက ပြောရောပေါ့ဗျာ"

"ပြောရအောင် ရှင်က ဘာမပြောညာမပြောနဲ့ အတင်းဝင်ထိုင်တာ ကိုး"

မိုးစက် တော်တော်အီသွားသည်။ ရေနွေးပူတာကတစ်မျိုး၊ ပြုတ်ကျ သည့်အရှိန်နှင့် ဖင်ညှောင့်မိုးနာသွားတာက တစ်မျိုးနှင့် တော်တော်နှင့်ထ





မရ။ ကန်တင်းတစ်ခုလုံးလည်း သူ့ကိုဝိုင်းကြည့်နေ၍ ရှက်လည်းရှက်သွား သည်။ စားပွဲထိုးကောင်လေးက အပြေးအလွှားရောက်လာ၍ သူ့ကိုဆွဲထူ ပေးကာ နုံးအကောင်းတစ်လုံးလည်း ယူလာပေး၏။

"အစ်ကို. . . ဒဏ်ကြေဆေး လိမ်းဦးမလား"

"ရပါတယ် ညီလေး. . . ကောင်းသွားမှာပါ. . . ကျေးဇူးပဲ"

စားပွဲထိုးလေးအားပြောပြီး ယူလာပေးသောခုံမှာ ဝင်ထိုင်ရင်း သူ့ကို ဝိုင်းကြည့်နေကြသော ကောင်မလေးတွေမျက်နှာကို ရှက်ရှက်နဲ့ပဲ ရင်ဆိုင် လိုက်ရသည်။ သူ့ကိုပေါ့ အားလုံးသနားသွားပုံတော့ပေါ်သည်။ မျက်မှန် နှင့် ဝရုပ်မလေးကဆို. . .

"ရှင် တော်တော်နာသွားမှာပဲ၊ အခုကော ဘယ်လိုနေသေးလဲ"

"ကောင်းသွားပါပြီ. . . ဒါလောက်နဲ့တော့ ဘာမှမဖြစ်ပါဘူး"

မချိုသွားဖြဲလေး ပြန်ပြောလိုက်ရ၏။

"ဒါနဲ့ နေပါဦး. . . ရှင်က ကျွန်မတို့ကို တောင်းပန်ချင်တယ်ဆိုတာ ဘာလဲ၊ ရှင့်ကိုလည်း ကျွန်မတို့မသိပါလား"

"ဟုတ်ပါတယ်. . . တောင်းပန်ချင်တယ်ဆိုတာက ဒီလိုပါ. . . ဟိုနေ့ ညက ကျွန်တော်တို့ ဂစ်တာလာတီးဟုန်း ကော်ဖီနဲ့လက်ဖက်သုပ် ထွက် ကျွေးတာ ခင်ဗျားတို့မဟုတ်လား"

"အင်း. . . ဘယ်နေ့ကလဲ"

"တစ်နေ့ကပဲ"

အိအိခိုင်ဆိုသည့် ကောင်မလေးက ခေတ္တစဉ်းစားလိုက်ပြီးမှ. . .

"ဟုတ်တယ် ဟုတ်တယ်. . . အဲဒါ ရှင်တို့အဖွဲ့လား. . . ကျွန်မတို့ ပန်းကန်တောင် ကွဲသွားသေးတယ်လေ"

"အား. . . ဟုတ်တယ်. . . အဲဒါ ကျွန်တော်စာရေးပေးခဲ့တယ်. . . အခု အဲဒါ လူကိုယ်တိုင်လာတောင်းပန်တာပါ။ ကမင်တာလုပ်လိုက်တာ တော့ မဟုတ်ပါဘူးဗျာ၊ မတော်တဆဖြစ်သွားတာပါ၊ တောင်းပန်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါဗျာ"

"ရပါတယ်. . . ဒါလေးနဲ့ ကျွန်မတို့လည်း ဘာမှမဖြစ်ပါဘူး. . . အဲဒီနေ့ကလည်း ရှင်တို့ဆိုနေတဲ့သီချင်းတွေကို ကျွန်မတို့နားထောင်နေကြတာ. . . နောက်ချင်တာနဲ့ သီချင်းကြီးတွေပဲရွေးခိုင်ပြီး စလိုက်တာ"

"ကိစ္စမရှိပါဘူး. . . တစ်ကျောင်းတည်းသားချင်းတွေပဲ"

"ဟာ. . . ကျေးဇူးတင်လိုက်တာဗျာ. . . ကျွန်တော်တို့ အရမ်းအားနာနေတာ"

"ရပါတယ်"

"ဟဲ ဟဲ. . . ဒီလို လွယ်လွယ်နဲ့တော့ဘယ်ရမလဲ. . . ကျေအေးတဲ့ အထိမ်းအမှတ်နဲ့ ခွင့်လွှတ်ကြေးလေးတော့. . ."

"ဟယ် စန္ဒာကလည်း မကောင်းပါဘူး၊ တစ်ဖက်သား အားနာစရာကြီး. . . အခုပဲ မှာစားလိုက်ကြရအောင်"

"ဟား. . . ဟား. . . ဟား. . . ဟား"

"ခစ်. . . ခစ်. . . ခစ်. . . ခစ်"

ပွင့်လင်းရိုးသားသော အိတို့နှင့် ခဏချင်းပင် ခင်မင်ရင်းနှီးသွားတော့သည်။ ထို့နောက် ဟိုကောင်တွေပါ ဒီဘက်ဝိုင်းသို့လာရန်ခေါ်လိုက်ပြီး နှစ်ဖွဲ့တစ်ဖွဲ့ပေါင်းကာ မိတ်ဆက်ပေးလိုက်တော့ အားလုံးအဖွဲ့ကျသွားကြတော့သည်။ အိတို့ကလည်း ထင်ထားသလို အိုက်တင်တွေဘာတွေ များမနေဘဲ ပျော်ပျော်နေတတ်၍ စကားပြောပွင့်လင်းကြသူများဖြစ်သဖြင့် သူတို့အဖွဲ့နှင့် ထိုနေရာမှာပင် ငယ်ပေါင်းကြီးဖော်များပမာ ဖြစ်သွားကြပါသည်။ နောက်လည်း သူတို့အဆောင် ဂစ်တာလာတီးရန်. . . လာတီးတိုင်း သူတို့က ကော်ဖီဖျော်တိုက်မည်ဖြစ်ကြောင်း၊ သူတို့တွင် ယောကျ်ားလေးသူငယ်ချင်း ဒီကျောင်း၌မရှိ၍ သူတို့နှင့်ခင်ရတာ ဝမ်းသာကြောင်းများကို ပွင့်ပွင့်လင်းလင်းပြောကြကာ တစ်ဖက်နှင့်တစ်ဖက် စကြနောက်ကြရင်း ထိုနေ့က သူတို့ ပထမဆုံးအချိန်ကိုပင် Class မတက်လိုက်ကြရ။





ကဲန်တင်းမှထတော့ ဝင်းထွဋ်က သူ့နားကို တိုးတိုးလေးကပ်၍

"မိုးစက်. . . အိက လှတယ်နော်"

"အင်း. . ."

ဝင်းထွဋ်အတွက်တော့ မြားတစ်ချောင်း ချွန်ထားရဦးမည်ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားအချင်းချင်း ခင်မင်အောင် လိုက်လုပ်နေရသည့် ကိစ္စယောက် ကြောင်တောင်တောင်နိုင်တာမရှိ။ သို့သော် မတတ်နိုင်၊ ကတိပေးပြီးနေပြီ။ မဖြစ်ဖြစ်အောင်တော့ ကြိုးစားပေးမည်ဟု စိတ်ထဲမှာတွေးထားသည်။ ဇော်ဇော် ဆိုသည့် ကောင်အကြောင်းကို စုံစမ်းထားတာ (၄)ရက်လောက် ရှိပြီ၊ ယောက်ျားတစ်ယောက်အကြောင်း စုံစမ်းရသည်ဖြစ်၍ သိပ်တော့ပြဿနာ မရှိ၊ (၄)ရက်လောက်မှာပဲ တော်တော်စုံစုံလင်လင် သိလိုက်ရသည်။ နေ တာက တာမွေ၊ ပေကျာက ဒုတိယနှစ်(Electrical) နှင့် ပျော်ပျော်နေတတ်ပြီး အစအနောက်သန် သူဖြစ်ကြောင်း စသည့်ဖယ်ဘုယျလောက်တော့ သိလိုက် ရသည်။ ဒါလောက်ဆိုဖြစ်ပြီ။ ဒီနေ့ ဒီကောင်နဲ့ အသိမိတ်ဆွေဖြစ်အောင် လုပ်ရမည်။ ဒါပေမဲ့ ကိုယ်က အတင်းလိုက်ရောသည့်ပုံစံမဖြစ်အောင်တော့ တော်တော်သတိထားရမည်။ မိန်းမတစ်ယောက်ကိုလိုက်ရောရတာ ပြဿနာ မရှိ။ လောကကြီးမှာ ဖြစ်လေ့ဖြစ်ထရှိသည့်ကိစ္စ၊ ယောက်ျားတစ်ယောက်ကို ယောက်ျားချင်းလိုက်ရောသည်ဆိုတာဟာ တွေးစရာတွေ အများကြီးပေါ် လာနိုင်၏။ တိုက်ဆိုင်မှုရှိလို့ ခင်သွားသည့်ပုံစံဖြစ်အောင် အံဝင်ခွင်ကျ





စီစဉ်ထားသည်။ ဒီခွင်ထဲဝင်အောင်လည်း ကိုယ်က ကြိုတင်ပြင်ဆင်မှုလုပ် ထားလိုက်၏။

ကန်တင်းကို သူရောက်တော့ ခုံကိုင်းတွင်လူပြည့်နေသည်။ ထိုင်စရာ ခုံမရှိ၊ ဒါလည်း သူတမင်တကာ လူများသည့်အချိန်မှရွေး၍လာခြင်းပါ . . . ဒီအချိန်ဆို ဒီဆိုင်မှာခုံမရှိတတ်တာ သူအသိဆုံးဖြစ်သည်။ နောက်တစ်ခုက ဒီအချိန်ဆို ဟိုကောင်တွေ အတန်းထဲရောက်ချင်ရောက်နေမည် (သို့မဟုတ်) Drawing ဆောင်အပေါ်ထပ်မှနေ၍ လာသမျှကျောင်းသူတွေကို အာသာ ငမ်းငမ်းလိုက်ကြည့်၍ မျက်စိစားပွဲ ထိုင်ချင်ထိုင်နေမည်။ သူတို့ ကန်တင်း မထိုင်သည့်အချိန်ကိုရွေး၍ လာခဲ့ခြင်းဖြစ်သည်။ ဒီဇာတ်လမ်းမှာ ဒီကောင်တွေ ပါလို့မဖြစ်။ သူတွေးနေစဉ်မှာပဲ၊ သူ့အနားက လူတစ်ယောက်က စားပွဲထိုး လေးအား လှမ်းခေါ်လိုက်သည့် အသံကြားမှအတွေးစပြတ်သွားသည်။

"စိုးငယ် . . . စားပွဲတစ်လုံးလောက်စီစဉ်ပေးဦးလေကွာ"

"ဟာ . . . ဟုတ်ကဲ့ အစ်ကို လာပြီ . . . လာပြီ"

အနောက်က လူခေါ်လိုက်တော့ စားပွဲထိုးလေး ပျာပျာသလဲနှင့် ခုံ တစ်လုံး၊ စားပွဲတစ်ခုယူလာကာ ချပေးလိုက်သည်။ သူလည်း မကြည့်ဘဲနဲ့ ဇော်ဇော်ဆိုသည့်ကောင်ဖြစ်မည်ဆိုတာသိလိုက်၏။ မသိဘဲနေပါ့မလား . . . ဒါလည်း သူကြိုတင်ကြံစည်ထားသည်ပဲ။ ဒီကောင် အခြားဆိုင်တွေမှာလုံးဝ မထိုင်ပဲ ဒီကန်တင်းမှာအမြဲထိုင်တတ်တာ သူသိသည်။ ဆိုင်ကအဒေါ်ကြီးနဲ့ လည်း ဒီကောင်နဲ့ တော်တော်ရင်းနှီးပုံရသည်။ ဒီကောင်တွေ အတန်းလွတ် ချိန်လောက်တွင် သူ ဒီကောင်ရှေ့မှကျော်တက်ကာ ဦးဆောင်၍ ဒီဆိုင်သို့ အလျင်ရောက်နှင့်နေခြင်းဖြစ်သည်။ ဘာပဲဖြစ်ဖြစ် အခုအချိန်ထိတော့ သူ စီစဉ်ထားသည့်အကွက်ထဲသို့ အံဝင်ခွင်ကျဝင်နေတုန်းပဲ ဘာမှပြဿနာ မရှိသေး။

"ညီလေး နေရာလေးလုပ်ပေးဦးကွာ"

ခုန စိုးငယ်ဆိုသော စားပွဲထိုးလေးက သူ့ကိုတစ်ချက်ကြည့်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ခုံမရှိတော့ဘူး. . . ဒီမှာပဲ ထိုင်လိုက်ပါလား. . . ကိုဇော် တစ်ယောက်တည်းမဟုတ်လား'

"အေး"

"ဒါဆို ဒီမှာထိုင်လိုက်ပါအစ်ကို"

စိုးငယ်က သွက်လက်စွာနေရာချပေးပြီး ဘာသောက်မလဲဟု မေးသည်။

"အေး. . . အေး. . ငါ့ကို ကျစိမ့်တစ်ခွက်လုပ်ကွာ"

သူ ခုံတစ်လုံးယူ၍ဆွဲထိုင်လိုက်၏။ အခုလိုအားလုံးကွက်တိ ဇော်ဇော် ကလည်း

"စတားကိုလာတစ်လုံးကွာ"

"ဟုတ်ကဲ့. . . ရမယ်. . ဝမ်းကျ. . စတားတစ်ပေ့ ချပေးလိုက်"

စိုးငယ်အော်နေရင်းနှင့် သူတို့စားပွဲမှ ခွာသွားသည်။

သူစီစဉ်ထားသည်က လက်ရှိအခြေအနေထိပဲဖြစ်သည်။ ကျန်တာ ကိုယ့်ဟာကိုယ် မီးစင်ကြည့်ကရမည့်အပိုင်း၊ ဇော်ဇော့်အခြေအနေကို သူ အကဲခတ်နေလိုက်သည်။

ဘာမှထူးထူးခြားခြားတော့မရှိ သူဝင်ထိုင်ပေမယ့်လည်း ဘာမှမထူး ဆန်းသလို၊ သူ့ဘာသာသူ တစ်ခုခုကိုစဉ်းစားနေဟန်၊ ဘယ်ထူးဆန်းပါ့မလဲ ယောကျ်ားချင်း စားပွဲတစ်လုံးထဲမှာထိုင်မိသောကိစ္စမှာ ကန်တင်းတွင် ဘာမှ အဆန်းတကြယ်မဟုတ်သောကိစ္စ၊ သူ့မှာသာ မရိုးသား၍ နေရင်းထိုင်ရင်း ယောကျ်ားအချင်းချင်း ရင်ခုန်နေရသည်။

သူ့အဖြစ်က တကယ်တမ်းတွေးကြည့်ရင် ရှက်ဖို့လည်းကောင်းသည်။ ဘယ်သူမှမသိသော်လည်း ကိုယ့်ဟာကိုယ် တစ်မျိုးကြီး ခံစားနေရသည်။ တစ်ခါမှဒီလို ယောကျ်ားအချင်းချင်း စားပွဲတစ်ခုထဲထိုင်၍ ရင်မခုန်ဖူး၊ ရှက်လည်းမရှက်ဖူးပေ။ ဟူး. . . ကြာလျှင်မလွယ်၊ ဒီလိုဟာမျိုးနောက်ထပ် နှစ်ယောက်လောက်ကိုသာ ထပ်ကူညီရလျှင် ကိုယ်ပါဘဝပြောင်းသွားနိုင်၏။





ဒီကိစ္စအမြန်ဖြတ်မှ ဖြစ်ချေတော့မည်။

လွယ်အိတ်ထဲမှ ဝတ္ထုစာအုပ်ဟုထင်ရသောအရာတစ်ခုခုထုတ်သည်။ ရေနွေးကြမ်းတစ်ခွက်ကိုငုံ့ကာ နှုတ်ခမ်းနားတေ့၍ နည်းနည်းမှုတ်လိုက် သေးသည်။ ပြီးမှ ပါးစပ်အဖျားလေးနှင့်မော့ကာမြည်းကြည့်ပြီး ပြန်ချသည်။ ပြီးမှစာအုပ်ကို စာရွက်ခေါက်ထားသည်ဟု ထင်ရသောနေရာမှ ဖွင့်၍ ဖတ်မည်အလုပ် သူ့ကိုရုတ်တရက် ဖျတ်ခနဲ မျက်လုံးလှန်ကြည့်လိုက်၏။

ဟာ. . . ရုတ်တရက်ဆိုတော့ သူကြောင်သွား၏။ ရင်တစ်ခုလုံး လည်း ဖိန်းခနဲရှိန်းခနဲဖြစ်သွားကာ မျက်လုံးကိုဖျတ်ခနဲ အမြန်လွှဲဖယ်လိုက် ရသည်။

သူ့ပုံစံက မိန်းကလေးတစ်ယောက်ကိုခိုးကြည့်နေရာမှ ထိုမိန်းကလေး က သတိထားမိသွား၍ ဖျတ်ခနဲလှမ်းကြည့်လိုက်သောအခါ သူခိုးလူမိသွား သလို ရှက်ကိုးရှက်ကန်းဖြစ်ကာ ကမန်းကတန်း မျက်လုံးကိုလွှဲဖယ်လိုက်ရ သည့် ပုံစံမျိုး၊ ဒါပေမဲ့ အခုဟာက မိန်းကလေးမဟုတ်၊ ယောကျ်ားလေး အချင်းချင်းကြီး၊ တော်တော်တော့ ဒုက္ခရောက်နေပြီ၊ သူ့ကိုဘယ်လိုထင်သွား မလဲ၊ သူ့အမူအရာက တော်တော်ပျက်သွားပြီလား။

သူ့ကို အရိပ်တကြည့်ကြည့် လိုက်ကြည့်နေတာ သိများသွားပြီလား။ ဒါမှမဟုတ် အခြောက်တစ်ယောက်က ယောကျ်ားတစ်ယောက်ကို အာသာ ငမ်းငမ်းကြည့်နေသည့်ပုံမျိုး ပေါက်သွားလျှင် ဟား သူ့ခန္ဓာကိုယ်ပေါ် စကြာပင္ဒာတိုက်တစ်မသောင်း ခွစီးထားသလို အစ်အစ်ကြီးဖြစ်လာပြီး ဆေး ဆွေးတွေတောင် ပြန်လာပြီ။

အဲဒီအချိန်မှာပဲ သူ့ခေါင်းထဲ အတွေးတစ်ခုလက်ခနဲဝင်လာသည်။ ဇော်ဇော်ဆိုတဲ့ကောင်ကို မျက်နှာချင်းဆိုင် ရဲရဲကြီးပြန်ကြည့်လိုက်ပြီး. . .

'အစ်ကို. . . ကျွန်တော့်ကို အဲဒီဟာရာမင်းဝေဝတ္ထုလေး ပြီးရင် ခဏငှားပါလား. . . ကျွန်တော်လိုက်ရှာတာ၊ ဒီနားက စာအုပ်ဆိုင်တွေမှာ တစ်ဆိုင်မှ ငှားမရလို့ပါ၊ ကျွန်တော်လည်း အဲဒီဝတ္ထုကို အရမ်းဖတ်ချင်နေ



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ'

ဇော်ဇော်က သူ့ကိုတစ်ချက်ကြည့်ပြီး

"အင်း. . . ပြီးသွားရင်တော့ယူလေ. . . ဒါနဲ့. . ဒီက သူငယ်ချင်းက"

"ကျွန်တော်က မြတ်သုခအဆောင်မှာ နေတာပါ မိုးစက်ပါ. . . Mechnical က"

"ဩော်. . . ရပါတယ်၊ ကျောင်းဆင်းခါနီးကျရင်ယူလေ၊ မနက်ဖြန်တော့ ကိုယ့်ကိုပြန်ပေးနော်"

"ဩော်. . ဟုတ်ကဲ့. . ဟုတ်ကဲ့ မနက်ဖြန်ခက်ဆက်ပြန်ပေးပါ့မယ် အစ်ကို. . . ဩော်. . . ဘယ်ကိုလာပေးရမလဲမသိဘူး"

"ရတယ်. . . ဒီဆိုင်ကိုပဲပေးထားလိုက်. . ကိုယ် ဒီဆိုင်မှာပဲ အမြဲထိုင်တာ"

"ဟုတ်ကဲ့. . ဟုတ်ကဲ့"

ယောက်ျားအချင်းချင်း စာအုပ်ငှားပြီး ဇာတ်လမ်းဆင်လိုက်ရ၏။ ဘာပဲဖြစ်ဖြစ် ပထမအဆင့်တော့ အဆင်ပြေသွားပြီ။ နောက်အဆင့်တွေကတော့ သူနဲ့ကျွန်တော် စာရေးဆရာအကြိုက်ချင်းတူ၍ ဘယ်စာအုပ်မှာ ဘယ်လိုကောင်းကြောင်း၊ ဟိုစာအုပ်မှာ ဘယ်လိုခံစားရကြောင်းနှင့် ကဗျာတွေ ဘာတွေအကြောင်း၊ မော်ဒန်တွေအကြောင်း တတ်သလောက် မှတ်သလောက် လျှောက်ရှီးရင်း ခင်သွားကြသည်။ ခဏကြာတော့ သူတို့ဝိုင်းကို ဆံပင်ရှည်ရှည်နှင့် ကောင်မလေးတစ်ယောက်ရောက်လာ၏။ ကိုပြူးပြောသည့် ခိုင်ဆိုတာပဲဖြစ်မည်။ အသားဖြူဖြူနှင့် ရုပ်က မဆိုးပါဘူးဆိုသော အဆင့်တွင်ပါ၍ နည်းနည်းတော့ ဝသည်။ ထိုကောင်မလေးက ခုံတွင်ဝင်ထိုင်၍ သူ့ကို စူးစမ်းသလိုတစ်ချက်ကြည့်၏။

"ခိုင်. . . ဒါ မိုးစက်တဲ့၊ ကိုယ်နဲ့ ခုံမရှိလို့ တစ်ဝိုင်းတည်းထိုင်မိရင်း ခင်သွားတာ"

သူ့ကို အသိအမှတ်ပြုကြောင်း ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး





ဇော်ဇော်ဘက်လှည့်ကာ သူတို့နှစ်ယောက် စကားတွေဖောင်ဖွဲ့အောင်ပြောနေတော့သည်။ နှစ်ယောက်ဆိုသော်လည်း ဒိုင်ခံပြောနေတာ 'ခိုင်'ဆိုသောကောင်မလေးကသာဖြစ်သည်။ ဇော်ဇော်ကတော့ သိပ်မပြော၊ နားထောင်နေတာက များ၏။ တစ်ခါတလေ စကားကတောက်ကဆဖြစ်သွားလိုက်၊ ပြန်အဆင်ပြေသွားလိုက်နှင့် ကိုပြူးပြောသလို သိပ်အဆင်မပြေဘူးဆိုတာ ဖြစ်နိုင်၏။ သူကတော့ အလိုက်သိစွာပင် ဟိုကြည့်ဒီကြည့်နှင့် စကားဝိုင်းကို စိတ်မဝင်စားသလို နေပေးနေရသည်။ ခဏလေးလောက်နေပြီတော့မှ. . .

"ဟဲ. . . အစ်ကို ကျွန်တော်သွားဦးမယ်. . . စာအုပ်ဘယ်လာယူရမလဲမသိဘူး"

"ဩော်. . . အေး. . . ကျောင်းဆင်းချိန် (E.C)အဆောင်ရှေ့ကို လာလိုက် ကိုယ်ရှိနေမယ်"

"ဩော်. . . ဟုတ်ကဲ့၊ ဒါနဲ့ အစ်ကို့နာမည်က"

သိလျက်သားနဲ့ မသိချင်ယောင်ဆောင်ရပြန်သည်။

"ဇော်ဇော်လို့မေးလိုက်ပါ. . . ကိုယ့်မေဂျာမှာတော့ ကိုယ့်ကို မသိသူမရှိပါဘူး. . . ကိုယ်လည်းရှိနေမှာပါ"

"အဲဒါဆို. . . သွားမယ်နော်"

"ကောင်းပြီ. . . ကောင်းပြီ. . . ညီလေး"

သူလှည့်ထွက်လာခဲ့သည်။ 'ခိုင်'လို့ခေါ်ဆိုတဲ့ ကောင်မလေးကတော့ ဘာစာအုပ်လဲ၊ ဘာလုပ်ဖို့လဲနဲ့ မေးနေတာကြားလိုက်ရသည်။ ဒီနေ့ သူကြိုးစားသမျှ ဒီလောက်နဲ့တင် လုံလောက်သွားပါပြီ။ ဟိုကောင်တွေတော့ အခုချိန်လောက်ဆို Drawing ဆောင်မှာ ရှိဖို့များ၏။ သူ Drawing ဆောင်ဘက်သို့ ခြေဦးလှည့်ခဲ့တော့၏။

ဒီနေ့ ရာသီဥတုပူပြင်းသလိုရှိသည်။ ကောင်းကင်မှာ နေမင်းက အစွမ်းကုန်ပွင့်လင်းလျက်

www.burmeseclassic.com

www.burmeseclassic.com

“ဟော့ ကောင် မိုးစက်”

ထိုင်နေကျ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ တစ်ယောက်တည်းထိုင်နေရင်း ရန်နိုင်စိုးတို့ဝင်လာကြသည်။ အားလုံးပေါင်း လေးယောက်၊ နေထွေးဦး၊ ဇာနည်နှင့် စည်သူလည်းပါသည်။

“ဟာ. . . မင်းတို့ ငါ့ဆီလာတာလား”

“အေး. . . မင်းအိမ်ကိုရောက်တော့ လက်ဖက်ရည်ဆိုင်သွားတယ်ဆိုလို့ ငါတို့လိုက်လာတာ”

“အေးကွာ ငါလည်း ကျောင်းပိတ်ထားတော့ ပျင်းတာနဲ့ထွက်လာတာ”

မိုးစက်၏စားပွဲမှာ အသီးသီးဝင်ထိုင်ကြရင်း စားပွဲထိုးကောင်လေးရောက်လာ၍

“အစ်ကိုတို့ ဘာသောက်ကြမလဲ”

ရန်နိုင်စိုးက

“ကျဆိမ့်”

“သုံးခွက်နော်”





“သုံးခွက်လုံး ကျဆိမ့်ပဲလား အစ်ကို”

“အေး”

စားပွဲထိုးလေးထွက်သွား၏။ ဒီကောင်တွေ ဒီလိုပဲ ကျောင်းပိတ်ရက်တွေဆို အိမ်ကိုရောက်ရောက်လာတတ်သည်။ ကျောင်းမှာနေကိုင်းတော့ အဆောင်မှာ ညတိုင်းအတူတူတွေ့နေကျတောင် ဒီစနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် မတွေ့ရလျှင်မနေနိုင်၊ အနည်းဆုံး နှစ်ယောက်သုံးယောက်လောက်ဖြစ်ဖြစ် ဆုံဖြစ်ကြသည်။ တစ်ပတ်တွင် ကျောင်းဖွင့်ရက်(၅)ရက်လုံး ကျောင်းရှိရာ သန်လျင်က အဆောင်မှာနေ၍ တစ်ခါတလေ တစ်ယောက်နှစ်ယောက်လောက်သာ ပြန်သည်။ ကျန်ခဲ့သူများ အဆောင်မှာ နေခဲ့ချင်နေခဲ့ကြ၏။

“ဟော့ကောင်. . . အိတ္တိ မင်းဆီဖုန်းဆက်သေးလား”

“ဟင့်အင်း. . . မဆက်ဘူး၊ ဘာဖြစ်လို့လဲ”

“ရုပ်ရှင်သွားကြည့်မလို့တဲ့. . . အဲဒါ ငါတို့ကိုပါ လိုက်ခဲ့လို့ပြောနေတယ်”

“မလိုက်ချင်ပါဘူးကွာ. . . သူတို့က ရုပ်ရှင်ကြည့်ရုံကပ် ပြီးမှာမဟုတ်ဘူး. . . ဟိုသွားလိုက် ဒီသွားလိုက်နဲ့. . . ပြီးရင်လည်း တော်တော်နဲ့ပြီးမှာမဟုတ်ဘူး. . . ငါမလိုက်တော့ဘူး”

“ငါလည်းမသွားချင်ဘူး. . . ဒီကောင် အတင်းလိုက်မယ်ပြောနေလို့”

နေထွေးဦးက ဝင်းထွဋ်ကို မေးငေါ့ကာပြောတော့. . .

“ငါက အားနာလို့ပါကွာ”

“အားနာရအောင်. . . မနေ့တစ်နေ့ကမှ ငါတို့နဲ့ခင်တာမှမဟုတ်တာ၊ သူငယ်ချင်းတွေတောင်ဖြစ်နေပြီပဲ. . . အလုပ်ရှိတယ်ဆို ငြင်းလိုက်ပေါ့ကွာ”

ရန်နိုင်စိုးက ဝင်၍

“အလကားပါကွာ၊ ဒီကောင် မစွမ်းရင်းနဲ့ ကန်စွန်းခင်းပြိုနေတာ”

ဝင်းထွဋ်ကတော့ ဘာမှဝင်မပြောတော့ ပြုံးတုံ့တုံ့လုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဝင်းထွဋ်. . . မင်း အိကိုစိတ်ဝင်စားနေလို့လား"

"ဟာ. . . မဝင်စားပါဘူး"

လက်ကြီးနှစ်ဖက်ကိုကာ၍ အလန့်တကြား ငြင်းသည်။

"အဲဒီလောက် အကြောက်အကန်ကြီး ငြင်းဖို့မလိုပါဘူးကွာ. . . မကြိုက်ရင် မကြိုက်ဘူးလို့ ပြောလို့ရပါတယ်. . . မင်းကိုယည်း အတင်း မပေးစားပါဘူး"

ရန်နိုင်စိုးကပြောတော့ မိုးစက်ကဝင်၍

"အေးလေ မင်းလုပ်ပုံက အိကပဲ မစားကောင်းတဲ့အသီးကြီးကျနေတာပဲ"

သူတို့ ရယ်ဖြစ်ကြသည်။

"ဒါနဲ့ မင်းရောအဆင်ပြေလား"

စည်သူက အရင်းမရှိအဖျားမရှိ ဝင်မေးတော့. . .

"ဘာကိုပြောတာလဲဟင်"

"ကိုပြူးကိစ္စပါ"

"အင်း နီးတော့နီးနေပြီ"

ရန်နိုင်စိုးက. . .

"ဘာလဲ. . . ထောင်ကျဖို့လား"

"ဟား ဟား ဟား ဟား"

ရယ်ဖြစ်ကြသည်။

"ဒါနဲ့ ငါတစ်ခုနားမလည်လို့ မေးရဦးမယ်၊ မင်းအခုတစ်လော ဇော်ဇော်နဲ့ သွားသွားစကားပြောနေတယ် ဘာဖြစ်လို့လဲ"

နေထွေးဦးက ရုပ်ကို စဉ်းစဉ်းစားစားကြီး တွေးပြီး မေးသလိုဟန်ဆောင်၍ဝင်ပြောသည်။ သူကလည်း အတည်လိုဟန်ဆောင်၍ ဖြေလိုက်၏။

"ဗျူဟာပေါ့ကွာ"

"ဘာဗျူဟာလဲ"





"မင်းတို့မသိပါဘူးကွာ"

"ဟာ. . . မသိလို့ မေးပါတယ်ဆိုမှ"

"ပြောလည်း မင်းတို့ဉာဏ်မီမှာမှမဟုတ်တာ"

အားလုံး ထောမနာ ဝိုင်းပြုကြသည်။ ထိုအချိန်မှာပဲ ဝင်းထွဋ် ဟန်းဖုန်းမှ အသံမြည်လာ၏။

"တီ တီ တီ တီ"

"တီ တီ တီ တီ"

"ဟဲလို"

". . . . . . . ."

"အေးပြော"

". . . . . . . ."

"ဟုတ်တယ်. . . ငါအခု (၈)မိုင်မှာ လက်ဖက်ရည်ဆိုင်ထိုင်နေတယ်"

". . . . . . . ."

"ဪ. . . အေး လာခဲ့ လာခဲ့"

ဝင်းထွဋ် ဖုန်းကိုချပြီးနောက်. . . စည်သူက. . .

"ဒါနဲ့ မင်း ကိုပြူးကိစ္စ ဘယ်တော့လောက် အဆုံးသတ်မယ်ထင်သလဲ"

"အင်း. . . ဒီလကုန်လောက်ထိတော့ ကြာမယ်ထင်တယ်၊ လွယ်တော့မလွယ်ဘူး လုပ်တော့ကြည့်ရမှာပေါ့ကွ. . . မရတော့လည်း နောက်တစ်နည်းပေါ့"

"မင်းအခုလုပ်နေတာ. . . ဘယ်လိုပုံစံမျိုးလဲ"

"ငါက. . ."

"တော်ကြာ ငါ့သူငယ်ချင်းလာမယ်တဲ့. . . ငါ ဒီလက်ဖက်ရည်ဆိုင်နေရာ ပြောပြလိုက်တယ်"

"ဘယ်ကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကျောင်းကပဲ၊ သူလည်း အဆောင်နေချင်လို့တဲ့"

"ကောင်းသားပဲ. . . အဖွဲ့ပိုတောင့်သွားတာပေါ့"

သူက ပြောပြီး ကိတ်မုန့်တစ်ပွဲလှမ်းမှာလိုက်သည်။ စကားစပြတ်သွားကာ ရန်နိုင်စိုးက သူ့အဖေနှင့်သူ ညကပြဿနာတက်သည့်အကြောင်း သူ့အဖေက တော်တော် ပေါင်းရသင်းရခက်တဲ့အကြောင်း ပြောပြနေသည်။

"ငါ့အမေကို ငါကော်မကော်အံ့ဩတယ်. . . ငါ့အဖေလို လူမျိုးကို ဘယ်လိုပေါင်းသင်းနေလဲမသိဘူး"

"မင်းသိချင် မေးကြည့်ပါလား"

သူက ဝင်ပြောတော့ အားလုံးရယ်ဖြစ်ကြသည်။ နေထွေးဦးက. . .

"အဲဒါ အချစ်လို့ခေါ်တယ်ကွ. . . အချစ်. . . အချစ်"

လာပြန်ပြီ၊ ကိုပြုံးလေသံအတိုင်း နောက်တစ်ယောက်

"ငါ့အဖေ ဒီလောက်ရုပ်ဆိုးပြီး ခွကျ်ခွကျဖြစ်နေတာ သူငယ်ငယ်တုန်းက ငါ့အမေကို ရည်းစားစကား ဘယ်လိုပြောခဲ့လဲမသိဘူး"

သူက ဝင်၍

"အဲဒီလို ရုပ်ဆိုးကြီးနဲ့ပဲ သွားပြောတာ နေမှာပေါ့. . .ဟိုက ကြောက်လို့ ပြန်ကြိုက်လိုက်တာလားမှမသိတာ"

"အေး. . . ပြောထား ပြောထား. . . ငါမင်းကို အန်တီပြုံးနဲ့ပြန်တိုင်မယ်"

"သွားပေါ့ဖော်ိုင်လိုက်ပါနဲ့ နေထွေးဦးရာ"

"ဟား. . . ဟား. . . ဟား. . . ဟား"

"ဟာ. . . ဟောကောင် လာ. . . ညီလေးမရ ခုံတစ်ခုံလောက်ပေးပါဦး"

ဝင်းထွဋ် တစ်ဖက်သို့ကြည့်၍ လှမ်းခေါ်လိုက်တော့ အားလုံးလှည့်ကြည့်လိုက်ကြသည်။

"ဟာ. . . သွားပြီ"

မျက်နှာတစ်ခုလုံး ဖိန်းခနဲ ရှိန်းခနဲ ဖြစ်သွား၏။ ဝင်လာသူကို





ရုတ်တရက် သူမှတ်မိသွား၏။ ကျော်ဖြိုးဝေ(ခေါ်) ပေါကြီး၊ သေဟ။

သူ့ရဲ့ တိုင်ကီပိုင်းလောက်ရှိသည့် ခန္ဓာကိုယ်ကြီးကို လှိမ့်ကာ လှိမ့်ကာနှင့် ဆိုင်ထဲဝင်လာ၏။

"ငါ မင်းအိမ်ကိုလှမ်းဆက်လိုက်တော့ မနက်ကတည်းက ထွက်သွားတယ်ပြောလို့"

ဒီကောင် ဝင်းထွဋ်ကိုပဲကြည့်ပြီးစကားပြောနေလို့ သတိမထားမိသေး

"အေး. . . ငါ ဒီကောင်တွေနဲ့ထွက်လာတာ"

ပေါကြီး အားလုံးကိုပြုံး၍ တစ်ချက်ဝေ့ကြည့်လိုက်သည်။ သူ့ကိုတွေ့တော့ ချက်ချင်းမျက်မှောင်ကြုတ်သွားကာ မှင်တက်သွားပြီးမှ

"ဟင်. . . မင်း. . . မင်း. . . အိမ်သာ. . . အိမ်သာ"

ဝင်းထွဋ်က ဝင်၍

"ဟေ့ကောင် ဘာတွေပြောနေတာလဲ. . . ဒါ ငါ့သူငယ်ချင်း မိုးစက်တဲ့၊ ဘယ်က အိမ်သာကမှာလဲ"

"ငါသိတယ်. . . ဒီကောင် ငါ့ကိုဒုက္ခပေးတာ. . . မင်း. . . မင်း. . . ယုတ်မာတယ်"

"ဟေ့ကောင်တွေ. . . မင်းတို့က ဘာတွေလဲ. . . ဘာတွေဖြစ်နေကြတာလဲ၊ ငါ့ကိုပြောပြကြပါဦး"

"ဒီကောင်ပေါ့ကွာ. . . ငါ့ကို. . . ငါ့ကို. . . ရှုံးခန်းရောက်အောင်လုပ်တာ"

သူမဝင်လျှင် မဖြစ်တော့

"ဒီလိုကွ. . . ဝင်းထွဋ်. . . ပေါကြီး ငါတောင်းပန်ပါတယ်. . . အဲဒီတုန်းက ငါလည်း မင်းဒုက္ခရောက်နေလို့ လုပ်လိုက်ရတာပါ. . . ဒီလိုကွ ဝင်းထွဋ်ရေ. . . ငါကျောင်းစတက်တဲ့နေ့က. . . ငါ ဒီကောင်နဲ့စသိကာ. . . ဒီလိုကွ"

". . . . . . . . ."



www.burmeseclassic.com

www.burmeseclassic.com



". . . . . . . . . ."

"ဟား. . . ဟား. . . ဟား. . . ဟား"

"ဟား. . . ဟား. . . ဟား. . . ဟား"

အားလုံးရယ်နေရင်းမှ. . .

"ဖြစ်မှဖြစ်ရလေ မိုးစက်ရယ်. . . မင်းတို့အဖြစ်ကလည်း ကဲပါကွာ သူငယ်ချင်းတွေပဲ. . . နောက်ဆို တစ်ဆောင်တည်းတောင် နေကျရတော့မှာ၊ ခင်ခင်မင်မင်ပေါ့. . . အားလုံးကျေအေးလိုက်ကြပါ. . . ဟော့ကောင် ပေါကြီး ဘယ်လိုလဲ. . . ဖြစ်ပြီးတာဖြစ်ပြီးပြီပဲ"

ပေါကြီးကတော့ သိပ်ကျေနပ်ပုံတော့မရသေး. . . အောင့်သီးအောင့်သက် လေသံကြီးနှင့်

"ရပါတယ်"

"OK OK ပြီးသွားပြီ. . . ကဲ. . . ကဲ ပေါကြီး ငါ မင်းကိုတစ်ယောက်ချင်း မိတ်ဆက်ပေးမယ်"

"ဒါ နေထွေးဦးတဲ့၊ ဒီဘက်က ရန်နိုင်စိုး၊ ဒီကောင်က စည်သူ၊ ကျန်တဲ့ကောင်တွေကတော့ နောက်မှပဲ မိတ်ဆက်ပေးတော့မယ်. . . ဟော့ကောင်တွေ ဒါ ကျော်ဖြိုးဝေတဲ့. . . ပေါကြီးပေါ့ကွာ"

"ငါတို့အားလုံး မင်းကိုတွေ့ရတာဝမ်းသာပါတယ် သူငယ်ချင်းရာ. . . ဒီကောင့်အစား ငါတို့တောင်းပန်ပါတယ်"

နေထွေးဦးက ဝင်ပြောလိုက်၏။ အဲဒီတော့မှပေါကြီးလည်း ရယ်ရယ်မောမောဖြစ်လာပြီး

"ရပါတယ်ကွာ. . . ထားပါတော့. . . ငါ့ကိုလည်း သူ့ကိုခင်သလို ခင်နိုင်ပါတယ်"

ဝင်းထွဋ်ကို မေးငေါ့ပြပြီး ပြန်ပြောသည်။ ခဏကြာတော့ ပေါကြီးလည်း တနင်္ဂနွေနေ့ အဆောင်ပြောင်းလာမည်ဟု ပြောသည်။ အားလုံးကို နှုတ်ဆက်ပြီး ထပြန်သွားသည်။





ကျွန်တော်တို့အဖွဲ့တွင် နောက်တစ်ယောက် တိုးလာပြန်ပြီပေါ့ဗျာ။ ဒီကောင် ခင်ဖို့တော့ကောင်းပါသည်။ ဒါပေမဲ့ နာမည်နဲ့လိုက်အောင်တော့ ပေါမည့်ပုံ. . .။

www.burmeseclassic.com

www.burmeseclassic.com

## ၁၁

လိုလိုနဲ့ ပထမနှစ်ဝက်စာမေးပွဲဖြေဖို့တောင် တစ်လပဲလိုတော့သည်။ ကျောင်းသားတွေအားလုံး နီးစပ်ရာနီးစပ်ရာတွေမှာ စာစုလုပ်ကြ၊ ဆရာမတွေဆီ စာတွေမေးကြနဲ့ သူ့ဟာနဲ့သူ အဆင်ပြေပြေလေး သွားနေကြသည့်အထဲ၊ ကျွန်တော်တို့အဖွဲ့ကတော့ တစ်သက်လုံးမကူးခဲ့သည့်စာတွေနှင့် မလုပ်ခဲ့သည့်သင်ခန်းစာတွေအကြား. . . ဟိုလူ့ဆီ စာအုပ်ငှားလိုက် ဒီလူ့ဆီ စာသွားပြခိုင်းလိုက်နှင့် ဆပ်ပြာသည် လင်ပျောက်သလို ပျာယာခတ်ကာ လုံးလည်ချာလည်လိုက်နေရသည်။ နှစ်စကတည်းက စာကို ဟုတ်တိပတ်တိ မလုပ်ခဲ့သည့်အတွက် အခုမှ တက်သုတ်ရိုက်နေရ၍ စာပြပေးသူများကလည်း တစ်ခါပြလည်းနားမလည်၊ နှစ်ခါပြလည်း အူတူတူဖြစ်နေသည့် ကျွန်တော်တို့အဖွဲ့ကို တော်တော်စိတ်ညစ်ကြ၏။ ဒါတောင် အိကို့အဖွဲ့ရှိနေ၍ တော်သေးသည်။ ကျွန်တော်တို့ဒဏ်ကို သူတို့ အခုမှကောင်းကောင်းခံနေရသည်။

"နင်တို့ကလည်းဟယ်. . . ငါ ဒီတစ်ပုဒ်တည်းကို ရှင်းပြတာ(၅)ခါလောက်ရှိပြီ. . . ဒါလည်း နားမလည်သေးဘူးလား"

"ဒီနားလေးမှ လည်လည်သွားလို့ပါဟာ. . . နင်ကလည်း နောက်တစ်ခေါက်လောက်ဆို ရပါပြီ"





"ဟင်း ကျွဲပါးစောင်းတီးတွေ"

"ဒီတစ်ခေါက်ပဲ ထပ်ရှင်းပြတော့မယ်၊ သေချာနားထောင်. . . ဟဲ့ ဝင်းထွဋ် စာအုပ်ကိုကြည့် ငါ့မျက်နှာကို ဘာလာကြည့်နေတာလဲ၊ ဒီမှာ ဒီအဖြေကိုရရင် နှစ်နဲ့စားပြီးတော့. . ."

အိက စိတ်ပျက်စွာ ဆက်ရှင်းပြသည်။ ဝင်းထွဋ်ဆိုတဲ့ကောင်းက ဟုတ်လည်းဟုတ်သည်၊ စာကိုမကြည့် အိမျက်နှာကိုပဲ မျက်လုံးတစ်ဖက်ခေါ်တောတစ်သိန်းအားလောက်နဲ့ သွားကြည့်တော့ ပြောခံရတော့မပေါ့။ ဘာပဲဖြစ်ဖြစ် အိတို့အဖွဲ့ကတော့ ကျွန်တော်တို့အတွက် အားကိုးရာပင်. . .။

မနေ့က အိတို့နှင့် စာသွားကျက်သည့်အကြောင်း တွေးမိရင်း ဆရာမအသံကြားမှ သူလိုက်နားထောင်မိသည်။

တစ်ခန်းလုံးတိတ်ဆိတ်ကာ ဆရာမ စာရှင်းပြတာကို နားထောင်နေကြသည်။ ဆရာမက ရူပဗေဒ၏ သဘောတရားများနှင့် အိုင်းစတိုင်းနှင့် နယူတန်တို့၏ အချိန်အယူအဆများကို စိတ်ဝင်စားစရာ အာပေါင်အာရင်းသန်သန်နှင့် ရှင်းပြ၏။

"ဟေ့ကောင် မိုးစက်. . . ကျိုင်းဝင်းရီကို ပေါင်ချိန်သတ်နိုင်ပါ့မလား မသိဘူး. . . ဟိုကောင်က တော်တော်ဥာဏ်များတာကွ. . ."

အရေးထဲ ရန်နိုင်စိုးက ညကကြည့်ထားသည့် ပေါင်ချိန်အကြောင်း လာပြောနေသေးသည်။

"ဟေ့ကောင်. . . စကားမများနဲ့ စာလိုက်နားထောင်. . . ဒီဆရာမ အကြောင်းလည်း မင်းသိသားနဲ့"

ဒါလည်း ဒီကောင်မရပ်

"သူတို့ပြောပြောနေတဲ့ မိုးနတ်မင်းဆိုတာ ချောလားမသိဘူးနော် ဟေ့ကောင်. . . ဒါမှမဟုတ် ဝဝတုတ်တုတ် ရုပ်ဆိုးဆိုးနဲ့ ပေါကြီးလိုပုံစံမျိုးကြီးလားမသိဘူး"

"မင်းဘာလုပ်မလို့လဲ. . . မင်းညီမနဲ့ ပေးစားမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူလည်း အမြင်ကတ်ကတ်နဲ့ ဘုလုမ်းကောလိုက်တော့

"မိုးစက်"

"ဟာ ဟော့ကောင်. . . ဆရာမ မင်းကိုခေါ်နေတယ်"

သူလည်း ပျာပျာသလဲဖြစ်သွား၏။ ဆရာမကိုလှမ်းကြည့်လိုက်တော့ သူ့ကို မျက်ထောင့်နီကြီးနှင့်ကြည့်ကာ လက်ညှိုးကိုမြှောက်ကာ မြှောက်ကာနှင့် မတ်တတ်ရပ်ခိုင်းနေ၏။ သွားပြီ. . . ဒီကောင်ကြောင့် ပြောခံရတော့မည်ဆိုတာ သိလိုက်ပြီ. . . အခုမှ ဘာမှမတတ်နိုင်တော့။

သူမတ်တတ်ရပ်၍

"ဟုတ်ကဲ့ ဆရာမ"

"ငါစာရှင်းပြနေတာ မင်းက ဟိုဘက်လှည့်စကားပြောနေရအောင် ငါ့ကိုမလေးစားလို့လား. . . ဒါမှမဟုတ် ငါရှင်းပြတာတွေ မင်းအတွက်မလိုအပ်ဘူးထင်လို့လား"

ဆရာမက အသံမာမာနှင့် သူ့ကိုမေး၏။ သူ ရန်နိုင်စိုးကို မျက်လုံးထောင့်ကပ်ကြည့်လိုက်တော့ လျှာလေးတစ်လစ်ထုတ်ကာ ကုတ်ကလေးပုနေတာတွေ့လိုက်ရသည်။

"တွေ့မယ်"

"မဟုတ်ပါဘူး ဆရာမ. . . ဒီကောင် ကျွန်တော့်ကို လာစကားပြောနေလို့ပါ"

သူက ရန်နိုင်စိုးကို လက်ညှိုးထိုး၍ပြောလိုက်တော့ ဒီကောင် မျက်စိမျက်နှာပျက်ဖြစ်ကာ လေသံလေးနှင့် တိုးတိုးလေးကပ်၍

"မပြောပါနဲ့ မိုးစက်ရာ. . . ငါ မင်းကို ရှမ်းခေါက်ဆွဲကျွေးပါ့မယ်"

ဒီကောင် အစားနဲ့မျှားသည်။ ဘယ်ရမလဲ ရန်နိုင်ကိုးရယ်၊ ဒီလောက်တော့ ငါလည်းဝယ်စားနိုင်ပါတယ်၊ မင်းသေဖို့သာပြင်ထား သူစိတ်ထဲတွင် ကျိတ်တွေးကာ ဒီကောင်ပြောသည့်စကားကို မကြားချင်ယောင်ဆောင်၍. .

"ဒီကောင် မင်းကိုဘာပြောတာလဲ"





"ကျွန်တော်လည်း သိပ်တော့မကြားလိုက်ဘူး ဆရာမ. . . ဒီကောင်ကျွန်တော် စာနားထောင်နေတာကို ဘေးက တိုးတိုး တိုးတိုးနဲ့"

"ဟော့ကောင်. . . ရန်နိုင်စိုး ထစမ်း"

ဆရာမက သူ့စကားဆုံးအောင်ပင်မစောင့်၊ စိတ်မြန်သည်။ ဟေး. . ဟေး. . . ကောင်းတယ်. . . ကောင်းတယ်။ စိတ်ထဲမှာတော့ ကျိတ်ပြောသွား၏။ ရန်နိုင်စိုး မျက်နှာငယ်လေးနှင့် ယို့ယို့လေးထရပ်၍

"ဗျာ. . . ဆရာမ"

"မင်း ဒီကောင့်ကိုဘာပြောလဲ. . . မှန်မှန်ပြောစမ်း"

"ဟို. . . ဟို. . . ဟို ကျိုင်း . . . ကျိုင်းဝင်းရီပါ ဆရာမ"

"ဘာ. . . လှဝင်းရီ ဟုတ်လား"

ရှေ့ဆုံးတန်းမှ လှဝင်းရီဆိုသည့် အသားမည်းမည်းနှင့် ကုလားမဝတုတ်ကလေးက သူ့အကြောင်းပြောသည်ထင်၍ လှည့်ကြည့်သည်။

"မဟုတ်ဘူး ဆရာမ. . . ကျိုင်ဝင်းရီပါ"

"အဲဒါဘာဖြစ်လဲ. . . မိုးစက် ဒီကောင် မင်းကိုဘာပြောလဲ ငါ့ကိုမှန်မှန်ပြောစမ်း၊ ဒီကိစ္စ ဒီမှာတင်အပြတ်ရှင်းမယ်. . . စာမေးပွဲနီးတာတောင်နင်တို့တွေ စည်းမဲ့ကမ်းမဲ့နဲ့ နားမထောင်ချင်ရင် အစောကြီးကတည်းကအတန်းထဲ မလာနဲ့၊ ဒီနေ့တော့. . . ငါနဲ့တွေ့မယ်"

ဆရာမ တော်တော်ဒေါသဖြစ်နေပုံရသည်။ အသံကလည်း အရင်ထက် ပိုမာလာပြီ. . . အခုမှတော့ မထူးတော့။

"ဟို. . . ဒီလိုပါဆရာမ. . . ဒီကောင် ကျွန်တော့်ကို ပေါင်ချိန်ကကျိုင်းဝင်းရီကိုသတ်နိုင်ပါ့မလားဆိုတာ လာမေးနေတာ၊ ပြီးတော့ မိုးနတ်မင်းဆိုတာ ချောလားမသိဘူးလို့လည်း မေးသေးတယ်"

ခပ်အုပ်အုပ်ရယ်သံများထွက်လာသည်။ ဆရာမလည်း ရယ်ချင်သွားပုံတော့ရပါသည်။ သို့သော် မျက်နှာကိုတော့ တင်းထားဆဲ

"အဲဒါ မင်းတို့နဲ့ဘာဆိုင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . ဘာမှမဆိုင်ပါဘူး ဆရာမ"

နှစ်ယောက်လုံး ပြိုင်တူပြန်ဖြေလိုက်သည်။

"ပေါင်ချိန်က ကျိုင်းဝင်းရီကိုသတ်နိုင်တော့ရော မင်းတို့ စာမေးပွဲအောင်မှာလားပြော"

"ဒုန်း"

အခြေအနေ ပြန်တင်းမာလာပြန်ပြီ. . . ဆရာမ ပြောရင်းပြောရင်း ဒေါသထွက်လာကာ စားပွဲကို လက်နဲ့ရိုက်၍ သူတို့ကိုမေး၏။ တစ်ခန်းလုံး အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။ ဒီဆရာမ ဒေါသကြီးကြောင်း တစ်ခန်းလုံးသိသည်။ ဒါကြောင့် ဘယ်သူမှ တုတ်တုတ်တောင်မလှုပ်ရဲ။

"ဟို. . . ဟို. . . ဟို မ. . . မအောင်ပါဘူး ဆရာမ"

"အေး. . . မအောင်ရင် မသတ်နဲ့"

"ဗျာ"

"အဲ"

သူတို့နှစ်ယောက်အပြင် တစ်ခန်းလုံး ကြောင်တောင်တောင်ဖြစ်သွားသည်။ ဆရာမလည်း သူ့စကားသူမှားသွားမှန်းသိသွား၏။ ဒေါသကြောင့် စိတ်စောနေ၍ ပြောမိပြောရာ ပြောချလိုက်တာဖြစ်မည်။ မျက်နှာတစ်ခုလုံး ရဲတက်လာကာ အသားတွေပါတုန်လာသည်။ ရှက်လည်းရှက်. . . ဒေါသကလည်းထွက်နှင့် ဘာပြောရမှန်းမသိဖြစ်နေကာ မတ်တတ်ကြီးရပ်၍ သူတို့ကိုသာ မျက်လုံးကြီးပြူး၍ကြည့်နေသည်။ ပြီးမှ သတိပြန်ဝင်လာကာ စားပွဲပေါ်မှ ပိုက်ဆံအိတ်နှင့်ဖိုင်ကို ဝုန်းခနဲကောက်ကိုင်ကာ အခန်းထဲမှ ထွက်သွားတော့သည်။

အဲဒီကျမှပဲ တစ်ခန်းလုံး ငြိမ်ချက်သားကောင်းနေရာမှ အသက်ပြန်ဝင်လာကြတော့၏။

"အဲဒါ မင်းကြောင့်"





"မင်းကြောင့်. . . မင်းလာပြောလို့ဖြစ်တာ"

"မင်းဆရာမကို သွားမပြောရင် ဘာမှမဖြစ်ဘူး"

"ဟ. . . သွားမပြောရင် ငါတစ်ယောက်တည်း ခံရမှာပေါ့"

"ခံပေါ့ကွ"

". . . . ပဲ"

www.burmeseclassic.com

www.burmeseclassic.com

လူတွေ ဝုန်းခနဲပြိုကျလာသလို ခုနက တစ်ယောက်စ နှစ်ယောက်စသာရှိသည့် ကဲန်တင်းလေးသည် ခဏချင်းပင် လူပြည့်သွားသည်။ စားပွဲထိုးလေးများလည်း ဟိုဝိုင်းပြေးရ ဒီဝိုင်းပြေးရနဲ့အလုပ်ရှုပ်ကုန်ကြပြီ၊ သူကတော့အားလုံးထက် အလျင်ဦးအောင်ရောက်၍ ခုံနေရာရ၏။ ဒီနေ့ ကိုပြုံးကိစ္စ အပြီးသတ်မည့်နေ့. . .။ သူစီစဉ်သည့်ဇာတ်ကွက်ထဲ ဝင်လာလျှင်တော့ပြီးပြီ။ မဝင်လာလျှင်တော့ မတတ်နိုင်။ စာမေးပွဲနီးရသည့်ကြားထဲ အဲဒီကိစ္စက တစ်မှောင့်၊ မလုပ်ပေးရလျှင်လည်း ဝါသနာက မနေနိုင်။ ဒါမျိုးမွေးကတည်းက ပါသနာပါသည်။ သူ ခိုင်ဆိုသော မိန်းကလေးအကြောင်းကိုပါ စုံစမ်းပြီးပြီ။ သူ့အသိတစ်ယောက်ထံမှ ခိုင့်တွင် အရင်ရည်းစားတစ်ယောက်ရှိဖူးသည်။ နာမည်က နိုင်ထွန်း၊ နေတာက ပါရမီ မဥ္ဇူလမ်း၊ အိမ်အမှတ်(. . . . )တွင်။ အဲဒီအကြောင်း သိသူကလည်း သူ့ကို စုံစုံလင်လင်အကုန်ပြောပြသွား၏။ အခု သူ ဖော်ဖော်တို့အတွဲကိုစောင့်နေလိုက်သည်။ ရောက်လာလျှင် ဇာတ်လမ်းစ၍ တစ်နေ့တည်း အပြီးရိုက်မည်ဟုတွေးထားလိုက်၏။

"အမယ်. . . မင်းက ဒီရောက်နေတာကိုး. . . ငါတို့က လိုက်ရှာနေ





တာ နှံ့နေတာပဲ"

နေထွေးဦးတို့ ရောက်လာကြလို့ သူ့အတွေးစပြတ်သွားသည်။ မတွေ့ချင်လို့ ရှောင်လာခဲ့တာတောင်မရ. . . ဒီကောင်တွေ အနံ့ခံ၍လိုက်လာကြသည်။ အသီးသီးခုံဆွဲ၍ ဝင်ထိုင်ကာ ရန်နိုင်စိုးက. . .

"မင်းတစ်ယောက်တည်း ငါတို့မသိအောင် ဒီမှာဘာလာလုပ်နေတာလဲ"

အရာရာ သူတို့ပဲအသိပေးနေရမလို ပြောပုံက. . .

"ဘာလုပ်လုပ်ပေါ့ကွာ"

"ဟာ ဒီကောင် အသံမာနေပါလား ပြန်ပြင်ပြောစမ်း"

ဝင်းထွဋ်ကပြောတော့ ရန်နိုင်စိုးကဝင်၍

"မင်းက မင်းကိုယ်မင်း ရုပ်ချောတယ်ဆိုပြီး ငါတို့နဲ့မပေါင်းချင်တာလား"

တမင်ရွဲ့ကာ အသံကို အကျယ်ကြီးလုပ်ပြီး ဘေးဝိုင်းတွေပါကြားအောင်လုပ်ကာ အရှက်ခွဲသည်။ သူတို့ဘေးခုံမှ ကောင်မလေးတစ်အုပ် ရန်နိုင်စိုးအသံကြောင့် သူ့ကို ကွက်ကြည့်ကွက်ကြည့်လုပ်ကာ ပြုံးစိစိနှင့်သူတို့အချင်းချင်း အတင်းပြောသည်။ ဒီကောင်တွေ အဲဒီလိုကောင်တွေ. . .

"ငါ့ကိုယ်ငါ မင်းတို့မပြောလည်း ချောမှန်းသိတယ်"

တမင်ရွဲ့ကာပြန်ပြောတော့

"ဟား ဟား ဟား. . . ဟုတ်တယ် မင်းက မျောက်ချော ချောတာ"

အဲဒီအချိန်မှာပဲ ထင်မှတ်မထားတာနဲ့ သွားကြုံ၏။

"ဖတ်. . . အား"

မျက်လုံးကို လက်တစ်ဖက်နှင့်အုပ်၍ ခေါင်းငုံ့သွားသော သူ့ကိုအားလုံး ပျာပျာသလဲ ဝိုင်းမေးကြသည်။

"ဟာ. . . မိုးစက် ဘာဖြစ်သွားတာလဲ"

"ဟေ့ကောင် ဘာဖြစ်သွားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမျက်စိဘာထိသွားသွားတာလဲ"

အားလုံးဝိုင်းမေးသံကို ပြန်မဖြေနိုင်အား. . . ကိုယ့်ကိုယ်ကိုတောင် ဘာဖြစ်လို့ဖြစ်သွားမှန်းမသိ မျက်စိကို သေးငယ်စူးရှသောအရာတစ်ခု လာထိတော့ ရုတ်တရက် ပူထူသွားကာ တဖြည်းဖြည်းစပ်လာ၍ မျက်ရည်တွေ တောင်ဝဲလာသည်။

"ဟယ် ဘာဖြစ်သွားလဲဟင်၊ နေ့. . . နေ့ တောင်းပန်ပါတယ်"

"ဗျာ. . . ဒါ ခင်ဗျားလုပ်လိုက်တာလား"

"ဟုတ်တယ်. . . တမင်တကာလုပ်လိုက်တာမဟုတ်ပါဘူး၊ မတော်တဆပါ. . . ဟို ရှင်တို့သူငယ်ချင်း ဘာဖြစ်သွားလဲမသိဘူး ကြည့်ပါဦး"

"အဲ. . . ဟုတ်တယ်. . . မိုးစက် ဘာဖြစ်သွားသေးလဲ"

မိုးစက်. . . သူ့ကို အပြန်အလှန်ပြောဆိုနေကြသံတွေကို ပြန်မပြောနိုင်သေး. . . ကြည့်လည်းမကြည့်နိုင်သေး၊ လူက ခေါင်းငုံ့နေရင်း ဘယ်ဘက်မျက်လုံးက စပ်ဖျဉ်းဖျဉ်းဖြစ်နေ၍ လက်နှင့်ပွတ်ကာ မျက်ရည်တွေသုတ်နေရသောကြောင့် ခေါင်းငုံ့လျက်သာရှိသေးသည်။ ဒါပေမဲ့ တောင်းပန်နေသူက ကောင်မလေးတစ်ယောက်ဆိုတာတော့ သိလိုက်သည်။

"နေစမ်းပါဦး ခင်ဗျားက သူ့ကိုဘာနဲ့လုပ်လိုက်တာလဲ"

ဝင်းထွဋ်က နားမလည်နိုင်စွာဝင်မေးသည်။

"ဆံပင်နဲ့ပါ"

"ဗျာ"

"ဟို. . . နေ့က ဆံပင်ကိုလက်နဲ့ခါလိုက်တာ ဒီက ရှင်တို့သူငယ်ချင်း မျက်လုံးကို သွားထိတာထင်တယ်"

"ဒီလောက် လူရှုပ်နေတဲ့နေရာမျိုး ခင်ဗျားက ဆံပင်ကို ဘာလို့ ရှေ့မကြည့်နောက်မကြည့် ခါရတာလဲ"

ရန်နိုင်စိုး မကျေနပ်သံနှင့်ပြောတော့ ကောင်မလေးက

"ရုတ်တရက်ဆိုတော့ သတိမထားလိုက်မိလို့ပါ. . . နေ့ တောင်းပန်





ပါတယ်. . . ဟို ဒီက ဘာဖြစ်သွားသေးလဲ"

"ရပါတယ် ကောင်းသွားမှာပါ"

သူတဖြည်းဖြည်းခေါင်းမော့လာကာ ကောင်မလေးကို ကြည့်၍ပြန်ပြောလိုက်သည်။

"ဪ. . . ဟုတ်ကဲ့ တောင်းပန်ပါတယ်နော်"

"သွားမယ်နော်"

ကောင်မလေးက သူ့ကိုပြုံးပြ၍ ဆိုင်ထဲသို့ဝင်သွားသည်။ သူ ကောင်မလေးနောက်သို့ လိုက်ကြည့်မိကာ အင်း တော်တော်လှတဲ့ကောင်မလေး၊ ဆံပင်ကာ တင်ပါးကျော်ကျော်လောက်ရှည်၏။ ရင်ဖုံးအင်္ကျီ ဆင်စွယ်ရောင်လေးနှင့် ထဘီပန်းရောင်လေးဝတ်ထားကာ ဖြူဝင်းသော သူ၏အသားအရေနှင့်လိုက်ဖက်၍ အမြင်တစ်မျိုးဆန်းနေကာ ကြည့်လို့တော်တော်ကောင်း၏။ ခန္ဓာကိုယ်အချိုးအဆစ်ကလည်း ပြေပြစ်လှ၍ လပ်းလျှောက်ဟန်လည်း လှုပ်လီလှုပ်လဲ့လေးနှင့် ဆင်မယဉ်သာလေး အားလုံးခြုံကြည့်လိုက်လျှင် လှပ၍ တော်တော်ချစ်စရာကောင်းသော ကောင်မလေးဖြစ်သည်။

"မိုးစက်. . . စိတ်ထိန်းဦးလေ သူငယ်ချင်း"

ရန်နိုင်စိုးအသံကြားမှ အသိစိတ်ပြန်ကပ်ကာ

"ဪ. . . အေး. . . အဟဲ"

"လှတယ်နော် မိုးစက်"

"အင်း"

ရန်နိုင်စိုးက ဝင်၍

"ဘယ်မေဂျာကလည်းမသိဘူး. . . အရင်က မတွေ့တာ နှမြောလိုက်တာ"

သူတို့တွေ့ရအောင်ပဲ ဟိုက အားအားယားယား လမ်းသလားပြနေရမယ့်ပုံ

"အခုတွေ့လည်း အချိန်မနှောင်းသေးပါဘူးကွာ ဘာဖြစ်လဲ. . .



www.burmeseclassic.com

www.burmeseclassic.com



သူတောင်းစားလည်း ချစ်တတ်ပါတယ်ဆိုတာ သူသိအောင်ပြလိုက်ပေါ့"

မိုးစက် ရန်နိုင်စိုးကို အမြင်ကတ်ကပ်နဲ့ဝင်ပြောတော့ အားလုံးရယ်လိုက်ကြသည်။ ထိုအချိန်မှာပဲ ဇော်ဇော်တို့အဖွဲ့ ဆိုင်ထဲဝင်လာကာ ခုံဆွဲ၍ ဝင်ထိုင်တာတွေ့လိုက်ရတော့

"ဟော့ကောင်တွေ မင်းတို့ ဒီမှာနေခဲ့ဦး၊ ငါလုပ်စရာရှိလို့"

အလှအပကို ကောင်းကောင်းတောင် မခံစားနိုင်အား၊ သူ့မှာ လုပ်စရာလေးတွေရှိသေးသည်။ ဒုက္ခ. . . ဒုက္ခ. . .

ပြောပြီး သူ ဝိုင်းမှထကာ ဇော်ဇော်တို့ဝိုင်းဘက်သို့ ကူးသွားလိုက်၏။ ဇော်ဇော်တို့ မခိုင်တို့နဲ့ သူတော်တော်ရင်းနှီးနေပါပြီ။

"ကိုဇော်ရောက်နေတာကြာပြီလား"

သူ မသိချင်ယောင်ဆောင်၍ မေးလိုက်တော့. . .

"ဟာ. . . မိုးစက်လာထိုင် မကြာသေးဘူး၊ အခုလေးတင်ရောက်တာ၊ မတွေ့တာတောင်ကြာပြီ ဘယ်သွားနေတာလဲ"

ဘယ်တွေ့မလဲ တမင် မတွေ့အောင်ရှောင်နေတာကိုး၊ စိတ်ထဲက ပြောလိုက်တာပါ. . . တကယ်လက်တွေ့မှာတော့

"အဟဲ. . . ကျွန်တော် ပါရမီက သူငယ်ချင်းတစ်ယောက်အိမ်မှာ စာသွားလုပ်နေတာ"

"ဩော်. . . အေး"

"ဘယ်နားလဲ ငါ့သူငယ်ချင်းတွေလည်း ပါရမီမှာနေကြတာ"

သူ့ကိုပြောပြီး ဇော်ဇော်က စားပွဲထိုးကောင်လေးကို လက်ဖက်ရည်လှမ်းမှာလိုက်သည်။

"ဩော် ဟုတ်လား. . . ကျွန်တော့်သူငယ်ချင်းက ကံ့ကော်လမ်းမှာပါ"

သူ စိတ်ပျက်လက်ပျက်ပုံစံနှင့် ဆံပင်ကိုဟစ်ချက်သပ်လိုက်ရင်း. . .

"စိတ်ညစ်တယ်ဗျာ. . . ဒီကောင်တွေနဲ့ စာသွားလုပ်ပါတယ် တော်တော်ခွကျတဲ့ကောင်တွေ ရန်ပဲလည်ဖြစ်နေတယ်. . . ဩော် ဒါနဲ့ ကိုဇော့်





သူငယ်ချင်းတွေက ပါရမီ ဘယ်လမ်းမှာနေကာလဲ"

"ဘာလုပ်မလို့လဲ"

ဇော်ဇော်ကပြန်မေးတော့

"ဘာမှတော့မဟုတ်ပါဘူး. . . မေးကြည့်တာ၊ ဒီလိုဗျာ. . . ကျွန်တော့် သူငယ်ချင်းတွေ အခု ပါရမီကကောင်တစ်အုပ်နဲ့ ရန်ဖြစ်ထားလို့. . . အဲဒါ ရိုက်မယ်ပုတ်မယ်လုပ်နေကြတယ်. . . ကျွန်တော့်ကိုတောင် မနက်ဖြန်ခေါ် ထားသေးတယ်. . . တော်ကြာ ကိုဇော့်သူငယ်ချင်းတွေ ပါနေမှာစိုးလို့ပါ"

"ဟုတ်လား. . . ဘယ်သူတွေနဲ့လဲ ကိုယ့်သူငယ်ချင်းတွေက နှင်းဆီလမ်းမှာနေတာ"

သူ့စကားထိရောက်မှုတော့ရှိသည်။ ခိုင်က သူ့ကိုတစ်ချက် ဖျတ်ခနဲ လှည့်ကြည့်ပြီး

"မဥ္ဇူလမ်းဘယ်နားကလဲ"

ဇာတ်လမ်းတော့စပြီ။

"အဲဒါတော့ ကျွန်တော်မသိဘူးအစ်မ. . . အဲဒီလမ်းကကောင်တွေ အားလုံးပါတယ်လို့ပြောတာပဲ"

"ဟယ်. . . အဲဒါဆို ဒုက္ခပဲ"

ဇော်ဇော်ကော သူပါ မခိုင်ကို နားမလည်သလိုဝိုင်းကြည့်လိုက်တော့

"ဟုတ်တယ်. . . မဥ္ဇူလမ်းဆို. . . အဲဒီမှာ မခိုင်ရဲ့ ဟို. . . ဟို သူငယ်ချင်းရှိတယ်"

မခိုင်က ဇော်ဇော်အား မျက်လုံးတစ်ချက်လှန်ကြည့်ကာ သူ့ကိုမလုံမလဲနှင့်ပြောတော့ ဇော်ဇော် မျက်နှာတစ်ချက်ပျက်သွားတာ တွေ့လိုက်ရသည်။ ခွင်တော့ဝင်ပြီ။

"ဟုတ်လား. . . အစ်မ၊ ဒါဆို ဒုက္ခပဲ မခိုင်သူငယ်ချင်းကရော အဲဒီလိုမျိုး ရန်ဖြစ်တာတွေဘာတွေ ပါနိုင်လို့လား"

သူ စိုးရိမ်သည့်အမူအရာနှင့် မခိုင်ကိုမေးလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



"ပါတာ မပါတာတော့မသိဘူး၊ ဒါပေမဲ့ ပါခဲ့ရင် ဒုက္ခပဲ. . . ဟို. . . သူ့ကိုဘာမှမလုပ်ပါနဲ့လား"

သူ စိတ်အကျဉ်းအကျပ်ထဲရောက်နေသည့်ပုံစံ ထပ်ဟန်ဆောင်ရပြန်သည်။ ဒီအချိန် ရုပ်ရှင်အစည်းအရုံးက အကဲဖြတ်လူကြီးတွေ သူ့ကိုတွေ့သွားရင်တောင် အကယ်ဒမီတွေဘာတွေ ပေးမလားမသိ၊ ဇော်ဇော်ကတော့ မျက်နှာတစ်ခုလုံး အိုးမည်းသုတ်ထားသလို မည်းကူးနေပြီ၊ ဒီကောင်လည်း မခိုင်အကြောင်း သိလားတာ သူသိသည်။

"အဲ. . . ဟို ကျွန်တော်မှ မခိုင်သူငယ်ချင်းကိုမမြင်ဖူးတာ. . . ဟာ ဟုတ်ပြီ. . . ဒီလိုလုပ်. . . နာမည်နဲ့. . . ပုံစံ ကျွန်တော့်ကိုပြော ကျွန်တော်စုံစမ်းပြီး ကျွန်တော့်သူငယ်ချင်းတွေကို ပြောပေးမယ်"

"အင်း. . . အင်း. . . ဟို. . . ဟို ဘာရယ်တော့မဟုတ်ပါဘူး၊ သူ့ကိုဘာမှမဖြစ်စေချင်တာ တစ်ခုတည်းပါ"

ဇော်ဇော်ရှေ့မှာမို့ အနေအထိုင်ကျဉ်းကျပ်နေပုံရသည်။ ဒါပေမဲ့ မပြောဘဲလည်း မနေနိုင်ဖြစ်နေ၏။ ပိုင်လိုက်တာ 'ငါကွ' ရင်ထဲက ပီတိကို ရုပ်မှာမပေါ်အောင် မနည်းထိန်းချုပ်ထားရသည်။ သူများတွေ ဒုက္ခရောက်အောင် စိတ်ဆင်းရဲရအောင်လုပ်တာတော့ မကောင်းပါဘူး။ ဒါပေမဲ့လည်း မတတ်နိုင်၊ မျောက်လိုတစ်ကောင်လိုမှိုင်မှိုင်နေသည့် ကိုပြူးမျက်နှာက ပိုအရေးကြီးသည်။

"ဟုတ်ကဲ့. . . ပြောပါအစ်မ၊ ကျွန်တော်ကူညီပေးပါမယ်"

"နာမည်က နိုင်တွန်းကဲ့၊ ပုံစံက အသားညိုညို၊ အရပ်နည်းနည်းရှည်တယ်"

"ဝုန်း"

"ဟာ. . . ကိုဇော်"

"ကို. . ."

ဇော်ဇော် လက်သီးနှစ်ဖက်ကိုထုကာ စားပွဲမှ ဝုန်းခနဲထရပ်ပြီး. . .





"တော်ပြီ ခိုင်. . . မင်း အဲဒီကောင်ကို စိတ်ထဲမှာရှိနေတုန်းပဲဆိုတာကိုသိလိုက်ရလို့ ဝမ်းသာပါတယ်. . . မင်းကောင်ကို မင်းစိုးရိမ်နေရင်လည်း အခုကတည်းက မင်းဟာမင်းသွားပြီး အသိပေးလိုက်"

ပွဲတော့ ကြမ်းပြီ. . . သူ ဘာမှမသိနားမလည်သည့် ကလေးတစ်ယောက်လိုလုပ်ကာ ဇော်ဇော့်မျက်နှာကြည့်လိုက် မခိုင်မျက်နှာကြည့်လိုက်နဲ့ အလုပ်ရှုပ်ပြနေရ၏။ ကိုပြူးရေ ပွဲပြတ်တော့မယ်ဟ

"မဟုတ်ဘူးလေ ကို. . . ခိုင်ပြောတာ"

"မင်းငါ့ကို ဘာမှလာမပြောနဲ့တော့. . . တောက်. . . မင်း. . . မင်းမျက်နှာ ငါမကြည့်ချင်ဘူး"

မကြည့်ချင် မျက်စိပိတ်ထားလိုက်ပေါ့၊ သူ စိတ်ထဲမှာပြောလိုက်တာပါ။ လက်တွေ့မှာတော့. . .

"ဟို. . . ဟို. . . ဘာဖြစ်ကြတာလဲဗျာ. . . ကျွန်တော့်ကြောင့်ဖြစ်သွားတာလား၊ ဟင်. . . ကိုဇော် ဟုတ်လား၊ အဲဒါဆို ကျွန်တော်တောင်းပန်ပါတယ်ဗျာ"

ရုပ်ရှင်ပြကွက်တစ်ခုသာဖြစ်နေရင်တော့ ရုပ်ရှင်ကြည့်ပရိသတ်က သူ့ကို ကြောင်သူတော်ကြွက်သူခိုးဆိုပြီး ပျစ်ပျစ်နှစ်နှစ်ဝိုင်းဆဲကြမှာ ကျိန်းသေသည်။ သူကလည်း လိုတာထက် ပိုပြီးအိုက်တင်ကောင်းနေ၏။

"ရတယ် ညီလေး. . . မင်းနဲ့ဘာမှမဆိုင်ပါဘူး"

ဆိုင်တာပေါ့ဗျာ၊ ဒီလိုဖြစ်အောင် ကျွန်တော် တမင်တကာလုပ်လိုက်တာလေဗျာ ဟဲ ဟဲ ဆိုပြီး ထပြောလိုက်လို့ကတော့ ဇော်ဇော့်လက်ချက်နှင့် သူ အဲဒီနေရာမှာတင် ကိုယ့်ချေးကို ဘာအရောင်ထွက်သွားမှန်းတောင် သိလိုက်မှာမဟုတ်ဘဲ အသက်ပျောက်သွားနိုင်သည်။ ဒါပေမဲ့ လက်တွေ့မှာတော့ သူ့ကိုပြောပြီး ဆိုင်ထဲကနေ၍ ခြံထဲကလွှတ်လိုက်သော နွားရိုင်းတစ်ကောင်လို ရှူးရှဲရှူးရှဲနှင့်ထွက်သွားပါတော့သည်။ မခိုင်ကတော့ မျက်နှာကို လက်နှင့်အုပ်ကာ ငိုလျက်ကျန်ခဲ့ပါသည်။ သူ မခိုင်ကို သနားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့အလုပ်ကလည်း တစ်ခါတစ်ရံ ဒီလိုရက်စက်တတ်ရသည် ပဲလေ။

"ကျွန်တော်သွားဦးမယ် မနိုင်"

သူ့ကိုတောင်ပြန်မပြောနိုင်အား သုံ့မခမျာ လူလယ်ကောင်မှာ လူမသိအောင် မျက်နှာကိုလက်နှင့်အုပ်၍ ကျိတ်ငိုနေရရှာသည်။ မနိုင်အနားမှ အသာခွာခဲ့ပါသည်။ ရင်ထဲမှာ တကယ်ပဲ နှစ်နှစ်ကာကာ စိတ်မကောင်းဖြစ်သွားကာ ရင်တစ်ခုလုံး ဟာလာဟင်းလင်းကြီးနှင့် တစ်ခုခု ရင်ထဲမှာ ပြုတ်ကျကျန်ခဲ့သလို ခံစားလိုက်ရပါသည်။ ဪ ဝဋ်ဆိုတာ တကယ်ရှိမဲ့မယ်ဆိုရင်. . .။

အချိန်အခါမဟုတ် ရွာသွန်းနေသော မိုးရေစက်များကို 'မိုးစက်'ငေး မောကြည့်နေရင်း မျက်နှာပြင်ပေါ်သို့ လာရောက်ရိုက်ခတ်သော ရေမှုန်ရေမွှားလေးများအား လက်နှင့်သပ်တင်၍ (Drawing)ဆောင်ပေါ်မှ ရှေ့ဘက်လမ်းပေါ်သို့အမှတ်မထင်ကြည့်မိလိုက်သည်။ ဆန်နီစူပါဆလွန်း အနီရောင်ကားလေးတစ်စီး သူ့မျက်စိရှေ့သို့ ရုတ်တရက်ထိုးဆိုက်လာ၏။ ကားထဲမှလူကိုတော့ ကားမှန်မှာ ရေငွေ့များရိုက်နေ၍ သဲသဲကွဲကွဲမမြင်ရ။ ကားအမိုးပေါ်သို့မိုးရေစက်များ တဝုန်းဝုန်းကြွေကျနေဟာ ကြည့်ကောင်းကောင်းနှင့် သူကြည့်နေမိ၏။ ခဏကြာတော့ မှန်ပေါ်မှ ရေသုတ်တံလေးက ရပ်သွားသည်။ ကားတံခါးတစ်ချပ်ပွင့်သွား၍ ရောင်စုံထီးလှလှလေးတစ်ချောင်း တံခါးကြားမှထွက်လာ၏။ ထီးကိုင်ထားသော လက်ချောင်းသွယ်သွယ်ဖြူဖြူလေးများကို ကြည့်ခြင်းအားဖြင့် မိန်းကလေးပဲဖြစ်မည်။ ဘာမှမဟုတ်ပါဘဲနှင့် သူငေးကြည့်နေမိသည်။ ထီးလေးကိုင်၍ ထွက်လာသော ကောင်မလေးကို တွေ့လိုက်ရတော့ သူ တွေခနဲဖြစ်သွားသည်။ ဪ. . . မှတ်မိပြီ လွန်ခဲ့တဲ့နှစ်ရက်လောက်တုန်းက သူ့ကို ဆဲပင်နှင့်ရိုက်သွားသည့်ကောင်မလေး. . .။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းကတော့ သူသေသေချာချာမကြည့်လိုက်ရ၍ ရုတ်တရက်ဆိုတော့ မမှတ်မိဘဲဖြစ်သွားသည်။ ကောင်မလှလှလေးတစ်ယောက်လို့သာ သူသိထား၏။ အခုမှ သူလွတ်လွတ်လပ်လပ် သေသေချာချာ စိုက်ကြည့်လိုက်တော့ တော်တော်လှတာပဲ။ ကြည့်ရင်းကြည့်ရင်းနှင့် ရင်ထဲမှာတောင် ကုန်သလိုလို ခါသလိုလို။ သူ ဘယ်ကောင်မလေးကိုမှ အဲဒီလောက်ထိ စေ့စေ့စပ်စပ် အကြာကြီးမကြည့်ဖူးပေ။ ကောင်မလေးတစ်ယောက်ကို အရင်တုန်းက ကြည့်ဖို့ထက် စဖို့နောက်ဖို့လောက်သာ စိတ်ဝင်စားသော သူ. . . အခု ဘယ်လိုဖြစ်သွားပြီလဲ။

ကောင်မလေးက ထီးကို လက်တစ်ဖက်ကကိုင်၍ ကားတံခါးသော့ ပိတ်ကာ တစ်ဖက်မှ အမွေးပွလွယ်အိတ်အဖြူရောင်လေးကို ရင်ခွင်ပိုက်ပြီး ခေါင်းငုံ့ကာ အသာအယာလေး လမ်းလျှောက်လာသည်။ မြန်မြန်လျှောက် လျှင် ချော်လဲမည်စိုးလို့လားမသိ။ ဒီနေ့လည်း ပထမတစ်ခါတွေ့တုန်းကလိုပဲ ရိုးရိုးယဉ်ယဉ်လေး။ ပါကိတ်ဝမ်းဆက် မရမ်းဆီရောင်လေးနှင့် ဘာဆေးတွေ စားလို့ ဒီလောက်တောင်လှနေရတာလည်း ကောင်မလေးရယ်. . . ကြည့်ရ တာ မျက်စိထဲ အေး၍ မဟာဆန်စွာလှပသည်ဟု သူကဗျာဆန်စွာခံစားမိ ပါသည်။

သူကြည့်နေစဉ်မှာပဲ ကောင်မလေး အဆောင်လှေကားပေါ်သို့တက် သွားကာ ပထမတစ်ထပ်ချိုးကွေ့တွင် ထီးကိုပိတ်၍ ရေစစ်သည်။ ပြီးတော့ လှေကားအတိုင်းဆက်တက်လာသည်။ သူကြည့်နေစဉ်မှာပဲ သူ့ကို ဖျတ်ခနဲ လှမ်းကြည့်၏။ အကြည့်ကိုလွှဲ၍ ဆက်သွားမည်လုပ်ပြီးမှ တစ်ခုခုကိုသတိ ရသွားဟန်ဖြင့် သူ့ကိုပြန်ကြည့်သည်။ သူ ကောင်မလေးထံမှအကြည့်မလွှဲ ပြုံးပြလိုက်၏။ ကောင်မလေးလည်း သူ့ကို မှတ်မိသွားဟန်တူပါသည်။ တစ်ချက်ပြန်ပြုံးပြ၍ သူ့လမ်းသူ ဆက်လျှောက်သွားတော့သည်။ ဗီဒီယိုတွေ ထဲကလို ဟယ်. . . ဘယ်သူလဲလို့ကြည့်နေတာ မျက်စိသက်သာသွားပြီလား၊ ဘာလားနဲ့၊ အဲဒီနေ့က ဟို့ကြောင့်ဖြစ်သွားတာ ဆောရီးနော်တွေ ဘာတွေ





လာမပြောပါ။ သူလည်း မျှော်လင့်မထားပါ။ ဒါပေမဲ့ ကောင်မလေးမျက်နှာ မြင်လိုက်ရတာ သူ့ရင်ခွင်တစ်ခုလုံး အေးစက်သွားပြီး နှလုံးသားကို ရေခဲ တိုက်တစ်ခုထဲထည့်ထားသလို ဖြစ်သွားရတာတော့ ဝန်ခံပါသည်။

ကိုယ့်ကိုယ်ကို ဘာဖြစ်သွားတာလဲဟု စဉ်းစားကြည့်သည်။ အဲဒါ အချစ်လား. . . ကိုပြူးပြောပြနေသည့် အဲဒါအချစ်. . . အချစ်ပေါ့ကွာ ဆိုတာအဲဒါလား။ သူဒီအရွယ်အထိ ရည်းစားလည်း တစ်ခါမှမထားခဲ့ဖူးပေ။ မိန်းကလေးတွေကို စိတ်မဝင်စားလို့မဟုတ်။ အရိုးဆုံးပြောရရင် ချစ်ရ မယ့်သူ မတွေ့သေးလို့ဘဲဖြစ်သည်။ ပြီးတော့. . . မိန်းကလေးတစ်ယောက် အတွက် ဒီလိုလည်းတစ်ခါမှမဖြစ်ဖူး။ အို ဘာပဲဖြစ်ဖြစ် သူကောင်မလေးကို တော်တော်ခင်ချင်သွားသည်။ ကောင်မလေးနှင့် စကားတွေအများကြီးပြော ချင်နေ၏။ ပြီးတော့ ကောင်မလေးအလှကို သူတစ်နေ့လုံးထိုင်ကြည့်ပြီးခံစား ချင်နေသည်။ ဟူး. . . သူများတွေကျတော့ သူက မြားနတ်မောင်လိုလို ဘာ လိုလိုနဲ့ လိုက်အကူညီပေးပြီး သူ့အလှည့်ကျဘယ်သူကူညီပါ့မလဲ။ ဟိုကောင် တွေဆိုတာကလည်း ဒါမျိုးအကူအညီတောင်း၍ ကူညီပေးမည်ဆိုရင်တောင် အရည်အချင်းရှိချင်မှရှိမည်။ နောက်ဆုံးတော့ ကောင်မလေးနှင့်ခင်အောင် သူ့ဟာသူပဲ ကြိုးစားတော့မည်။ ကိုယ့်အားကိုယ်ကိုးရတော့မှာပေါ့ဗျာ။

"မိုးစက်. . . မင့်တစ်ယောက်တည်းလား"

အသံကြား၍ လှည့်ကြည့်လိုက်တော့ သူ့အချစ်တော် ပေါကြီး။ ဒီ ကောင်နဲ့တော့ ခင်သွားကြပါပြီ။ တစ်ဆောင်တည်း အတူနေသူချင်းလည်း ဖြစ်. . . သူ့အကြောင်းလည်း သည်ကောင်သိသွားပြီမို့ အရင်ကပြဿနာ များကို စိတ်မဆိုးတော့ပေ။

ပေါကြီးကိုကြည့်ရတာ တစ်ကိုယ်လုံးလည်း မိုးတွေရွှဲလို့။ သူ့ခန္ဓာ ကိုယ်ကြီးနှင့် အဝတ်အစားတွေ ရေစို၍ကပ်နေတော့ ဝက်တစ်ကောင်ကို (၅၀)တန် ကျန်ကျောင်းကြွတ်ကြွတ်အိတ်ထဲ မရမက ထည့်ဖွပ်ထားသလို ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . မင်းဘယ်ကလာတာလဲ၊ ရေတွေလည်းရွှဲလို့ ဖျားဦးမယ်"

"ငါလည်း အဆောင်ပြန်မလို့ ဒါပေမဲ့ မိုးကအရမ်းသည်းနေတော့ ဒီမှာ မိုးဝင်ခိုမလို့ဝင်လာတာ ဒါနဲ့ ဟိုကောင်တွေရော"

"မရှိဘူး. . . နေထွေးဦး အဆောင်ဘက်သွားတယ်၊ မင်းရော စာတွေရပြီလား"

"မရသေးဘူးကွာ. . . အခုမှကူးတုန်း မင်းတို့ရော"

"ဒီလိုပါပဲ. . . ထိုင်လေ"

သူ မတ်တတ်ကြီးရပ်၍ တုန်တုန်ယင်ယင်ဖြစ်နေသော ပေါကြီးကို ထိုင်ခိုင်းလိုက်ရသည်။ သတိမပေးမချင်း ဒီအတိုင်းကြီး မဟ်တတ်ရပ်နေမလားမသိ. . . ပေါကြီး သူ့အနားမှာပင် ဝင်ထိုင်၍

"မိုးစက်. . . မင်း အိုင်းစတိုင်းကိုသိလား"

ဇာတ်လမ်းတော့စပြီ။ လူတွေ့ရင် ဒီကောင် ဒါပဲပြောပြောနေသည်။ သူနဲ့ပေါင်းရတာ နည်းနည်းတော့ ခက်၏။ သူနဲ့စကားပြောရင် သူ့ဒဿနတွေအကြောင်း၊ မော်ဒန်လိုလို ဘာလိုလိုအကြောင်း၊ ကဗျာအကြောင်း၊ သိပ္ပံနှင့် နေအဖွဲ့အစည်းအကြောင်း ဆရာကြီးလေသံနှင့် ရှင်းရှင်းပြတတ်သည်။ တကယ်တမ်း နားလည်သလားဆိုတော့ ဒီကောင် တတ်ယောင်ကား။

"ဘယ်က အိုင်းစတိုင်းလဲ"

"မင်းတို့ အဲဒါခက်တာပေါ့ကွာ. . . သိပ္ပံပညာရှင်လေ"

"ဟာ. . . အဲဒီအိုင်းစတိုင်းတော့ ကလေးတောင်သိတယ်. . . မင်းပြောမှလား"

"အေး. . . အဲဒီအိုင်းစတိုင်းဆိုတာကို နာမည်ကြားဖူးရုံနဲ့ မပြီးသေးဘူးလေ. . . သူ့အကြောင်း မင်းအသေအချာသိလားလို့"

"မသိဘူးကွာ. . . ရှုပ်နေတာပဲ. . . အဲဒါဘာဖြစ်လဲပြော"

မိုးကရွာနေတော့လည်း ထပြေးလို့လည်းမရ. . . သူပြောတာကိုပဲ ကြိတ်မှိတ်နားထောင်ရဦးမည်။ ခံလိုက်ဦးပေါ့ မိုးစက်ရေ. . . ပေါကြီးက





ဆက်ပြီး. . .

"အိုင်းစတိုင်းက ပြောတယ်ကွ"

"မင်းကိုပြောတာလား"

"ဟာ"

"သိဘူးလေ. . . မင်းက မင်းကိုပဲ ပြောသွားသလိုလိုဘာလိုလိုနဲ့"

"ငါ့ကိုတော့ပြောပါ့မလားကွ. . . သူဟာသူပြောတာပေါ့"

"ဘာလဲ. . . သူ့ဟာသူ မှန်ထဲကြည့်ပြီးတော့လား"

ပေါကြီး နည်းနည်းတော့ ကျွဲမြီးတိုသွားသည်။

"ဟကောင်. . . ငါပြောတာပဲ နားထောင်. . . ဝင်ဝင်မဖျက်နဲ့. . . ဒီလို ကွ"

"Black Hole တွင်းနက်ဆိုတာရှိတယ်တဲ့"

"အင်း"

မတတ်နိုင်တော့ ဘယ်လိုလုပ်လုပ်ရမည့်ပုံမပေါ် မိုးရွာနေလို့ဘယ်မှသွားလို့မရတဲ့အတူတူတော့ အပျင်းပြေနားထောင်လိုက်ပါဦးမည်။

"အဲဒီ Black Hole (တွင်းနက်)ဆိုတာ နေကဖြစ်တာတဲ့"

". . . . . . . . ."

"တွင်းနက်(Black Hole)လေးတစ်ခုသာ ငါတို့ကမ္ဘာနားမှာ ရှိခဲ့လို့ရှိရင် ကမ္ဘာကြီးတစ်ခုလုံးကို စွမ်းအင်ပေးနိုင်မယ်တဲ့ကွ"

(. . . . . . . . . . . . .)

"ဟေ့ကောင်"

သူစကားကိုစိတ်မဝင်စားဘဲ အဆောင်ပေါ်သို့ ငေးကြည့်နေသော သူ့ကိုတွေ့တော့ ပေါကြီးလှမ်းအော်၏။

"ဟမ်. . . ဪ. . . အင်း Black Hole သိတယ် ပြောလေ"

"အေး. . . ငါတစ်ခုစဉ်းစားမိတယ်ကွာ. . . ငါတို့ကမ္ဘာနားမှာသာ အဲဒီ(တွင်းနက်) Black Hole တကယ်ရှိခဲ့လို့ရှိရင် ငါတို့အိမ်တွေ မီးပြတ်



www.burmeseclassic.com

www.burmeseclassic.com



ဟောဒ့မှာ မဟုတ်ဘူးနော်. . . နော် ဟော့ကောင်"

ကောင်းလိုက်တဲ့အတွေးအခေါ် . . . ပော်တော် မြင့်မြင့်မားမားတွေး ထားတာဖြစ်နိုင်သည်။

"မိုးစက်. . . မင်း ငါပြောတာကိုရော ကြားရဲ့လား၊ ဘယ်ကိုကြည့် နေကာလဲ"

သူ့ရင်ထဲက မဟာဆန်ဆန်ကောင်မလေး Drawing ဆောင် အပေါ်ဆုံးထပ်အခန်းမှ ထွက်လာကာ လှေကားအတိုင်း လှပစွာ ရွှေ့လျား လာပါသည်။ လက်ထဲမှာလည်း T-square နှင့် Drawing စာရွက်စာလိပ် များကိုကိုင်ထားကာ မနိုင်မနင်းဖြစ်နေပုံရသည်။ ပြေးပြီးသယ်ပေးချင်လိုက် တာ ရင်ထဲမှာ ဖုံးဖိမရ။ ဒါပေမဲ့ ဒီလောက်ထိတော့ အတင့်ရဲလို့မကောင်း ကြောင်တောင်တောင်နိုင်လှသည်။ ကောင်မလေးက သူ့ကိုလှည့်ကြည့်ပြီး ပြုံးပြဦးမလားလို့ မျှော်လင့်ကာ ကြည့်နေမိသေးသည်။ ဒါပေမဲ့ လုံးဝလှမ်း မကြည့်ပါ။ သူကြည့်နေစဉ်မှာပဲ ကောင်မလေး လှေကားပေါ်မှဆင်းသွားပြီး မျက်စိရှေ့မှ ပျောက်ကွယ်သွားပါတော့သည်။ ရင်ထဲမှာ ဟာခနဲကျန်ခဲ့၏။ သူ့ဘောင်းဘီကို ရန်နိုင်စိုးယူဝတ်၍ ပျောက်သွားတုန်းကတောင် အဲဒီ လောက်မနှမြောခဲ့၊ အခု ဘာကိုမှန်းမသိ နှမြောတသခြင်းကြီးစွာဖြစ်မိသည်။ သေချာသွားပါပြီ။ သူ သည်ကောင်မလေးကို မြင်မြင်ချင်း တစ်သက်တာလုံး အတွက် ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် ချစ်မိသွားပါပြီ။

"လှတယ်နော်"

"အင်း"

ပေါကြီးက သူ့ကိုတိုးတိုးလေးကပ်ပြောသည်။ ပဆိုးပါဘူး၊ ဒီကောင် အလှအပတရားတော့ ခံစားတတ်သားပဲ။

"မင်း အဲဒီကောင်မလေးကို ဘာလို့ ဒီလောက်လိုက်ကြည့်နေရတာလဲ"

သူ ဘာမှပြန်မဖြေမိ။

"ဩော်. . . ငါသိပြီ မင်းသူ့ကိုစိတ်ဝင်စားနေလို့လား"





အရေးထဲ အမူစစ်နှင့်လာတိုးနေသည်။ သူ. . . ပေါကြီးကို တစ်ချက် ကြည့်၍

"ငါသွားတော့မယ်"

"နေဦးလေ ငါစကားပြောတာမပြီးသေးဘူး၊ နယူတန်ကလည်း ပြော သေးတယ်ကွ"

"တော်ပြီ. . . မင်းဟာမင်း နယူဟန်ကပဲပြောပြော၊ မင်းဘကြီး ကိုယ် တိုင်ပဲပြောပြော ငါနားမထောင်နိုင်တော့ဘူး၊ ဟိုမှာ ရန်နိုင်စိုးတို့လာပြီ၊ အဲဒီကောင်တွေကိုပဲ ဆက်ပြောပြလိုက်တော့. . . ငါတော့သွားပြီ"

သူပြောပြီး ထထွက်လာခဲ့တော့သည်။ ကြာလျှင် နားပူသွားပြီး နား ထိုင်းသွားနိုင်သည်။ ဒီလိုမှထထွက်မလာလျှင်လည်း ဒီကောင် တော်တော်နှင့် ပြီးမည့်ပုံလည်းမပေါ်၊ သူ့ဒဿနတွေ ပြောနေရမယ်ဆိုလျှင် ငုတ်တုတ်ကြီး လေဖြတ်သေသွားမည်ဆိုရင်တောင် အသက်ကိုစတေးပြီး ပြောမည့်ကောင်။ ဒီကောင်နှင့် ရန်နိုင်စိုးတို့နဲ့တော့ ဖြစ်သည်။ ဟိုကောင်တွေကလည်း စိတ် ဝင်စား၍တော့မဟုတ်။ ဒီကောင်စကားကိုနားထောင်ရင်း ဒီကောင်ကျွေး မွေးသည့် လက်ဖက်ရည်တို့ ဆေးလိပ်တို့ကိုသောက်ရ၍ဖြစ်သည်။ ဒီကောင့် စကားများကို စိတ်ဝင်စားဟန်ဆောင်၍ နားထောင်ကြမည်။ ပြီးလျှင်. . . ဟာ. . . ဟင်. . . ဟယ်. . . ဟုတ်လား. . . ဩော်စသည်ဖြင့် အာမေဋိတ်သံ အမျိုးမျိုးကို တစ်ခုနှင့်တစ်ခု မရိုးအောင်လုပ်ပြ၍ အံ့သြဟန်၊ အထင်ကြီး ဟန်၊ ထိတ်လန့်ဟန် စသည့်အမူအရာများကိုလည်း ကြားညှပ်သုံးလိုက် သေးသည်။ ဘာပဲဖြစ်ဖြစ် ဒီကောင်တွေတန်ပါသည်။ အဲဒီနေ့တော့ သူတို့ အတွက် လက်ဖက်ရည်၊ မုန့်နှင့် ဆေးလိပ် တစ်ယောက်တစ်လိပ်စီလောက် တော့ ခိုင်သွားကြသည်။ သူကတော့ အစားတစ်လုတ်အတွက် အဲဒီလောက် နားပူမခံနိုင်၊ အဲဒီလိုကောင်တွေရှိလို့လည်း အရူးတွေဘုံမြောက်နေတာဖြစ် မည်။ ဒါပေမဲ့ ပေါကြီး ချေးခြောက်ကောက်စားတာတော့ တစ်ခါမှမတွေ့ ဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com



Drawing အဆောင်ပေါ်မှ ဆင်းလာ၍ ဆင်ဝင်အောက်ရောက်တော့ ညာဘက်ချိုးကာ (DR 1)ဘက်မှ ဖြတ်လျှောက်၍ စားသောက်ဆိုင်တန်းဘက်သို့ ထွက်လာခဲ့သည်။ လမ်းလျှောက်ရင်း ဟိုဟိုဒီဒီကြည့်၍ သူ့ရဲ့ မဟာဆန်သူလေးများ တွေ့မလားလို့ရှာမိသေးသည်။ မတွေ့ပါ။ စားသောက်ဆိုင်ဘက်မှ ဆူညံသံများနှင့် ကက်ဆက်သံများ ကျောင်းသား/ကျောင်းသူများ၏ စကားသံများနှင့်ရောထွေးကာ ဆူညံနေတော့သည်။ ကန်တင်းလည်း ထိုင်ချင်စိတ်မရှိသဖြင့် (B)ဆောင်ဘက်သို့ ဆက်လျှောက်လာမိတော့သည်။ လူက ပယောဂဖမ်းစားထားသလို ဘာမှလုပ်ချင်ကိုင်ချင်စိတ်မရှိဘဲ ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေ၍ အရာရာကို စိတ်မပါလက်မပါဖြစ်နေတော့သည်။ ဘယ်လိုဖြစ်ဟာလဲ သူကိုပဲတွေ့ချင်၊ မြင်ချင်နေပါလား၊ ခဏလေးတွေ့ရုံနဲ့ အဲဒီလောက်ဖြစ်သွားရတာကို သူကိုယ်သူ ဟော်တော်ဒေါသဖြစ်မိသည်။ အခုအချိန်မှာ ဘယ်သူကိုမှလည်းမတွေ့ချင် ဘယ်သူကိုမှလည်း စကားပြောချင်စိတ်မရှိ၊ သူကလွဲရင်ပေါ့။

မြေနီလမ်းကလေးအတိုင်း လျှောက်လာရင်း ခရေပင်တန်းလေးနားရောက်တော့ ခရေပန်းရနံ့ကို သင်းသင်းလေးရှူရှိုက်မိ၏။ ကံ့ကော်တွေကတော့ မပွင့်သေးပါ။ သို့သော် အဖူးအငုံလေးများတော့ထွက်နေပါပြီ၊ ဒီကံ့ကော်ပန်းလေးတွေပွင့်လာရင် သူ့အတွက် ခူးပေးပြီးပန်ပေးလိုက်ရရင် ဘယ်လောက်ကောင်းမလဲလို့ မရေမရာတွေးကြည့်လိုက်သေးသည်။

ဒုက္ခ. . . ဒုက္ခ. . . ဘေးကကျောင်းသူတစ်စုဖြတ်လျှောက်သွားရင်း ရယ်မောသွားသံကို ကြားလိုက်ရတော့ သူ့ကိုများလှောင်ရယ်သွားတာလားလို့ မဆိမဆိုင် လန့်ဖျပ်ကြည့်လိုက်မိသေး၏။ သို့သော် ကိုယ်ကသာ မလုံမလဲဖြစ်နေတာ ဘေးပတ်ဝန်းကျင်ကတော့ သူ့ဟာသူ အံ့ပင်ခွင်ကျစီးဆင်းနေသော သူ့ကို ဘယ်သူမှဂရုမပြုမိကြ၊ သူ့မှာသာ တစ်ယောက်တည်းမလုံမလဲဖြစ်နေရသည်။ ကောင်မလေးရေ. . . မင်းကြောင့် ကိုယ်ကော့ရှုံးပြီ. . .။

🔔 🔔 🔔

ကုံ ကော်တွေပွင့်ကြပြီ၊ သီဟိုဠ်ပင်မှ သီဟိုဠ်သီးတွေလည်း ရွှေအိုရောင်သန်း၍ ပင်လုံးကျွတ်မှည့်ကုန်ပြီ၊ ကျောင်းဝင်းတစ်ခုလုံးမှာ ကံ့ကော်ရနံ့၊ ခရေရနံ့နှင့် သီဟိုဠ်ရနံ့များ ပေါင်းစပ်၍ ထုံအီစွာ မွှေးကြိုင်နေပါတော့သည်။ သူတို့၏အမိကျောင်းတော် သန်လျင် နည်းပညာကောလိပ်ကြီးသည် ပန်းပေါင်းစုံရနံ့များနှင့် ထုံသင်းနေသော ဥယျာဉ်ကြီးနှင့်တူသည်။ သူတို့သည်လည်း ထိုပန်းဥယျာဉ်ကြီးထဲတွင်ပါဝင်သော အတတ်ပညာမြေဆီလွှာများကို စားသုံးပြီး ပွင့်လန်းနေကြသော သက်ရှိလူသား ပန်းကလေးများပင်ဖြစ်ပါသည်။

ပထမနှစ်ဝက် စာမေးပွဲကြီးပြီးရင် ခဏတာ သူတို့ချစ်သော ကျောင်းကြီးနှင့်ခွဲခွာရဦးမည်။ ကျောင်းတွေမပိတ်ခင် ခိခါရစားသောက်ဆိုင်မှ အန်တီကြီးကိုလည်း အကြွေးတွေဆပ်ရဦးမည်။ ယခု အဲဒီဆိုင်မရှိတော့ပါ။ အန်တီကြီးလည်း ဘယ်ရောက်သွားလည်းမသိတော့ပါ။ အန်တီကြီးက သဘောကောင်းပြီး အကြွေးတွေကိုဘယ်တော့မှမတောင်း။ အထူးသဖြင့် သူတို့လို အဆောင်ကျောင်းသားများ၏ငွေရေးကြေးရေးအခြေအနေကိုပို၍နားလည်သည်။ အဆောင်ကျောင်းသားများမှာ ဆင်းရဲချမ်းသာမရွေး



www.burmeseclassic.com

www.burmeseclassic.com



ငွေပြတ်လပ်သောလူတန်းစားထဲတွင်ပါဝင်သည်။ သူတို့အဆောင်ကျောင်းသားများတွင် ပကာသနလုံးဝမရှိ၊ ဆင်းရဲဆင်းရဲ ချမ်းသာချမ်းသာ လူတန်းစားခွဲခြားမှုနှင့် ပကာသနပြိုင်းဒိုင်မှု လုံးဝမရှိပါ။ အခြား နေ့ကျောင်းသားများတွင်လည်း ထိုသို့စိတ်ဓာတ်မျိုးမရှိပါ။ သို့သော် အဆောင်ကျောင်းသားများသည် နေ့ကျောင်းသားများထက်တော့ တစ်ဦးကိုတစ်ဦး ရင်းနှီးမှုနှင့်ရိုင်းပင်းကူညီမှု ပိုပါသည်။ တစ်ယောက်မရှိလျှင် တစ်ယောက်က ကျွေးဖို့လည်းမနှမြော၊ သူ့အဝတ်ကိုယ်ယူဝတ်၊ ကိုယ့်အဝတ်ကိုလည်းသူယူဝတ်၊ ပြဿနာမရှိ၊ ညီရင်းအစ်ကိုများလိုပင်ဖြစ်သည်။ ထားပါ. . .။ အဲဒီလို အန်တီကြီးသဘောကောင်းသော်လည်း သူတို့က အခွင့်အရေးမယူ အလိုက်သိကြသည်။ ကျောင်းရက်ရှည်ပိတ်လျှင် အကြွေးတွေအကုန်ဆပ်ရမည်ကို နားလည်ပါသည်။ ထို့ကြောင့် အန်တီကြီးထံ အကြွေးတွေအကုန်ဆပ်လိုက်ကြသည်။ နေထွေးဦးက ၃၀၀၊ ရန်နိုင်စိုးက ၇၅၀၊ စည်သူ ၂၀၅၊ ဝင်းထွဋ်(မရှိ)၊ အရင်တစ်နေ့က လာရှင်းသွား၍ ရှင်းစရာမလို။ ထိုအကြွေးများရှင်းပေးပြီး နောက်ဆုံးဘာသာအတွက် စာမေးပွဲဖြေရန် စာမေးပွဲခန်းသို့ သွားကြမည်ဖြစ်၏။ စာမေးပွဲရက်အတွင်းမှာ သူမကို တွေ့လိုတွေ့ငြားရှာကြည့်သေးသည်။ မတွေ့ပါ။ ဘယ်မေဂျာကမှန်းလည်းမသိသလို စာမေးပွဲရက်ဖြစ်ကာ စာကျက်ရက်(၁၀)ရက်ကလည်းပိတ်လိုက်၍ စုံစမ်း၍မရ၊ မတွေ့ရဖြစ်နေရသည်။ မတွေ့ရ၍ ပို၍တွေ့ချင်မြင်ချင်နေကာ တစ်ခါတစ်ရံ စာတောင်ကောင်းကောင်းကျက်မရ၊ တစ်ခါတစ်ခါ ရင်ထဲမှာဘယ်လိုကြီးမှန်းမသိအရမ်းလွမ်းသည်။ အခုမှဒုက္ခရောက်နေပြီ။ စာမေးပွဲပြီးလျှင် တစ်လယောက်ကျောင်းပိတ်ဦးမည်။ ရန်ကုန်မှာ နေသည်ဆိုပေမယ့် လိပ်စာမသိလျှင် ကောက်ရိုးပုံထဲ အပ်ပျောက်တာကမှရှာလို့လွယ်ဦးမည်။ သူမကိုတွေ့ဖို့တော့လွယ်မည်မထင်ပါ။ တွေ့ချင်နေလို့ ကမင်တကာရှောင်နေတာလား ကောင်မလေးရယ်. . .

"ညီလေးရေ. . . ဘယ်လောက်ကျလဲ"





"လက်ဖက်ရည် (၄)ခွက်နဲ့ ဆေးလိပ်တစ်ပွဲက လေးရာ့ရှစ်ဆယ်၊ စမူဆာတစ်ခုက သုံးဆယ့်ငါးကျပ် အားလုံး ငါးရာဆယ့်ငါးကျပ် အစ်ကို"

နေထွေးဦးက ပိုက်ဆံထုတ်ရှင်းဖို့လုပ်ပြီး

"မိုးစက်. . . မင်းမှာ ကျန်သေးလား၊ ငါ အကြွေးတွေရှင်းလိုက်လို့ (၂၀၀)ပဲကျန်တော့တယ်"

"ရတယ်. . . ရတယ် ငါပဲပေးလိုက်တော့မယ်"

ရန်နိုင်စိုးက ဝင်၍ ထောင်တန်တစ်ရွက်ထုတ်ပေးလိုက်၏။ ကောင်တာမှ အန်တီကြီးက မရှိလျှင် ကျောင်းဖွင့်မှပေးလို့လှမ်းပြော၏။

"ရတယ် အန်တီ. . . ပါတယ်"

"သားတို့ ဒီနေ့စာမေးပွဲပြီးပြီဆိုတော့ ဘယ်တော့အိမ်ပြန်မလဲ"

"မနက်ဖြန်လောက်တော့ပြန်မယ် အန်တီ၊ ဒီနေ့ နောက်ဆုံးနေ့ အထိမ်းအမှတ်လေး အဆောင်မှာ ကျင်းပလိုက်ဦးမယ်"

"ဟုတ်လား. . . ဒါဆို ညနေဆိုင်ကိုလာခဲ့ ငါ အမဲသားကြော်ပေးမယ်"

"ဟာ. . . အားနာစရာကြီး များများကြော်နော်"

သူဝင်ပြောလိုက်တော့ အန်တီကြီးက ပြုံး၍

"အေး. . . အေး. . . ညကျရင် အရမ်းလည်းသောက်မနေနဲ့ဦး၊ မိန်းကလေးဆောင်သွားပြီးတော့လည်း ဒုက္ခပေးမနေနဲ့ဦး"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့ သွားမယ် အန်တီကြီး"

"အေး. . . အေး. . . ညနေလာခဲ့နော်"

"ဟုတ်ကဲ့"

စားပွဲထိုးလေးဆီမှ ပြန်အမ်းငွေကိုယူ၍ သူတို့ စာမေးပွဲအခန်းသို့ ထွက်လာကြတော့သည်။ လေတစ်ချက်အဝှေ့မှာ ကံ့ကော်ရွက်များ လှုပ်ခတ်သွားတာကို မြင်လိုက်ရတော့ တစ်ခုခုကိုသတိရသလို ခံစားလိုက်ရသည်။ ဘာမှတော့မဆိုင်ပါ. . .။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ. . . ကိုပြုး ဖြေနိုင်လား"

"မဆိုးပါဘူးကွာ. . . အောင်မှာပါ"

သူ၊ ရန်နိုင်စိုးနှင့် စည်သူက (B)ဆောင်မှာဖြေရပြီး၊ ကျန်တဲ့ကောင်တွေက(C)ဆောင်၊ ကိုပြုးက(D)ဆောင်မှာ ဖြေရသည်။ သူတို့အုပ်စု နေထွေးဦးတို့အဆောင်ဘက် (C)ဆောင်မှ ကျောင်းသားရေးရာဘက်သို့ ဖြတ်ဆင်းပြီး ဆရာမများရုံးခန်းရှေ့ကွေ့တွင် ကိုပြုးကိုသွားတွေ့သည်။ ဘေးမှာ မခိုင်လည်းပါ၏။ မခိုင်ကိုတွေ့မှ သူ ဇော်ဇော်ကိုသတိရသွားပြီး အရှိန်သတ်လိုက်ရသည်။ ဇော်ဇော်နှင့်မခိုင် ပြတ်သွားကြကြောင်း သူကြားလိုက်ရသည်။ မခိုင်ကလည်း ဇော်ဇော်ကို သဘောထားမကြီးသူဟု သတ်မှတ်လိုက်ကာ၊ ဇော်ဇော်ကလည်း မခိုင်ကို အချစ်ဟောင်းကို စိတ်ပြန်လည်သည်ဟုထင်သွားပြီး ပြတ်သွားကြကြောင်း ကိုပြုးက ပြောပြသည်။ သူ့ဆောင်ရွက်ချက် အောင်မြင်ပါသည်။ အခုတော့ မခိုင်. . . ကိုပြုးအနားရောက်နေပြီ။ သူတို့နှစ်ယောက်ကိုတွေ့ရတော့ ဥယျာဉ်မှူးတစ်ဦးက သူပြုစုပျိုးထောင်ထားသော ပန်းကလေးများကိုကြည့်၍ ပီတိဖြစ်သလိုမျိုး သူကြည်နူးမိပါသည်။ သို့သော် သူက သည်ဇာတ်လမ်း





မှာ လူကြမ်းအခန်းကပါဝင်ရတာတော့ ကိုယ့်ကိုယ်ကို အောင့်သက်သက်ဖြစ်မိသည်။ ဒါတွေကို သူ ဘယ်သူ့ကိုမှပြောမပြခဲ့၊ တိုက်ဆိုင်မှုရှိ၍ဖြစ်သွားသလိုပဲ သူတို့ထင်ရန် ဟန်ဆောင်နေခဲ့၏။ ကိုပြုး သူ့ကိုမေးတုန်းကလည်း သူလုံးပပြောမပြခဲ့. . .။

"မိုးစက်. . . အခု ခိုင်နဲ့ဇော်ဇော်ပြတ်သွားပြီ၊ မင်းဘယ်လိုလုပ်လိုက်တာလဲ တော်လှချည်လားကွာ"

"ကျွန်တော် ဘာမှကိုမလုပ်လိုက်ရပါဘူး. . . ကိုပြုးရာ၊ တိုက်ဆိုင်မှုတစ်ခုကြောင့် ကျွန်တော်မလုပ်ခင်ကတည်းက သူ့အလိုလိုပြတ်သွားတာဗျ"

"မင်း တစ်ခုခုတော့လုပ်လိုက်ပါတယ်ကွာ. . . ငါ့ကို မလျှိုပါနဲ့. . . ပြောပြစမ်းပါ"

"တကယ်ပြောတာ. . . ကျွန်တော်ကြိုးစားတုန်းရှိသေးတယ်ဗျ၊ သူ့ဟာသူ တိုက်ဆိုင်သွားပြီး ဘာတွေဘယ်လိုဖြစ်တယ်မသိဘူး သူတို့ပြတ်သွားတာ"

သူ မရေမရာပြောတော့ ကိုပြုးက

"ဘယ်လိုတိုက်ဆိုင်သွားတာလဲ"

သူ အကြောင်းစုံကိုရှင်းပြလိုက်၏။ ဒါပေမဲ့ သူ့ပယောဂမပါကြောင်းကို မှသားသုံးလိမ်လည်ပြီး တိုက်ဆိုင်သွားသည့်ပုံစံဖြစ်အောင်လည်း လုပ်ဇာတ်ခင်းပြလိုက်ရ၏။ ဘာပဲဖြစ်ဖြစ် အခုတော့ ကိုပြုး မခိုင်ဆီကအချစ်ကို မရသေးသည့်တိုင်အောင် တော်တော်အဆင်ပြေနေပြီဟု ကြားရပါသည်။ ပျော်ပါတယ်ဗျာ၊ သူ့အလှည့်ကျရင် ဒီလိုဘယ်သူကူညီနိုင်ပါ့မလဲ၊ ကောင်မလေးရုပ်သွင် သူ့အတွေးထဲ ဖျတ်ခနဲဝင်ရောက်လာပြန်သည်။

"ဒါနဲ့ ကိုပြုး ကျွန်တော်တို့နဲ့တစ်ခါတည်း အဆောင်ပြန်လိုက်မလား"

သူတို့မေးတော့ ကိုပြုးက မခိုင်မျက်နှာကို တစ်ချက်လှည့်ကြည့်သည်။ မခိုင်ကလည်း ရယ်ကြဲကြဲနှင့်။

သူတို့ တစ်နေရာသွားဖို့ ကြံစည်ထားပုံရသည်။ သာသနာမဖျက်



www.burmeseclassic.com

www.burmeseclassic.com



တော့ပါ၊ ဒါမျိုးတော့ မိုးစက်တို့က ပါးသည်။

"ရပါတယ်. . . လမ်းကြုံလို့ တစ်ခါတည်း ပြန်ရင်လိုက်မလားမေးကြည့်တာပါဗျာ. . . တစ်နေရာရာသွားမလို့ထင်တယ်၊ သွားကြပါ. . . သွားကြပါ ဝင်မရှုပ်တော့ပါဘူး. . . ဟဲ ဟဲ"

သူ၏အနှောင့်အသွားမလွှတ်စကားကြောင့် မခိုင်ရှက်သွား၍ ခေါင်းငုံ့သွားတာမြင်လိုက်ရသည်။ ဩော်. . . မိန်းမကွေများ သိပ်ခန့်မှန်းရခက်သည်။ ဒါကြောင့် မိန်းမကွေ၏မာယာကို မြစ်တစ်စင်းနှင့် စာဆိုကျော်ကြီးများ နှိုင်းယှဉ်ထားကာဖြစ်နိုင်သည်။

"အေး. . . ငါတို့ ရုပ်ရှင်သွားကြည့်မလို့"

"ဩော်. . . ဒါဆို ကျွန်တော်တို့ပြန်တော့မယ်"

"အေး. . . အေး"

ကိုပြုံးတို့ထွက်သွားတော့ နေထွေးဦးက လှမ်းနောက်လိုက်သေးသည်။

"ကိုပြုံး ရုပ်ရှင်ကြည့်ရင် နောက်ဆုံးတန်းကကြည့်နော်၊ ပြန်လာရင် ဇာတ်ကားကောင်းမကောင်းလည်းပြောပြဦး၊ တော်ကြာ ပိတ်ကားကိုကြည့်ဖို့ မေ့နေဦးမယ်"

ကိုပြုံး သူတို့ဘက် လည်ပြန်လှည့်ကြည့်ပြီး အသံတိတ်ဆဲတာတွေ့လိုက်ရသည်။ မခိုင်က ကိုပြုံးကို ရှက်ရှက်နှင့် တစ်ချက်လှမ်းဆိတ်လိုက်သည်။ ကိုပြုံး နာမှာမဟုတ်ပါ. . . ပြေးမကြည့်ဘဲ တွေးကြည့်ရုံနှင့်သာယာနေမည်ဆိုတာ သူပြောရဲပါသည်။

ကျောင်းဝင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး လွှင့်ခဲ့သောရက်များက ကျောင်းသား/ကျောင်းသူများ၏အသံများနှင့် လှုပ်ရှားအသက်ဝင်ခဲ့သော မြေနီလမ်းကလေးများက အခုတော့ သူတို့မဟုတ်သလို ကြွေရနေသည်။ ကံ့ကော်ပင်များမှ ကံ့ကော်ပွင့်တို့ကလည်း ခူးဆွတ်မယ့်သူ မဲ့နေ၍ ပင်လုံးကျွတ်မျှ ဖွေးဖွေးလှုပ် ပွင့်နေကြ၏။

ကျောင်းတွေပိတ်ပြီ. . . ဟာစ်လ။ အဆောင်နေ ကျောင်းသားများအားလုံး ကိုယ့်ဌာနေကိုပြန်ကြပြီး သူတို့အဖွဲ့တော့ ဒီနေ့မှအိမ်ပြန်ကြသည်။ သူတို့၏ အမိကျောင်းတော်ကြီးရှိရာ သန်လျင်မြို့ကြီးကို တံတားထိပ်မှ တစ်လတာ လက်ပြနှုတ်ဆက်ခဲ့ကြသည်။ ခဏတာခွဲခွာရဦးမှာပေါ့ သန်လျင်ရေ. . .။

အိမ်ပြန်ရောက်ရောက်ချင်း ရေမိုးချိုးပြီး အဆောင်မှ အိမ်ကိုပြန်သယ်လာသော ပစ္စည်းများနေရာချ၍ အိပ်ရာထဲလှဲလိုက်ကာ တစ်နေ့လုံး အပြောင်းအရွှေ့များနှင့် ပင်ပန်းနေသည်မို့ တစ်ခါတည်း အိပ်ပျော်သွားတော့သည်။ အိပ်မက်တောင်မမက်လိုက်။



www.burmeseclassic.com

www.burmeseclassic.com



မနက်(၉း၀၀)နာရီလောက်မှာ မေမေလာန့်း၍ အိပ်ရာမှ လူးလဲထ၊ မနက်စာစားရန် ထမင်းစားခန်းသို့ထွက်လာခဲ့၏။

"သား. . . မေမေ့ကို အန်တီလှတို့အိမ် လူကြုံပစ္စည်း သွားပေးပေးစမ်းပါ"

"ဘယ်တော့လဲ"

"အခုစားပြီးသွားလိုက်"

"ဖေဖေရော. . ."

"မင်းအဖေ စာဖတ်ခန်းထဲမှာ"

"ဒါနဲ့ ဘယ်ကလူကြုံပစ္စည်းလဲ"

"နယ်ကပါ. . . မင်းဦးလေးနဲ့ ထည့်ပေးလိုက်တာ"

"ဪ. . ."

သူ မနက်စာစားပြီး ရေမိုးချိုး အဝတ်အစားလဲကာ မေမေ့ထံမှ လူကြုံပစ္စည်းကိုယူ၍ ကားသော့ယူကာ ထွက်ခဲ့တော့၏။

BURMESE CLASSIC .com

# ကား

ရှုပ်ရှုပ်လှုရှုပ်ရှုပ် မြို့လယ်ကောင်မှာ ကားရပ်ရတာလည်း အလုပ်တစ်ခု၊ အန်တီလှတို့အိမ်က (၁၇)လမ်းမှာ၊ သူ ကားရပ်ရန်နေရာကျယ်သည့် လသာလမ်းမှာကားရပ်၍ (၁၇)လမ်းသို့ လမ်းလျှောက်ထွက်ခဲ့သည်။ အန်တီလှတို့ အိမ်ရောက်တော့ လူကြုံပစ္စည်းပေးကာ. . .

"ထိုင်ဦးလေ သား. . . ကော်ဖီသောက်သွားဦး"

"မသောက်တော့ဘူး အန်တီ. . . သွားစရာလေးရှိသေးလို့"

"အေး. . . အေး. . . သားမေမေကိုပြောလိုက်နော် ကျေးဇူးပဲလို့"

"ဟုတ်ကဲ့"

သူ(၁၇)လမ်းမှအထွက် အထက်တန်းတုန်းက ဆရာမတစ်ယောက်ထံ ဝင်ရန် စိတ်ကူးမိလိုက်သည်။ ဆရာမက (၁၉)လမ်းမှာ သူလမ်းကြုံ၍ (၁၉) လမ်းဘက်သို့ ထွက်လာခဲ့တော့သည်။ ဒီနေ့ တနင်္ဂနွေနေ့ဆိုတော့ ဆရာမ အိမ်မှာရှိနိုင်၏။ မရှိလည်း ဗိုလ်ချုပ်ဈေးဘက် တစ်ချက်သွားပတ်ပြီး အိမ် ပြန်မည်ဟု စိတ်ကူးထားလိုက်သည်။

တိုက်ခန်းရှေ့တွင် ကြိုးများ ရှုပ်ယှက်ခတ်နေ၏။ ဆရာမ...

www.burmeseclassic.com

www.burmeseclassic.com



ကြိုးက ဘယ်ဟာပါလိမ့်၊ မရောက်တာကြာတော့လည်း ဒုတိယအထပ်လား၊ တတိယအထပ်လား၊ သိပ်မမှတ်မိတော့၊ ပြဿနာသိပ်မရှိ။ နောက်ဆုံး သိပ်မမှတ်မိလျှင် ကြိုးတွေအကုန်လုံး လိုက်ဆွဲကြည့်မည်။ ဆရာမဒေါ်မီမီအိမ်လားဟုမေးမည်။ မဟုတ်လျှင် အိမ်မှားသွားလို့ ဘယ်အိမ်လဲဟုမေးကြည့်ပြီး နောက်တစ်ကြိုးပြောင်းဆွဲမည်ဟု စဉ်းစားထား၏။

ပထမဆုံး အစိမ်းရောင်ကြိုးလေးကို ဆွဲကြည့်မိ၏။ ဒုတိယအထပ်က ကုလားဗိုက်ရွှဲကြီးတစ်ယောက် ထွက်လာသည်။ အိမ်မှားကြောင်းပြော၍ ဆရာမအိမ်ကိုသိလားလို့ မေးကြည့်လိုက်တော့. . .။

"ဟရေး. . . သိဒယ်. . . ကျွန်တော်တို့အိမ်အပေါ်ထပ်လေ"

"ဪ. . . ဟုတ်ကဲ့ ကျေးဇူးပဲနော်"

ပြောပြီး တတိယထပ်သို့တက်လာခဲ့၏။ တိုက်တိုက်ဆိုင်ဆိုင် ဆရာမနဲ့တွေ့ပါသည်။ ထုံးစံအတိုင်း ဆရာမက အံ့ဩဝမ်းသာစွာနဲ့

"ဟယ်. . . ကြည့်စမ်း. . . ဘယ်သူလဲလို့ လာဟေ့. . . အထဲဝင်"

"ဟုတ်ကဲ့"

သူပြုံးပြ၍ အထဲဝင်လိုက်သည်။

"တစ်နေ့ကတောင် ဝါဝါနဲ့သန္တာတောင် ဆရာမဆီ လာသွားသေးတယ်"

"ဟုတ်လား. . . ဒီအရွယ်မတွေ ဘာလာလုပ်ကြတာလဲ"

"သူတို့ အစ်မနဲ့ အစ်ကိုနဲ့ မင်္ဂလာဆောင်တယ်ဆိုတာ. . . အဲဒါ ဖိတ်စာလာပေးတာ"

"ပြိုင်တူဆောင်ကြတာလား. . . မင်္ဂလာဆောင်စရိတ် သက်သာအောင်ထင်တယ်"

ဆရာမကပြုံး၍

"မဟုတ်ပါဘူးဟယ် ဝါဝါ့အစ်ကိုနဲ့ သန္တာ့အစ်မနဲ့ ဆောင်တာပါ"

ဆရာမ ထိုးလက်စသီးမွှေးထုပ်ကို စားပွဲပေါ်မှယူကာ ဆက်ထိုးနေ





ရင်း အိမ်နောက်ဖေးသို့ ကော်ဖီတစ်ခွက်လာပို့ရန် လှမ်းအော်လိုက်၏။

"ဒါနဲ့ ရန်နိုင်စိုးတို့ရော ဘာလုပ်နေကြလဲ"

"ဘာမှမယ်မယ်ရရတော့ လုပ်မနေဘူး ဆရာမ၊ ဒါပေမဲ့ လုပ်တော့ လုပ်နေတာပဲ"

"နင်တို့ကလည်း လူကြီးဖြစ်လာပြီ၊ အလုပ်တစ်ခုမလုပ်ရင်တောင် ကိုယ့်အိမ်အလုပ်တော့ ကိုယ်ကူလုပ်ဦးပေါ့ဟဲ့"

ထုံးစံအတိုင်း ဆရာမက တရားချသည်။

ဆရာမအသက်က (၃၅)နှစ်ခန့်သာရှိသေးသော်လည်း ဘုရား၊ တရားအလုပ်ကိုအလွန်လုပ်၍ အေးချမ်းတည်ငြိမ်ပြီး အလွန်အေးဆေးစွာ နေထိုင်တတ်သူဖြစ်သည်။ ဆရာမငယ်ငယ်က ရုပ်ချော၍ တော်တော်လှမည်ဟု သူတို့သူငယ်ချင်းတွေ ကောက်ချက်ချဖူးသည်။

"ငါတို့ဆရာမ ရုပ်ဒီလောက်ချောတာ ရည်းစားတွေဘာတွေမရှိဘူးလား မသိဘူး"

"ငါတော့ ရည်းစားရှိတယ်လို့မကြားမိဘူး၊ ဒါပေမဲ့ ငါ့ဦးလေးနဲ့တော့ တက္ကသိုလ်မှာ အတူတူလို့ပြောဖူးတယ်၊ သူနဲ့သူငယ်ချင်းတဲ့"

ရန်နိုင်စိုးပြောတာကြားဖူးသည်၊ သူလည်း အတိအကျသိပုံတော့မရ။ ဆရာမငယ်ငယ်တုန်းက မာနကြီးသည်ဟုဆိုသည်။ အဲဒါကြောင့် အခုထိ အပျိုကြီးဖြစ်နေတာပဲဖြစ်မည်။

ရန်နိုင်စိုးပြောဖူးတာတော့ရှိသည်။ သူ့ဦးလေးသူငယ်ချင်းတစ်ယောက်က ဆရာမကို ငယ်ငယ်က အသေအလဲကြိုက်ဖူးသည်။ (၂)နှစ်တိတိ ဆရာမကိုလိုက်ဖူးသည်။ နောက်တော့ ဆရာမကိုမရသည့်စိတ်နဲ့ပဲ စိတ်ထိခိုက်ကာ သဘောၤလိုက်သွားသည်ဟုဆို၏။ ဆရာမ၏အချစ်ကိုတော့ ရရှိမသွားပါ။ လူတစ်ယောက်ကို ကုန်းပေါ်မှ ရေပေါ်သို့လွင့်ထွက်သွားရလောက်အောင် အထိ ဆရာမ၏အချစ်က စွမ်းသည်။

"ဆရာမကိုကြိုက်တဲ့လူတွေထဲမှာ မင်းဦးလေးရော မပါဘူးလား"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်စိုးက တစ်ချက်စဉ်းစားပြီး

"အင်း ပါတော့ပါနိုင်တယ်ထင်တာပဲ၊ သူ့သူငယ်ချင်းအကြောင်းပဲ ပြောဖူးတယ်၊ သူ့အကြောင်းတော့ မပြောဖူးဘူး၊ ဒါပေမဲ့ ငါ့အမေကတော့ ပြောတယ်၊ နင့်တို့ဦးလေးငယ်ငယ်က မာလာဆောင်ရှေ့ကို ညတိုင်းသွားတယ်တဲ့၊ ပြီးတော့ ငုတ်တုတ်ကြီးထိုင်ထိုင်ပြီး ပြန်ပြန်လာတယ်တဲ့၊ သူများတွေ ဂစ်တာတီးလည်း သူကမဆိုဘူး၊ အဆောင်ပေါ်ကိုပဲ မော့ကြည့်နေပြီး ငုတ်တုတ်ကြီးပဲထိုင်နေတယ်လို့ ပြောဖူးတယ်"

"အဲဒါ ဆရာမနဲ့ဘာဆိုင်လို့လဲ"

"ဆရာမက အရင် မာလာဆောင်မှာနေတာလေ"

"မာလာဆောင်မှာ တခြားသူတွေလည်းရှိတာပဲ၊ ဆရာမတစ်ယောက်တည်းမှမဟုတ်တာ၊ တခြားတစ်ယောက်ဆို ဘယ်လိုလုပ်မလဲ"

"အဲဒါတော့ ငါလည်းမသိဘူးလေ"

"ထားပါတော့. . . ဆရာမကရော မင်းဦးလေးလာလာနေတာသိလား"

"အဲဒါလည်း ငါမသိဘူး"

"မင်းဦးလေးနဲ့ရော နောက်တော့ဘာဖြစ်သွားလဲ"

"အဲဒါလည်း ငါမသိဘူး"

အဲဒီလောက် နှံ့နှံ့စပ်စပ်သိသည့်ကောင်

"အခုကော မင်းဦးလေးကဘယ်မှာလဲ"

"သူလည်းသဘောလိုက်သွားပြီ"

"အန်"

အိမ်ဖော်ကောင်မလေး ကော်ဖီလာချပေးတော့မှ သူ့အတွေးစပြတ်ကာ ကော်ဖီသောက်၍ ဆရာမနှင့်ရောက်တတ်ရာရာများပြောပြီး နှုတ်ဆက်၍ပြန်လာခဲ့သည်။

ကားပေါ်ရောက်တော့ ရုပ်နားကြေးယာကောက်သည့် ကောင်လေးတစ်ယောက်ကို ပိုက်ဆံထုတ်ပေးပြီး ကားထွက်မည်အပြု ကားရှေ့ နွားနို့





ကုလားတစ်ဦးဖြတ်သွား၍ ကားဘရိတ်ကို ကမန်းကတန်းအုပ်လိုက်ရသည်။ အသံတိတ်ဆဲရေးလိုက်၍ လူရှင်းမရှင်းကြည့်နေစဉ်မှာပင် သူ့မျက်ဝန်းထဲသို့ ပုံရိပ်ကလေးတစ်ခု ဝုန်းခနဲပြုတ်ကျလာပါတော့သည်။ ဟင်. . . သူအရမ်းအံ့ဩသွားသည်။ လုံးဝ တွေ့ရန်မျှော်လင့်မထားသော သူ့ရဲ့မျှော်လင့်ချက်ကောင်မလေးပင်. . .။ သူအရမ်းပျော်သွားသည်။ ရန်နိုင်စိုးက ပျောက်သွားသော သူ့ဘောင်းဘီကိုပြန်ဝယ်ပေးရင်တောင် ပျော်ရွှင်မှုက အခုခြေဖျားတောင် မီမည်မထင်။ သူ ကောက်ရုံးပုံထဲကအပ်ကလေးကို ရှာတွေ့ခဲ့လေပြီ။ နေးနေလို့မဖြစ်၊ ဒီလိုအခွင့်အရေးမျိုး နောက်ထပ် ဘယ်လိုမှမရနိုင်တော့ တွေးမနေတော့ဘဲ ကားပေါ်မှအမြန်ဆုံးဆင်း၍ သော့ပိတ်ပြီး ကောင်မလေးနောက်မှ မယောင်မလည်နှင့်လိုက်လာခဲ့သည်။ လောလောဆယ်အရေးကြီးဆုံးက ကောင်မလေးအိမ် သိဖို့လိုသည်။ မြို့ထဲမှာနေတာလား. . . ဒါမှမဟုတ် သူ့လိုပဲ မြို့ထဲ ကိစ္စတစ်ခုခုကြောင့်ထွက်လာတာလား။

တွေးနေစဉ်မှာပဲ ကောင်မလေး တစ်ဖက်ကားလမ်းသို့ ကူးသွားတော့ သူပါလိုက်ကူးလိုက်သည်။ မြို့ထဲမှာနေတာဆို ပြဿနာမရှိ၊ လမ်းလျှောက်ရင်း ခြေရာခံလိုက်လို့ရသည်။ ကားနဲ့ ကိစ္စတစ်ခုရှိလို့ ထွက်လာတယ်ဆိုရင် ကောင်မလေးကားနောက်လိုက်ဖို့ သူ့မှာ ကားမယူလာခဲ့ချေ။ အို. . . ဘာပဲဖြစ်ဖြစ် အငှားကားနဲ့လိုက်မယ်၊ ဒီလောက်နဲ့တော့ မိုးစက်တို့ခေါင်းရှုပ်မခံ၊ မဖြစ်ဖြစ်အောင်လုပ်မည်ဟု သန္နိဋ္ဌာန်ချထားလိုက်သည်။

လူတွေရှုပ်နေတော့ သူနောက်ယောင်ခံလိုက်တာကို သိပုံမရ။ တစ်ခါမှ ဒီလိုမလုပ်ဖူးတော့ ရင်တော့နည်းနည်းခုန်သည်။ သူများသိသွားမလားလန့်မိသေးသည်။ မိုးစက်. . . မင်းသတ္တိတွေ ဘယ်ရောက်ကုန်ပြီလဲ၊ သူများတွေအတွက်တော့ မင်းက လုပ်ပေးပြီး၊ အခု မင်းကိုယ်တိုင်ကျ ဘာဖြစ်နေတာလဲ. . . တင်းထား တင်းထား။ သူ့ကိုယ်သူ မရမကအားပေးရင်း ဆက်လက်ချီတက်လာခဲ့၏။ လန့်မည်သာလန့်နေရတာ ဟိုကဖြင့် သူ့ကို ဖုတ်လေသည့်ငါးပိ ရှိတယ်လို့တောင်မထင်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



(၂၆)လမ်းထဲ ဖျတ်ခနဲချိုးဝင်သွားတော့ မျက်ခြည်ပြတ်သွားမှာစိုး၍ လူတွေကြားထဲ တိုးဝှေ့ကာ အမီလိုက်ရသေးသည်။ ကောင်မလေးနဲ့သူ ခပ်လှမ်းလှမ်းမှလိုက်လာ၍ လမ်းထဲသို့ကောင်မလေးချိုးဝင်သွားတော့ လူတွေက ရှုပ်ယှက်ခတ်နေ၍ တော်တော်နှင့်မရောက်နိုင်။

ဟာ. . . အဲဒါမှဒုက္ခ. . .။ လမ်းထဲရောက်တော့ သူ့ကောင်မလေး၏ အရိပ်အရောင်မျှမမြင်ရတော့၊ ဘယ်ရောက်သွားပြီလဲမသိ၊ သူ့အိမ်က ဒီနားမှာလား၊ ဒါမှမဟုတ် သူငယ်ချင်းအိမ်လာတာလား၊ သူ့အတွေးတွေနှင့် လုံးလည်ချာလည်လိုက်ပြီး လမ်းဘေးမှာ ငူငူကြီးရပ်နေရသည်။

လမ်းတစ်လျှောက် မျက်စိတစ်ဆုံး လှမ်းမျှော်ကြည့်လိုက်တော့ သူနှင့်တူသည့် အရိပ်အရောင်မျှမတွေ့ရ။ ကိုယ်ပျောက်သွားတာတော့ မဖြစ်နိုင်၊ ဒီနားက အိမ်တစ်အိမ် ဒါမှမဟုတ် ဆိုင်တစ်ဆိုင်ဝင်သွားတာပဲဖြစ်မည်။ သူလည်း ဘာလုပ်ရမှန်းမသိတော့ဘဲ ဟိုကြည့်ဒီကြည့် ကျိုးကန်းတောင်းမျှော်ရှာကြည့်တော့လည်းမတွေ့။ သူစိတ်ပျက်နေစဉ်မှာပဲ နောက်ဘက်မှ ကားတံခါးဆောင့်ပိတ်သံကြားမှ လန့်၍လှည့်ကြည့်လိုက်တော့ စူပါဆလွန်းအနီရောင်ကားလေးထဲ သူ့ရဲ့ကောင်မလေး ထွက်လာတော့၏။ ပျော်လိုက်တာပြောမနေပါနဲ့တော့။ ဒါပေမဲ့ သူ့ကောင်မလေးက စိတ်တော်တော်ဆိုးနေပုံရသည်။

မျက်နှာကို စူပုပ်လို့. . . ဒါပေမဲ့ လှတာပါပဲ၊ ဘယ်လိုကြည့်ကြည့် ကျက်သရေကိုရှိလို့၊ ကောင်မလေးက ကားထဲမှထွက်၍ မုန့်ဆိုင်တစ်ဆိုင်ထဲသို့ ဆောင့်ဆောင့်အောင့်အောင့်ဝင်သွားသည်။ တွေ့နေကျ မဟာဆန်ဆန် ခြေလှမ်းများမဟုတ်တော့။ တော်တော်စိတ်တိုနေပုံရသည်။

ဒါမျိုးလေးလည်း ချစ်ဖို့ကောင်းတာပဲ၊ ဆိုင်ထဲဝင်သွားပြီး ဖုန်းပြောနေသည်။ ပြီးတော့ ဆတ်တောက်ဆတ်တောက်နဲ့ ပြန်ထွက်လာပြီး အနော်ရထာလမ်းပေါ်သို့ တက်သွားတော့သည်။ သူလည်း ကောင်မလေးကိုကြည့်ရင်း မြောနေရာမှ သတိပြန်ဝင်လာပြီး အမြန်ပြေးလိုက်ရတော့သည်။





ဘာစိတ်ကူးပေါက်သည်မသိ အနော်ရထာလမ်းအတိုင်း လျှောက်နေရာမှ ကားမှတ်တိုင်တစ်ခုအရောက် ဘတ်စ်ကားတစ်စီးပေါ် ရုတ်တရက်တက်သွားတော့ သူဘာလုပ်ရမှန်းမသိ ကြောင်သွားသည်။ ဒါပေမဲ့ ကြာကြာကြောင်မနေအားပါ။ ထိုဘတ်စ်ကားပေါ်သို့ သူလည်း အမြန်လိုက်တက်လိုက်ရသည်။ ဒီလိုအခွင့်အရေးမျိုးက ရှားသည်ကိုး။

"ဆွဲဆရာရေ"

ဘတ်စ်ကားကြီးက ဂီယာကို တဂီးဂီးမြည်အောင်ထိုး၍ ဆန့်ငင်ဆန်ငင်နဲ့ ထွက်သွားတော့သည်။ သူလည်း ဆန့်ငင်ဆန့်ငင်နဲ့ လိုက်သွားမဲ့ပါတော့၏။

"ကဲ. . . နောက်တက်လေးတွေ ပိုက်ဆံလှမ်းထားမယ်ဗျာ"

ကောင်မလေးက ရှေ့တိုးသွားတော့ သူလိုက်တိုးလိုက်သည်။ ကောင်မလေးနှင့်သူနဲ့က လူလေးယောက်လောက်ခြားသွား၏။

"ကိုယ့်အသိစိတ်ခေတ်လေးနဲ့ကိုယ် ကားခလှမ်းကြမယ်ဗျာ နော်၊ စိုက်ကြည့်ရင် အလိုက်သိကြပါ. . . အရှေ့ကအစ်မကြီး အရှေ့မှာအကျယ်ကြီးဗျာ၊ ဇာတ်ကလို့ရတယ်. . . တိုးပေးပါဗျာနော်"

စပယ်ယာ၏အသံကြားမှ သူ ကားခပေးရန်သတိရသွား၏။ ပိုက်ဆံပေးမလို့ ဘောင်းဘီထဲနှိုက်ရန်ပြင်ပြီးမှ ခေါင်းထဲမှ လက်ခနဲ တစ်ခုခုကို သွားသတိရတော့ ရင်ထဲမှာ ဒိန်းခနဲဖြစ်သွား၏။

"ဟာ. . . သွားပြီ. . . ပိုက်ဆံအိတ်"

ဟုတ်တယ်. . . ပိုက်ဆံအိတ်. . . သူ့အလျင်စလိုထွက်လာတာ ကားပေါ်မှာ ရပ်နားခထုတ်ပေးတုန်းကကျန်ခဲ့ပြီ. . . သူ့မှာ ပါမလာခဲ့ မခွမှ ခက်ပြီ၊ အကြွင်းအကျန် အကြွေလေးဘာလေး ဟိုနားဒီနား ထိုးထည့်ထားတာများ ရှိသလားလို့ ကစ်ကိုယ်လုံးရှိသမျှ အိတ်ပေါင်းစုံ မလျှောက်နှိုက်ကြည့်သည်။ တစ်ကျပ်တောင်မရှိ။

မြသနာတော့ဘက်ပြီ။ ကျေးရင်းတွေးရင်းနှင့် ခုနက ပျော်ရွှင်ရင်ခုန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာလေးတွေတောင် ဘယ်ရောက်လို့ ရောက်သွားမှန်းမသိတော့. . .။ တစ်ကိုယ်လုံး ချွေးစေးတွေပါပြန်လာပြီ။ စပယ်ယာကလည်း တစ်ယောက်ပြီး တစ်ယောက် လှမ်းတောင်းနေတာ သူ့အလှည့်ရောက်ခါနီးနေပြီ။ အရှက်တော့ လုံးလုံးကွဲပါပြီ။

"ဟိုဘက်က အစ်ကိုလေး လှမ်းထားမယ်"

ကွဲပြီ. . . ဘာပြန်ပြောရမလဲ။ မပြောဘဲ မတ်တတ်ကြီး ပေရပ်နေလို့ ဖြစ်တဲ့ကိစ္စမဟုတ်။ နောက်ဆုံးတော့ ဟန်ကိုယ်ဖို့ပဲဟုတွေးကာ

"ပေးမယ်အစ်ကိုလေး ပိုက်ဆံနှိုက်ဖို့ မလွယ်သေးလို့"

"ဟုတ်ကဲ့. . . ရတယ်. . . ရတယ်"

တော်သေးသည် စပယ်ယာသဘောကောင်းလို့၊ သူပြောလိုက်တာ အသံနည်းနည်းကျယ်သွားတော့ ကောင်မလေးက တစ်ချက်လှည့်ကြည့်၏။ သူကလည်းပြန်အကြည့် မျက်လုံးချင်းဆုံမိကြတော့ ကောင်မလေးက အံ့သြဟန်တစ်ချက်ဖြစ်သွားပြီး မှတ်မိကြောင်း တစ်ချက်ပြုံးပြ၏။ သူလည်း မှင်တက်နေရာမှ အမြန်ပြန်ပြုံးပြလိုက်ရသည်။ ပြုံးသာပြလိုက်ရသည် သူ့အပြုံးက ပီပြင်မှုမရှိမှာတော့ သေချာသည်။ လောလောဆယ်အရေးကြီးဆုံးက ပိုက်ဆံ၊ ကားပေါ်မှာ အသိအကျွမ်းလေးများတွေ့မလားလို့ မျက်စိတစ်ချက်ဝေ့၍ရှာကြည့်လိုက်သေးသည်။ အသိမိတ်ဆွေမပြောနဲ့ မျက်မှန်းတန်းမိတဲ့သူတောင် မတွေ့။ ခဏကြာတော့ ကားက မှတ်တိုင်တစ်ခုမှာရပ်သွားပြီး လူတွေ အဆင်းအတက်လုပ်တော့ သူရှေ့သို့ကပ်သွားကာ ကောင်မလေးနှင့်ဘေးချင်းယှဉ်လျက် ရောက်သွားတော့သည်။

ကောင်မလေးက သူ့ကို တစ်ချက်လှည့်ကြည့်ပြီး ဒုတိယအကြိမ်ပြုံးပြသည်။ သူလည်းပြန်ပြုံးပြလိုက်၏။ ဒီတစ်ခါတော့ အခွင့်အရေးကိုလက်လွှတ်မခံတော့၊ တစ်ယောက်တစ်လှည့်ပြုံးပြနေရင်းနဲ့ပဲ ကောင်မလေးကားပေါ်က ဆင်းသွားလျှင် ခက်မည်။ ရင်တွေကလည်း ခုန်လိုက်တာဗလောင်ဆူနေပြီ။ အရေးထဲ ကောင်မလေးဆီက ကိုယ်သင်းနံ့သင်းသင်း





လေးကိုရတော့ ပြောမည့်စကားတွေတောင် လည်ချောင်းဝမှအပြင်မထွက်ဘဲ တစ်ဆို့ကုန်တော့သည်။ ဒါပေမဲ့ မထူးတော့ပြီမို့ အရဲစွန့်ကာ. . .

"ဘယ်သွားမလို့လဲ"

ကောင်မလေးက သူ့ကိုတစ်ချက်လှည့်ကြည့်၍

"အိမ်ပြန်မလို့. . . လမ်းမှာ ကားပျက်သွားလို့"

"ဪ"

ီးတော့ ဘာဆက်ပြောရမှန်းမသိတော့. . .။ စီစဉ်ထားသောစကား ဘယ်တွေလွင့်ပျောက်ကုန်သည်လည်းမသိ။ ဒီကြားထဲ စပယ်ယာ ပိုင ...ာတောင်းလျှင် ပေးစရာပိုက်ဆံ တစ်ပြားမှမရှိသည့်ကိစ္စကလည်း တစ်မျောင့်၊ အဲဒီကိစ္စတွေးမိလိုက်ရင် ရင်ခုန်နေတာလေးတွေတောင် ဘယ်ရောက်လို့ရောက်သွားမှန်းမသိ၊ တွေးနေရင်းမှာပဲ စပယ်ယာကိုယ်တော်ချောက အပြင်ကနေအထဲသို့ ငါးဖယ်တိုးလေး တိုးဝင်လာတော့သည်။

"ကဲ. . . မပေးရသေးတဲ့လူတွေရှိရင် လှမ်းထားခင်ဗျာ"

သူ့ကို ကွက်ကြည့်ကွက်ကြည့်လုပ်ကာ ပြော၏။ ပြဿနာက အဲဒီမှာ ပြန်စတာ... သူပိုက်ဆံအိတ်နှိုက်ဖို့ မလွယ်သေးဘူးဟုပြောလျှင်လည်း စပယ်ယာက ယုံမှာမဟုတ်တော့၊ ကြားမှာ မှတ်တိုင်တစ်ခုရပ်ပြီးပြီ၊ အဲဒီတုန်းက နှိုက်လို့ရပြီ၊ ဒါကိုသိ၍ စပယ်ယာဝင်လာခြင်းဖြစ်မည်။ ကျန်တဲ့လူတွေဆီက ပိုက်ဆံတွေယူကာ သူ့အနား ဖြည်းဖြည်းနီးလာပြီ။ သူလည်း ဘာလုပ်ရမှန်းမသိတော့။ ချွေးတွေလည်း တစ်ကိုယ်လုံးပြန်လာပြီး ဒူးတွေတောင် တုန်လာသည်။ ဘဝမှာ တစ်ခါမှမဖြစ်ဖူးတဲ့ အရှက်တရားက ခန္ဓာကိုယ်တစ်ခုလုံးကို ခွစီးထားတော့၏။ အဲဒီအချိန်မှာပဲ ကောင်မလေးက ကျွန်တော့်ရှေ့မှတိုးကာ ရှေ့မှတ်တိုင်ပါတယ်လို့ပြောပြီး ဆင်းရန်ပြင်လိုက်တာ တွေ့လိုက်ရတော့. . .

"ကျွန်တော့်ကို ပိုက်ဆံတစ်ရာလောက်ချေးပါဗျာ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံ သူပြန်ကြားလိုက်ရတော့ ကိုယ့်ကိုယ်ကိုတောင် မယုံ. . . ယောင်ရမ်းပြီး ကိုယ့်ပါးစပ်ကိုယ်တောင် လက်နဲ့ပိတ်လိုက်မိ၏။ ဒါပေမဲ့ အချိန်နှောင်းသွားပြီ။ အရှက်တရားနှင့်သိက္ခာအတွက် သူ လူတစ်ဦးရှေ့မှာ အားလုံးကို ပေးဆပ်လိုက်ရပြီ။ မသိစိတ်ကစေခိုင်းမှုသည် ကိုယ်ကကြိုက်နေသည့် ကောင်မလေးရှေ့တွင် သူ၏ဘဝသည် ဝုန်းခနဲပြိုဆင်းသွားခဲ့ရပြီ။ အခုမှတော့ မထူးတော့။ ဒါလည်း ဇာတ်လမ်းရှာနည်းတစ်မျိုးပဲဟု ကိုယ့်ကိုယ်ကို ဖြေဆည်လိုက်ရ၏။ ကောင်မလေးက သူ့ကိုကြောင်ကြည့်နေရာမှ

"ဟို. . . ဘာပြောလိုက်တာလဲဟင်"

"ပိုက်ဆံတစ်ရာလောက် ချေးပါလို့. . . ပိုက်ဆံတစ်ပြားမှပါမလာလို့ မေ့ကျန်ခဲ့လို့ပါ"

ကောင်မလေးက မယုံတစ်ဝက် ယုံတစ်ဝက်နှင့် သူ့ကိုကြည့်ကာ

"တကယ်လား. . ."

"တကယ်ပါ. . . ကျွန်တော်လည်း ခင်ဗျားလိုပဲ ကားပျက်သွားလို့ ဘတ်စ်ကားစီးလာတာ. . . ပိုက်ဆံအိတ်က ကားပေါ်မှာကျန်ခဲ့လို့ပါ. . . ဟို ဟို. . . ကျောင်းရောက်ရင်ပြန်ဆပ်ပါ့မယ်"

ယုံချင်ယုံ မယုံချင်နေ အခုမှတော့မထူးတော့. . .

သူသေချာပြောပြလိုက်တော့ ကောင်မလေးက သူ့ဘေးမှ စလင်းဘက်လေးကို ဖွင့်နေချိန်မှာ. . .

"ကဲ ဟိုအစ်မလေး ဆင်းမယ်ဆို. . . မှတ်တိုင်ရောက်တော့မယ်. . . ရှေ့တိုးထားလိုက်ပါ"

စပယ်ယာက လှမ်းပြောတော့. . .

"ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . ကဲ. . . ရော့ ရော့ ရာတန်တော့မရှိဘူး၊ နှစ်ရာတန်ယူထားလိုက်"

ကောင်မလေးက သူ့ကို ကမန်းကတန်းပေးကာ ရှေ့သို့တိုးထွက်သွားလိုက်သည်။ ကောင်မလေးလက်ထဲမှ လွင့်ထွက်လာသော နှစ်ရာတန်





သည် သူ့ဘဝအတွက် တန်ဖိုးအကြီးဆုံးပိုက်ဆံဖြစ်သည်။ ရင်ထဲမှာ ပျော်လိုက်တာ၊ အဲဒီနှစ်ရာတန်အခေါက်ကလေးကို တစ်ခါမှမမြင်ဖူးသလိုကြည့်နေရင်းမှ စပယ်ယာ သူ့နားရောက်လာ၍. . .

"ဖရော့အစ်ကို ကားခ"

စပယ်ယာလက်ထဲသို့ ပိုက်ဆံထည့်ပေးလိုက်ချိန်မှာ သူ့ခန္ဓာကိုယ်တစ်ခုလုံး မိုးပျံပူဖောင်းထဲဝင်နေသလို မြောက်တက်နေ၏။ သူ့မျက်နှာနှင့် သူ့ပုံစံမှာ နည်းနည်းတော့ ဆောင့်ကြွားကြွားနိုင်နေမှာ သေချာသည်။ အကျဉ်းထောင်တစ်ခုတွင် သေဒဏ်ပေးခံထားရသော လူတစ်ယောက်ကို လွတ်စေဆိုပြီး စီရင်ချက်ကြားရသည့် အကျဉ်းသားတစ်ယောက်၏ ခံစားမှုမျိုး၊ သူ့မျက်နှာမှာဟပ်နေ၏။ ဒါပေမဲ့ ကြာကြာမခံစားလိုက်ရ. . . ကံကြမ္မာက သူ့ကို ဘော်လီဘောပုတ်သလို ကစားနေသည်ထင်သည်။

"အစ်ကို. . . ပိုက်ဆံလေး ပြန်လဲပေးပါ၊ ဒီမှာ နံပါတ်နေရာမှာ ပြဲနေလို့ ဘယ်လိုမှသုံးလို့ရမှာမဟုတ်ဘူး"

"ဗျာ. . ."

မြောက်တက်နေသော သူ့ခန္ဓာကိုယ်သည် ရေခဲချောက်တစ်ခုထဲသို့ ကျွမ်းထိုးမှောက်ခုန် ပစ်ကျသွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

“ဟယ် . . . ဟုတ်လား . . . စိတ်မကောင်းလိုက်တာ”

“ရပါတယ် . . . ကျွန်တော်ကိုက ကံမကောင်းတာပါ”

“အားနာလိုက်တာရှင် . . . ကျွန်မလည်း မှတ်တိုင်ရောက်ခါနီးဆိုတော့ လောလော လောလောနဲ့ပေးလိုက်တာ . . ပိုက်ဆံအပြကို သတိမထားလိုက်မိဘူး”

“ကိစ္စမရှိပါဘူး . . . ကျွန်တော်ကသာ နွေဦးဝေကို ကျေးဇူးတင်ရမှာပါဗျာ . . . အဲဒီတုန်းက ကျွန်တော်လည်း တော်တော်ဒုက္ခရောက်နေတာ”

“ဟင် . . . ဟင်း . . . နွေလုပ်လိုက်တော့ ပိုဆိုးသွားတာပေါ့”

“မဟုတ်ပါဘူးဗျာ . . . ဒါက ကံတရားပါ”

ကျောင်းတွေဖွင့်တော့ သူ ကောင်မလေးကိုလိုက်ရှာ၍ ပိုက်ဆံပြန်ပေးခြင်းပါ။ ဒီတစ်ခါတော့သိပ်မရှာလိုက်ရ ဆိုက်ဆိုက်မြိုက်မြိုက်ပဲ ကန်တင်းမှာ တစ်ယောက်တည်းထိုင်နေတာ တွေ့လိုက်ရသည်။ သူ့သူငယ်ချင်းတွေကိုစောင့်နေခြင်းဖြစ်၏။ သူလည်း ကောင်မလေးဝိုင်းသို့ဝင်ထိုင်၍ ပိုက်ဆံကိုပေးတာ အဲဒီနေ့ကအကြောင်းကို ရယ်မောကာပြောပြလိုက်တော့ ကောင်မလေးလည်း တော်တော်အားနာသွားပြီး သူ့ကို တောင်းပန်ရှာသည်။ ပြီးတော့





တိုက်ဆိုင်လွန်းတာကို ရယ်လည်းရယ်ချင်သွားပုံရ၏။ ဒါပေမဲ့ သူ့ကိုအားနာ၍ ရယ်ချင်စိတ်ကို ချုပ်တီးထားပုံလေးမှာ တော်တော်ချစ်စရာကောင်းသည်။

“ဒါနဲ့ အဲဒီနေ့က စပယ်ယာကို ဘယ်လိုပြောပြီးပြန်လာလဲ”

“ကျွန်တော်လည်း ဘယ်တတ်နိုင်တော့မလဲ၊ ပိုက်ဆံအပြလည်း စလိုတိတ်နဲ့ကပ်ပြီး သုံးရင်ရပါတယ်လို့ပြောတော့ . . . စပယ်ယာက နံပါတ်နေရာက ပြဲနေလို့တဲ့ . . . လက်မခံကွဲနောက်ဆုံးတော့ ကျွန်တော့်မှာ ဒါပဲပါတယ်လို့ ပြောလိုက်ရတာပေါ့”

“အဲဒီတော့ . . .”

သူ့စကားကို စိတ်ဝင်စားစွာနားထောင်၏။

“အဲဒီတော့ မပါလည်း အလကားစီးသွားတဲ့ . . . အဲဒီပိုက်ဆံကိုတော့ မယူဘူး၊ အလျှုခံတောင် လက်ခံမှာမဟုတ်ဘူးဆိုပြီး ထွက်သွားကာပဲ”

“ဟယ် . . .”

“အဲဒါဆို . . . ဘေးကလူတွေ ဝိုင်းကြည့်နေမှာပေါ့နော်”

စိုးရိမ်သောမျက်လုံးလေးများနှင့် မျက်နှာကိုသေချာကြည့်၍ အားနာစွာမေး၏။ သူ့အပေါ် စိုးရိမ်မှုလေးတွေ တကယ်ရှိတာတွေ့လိုက်ရတော့ ရင်ထဲမှာ တော်တော်ကြည်နူးသွားသည်။ အဲဒီနေ့က ကြုံတွေ့လိုက်ရတဲ့ ဝေဒနာတောင် ကောင်းတယ်လို့အောက်မေ့လိုက်ရတယ်။

“ဘယ်တတ်နိုင်ပါ့မလဲ နွေဦးဝေရယ်”

“နွေ . . . လို့ပဲခေါ်ပါ ရပါတယ်”

“ဩော် . . . ဟုတ်ကဲ့ . . . ခေါ်ချင်နေတာ နွေ . . . စိတ်ဆိုးမှာစိုးလို့”

“ဘာစိတ်ဆိုးရမှာလဲ သူငယ်ချင်းဖြစ်သွားပြီပဲ . . . ခင်တဲ့သူတွေအားလုံး ဒီလိုပဲခေါ်ကြတာပါ”

ကျွန်တော်က သူငယ်ချင်းဖြစ်ချင်တာမဟုတ်ဘူးဗျလို့ ပြောလိုက်ချင်လိုက်တာ လျှာကိုယားနေတာပဲ၊ ဒါပေမဲ့ မဖြစ်သေး . . . ။ အခုမှ စခင်မိရုံ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်။ နှလုံးသားကို ပုဆိန်နှင့်ထွင်းခံရမည်။

"ဒါနဲ့ . . . ရှင့်နာမည်က"

"မိုးစက်ပါ"

"ဪ . . ."

မိုးလို့ခေါ်ပေါ့လို့တော့ သူ မပြောဖြစ်ပါ။ ဘယ်သူကမှလည်း သူ့ကို 'မိုး'လို့မခေါ်ပါ။ နာမည်အပြည့်အစုံပဲ ခေါ်သည်။

"ဟိုမှာ သူငယ်ချင်းတွေတောင်လာပြီ သွားလိုက်ဦးမယ် . . . 'မိုးစက်' ပိုက်ဆံကိုတော့ နွေပြန်မယူပါရစေနဲ့နော် . . . နွေကြောင့် အရှက်ပိုကွဲသွားတာကို အားနာနေတာ"

"ဟာ . . . မဟုတ်တာဗျာ၊ ယူသွားပါ၊ ကျွန်တော့်ကိုကူညီတာပဲ . . . သူ့အလိုလို တိုက်ဆိုင်သွားတာ ဘယ်တတ်နိုင်ပါ့မလဲ"

"ဟင့်အင်း . . . မယူဘူး၊ နွေ့ကိုခင်ရင် မပေးပါနဲ့"

ပြောပြီး အအေးဖိုးရှင်းကာ ထသွား၏။ စားပွဲပေါ်တွင် သူပေးလိုက်သော နှစ်ရာတန်လေးမှာ အားငယ်စွာ ပက်လက်ကလေးကျန်ခဲ့တော့သည်။

နောက်

ရက်တွေမှာတော့ ထုံးစံအတိုင်းပဲ 'နွေ'နဲ့မကြုံကြုံအောင် ဆုံပြီး စကားတွေပြောဖြစ်တယ် . . .။ အခုဆို တော်တော်ခင်နေပြီ . . . ဒါပေမဲ့ သူ ခင်မင်မှုအဆင့်ကမတက်ရဲသေး၊ တော်ကြာ အခွင့်အရေးယူတယ်လို့ထင်သွားမှာ တော်တော်စိုး၏။ သူ 'နွေ့'ကို ချစ်နေသည့်အကြောင်း သူငယ်ချင်းတွေ အကုန်လုံးသိကုန်ပြီ . . .။ ထုံးစံအတိုင်း ဒီကောင်တွေကတော့ လုပ်သာလုပ်ဆိုပြီး မြှောက်မြှောက်ပေးကြ၏။

ဒီနေ့လည်း (Drawing)ဆောင်အဝင်နားမှာ 'နွေ'အလာကို သူစောင့်နေလိုက်သည်။ သူကလည်း အကြောင်းမရှိ အကြောင်းတစ်ခုခုရှာ၍ သွားသွားနေတာကြာတော့ 'နွေ'လည်း ရိပ်မိလာသည်ထင်သည်။ သူနှင့်စကားပြောလျှင် အရင်တုန်းကလို ရဲရဲတင်းတင်းမရှိတော့ဘဲ စိတ်က မလုံမလဲ အမူအရာမျိုးနှင့် ရှက်ကိုးရှက်ကန်းအမူအရာလေးများ ပိုလာ၏။ သူလည်း ခေတ်ကာလ မိန်းကလေးဆိုတော့ ဒီလောက်တော့ရိပ်မိမှာပါ . . . ဒါက ပြဿနာမရှိ ပြဿနာရှိတာက 'ထိပ်တင်ကြီး'ဆိုတဲ့ကောင်ပဲ၊ သူ့ဟာသူနေလို့ကတော့ ထိပ်တင်ကြီးပဲဖြစ်ဖြစ်၊ အနောက်မှာပဲသေးသေး၊ ဖြစ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ ကိုယ်နဲ့မဆိုင်. . .။ ဒါပေမဲ့ အခုဟာက ဒီထိပ်တင်ကြီးဆိုတဲ့ကောင် နွေ့ကို လိုက်နေသည်တဲ့။ ရန်နိုင်စိုးရထားသည့်သတင်း. . .၊ ဟုတ်လည်း ဟုတ်သည်။ သူအခုတစ်လော နွေ့နားမှာ မျက်မှန်နဲ့ ကတုံးဆံတောက်လိုလို ဘာလိုလို ဆံပင်ပုံစံနဲ့ ကောင်တစ်ကောင် ခဏခဏတွေ့နေရသည်။ ဒါဆို သူ့အရင်ကလို အချိန်တွေဘာတွေဆွဲနေလို့မဖြစ်၊ ကိုယ့်ဘက်က ပြောစရာ ရှိတာတော့ ဖွင့်ပြောထားမှရမည်။ နောက်မို့ဆို နောက်ကျသွားလျှင်ဒုက္ခ. . သူ နွေ့ကိုအရမ်းချစ်နေပြီ. . . လက်လွှတ်မခံနိုင်တော့. . . အခုလည်း နွေ့ (Drawing)ချိန်ဆိုတာသိလို့ (Dra ing)ဆောင်မှာ လာစောင့်နေ၍ နွေ့နဲ့ တွေ့ပြီး အခြေအနေကောင်းလျှင် ရည်းစားစကားတစ်ခါတည်းပြောလိုက်မလို့ ကြံစည်ထားခြင်းဖြစ်၏။

ထုံးစံအတိုင်း ရင်တော့ တော်တော်ခုန်နေသည်။ နေ့လယ်ခင်းဆိုတော့ နေက တော်တော်ပူသည်။ ဒါပေမဲ့ ရင်ထဲက အပူကိုတော့ မီနိုင်မယ်မထင်။ ရင်ထဲမှာလည်း ပူရတာတစ်မျိုး ခုန်ရတာတစ်မျိုးနှင့် တော်တော်အလုပ်ရှုပ် နေသော ကိုယ့်နှလုံးသားကိုတောင် သနားလာ၏။ နွေ့မှမကယ်ရင် ဒီနှလုံး သားဆိုတဲ့ကောင်လေး သေဖွယ်ရာရှိတယ် နွေ့၊ ခပ်ကြောင်ကြောင်အတွေး တစ်ခုကို 'ကဗျာလိုလိုစာလိုလိုတွေးရင်း ပြုံးမိသေး၏။ အဲဒီအချိန်မှာပဲ ဘယ်ကဘယ်လို မျက်စိလည် လမ်းမှားရောက်လာသည်မသိ ပေါကြီး သူ့ဆီ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ချလာပါတော့သည်။

"ဟာ. . . မိုးစက်. . . တစ်ယောက်တည်း မတ်တတ်ကြီးရပ်ပြီး ပြုံး ပြုံးကြီး ဘာလုပ်နေတာလဲ"

ဘယ်အချိန်ကတည်းက ဒီကောင်ကြည့်နေသည်မသိ. . . သူနည်း နည်းတော့ ရှက်သွားမိသည်။

တွေ့မယ့်တွေ့တော့လည်း ဒီကကောင် ကြောင်ကြောင်ကောင်နဲ့မှ လာတိုးတယ်။

"ငါ့ဟာငါ ဘာပြုံးပြုံးပေါ့ကွာ"





"အလို့. . . အသံတွေဘာတွေတောင် မာနေပါလား"

"မာမာပဲ. . ."

"ဟဲ ဟဲ. . . မင်းဘာလုပ်နေတယ်ဆိုတာ ငါသိသားပဲ. . . မင်းအသံ မာနေပေမယ့် ရင်ထဲမှာ ပြောင်းဆန်နေမယ်ဆိုတာ ငါသိသားပဲ. . . ဟဲ. . . ဟဲ. . . ဟဲ. . ."

ဗုဒ္ဓေါ. . . သူ့ရင်ခုန်သံများ ဒီကောင်ကြားနေရလို့လားဆိုတာတောင် မဆီမဆိုင်တွေးပြီး မလုံမလဲဖြစ်သွားသေးသည်။ အခုချိန်မှာ အကုန်လုံးကို လန့်နေရသည့်ဘဝ. . . ပေါကြီးကတော့ ထုံးစံအတိုင်း တဟဲဟဲနဲ့ မျက်နှာ ကလည်း စပ်ဖြီးဖြီး မချိုမချဉ်နဲ့၊ သူ ပေါကြီးကိုကြည့်၍

"ဒါနဲ့ မင်းကဘယ်သွားမလို့လဲ"

"အိမ်သွားပါမလို့"

"အန်. . ."

"ဟုတ်တယ် အိမ်သာတက်ချင်လို့ ထွက်လာတာ၊ မင်းကိုတွေ့လို့ လာနှုတ်ဆက်တာ"

"အမလေး. . . မနှုတ်ဆက်လည်းဖြစ်ပါတယ် သူငယ်ချင်းရာ. . . မင်းကို စိတ်မဆိုးပါဘူး. . . သွားစရာရှိတာသွား တော်ကြာ ထွက်ကျလို့ လူလယ်ကောင်အရှက်ကွဲနေဦးမယ်၊ ဒီတစ်ခါတော့ ဟိုတစ်ခါဖြစ်တာထက် ပိုဆိုးနေမယ်နော်. . . မင်းက ရုံးခန်းမှာ ရာဇဝင်လက်မှတ်ကြီးနဲ့"

"ဘာပြောတယ်ကွ. . . အဲဒီတုန်းက မင်းလုပ်လို့ဖြစ်တာ. . . မင်း အရှောင်းတွေ အသစ်ဖြစ်အောင် အစမလုပ်နဲ့"

"အေး. . . အေးပါကွာ မလုပ်ပါဘူး သွား. . . သွားပါတော့"

ကိုယ်ကတောင် သူ့မြန်တောင်းပန်နေရသည့်အဖြစ်. . . ဒီကောင် ဒီနားက မြန်မြန်ထွက်သွားပြီးရောဆိုပြီး မနည်းချော့မော့လွှတ်လိုက်ရသည်။ ကြာလျှင် အိမ်သာတက်ဖို့ မေ့သွားပြီး 'သူ့ဒုက္ခတွေအကြောင်း ပြောနေ လျှင် ဒုက္ခအကြီးအကျယ်ရောက်သွားနိုင်သည်။ ကြာလျှင် မလွယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ဒီကောင် မကျေမနပ်နှင့်ထွက်သွား၏။ ခပ်လှမ်းလှမ်း ယောက်ရောက်တော့ သူ့ဘက်ပြန်လှည့်ကာ

"ဟေ့ကောင်. . . ဟိုမှာ 'နွေဦးဝေ'လာနေတယ်. . . တော်ကြာ မင်းစကားမပြောဖြစ်လိုက်မှာ စိုးရိမ်လို့"

ဒီကောင် အရွဲ့စကားပြောပြီး မျက်နှာက စပ်ဖြီးဖြီးနှင့်လှည့်ထွက်သွားတော့သည်။

သူလည်း ပေါကြီး မေးငေါ့ပြရာသို့ လှည့်ကြည့်လိုက်တာ. . . ဟုတ်သည်။ ဒီကောင် ဘယ်အချိန်ကတည်းက တွေ့နေတာလဲမသိ၊ ကျောင်း၏ မိန်းလမ်းမတစ်လျှောက် အဖြူရောင်အရိပ်ကလေး တဖြည်းဖြည်းနှင့်ရွေ့လျားလာပါတော့သည်။ သူ့အေးနားမှာတော့ အဖော်တစ်ယောက်မှ ပါမလာတာကိုတွေ့လိုက်ရတော့ တော်တော်စိတ်ချမ်းသာသွားသည်၊ ကံကြမ္မာကတော့ ကိုယ့်ဘက်မှာ လောလောဆယ်ပါနေပြီ. . .။ ထုံးစံအတိုင်း နွေဦးဝေကတော့ ရိုးရိုးယဉ်ယဉ်လေးပါပဲ. . . ခေါင်းကလေးကိုငုံ့၍ ခြေတစ်လှမ်းကုဋေတစ်သန်းလို့ ဆိုရလောက်အောင် ဣန္ဒြေရရလေးလာနေပါတယ်. . .။ ကြည့်နေရင်းနဲ့ပဲ သူရပ်နေတဲ့ ကွန်ကရစ်လမ်းလေးပေါ် ချိုးဝင်လာပါတော့တယ်။

"နွေ. . ."

သူ့အသံက နည်းနည်းတော့ အဖျားခတ်တုန်ယင်နေမယ်လို့ ထင်တယ်၊ သူ့အသံကြားတော့ ခေါင်းကလေးကိုမော့ပြီး မျက်လုံးလေးလှန်ကြည့်ပါတယ်။

"ရှင်. . . ဩော် မိုးစက်"

ရုတ်တရက်ဆိုတော့ ကြောင်သွားပြီး နောက်မှ သူမှန်းသိသွားပုံရတယ်။

"မိုးစက်. . . အတန်းမရှိဘူးလား. . ."

"ရှိတယ်. . . အဲ. . . ဟိုဟာ. . . နောက်ကျသွားလို့ မတက်ဖြစ်တာ"





"ဩော်. . ."

"နွေရော. . . Class သွားမလို့လား"

"ဟုတ်တယ်. . . Drawing ချိန်လေ"

သူသိပြီးသားအရာတစ်ခုကို မသိချင်ယောင်ဆောင်၍ နားထောင်လိုက်ရပြန်သည်။ နွေက သူ့ကိုပြောပြီး ဆက်သွားမယ်အလုပ်. . .

"ဩော်. . . နွေ ခဏနေပါဦး. . . နွေ့ကို ကျွန်တော်ပြောစရာလေးရှိလို့"

နွေက သူ့ကိုရပ်၍ကြည့်ရင်း. . .

"ပြောလေ. . . ဘာပြောမလို့လဲ"

"ဒီနေရာမှာတော့ ပြောလို့မကောင်းဘူး၊ နွေတကယ်လို့အချိန်ရမယ်ဆိုရင် ကန်တင်းခဏလောက် လိုက်လို့ရမလား"

နွေက လက်ပတ်နာရီကို တစ်ချက်ကြည့်၍

"မိနစ်(၂၀)လောက်တော့ အချိန်ရပါတယ်"

ဒါနဲ့ပဲ သူနဲ့နွေ ကန်တင်းဘက်သို့ ထွက်လာခဲ့တော့သည်။ နွေနဲ့တွဲလျှောက်လာတော့ ရင်ထဲမှာ တော်တော်ကြည်နူးမိသည်။ လေအဝှေ့မှာ တစ်ချက်တစ်ချက်သင်းပျံ့လာသော ကိုယ်သင်းရနံ့လေးကို ရှူရှိုက်မိတော့ တစ်ကိုယ်လုံး ဖိန်းခနဲရှိန်းခနဲဖြစ်လာပြီး ဘယ်လိုကြီးမှန်းမသိခံစားရ၏။

သူနဲ့နွေ တွဲလျှောက်လာတာတွေ့တော့ ဘေးကဖြတ်သွားသည့် ကျောင်းသူ ကျောင်းသားများက ကွက်ကြည့်ကွက်ကြည့်လုပ်သွားကြသည်။ တချို့က မကြားတကြားနောက်သွားကြတော့ နွေ့ကိုတောင် အားနာမိ၍ နွေမျက်နှာလှမ်းကြည့်လိုက်တော့ ရှက်ရဲရဲလေးဖြစ်နေ၏။ ဘာပဲဖြစ်ဖြစ် သူလည်း ရင်ခုန်နေမှာပဲလေ၊ ကိုယ့်ကိုကြိုက်နေတာသိသော ယောကျ်ားတစ်ယောက်နှင့် အတူတွဲလျှောက်လာတာပဲ သူလည်း ရင်ခုန်နေမှာပါ။ နွေသည် သူတို့ကျောင်းမှာတော့ နာမည်ကြီးစာရင်းထဲတွင်ပါ၏။ ဣန္ဒြေရခြင်း၊ အပြောအဆိုချိုသာခြင်းနှင့် သူ့ထံချဉ်းကပ်လာသော ယောကျ်ားလေးများကို



www.burmeseclassic.com

www.burmeseclassic.com



ပညာသားပါပါ အလိမ္မာသုံးကာ ယဉ်ကျေးစွာ ရှောင်တတ်ခြင်းတို့မှာ နွေ၏ ဝိသေသများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

အခုလည်း သူနှင့်တွဲလျှောက်လာသည်ကို တွေ့လိုက်ရသောသူများမှာ အံ့ဩမည့်သူပါသလို၊ အမြင်ကတ်သူ၊ မနာလိုဝန်တိုသူများလည်း ပါမည်မှာ သေချာပါသည်။ ဒါပေမဲ့ အဲဒါတွေကိုတော့ 'မိုးစက်' လုံးဝဂရုမစိုက်ပါ. . . နွေ့ကို ပိုင်ဆိုင်ဖို့သာ အရေးကြီးသည်။ သူ့ဘဝမှာ နွေသာလျှင် အဓိကဖြစ်၏။ သူတို့ ကဲန်တင်းကိုရောက်တော့

"ဘာသောက်မလဲ. . . နွေ"

"အင်း. . . အအေးပဲသောက်တော့မယ်. . . စတားကိုလာပေးပါ"

သူ့ကိုလည်းပြောရင်း စားပွဲထိုးလေးကို လှမ်းမှာလိုက်၏။

"ကိုယ့်ကိုတော့ လက်ဖက်ရည်ပဲလုပ်ကွာ ကျဆိမ့်"

စားပွဲထိုးလေးထွက်သွားတော့ နွေကပဲ သူ့ကိုစပြီး

"မိုးစက် ပြောစရာရှိတယ်ဆို"

"ဩော်. . . အင်း. . . ဟိုဟာပါ"

"ဘယ်ဟာလဲ"

ပြောမယ့်သာပြောရတာ. . . တကယ်တမ်းကျ ဘယ်ကစပြောလို့ ပြောရမှန်းမသိချေ။ ရည်းစားစကား ဒီလောက်ခက်မှန်း မိုးစက် အခုမှပဲ လက်တွေ့သိတော့သည်။ ကိုယ်တကယ်ချစ်လေ ပြောဖို့မရဲလေပဲလို့ ကိုပြူး ပြောခဲ့တုန်းက သိပ်မယုံခဲ့။ အခုမှလက်တွေ့ကြုံတော့သည်။ နွေ့မှာရည်းစား ရှိလားလို့ အရင်မေးရင်ကောင်းမလား ဒါမှမဟုတ် ထိပ်တင်ကြီးဆိုတဲ့ကောင်နဲ့ နွေနဲ့ အခြေအနေဘယ်လိုလဲလို့ မေးရင်ကောင်းမလား. . . တစ်ခါတည်း ချစ်တယ်လို့ ပြောချလိုက်ရင် ကောင်းမလား. . . စဉ်းစားနေရင်းနဲ့ပင် ဦးနှောက်က ချာလပတ်ယမ်းနေသည်။

"ပြောမယ်ဆို. . . ပြောလေ မိုးစက် အချိန်ကသိပ်ရတာမဟုတ်ဘူး"

နွေကတော့ သူ့ကို ရည်းစားစကားပြောဖို့ ခေါ်လာတာ ရိပ်မိပုံမရ





ရိုးသားစွာ သူ့ကိုသတိပေးခြင်းဖြစ်သည်။ ဖြူစင်ပြီး ကြည်လင်အေးမြသော နွေ့မျက်နှာလေးကိုကြည့်ပြီး ပြောမယ်လို့ နေ့နေ့ညည စဉ်းစားထားသည့် စကားလုံးများနှင့် မွေးကတည်းကပါလာသည့်သတ္တိတွေ ဘယ်ရောက်ကုန်လဲ မသိတော့. . . ဒါပေမဲ့ မပြောလို့လည်းမဖြစ်၊ စိတ်ထဲမှာ အတွေးနှစ်ခုဗိုဟ ဖြစ်ပြီး လွန်ဆွဲနေချိန်မှာ. . . ။

"မိုးစက်. . . နွေ့ကိုပြောရခက်နေသလိုပဲ. . . ဘာအကြောင်းမို့လို့ လဲဟင်"

"နွေ့ကို ကျွန်တော်ချစ်တယ်"

"ရှင်"

ထင်မှတ်မထားသောအချိန်တွင် ထင်မှတ်မထားသောစကားကို ကြားလိုက်ရသူတို့၏ထုံးစံအတိုင်း နွေအံ့ဩပြီးမှင်တက်မိကာ သူ့ကိုတွေတွေလေး စိုက်ကြည့်နေသည်။ သူ့ခမျာ ရှက်ရွံ့ဖို့တောင် မစဉ်းစားမိဘူးထင်သည်။ ခဏကြာတော့မှ မျက်နှာတစ်ပြင်လုံးကို နှင်းဆီပန်းခင်းကလေးတင်ထားသလို ပန်းနုရောင်လေးရဲလာ၍ မျက်လွှာကိုအောက်ချကာ ခေါင်းငုံ့သွားတော့သည်။ သူလည်း အခုမှ မထူးတော့ပြီမို့။

"နွေ. . . ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ဗျာ. . . ကျွန်တော် နွေ့ကို ဘယ်အချိန်ကတည်းက စချစ်နေသလဲဆိုတာ မပြောတတ်ပေမယ့် ကျွန်တော့်ရင်ထဲမှာတော့ နွေ့ကို ရာသက်ပန်ရိုးမြေကျချစ်နေတယ်ဆိုတာ တော့ ယုံပါ နွေ. . . ကျွန်တော် နွေ့ကိုထပ်ပြောပါရစေ ကျွန်တော် နွေ့ကို အရမ်းချစ်တယ်ဗျာ. . ."

"အို. . ."

လွယ်အိတ်ကြိုးလေးကို ရစ်လိုက်ချေလိုက် လုပ်နေပြီး ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲကအတိုင်းပဲ နွေ. . . ရှက်ရွံ့စွာခေါင်းငုံ့နေကာ တိုးတိုးဖွဖွလေး ဆိုပါတယ်။ ပြီးတော့ နှစ်ဦးစလုံး ရင်ခုန်သံကိုယ်စီ ရင်ဝယ်ပိုက်ပြီးငြိမ်နေ မိတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးရဲ့အသံတွေအားလုံး ခေတ္တပျောက်ဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး အရာရာ တိတ်ဆိတ်ငြိမ်သက်နေသလို ထင်မိတော့တယ်. . .။

"နွေ. . . ကျွန်တော့်ကိုအဖြေပေးပါဦး နွေ"

သူပြောပြီးမှ. . . သူ့စိတ်တွေ လောကြီးသွားသလားလို့ ထင်မိသည်။ အခုပဲချစ်တယ်ပြော အခုပဲ အဖြေတောင်းတော့ နွေက သူ့ကိုအထင်သေးတယ်လို့ထင်သွားမှာလည်း စိုးရိမ်မိ၏။ ဒါပေမဲ့ မတတ်နိုင်ပါ။ အချစ်နဲ့စစ်မှာ အချိန်စောသေးတယ်ဆိုတာမရှိဘူးလို့ အားလုံးက လက်ခံထားကြတာပဲလေ. . . နွေ နားလည်မှာပါ။ နွေ. . . တဖြည်းဖြည်း ခေါင်းမော့လာပြီး သူ့ကို မရဲတရဲလေးကြည့်၍. . .။

"နွေ. . . စဉ်းစားပါရစေဦး"

ရိုးစင်းလှတဲ့ သမားရိုးကျအဖြေတစ်ခုကို နွေပေးပါတယ်။

"ကျွန်တော်. . . ဘယ်တော့လောက်သိရမလဲ နွေ"

"မလောပါနဲ့ မိုးစက်ရယ်. . . နွေတို့မိန်းကလေးတွေဆိုတာ ဒီအချိန်မှာအရေးကြီးဆုံးပါ. . . နွေ ခေါင်းအေးအေးထားပြီး စဉ်းစားပါရစေ၊ ဒါပေမဲ့ သူများတွေလိုတော့ နွေ သုံးနှစ်သုံးမိုးတွေဘာတွေ ကြီးကြီးကျယ်ကျယ်ကြီး စဉ်းစားနေမှာမဟုတ်ပါဘူး၊ နွေ့အတွက် လုံလောက်တဲ့အချိန်ကာလ အတိုင်းအတာတစ်ခုထိပဲ နွေစဉ်းစားမှာပါ၊ အဲဒီအတွက်တော့ မိုးစက်. . . အချိန်နည်းနည်းတော့ ပေးရလိမ့်မယ်"

ပွင့်လင်းရိုးသားစွာ နွေက ဆိုပါတယ်. . . သူလည်း ဒီထက် ထပ်ပြောနေလည်း မထူးတော့မည်မို့ နွေ့အစီအစဉ်ကိုပဲ ခေါင်းညိတ်လက်ခံမိရတော့တယ်။ လက်မခံလို့လည်း မရဘူးလေ။ ဟင်းရွက်ကန်စွန်း ရောင်းဝယ်နေသလို ရော့. . . အင့် ဆိုပြီး လုပ်လို့ရသည့်ကိစ္စမဟုတ်. . .။ ပြီးတော့ နွေကလည်း တခြားမိန်းကလေးတချို့လို ဟိတ်ကြီးဟန်ကြီးလုပ်ပြီး ထုံးတမ်းစဉ်လာတစ်ခုအရ စဉ်းစားနေမယ်တွေ ဘာတွေလုပ်ပြီး ကြိုးရှည်ရှည်နှင့် လှန်ထားမည့်ပုံမပေါ်။ သူကကယ်လိုအပ်၍စဉ်းစားတယ်ဆိုတာ သူ့အလိုလို သဘောပေါက်လိုက်၏။ ဒါကြောင့်. . .





"ရပါတယ်နွေ. . . ကျွန်တော်က ဘယ်အချိန်ထိပဲဖြစ်ဖြစ် စောင့်ပါ့မယ်. . . ဒါပေမဲ့ နွေတစ်ခုသိထားရမှာက ကျွန်တော် နွေ့ကို တကယ်နှစ်နှစ်ကာကာ. . ."

"တော်ပါပြီ မိုးစက်ရယ်. . . နွေသဘောပေါက်ပါတယ်"

နွေက လက်ကာပြီး ရှက်ပြုံးလေးနှင့်ရယ်မောကာ ဝင်တား၏။ ဟုတ်တော့လည်းဟုတ်သည်၊ သူဆိုတဲ့ကောင်ကလည်း ဒါပဲ ထပ်ခါတလဲလဲပြောနေတော့ နွေကရှက်တော့မှာပါ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် နှစ်ဦးစလုံး တစ်ဦးမျက်နှာတစ်ဦး ရှက်အုံ့နွေးနွေးကြည့်ကာ လွတ်လပ်ပေါ့ပါးစွာ ရယ်မောဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် ရန်နိုင်စိုး. . . မင်းဘာဖြစ်နေတာလဲ တမှိုင်မှိုင်နဲ့"

"ဘာမှမဖြစ်ပါဘူးကွာ"

"မင်း ငါတို့ကိုမလိမ်နဲ့. . . ငယ်ငယ်ကတည်းက ပေါင်းလာတဲ့ကောင်တွေ. . . မင်းဘာဖြစ်နေလဲဆိုတာ ငါတို့သိတယ်၊ မင်း. . . ဆုဆုကို. . . ကို လိုက်နေတာလဲ ငါတို့သိတယ်. . . အခု မင်းကို ဆုဆုကိုက ဘာပြောလွှတ်လိုက်လို့လဲ"

ရန်နိုင်စိုး အဝေးတစ်နေရာကို တွေတွေကြီးစိုက်ကြည့်နေရာမှ. . .

"ငါ့ကို ပြောဖို့နေနေသာသာ. . . ငါ သူ့ဆီ သွားသွားကြည့်နေတာတောင် သိပုံမပေါ်ဘူးကွာ"

ဒီကောင့်ကြည့်ရတာ ဆုဆုကိုက သူ့ကိုသတိမထားမိ၍ စိတ်ညစ်နေတဲ့ပုံ. . .။ ဒီကောင် ကျောင်းတွေစဖွင့်ကတည်းက အချိုးတစ်မျိုးပြောင်းနေတာဟို အားလုံးရိပ်မိသည်။ အရင်တုန်းကဆို သူငယ်ချင်းတွေအားလုံး တက်တက်ကြွကြွ၊ ရွှင်ရွှင်လန်းလန်း နေခဲ့ကြသည့် သူတို့အဖွဲ့နှင့် ဒီလို တစ်ကောင်နှစ်ကောင်လောက်ဖောက်လာလျှင် သိသာသည်။ အခု ရန်နိုင်စိုး တစ်ယောက်တည်း တမှိုင်မှိုင်ဖြစ်နေတာလားဆိုတော့ သူတစ်ယောက်တည်း





မဟုတ်၊ ဝင်းထွဋ်လည်းပါ၏။ ဒါပေမဲ့ ဝင်းထွဋ်က ဣန္ဒြေလေးဘာလေး ဆောင်နိုင်သေးသည်။ ရန်နိုင်စိုးကတော့ ခရမ်းသီးအမှည့် ကားကြိတ်ထားသလို မျက်နှာက ပုံပျက်ပန်းပျက်နှင့် အလိုလိုကမှ ရုပ်က ကပ္ပလီအိုးမည်း သုတ်ထားသလို ဖြစ်နေရသည့်ကြားထဲ အဲဒီလိုဖြစ်နေတော့ တော်တော့်ကို ခံစားလို့မရ။

"သတိမထားမိရင်လည်း သတိထားမိအောင် မင်းက လုပ်လေကွာ၊ လူဆိုးတစ်ယောက်နောက်ကို ပုလိပ်က နောက်ယောင်ခံလိုက်နေသလို ပုန်းလျှိုးကွယ်လျှိုးလိုက်နေမှတော့ မင်းကို ဘယ်လိုလုပ်သတိထားမိမှာလဲ. . . ဒီမှာ ဟောကောင်. . . အပျိုကျောင်းသူတစ်ယောက်ကို လူပျိုတစ်ယောက်က စကားလိုက်ပြောတာ ဘာမှပြဿနာမရှိဘူး. . . ကြောက်စရာလည်းမလိုဘူး၊ ဟောကောင် ချသာချ. . ."

"အေး. . . ချပါတယ်ကွ"

"ဟာ. . . ဒီကောင်က တစ်မျိုး. . . မင်းပြောတာမဟုတ်ဘူး ဒီကောင့်ကိုပြောတာ"

အရေးထဲ ဝင်းထွဋ်ကတစ်မျောင့်၊ သောက်ခါနီး အရက်ခွက်ကို ကိုင်မြှောက်ပြရင်း သူ့ကိုလှမ်းပြောသည်။ သူကတော့ သောက်လက်စခွက်ကို တစ်ရှိန်ထိုးမော့သောက်၍ ဝင်းထွဋ်ဘက်သို့လှည့်ကာ

"ဝင်းထွဋ် မင်းများမယ်နော်. . . နည်းနည်းလျှော့သောက်"

"ဟေ. . . အေ့. . . အေး. . . ငါလျှော့သောက်ပါတယ်ကွ၊ ပုဆိုး. . . ပုဆိုး. . . ဟား. . . ဟား. . . ဟတ်"

ဒီကောင် ရေချိန်တော်တော်မှန်နေပြီ၊ အနောက်ဘက်သို့ လက်တစ်ဖက်လှမ်းထောက်ပြီး ခါးကိုကော့ကာ ပုဆိုးဖြေပြ၍ သူ့ကိုလှမ်းပြော၏။ ဒီငမူး အသည်းကွဲနှစ်ကောင်နဲ့တော့ သူတော်တော်ခွကျနေပြီ။ သူလည်း နည်းနည်းတော့ မှန်နေပြီ။ ဒါပေမဲ့ ဒီကောင်တွေလောက်တော့ မများသေး၊ အရက်တစ်လုံးကို သူတို့သုံးယောက်သောက်နေတာ လက်သုံးလုံးစာလောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲကျန်တော့သည်။ ကျန်တဲ့ကောင်တွေက ကျောင်းရှေ့သွားပြီး လက်ဖက်ရည်ဆိုင်မှ ဝက်ခေါင်းသုပ်နှင့် လက်ဖက်သုပ်အမြည်း သွားဝယ်နေလိုက်တာ အခုထိရောက်မလာသေး။ အခု အဆောင်မှာ သူတို့သုံးယောက်ပဲကျန်ရစ်ကာ မလာသေးခင် အစပျိုးမယ်ဆိုပြီး ဖောက်လိုက်တာ ပျိုးရင်းပျိုးရင်းနဲ့ပဲ တော်တော်မှန်နေပြီ၊ ပြဿနာတော့မရှိ ဒီကောင်တွေလာလျှင် နောက်တစ်လုံး အသစ်ကျန်သေးသည်။ ရန်နိုင်စိုးက ခွက်ထဲသို့ အရက်ကိုငှဲ့ထည့်ကာ ရေရောသည်။ ခွက်ကို လက်က မပြီးမသောက်ခင် နှာခေါင်းနှင့်တေ့၍ နမ်းလိုက်သေးသည်။ ပြီးမှ ပါးစပ်ဖျားလေးနှင့် အရက်ကို သူစပ်ထားတဲ့ အနေအထားကောင်းမကောင်း မြည်းကြည့်ပြီး ပြန်ချ၏။ ပြီးမှ ဆေးပေါ့လိပ်သောက်လက်စကို ကောက်ကိုင်၍

"မိုးစက်. . . ငါ့ကို မင်းတစ်ခုတော့လုပ်ပေးကွာ"

ဝင်းထွဋ်က 'ငါအိမ်သာသွားဦးမယ်'ပြောပြီး ထသွား၏။

". . . . . . . . ."

ဘာလဲဆိုပြီး ရန်နိုင်စိုးကို မေးငေါ့ပြလိုက်၏။

"မင်း. . . ဆုဆုကိုဆီ ဖုန်းဆက်ပေးကွာ"

"ဟာ. . . ငါနဲ့မှမသိတာ"

"အေးလေ. . . မသိလို့ဆက်ခိုင်းတာပေါ့"

အာလေးသံကြီးနှင့် ပြော၏။

"မသိဘဲ ဘယ်လိုသွားဆက်မလဲကွ. . . နေစမ်းပါ ရန်နိုင်စိုးရာ၊ မင်းမူးနေပြီထင်တယ်"

"အာ. . . မင်းကြီးတော်ကြီး မူးပါလား. . . ငါပြောတာ ဒီလိုကွ. . . အော့"

မမူးပါဘူးလို့သာပြောတာ လူကတော့ မြက်ပင်လေတိုက်ခံရသလို ငုတ်တုတ်ထိုင်နေရင်း ရှေ့နောက် ယိမ်းထိုးနေ၏။ ဒါပေမဲ့ သတိတော့ လွတ်ပုံမပေါ်သေး။





"အေး. . . ပြောရင်လည်း ရှင်းရှင်းလင်းလင်းပြောကွာ. . . အရက်မူးရတဲ့ကြားထဲ မင်းကပါ မူးအောင် ငါ့ကိုလာလုပ်မနေနဲ့. . . ကဲ ပြော. . . ငါက ဘယ်လိုလုပ်ရမှာလဲ"

"ဒီလိုကွာ. . . အဟမ်း. . . အဟွတ်. . . အဟွတ်. . . အော့"

ခန္ဓာကိုယ်ကို ပြန်ထိုင်ရင်း လည်ချောင်းရှင်းလိုက်တော့ ချောင်းပါထဆိုးလို့ ရေတစ်ခွက် ကမန်းကတန်းသောက်၍ ခဏငြိမ်ရပ်နေပြီးမှ သူ့ကို အရက်ဆိမ်ဝေသည့် မျက်လုံးများနှင့်ကြည့်ကာ

"မင်းက ဆုဆုကိုဆီကို. . . ငါ့နာမည်သုံးပြီး ဖုန်းဆက်. . . အဲဒါ ပြောတာ"

"ဘာ. . . ဘာ. . . ဘယ်လို"

"ဟာ. . . မိုးစက်. . . အော့. . . မင်း ဗုံးပေါက်လိုက်တာကွာ"

ခိဟ. . . ငမူးက တစ်မူးသာသွားပြန်သည်။ အခုအချိန်ထိ ရန်နိုင်စိုး ပြောတာ သူပြတ်ပြတ်သားသား နားမလည်သေး။ သူပဲ မူးနေလို့လားလို့ စဉ်းစားကြည့်လိုက်တော့ သူထင်သလောက်တော့ မမူးသေး. . . အခုမှ နည်းနည်းမှန်ရုံပဲရှိသေးသည်။ ဝင်းထွဋ် အိမ်သာမှပြန်ရောက်လာ၍ ဝင်ထိုင်သည်။

"ဒီလိုကွ. . . မင်းက ဆုဆုကိုဆီဖုန်းဆက်. . . ပြီးတော့ စကားပြော မင်းကိုနာမည်မေးရင် မင်းက ငါ့နာမည်ကိုသုံးပြီးပြော. . . ဒီလိုကွ ငါ့နေရာမှာ လူစားလဲပြီး မင်းကပြောသလိုမျိုး သဘောပေါက်လား"

အခုကျမှ သူသဘောပေါက်သွားသည်။ ဝင်းထွဋ်ကတော့ အခုမှ အိမ်သာက လာတာဆိုတော့ အူကြောင်ကြောင်နိုင်နေသေး၏။

"မင်းဟာမင်း. . . ပြောတော့ ဘာဖြစ်လို့လဲ. . . ငါ့ကို ဘာလို့ပြောခိုင်းတာလဲ"

"ငါ ကောင်မလေးတွေနဲ့ ဖုန်းမပြောတတ်လို့ကွ. . . ငါ့ကိုယ်ငါသိတယ်. . . အပြင်မှာ သူ့နောက်က ငါအကြိမ်ကြိမ် စကားလိုက်ပြောဖို့ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်. . . ဒါပေမဲ့ စကားပြောဖို့နေနေသာသာ သူ ငါလိုက်နေတာ သိသွားမှာတောင် ငါလန့်နေတာ. . . ဖုန်းနဲ့ပြောဆို ပိုဆိုးကုန်မယ်. . . အဲဒါကြောင့် မင်းကိုအကူအညီတောင်းရတာ"

"တော်ကြာ. . . ငါမှန်းသိသွားရင် ဘယ်လိုလုပ်မလဲ"

"မသိနိုင်ပါဘူးကွာ. . . ရုပ်မြင်ရတာမှမဟုတ်တာ. . . ပြီးတော့ မင်းနဲ့ဆုဆုကိုနဲ့လည်း သိတာမဟုတ်ဘူး၊ မင်းအသံလည်း သူမသိဘူး၊ ငါ့အသံလည်း သူမသိဘူး. . . မင်းကသာ ငါ့နာမည်နဲ့ပြော၊ သူ ရန်နိုင်စိုးလို့ ထင်မှာပဲ စိတ်ချ"

"ကဲ. . . ထားပါတော့. . . ငါက ပြောပေးလို့ မင်းတို့အဆင်ပြေသွားပြီပဲထား. . . မင်းတို့ကြိုက်သွားရင် ဘယ်လိုလုပ်မလဲ၊ ဒါမျိုးက ကြာကြာညာလို့ရတဲ့ကိစ္စလည်းမဟုတ်ဘူး၊ ကြာရင် သူသိမှာပဲ"

"ဟာ. . . အဲဒါ ငါ့တာဝန်ထား. . . သူနဲ့ငါကြိုက်ပြီးသွားရင်. . . ငါ အဲဒါတွေ အားလုံးဖွင့်ပြောလိုက်မှာပေါ့ကွ. . . ဘာခက်လို့လဲ၊ ရည်းစားတွေဖြစ်ပြီးသွားမှတော့ သူ့ကို ငါချစ်လို့လုပ်တာပဲလေဆိုပြီး ခွင့်လွှတ်မှာပါ. . . မိန်းမတွေက သူတို့ကိုချစ်လို့လုပ်တယ်ဆိုရင် ခွင့်လွှတ်တတ်ကြတယ်ကွ"

"မင်း. . . အဲဒီလောက်. . . မိန်းမတွေအကြောင်း သိနေလဲ မင်းဟာမင်း လုပ်ပေါ့ကွာ၊ ငါ့ကို ဘာလို့လာခိုင်းနေသေးလဲ"

"အာ. . . မဟုတ်ပါဘူးကွာ. . . ကိုပြူးပြောပြလို့သိတာပါ။ ဟဲ. . ဟဲ လုပ်ပါကွာ သူငယ်ချင်းရာ. . . ငါ့ကိုကူညီနိုင်တာ မင်းတစ်ယောက်တည်းရှိတာ. . . ဒီနည်းအကောင်းဆုံးပဲကွ. . . တခြားနည်းတွေ ငါစဉ်းစားပြီးပြီ၊ ဘယ်လိုမှမဖြစ်နိုင်ဘူး. . . သူ့ကိုချဉ်းကပ်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်လို့ပါ"

"အင်း. . . ဟုတ်တယ် မိုးစက်. . . ရန်နိုင်စိုးပြောတာ မှန်တယ်. . . အဲဒီနည်းကောင်းတယ်. . . မင်းအတွက် ဘာမှ အပန်းကြီးတာလဲမဟုတ်ပါဘူးကွာ. . . စကားလေးပြောရုံပဲကို. . . လုပ်ပေးလိုက်ပါ"

ဝင်းထွဋ်က ဇာတ်ရည်လည်သွားပုံရသည်. . . သူ့ကို ရန်နိုင်စိုးဘက်





ကနေ ဝင်ရောက်တိုက်ကွန်း၏။ မလုပ်ဘူးကွာလို့ပြောလည်း လေကုန်ရုံပဲရှိမည်. . . ရမှာမဟုတ်။ သူငယ်ချင်းအရင်းကြီးတွေဆိုတော့လည်း ဟန်ဆောင်ပြီး ငြင်းမနေတော့. . . ဒါမျိုးကတော့ သူလည်း ထုံးစံအတိုင်း မွေးကတည်းက ဝါသနာပါလာတာဆိုတော့. . .

"ဟုတ်ပါပြီ. . . ငါလုပ်ပေးပါ့မယ်. . . ဒါပေမဲ့ ဖုန်းက မိန်းကလေးအဆောင်ဘေးနားက ဆိုင်မှာ သွားသွားဆက်ရမှာကွ အဝေးကြီး"

"မဟုတ်ဘူးလေ သူငယ်ချင်းရာ. . . စနေ. . . တနင်္ဂနွေ အိမ်ပြန်ရက်တွေဆက်. . . ပြီးတော့ ကျောင်းဖွင့်ရက်တွေမှာ တစ်ရက်နှစ်ရက်လောက်ပဲ ဆက်ပေါ့ကွာ. . . တစ်ပတ်(၄)ရက်လောက် ဖုန်းပြောရင်ရပါပြီ"

"နေပါဦး. . . မင်းက အပိုင်တွက်နေရအောင်. . . ဆုဆုကိုက ဖုန်းမပြောဘူးဆို ဘယ်လိုလုပ်မလဲ"

"ငါ မင်းအရည်အချင်းကိုယုံပါတယ်ကွာ. . . သူပြောကိုပြန်ပြောမှာ"

"ဟာ. . . အဲဒီလို. . . အပိုင်ပြောလို့မရဘူးကွ. . . မိန်းမဆိုတာ ပြောရခက်တယ်. . . ကဲပါကွာ. . . မရတော့လည်း နောက်တစ်နည်းပေါ့"

"OK ဒီလိုမှပေါ့ကွ. . . ကဲ. . . ကဲ. . . ချီးယားစ်. . . အောင်မြင်မှုအထိမ်းအမှတ်"

သူတို့ ချီးယားစ်လုပ်သောက်နေစဉ်မှာပဲ. . . အမြည်းသွားဝယ်တဲ့ ကိုယ်တော်ချောတွေ ရောက်လာပါတော့တယ်။

"ဟာ. . . မင်းတို့က ကြာလိုက်တာကွာ. . . ဒီမှာ စောင့်ရင်းစောင့်ရင်းနဲ့ တစ်လုံးတောင် ကုန်တော့မယ်"

"ပြော. . . ပြော. . . မင်းတို့ပဲပြောတော့. . . ဒီမှာ သေတော့မယ်. . . ကျောင်းထိပ်မှာ ဝက်ခေါင်းသုပ်ရော လက်ဖက်သုပ်ရော ကုန်နေလို့တဲ့. . . ကျန်တဲ့အကြော်အလှော်တွေလည်း ဒီနေ့လူကျလို့ ကုန်ပြီဆိုလို့ ငါတို့အားလုံး ထားမလုံရွာအထိ လမ်းလျှောက်သွားဝယ်ရတာ. . . ဒီမှာ သေတော့မယ်"

နေထွေးဦးက ခုတင်ပေါ် ခြေပစ်လက်ပစ်လှဲရင်း ပြော၏။ ကျန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေလည်း ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ်ထိုင်ချသူထိုင်၊ ပြတင်းပေါက် ဘောင်ပေါ်မှာမှီရင်း မတ်တတ်ရပ်၍ ပဲလင်းမြွေသီး ရေနွေးထဲထည့်ပြုတ်ထားသလို ပျော့ခွေခွေနှင့် အမောဆို့နေသူဆို့နှင့် ကြည့်ရတာ တော်တော်ပင်ပန်းလာကြပုံ. . . ဒီကောင်တွေ အမြည်းအတွက်မို့လို့သာ ဒီလောက်ခရီးကို လမ်းလျှောက်သွားကြတာဖြစ်သည်။ ဒီအတိုင်းသွားလို့ကတော့ တစ်ကောင်မှ ယူထူဖယောင်ထောင်သွားမယ့်ကောင်ရှိမှာမဟုတ်. . . ထားမလုံရွာဆိုတာ သူတို့ကျောင်းနှင့် (၁)မိုင်ခွဲ၊ (၂)မိုင်လောက်တော့ ဝေးသည်။

သူတို့ကျောင်းသားများအတွက်တော့ ထားမလုံသည် အိုအေစစ်လေးပင်ဖြစ်ပါသည်။ ခဏကြာတော့ ဒီကောင်တွေ ပုံမှန်အတိုင်းဖြစ်လာပြီး အမြည်းထည့်သူထည့်၊ ရေခပ်သူခပ်၊ ပုလင်းဖောက်သူဖောက်နှင့် ဝိုင်းလေးပြန်လည်စိုပြည်လာတော့သည်။ ရန်နိုင်စိုး၊ ဝင်းထွဋ်နှင့် သူလည်း သောက်ပြီးသားလေးတွေ နည်းနည်းအရှိန်ပျက်စပြုလာ၍ ထပ်တင်လိုက်ကြတာ. . တော်တော်မူးသွားကြ၏။ အဲဒီညက မိန်းကလေးအဆောင်ရှေ့ ဂစ်တာတီးလိုက်ကြတာ ည(၁)နာရီကျမှ ကိုယ့်အဆောင်ကို ပြန်ရောက်တော့သည်။

အဲဒီညက အိပ်မက်ထဲမှာတော့ ဖုန်းတွေရော၊ ဆုဆုကိုရော. . . နွေရော၊ ရောထွေးနေတာမှ သဲသဲကွဲကွဲမမြင်ရဘဲ အားလုံး အာရုံထဲမှာ ရှုပ်ထွေးနေတော့၏။

မိန်းကလေးတစ်ယောက်ကို ချစ်လို့လိုက်တယ်ဆိုတာ ကိုယ်က ရည်းစားစကားပြောပြီးရုံနှင့် ပြီးသည့်ကိစ္စမဟုတ်ယောကျ်ားလေးဘက်ကလည်း အဲဒီ မိန်းကလေးက အဖြေမပေးမချင်း ငြိမ်နေလို့မရသလို တစ်နေ့မှာ သူ့ဆီက အချိန်တန်ရင် အဖြေတစ်ခုခုရတော့မှာပဲလေဆိုပြီး ကိုယ့်ဟာကိုယ် ဒီအတိုင်းပဲနေနေလို့မရပေ. . . ကိုယ်ချစ်နေသည့်မိန်းကလေးအတွက် အချိန်ပေးထားရမည်။ သူတို့အကြိုက်ကလေးတွေကို မသိမသာလေး မှတ်ထားရမည်။ လိုအပ်သည့်အခက်အခဲလေးတွေကို အလိုက်တသိ သူ့ရှေ့မှာ ဖြေရှင်းပေးရမည်။ ဒါမှ ကိုယ့်ကိုဂရုစိုက်ပါလား. . . သူ ငါ့ကိုတကယ်ချစ်ပါလားနှင့် သူဟာ ငါ့အတွက် တကယ်အားကိုးအားထားရမယ့်သူပဲဟု တွေးကာ ကိုယ့်အပေါ် အရင်ကထက်ပိုပြီး ယိမ်းညွတ်လာမှာဖြစ်၏။

ရန်နိုင်စိုးတောင်မှ သူပြောပြထား၍ အခုတလော ဆုဆုကိုအခန်းကို နေ့တိုင်းသွားသည်။ ဆုဆုကိုတစ်ယောက်တည်း လမ်းလျှောက်လာလျှင် အနောက်မှ သိသိသာသာလိုက်၍ ဟန်ရေးပြတတ်လာပြီ။ အခုဆို ဒီကောင့်ကို ဆုဆုကိုက သတိထားမိလာပြီလို့ပြောသည်။ ဒါပေမဲ့ စကားတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှမပြောဖူးသေးဘူးဟုပြော၏။ ဒါကလည်း ပြဿနာမရှိ သူက ဖုန်းဆက်ဖို့ တာဝန်ယူထားတာပဲဖြစ်၏။ ဒါပေမဲ့ သူနှင့်ဆုဆုကိုအခြေအနေကိုတော့ သူ့အား ရန်နိုင်စိုးက နေ့တိုင်းတင်ပြရသည်။ ဒါမှ သူဖုန်းဆက်တဲ့အခါ လိုသလို ကြည့်ကျက် ချိန်းလို့ရမှာဖြစ်သည်။ အခုတစ်လော ထပ်ပြီး ထူးခြားလာတာက ဝင်းထွဋ်. . .၊ ဒီကောင် အူကြောင်ကြောင်နှင့် အိကိုဟိုနေ့က ရည်းစားစကားသွားပြောသည်။ အိက. . . "ဒါသဖြစ်လိုက်တာ ပြောမနေနဲ့တော့"လို့ သူတို့ကို ပြော၏။ သူငယ်ချင်းအချင်းချင်း အခွင့်အရေးယူတာတွေဘာတွေ လျှောက်ပြောပြီး ဝင်းထွဋ်ကို စကားမပြောဘဲ နေနေလို့ သူတို့ တော်တော်ကြားဝင်ဖြေရှင်းပေးလိုက်ရသည်။

ဝင်းထွဋ်ဆိုတဲ့ကောင်ကလည်း လူပုံက မအူမလည်နှင့် အိကိုရည်းစားစကားသွားပြောပုံကိုလည်းကြည့်ဦးလေ. . . မနက်အစောကြီးထပြီး ထားမလုံဈေးထဲသို့သွားကာ နှင်းဆီပန်းကို တစ်ပွင့်ငါးဆယ်နဲ့ ဆယ်ပွင့်ဝယ်တယ်. . . အဆောင်ရောက်တော့ အဆောင်နောက်ဘက်က ငှက်ပျောရွက်တိုခူး. . . ပြီးတော့ ကတော့ပုံလေးလုပ်ကာ နှင်းဆီပန်းတွေကိုထည့်ပြီး စာလေးညှပ်ကာ သွားပေး၏။ သွားပေးပုံကလည်း. . . အိတို့ မိန်းကလေးအဆောင်ရှေ့မှာ သွားစောင့်ပြီး လူတွေရှေ့သွားပေးတော့ ဟိုက ပါးရိုက်မလွှတ်လိုက်တာကံကောင်း၏။ သူငယ်ချင်းတွေမို့လို့သာ အိက လက်ခံလိုက်တာ၊ ဝင်းထွဋ်ဆိုတဲ့ကောင်ကို အရင်ကတည်းက သိပ်ကြည့်လို့ရပုံမပေါ်။ ဒီကောင်ကလည်း သူကြည့်ထားတဲ့ကားထဲမှာ မင်းသားက မင်းသမီးကို နှင်းဆီပန်းလေးနဲ့သွားပြီး ချစ်ရေးဆိုတာကိုကြိုက်ပြီး အိကို အဲဒီလိုရည်းစားစကားသွားပြောတာတဲ့. . . တော်တော်စိတ်ကူးယဉ်ပြီး အူကြောင်ကြောင်နိုင်တဲ့ကောင်. . . ဒါပေမဲ့ သူငယ်ချင်းတွေဝိုင်းပြီး ပြောကြတော့လည်း အိက အောင့်သက်သက်နဲ့. . .

"နင်တို့ပဲ စဉ်းစားကြည့်ဟယ်. . . ငါ မနက်မိုးလင်းတော့ ကျောင်းသွားဖို့လုပ်တာ. . . အဆောင်ကလည်းထွက်လိုက်ရော တံခါးဝမှာ ပန်းစည်း





ကြီးကိုင်ပြီး ဝင်းထွဋ်ကိုတွေ့တော့တာပဲ. . . ငါလည်း ပထမ ဒီလိုဘယ်ထင်ပါ့မလဲ. . . ဒီကောင် ဘာလာလုပ်တာလဲမသိဘူးဆိုပြီး သွားမေးတော့မှ. . . ငါ့ကို ပန်းစည်းကြီးထိုးပေးပြီး နင့်အတွက်တဲ့၊ ပထမ ငါလည်းကြောင်သွားတာပေါ့. . . နောက်တော့ ဘာလုပ်ဖို့လဲဟလို့မေးလိုက်တော့. . . ဘာတဲ့ သူပြောတာ. . . ဩော်. . . ငါ့ရင်ထဲက လမင်းလေးအတွက်ဆိုလားဘာလားပေါ့ကြောင်ကြောင်နဲ့. . . အဲဒီမှာ လူတွေကလည်း ဝိုင်းကြည့်နေပြီ၊ ကားပေါ်ကဆင်းလာတဲ့ကျောင်းသားတွေရော. . . ကျောင်းသူတွေရော ငါတို့ကို ပြုံးစိစိနဲ့ကြည့်နေကြတာ. . . ငါလည်း ရှက်ရှက်နဲ့ နင်ဘာလာကြောင်တာလဲလို့ပြောလိုက်တယ်. . . ဒါလည်း ဒီကောင်မရပ်ဘူး၊ ရုပ်က သေတော့မယ့်အတိုင်းပဲ. . . ယူပါ အိရယ်တဲ့ ငါနင့်ကို အရမ်းချစ်လို့ပေးတာပါဆိုပြီး ငါ့လက်ထဲ အတင်းထိုးထည့်တယ်. . . ငါလည်း ဒေါသထွက်၊ ရှက်ကလည်း ရှက်နဲ့ သူ့ပန်းစည်းကြီးကိုယူလိုက်ပြီးတော့ ကိုင်ပေါက်ပြီးထွက်လာခဲ့တယ်"

ဝင်းထွဋ်က အဲဒီလိုကောင်၊ သူ့ထက်ပိုဆိုးတာက နေထွေးဦး၊ အခုလည်း ဒီကောင် ကျောင်းသို့လိုက်မလာဘဲ အဆောင်မှာ ပေပြီးကျန်ခဲ့လေရဲ့. . . သူ့အဖြစ်က တော်တော်ရယ်ဖို့ကောင်းသည်။ နေထွေးဦးမှာ ကောင်မလေးတစ်ယောက်ရှိသည်။ ကောင်မလေးက အရုပ်ပုပေမယ့် ချစ်စရာကောင်းပါသည်။

နေထွေးဦးလည်း သူ့ကောင်မလေး သူအရမ်းချစ်၏။ ချစ်တော့လည်း အရာရာ အလိုလိုက်ထားသည်။ အဲဒီမှာ ပြဿနာက စတော့သည်။ လွန်ခဲ့တဲ့ တနင်္ဂနွေနေ့ကဖြစ်သည်။ ပြဿနာက ဒီလို. . .

လူတိုင်း ဝက်သားတုတ်ထိုးကို ကြိုက်မကြိုက်တော့မသိပါ။ မိန်းကလေး တော်တော်များများက ဝက်သားတုတ်ထိုးကို ကြိုက်နှစ်သက်ကြသည်။ အဲဒီမိန်းကလေးများထဲတွင် နေထွေးဦးကောင်မလေး ကေကေလည်း ပါဝင်သည်။

နေထွေးဦးလည်း ဝက်သားတုတ်ထိုး အလွန်ကြိုက်၏။ သူပြောပုံ



www.burmeseclassic.com

www.burmeseclassic.com



အရဲ. . .'တနင်္ဂနွေနေ့က သူ့ကောင်မလေးကေကေ အဒေါ်အိမ်ရှိရာမှအပြန် ကေကေက ဝက်သားတုတ်ထိုးသည်တွေ့တော့ ငနေနိုင် သူ့ကိုပူဆာသည်။ သူကလည်း ပထမတော့ငြင်းသေးသည်။ သူကလည်း မကြိုက်၍မဟုတ် သူ့အကြောင်းနှင့်သူ။ သို့သော် ကေကေကမရ။ ဝက်သားတုတ်ထိုးမစားရလျှင် သူ့ကို လူလယ်ကောင်မှာ အကြီးအကျယ်ပြဿနာရှာမည့်ပုံ။ ထို့ကြောင့် နောက်ဆုံး ကေကေကိုချစ်သည်ကတစ်ကြောင်း၊ ကေကေနှင့်ပြဿနာမတက်ချင်၍တစ်ကြောင်း ခွင့်ပြုလိုက်ရသည်။ သို့သော် သူလုံးဝမစားဘူးဟု ဆုံးဖြတ်ထား၍ ဝက်သားတုတ်ထိုးဆိုင်သို့ နှစ်ယောက်သား လာခဲ့ကြတော့သည်။ ကေကေမျက်နှာမှာတော့ ပြုံးလို့ရွှင်လို့။

သူတို့ ဆိုင်ရှေ့ရောက်တော့. . .

"ဟာ လာ ညီလေးတို့ထိုင်. . . ဘာစားမလဲ အစုံရှိတယ် ညီမလေး ထိုင်လေ"

ဝက်သားတုတ်ထိုးသည် အစ်ကိုကြီးက ထိုင်ခုံများခင်းပေးလေသည်။ သူတို့ဝင်ထိုင်၍ ကေကေက စားချင်သည်များကို ဟိုဟာလှီးခိုင်း ဒါလှီးခိုင်းနှင့် တစ်ခုပြီးတစ်ခု ပါးစပ်ကအနားမပေးဘဲ စားနေရာ သူ့ကိုပင်ဂရုမစိုက်အား။ သူကလည်း ကေကေစားနေသည်များကို ဘေးကထိုင်ကြည့်ရင်း စားချင်စိတ်များ တဖွားဖွားဖြစ်လာလေသည်။ ထို့ကြောင့် စိတ်ကိုချုပ်တည်းထားရာမှ ကေကေကလည်း တုတ်ထိုးတစ်ချောင်းစားလိုက်၊ ကြက်သွန်ဖြူလေးကိုက်လိုက်၊ ငရုတ်သီးစိမ်းလေးပါးလိုက်နှင့် သူ့ဟာနှင့်သူအလုပ်ရှုပ်နေသည်ကိုကြည့်၍ နောက်ဆုံး သူမရတော့၊ ဖြစ်ပေါ်လာသည့်စားချင်စိတ်ကို ဘယ်လိုမှဖုံးဖိမရတော့သည့်နောက်ဆုံး၊ နည်းနည်းလောက်တော့ ဘာမှမဖြစ်ပါဘူးလေဟုတွေးကာ ပထမဆုံးတစ်ချောင်းကို စစားတော့သည်။ လျှာပေါ်ရောက်သွားသော ဝက်သားတုတ်ထိုးသည် လည်ချောင်းမှတစ်ဆင့် အစာအိမ်သို့ တစ်ဆင့်စီရောက်သွားပုံကို အရသာခံကာ ငရုတ်သီးစိမ်းတစ်ကိုက်ကိုက်လိုက်သည်။ အချဉ်ရည်နှင့် ငရုတ်သီးစိမ်း ပေါင်းစပ်သွားပြီးဖြစ်ပေါ်





လာသောအရသာသည် သူ့ကို နောက်တစ်ချောင်းထပ်စားရန် မြူဆွယ်နေပြန်သည်။

ဦးနှောက်၏လှုံ့ဆော်မှုနှင့်အတူ စိတ်၏စေခိုင်းမှုကြောင့် ဝက်သားတုတ်ထိုးနောက်တစ်ချောင်းပေါ်သို့ သူ၏လက်က အလိုလိုရောက်ရှိသွားသည်။ ဒုတိယတစ်ချောင်း၊ တတိယတစ်ချောင်း၊ စတုတ္ထတစ်ချောင်း၊ မရတော့ ဆက်တိုက် တစ်ချောင်းပြီးတစ်ချောင်းစားခဲ့ရာ ဘယ်နှချောင်းမှန်းမသိတော့၊ စားကောင်းကောင်းနှင့် စားခဲ့ရာမှ ခန္ဓာကိုယ်တွင် ယိုစိမ့်မှုတစ်ခုခုကိုခံစားလိုက်ရမှ သူ့ကိုယ်သူ ပြန်သတိထားမိလေသည်။

ဒုက္ခတော့ရောက်ပြီ၊ စားလက်စ ဝက်သားတုတ်ထိုးသည် ပါးစပ်နားမှာပင် ရပ်တန့်သွား၏။ သူသေချာအောင် ဆန်းစစ်ကြည့်လိုက်သည်။ ဘုရားဘုရား. . . ကေကေက သူ့ကိုကြည့်၍

"စားလေ ကို. . . ဘာဖြစ်လို့လဲ ကောင်းပါတယ်"

ကေကေကို သူပြန်မပြောနိုင်အား၊ တင်ပါးပေါ်မှ စီးကျလာသော စိုထိုင်းထိုင်း ကပ်စေးစေး စီးကြောင်းတစ်ခုကို သတိပြုမိလိုက်၏။ သွားပြီ၊ မနက်ကတည်းက ဝမ်းသွားနေတာ (၅)ခါရှိပြီ၊ သူ ဝမ်းသွားနေခြင်းဖြစ်သည်။ ယခု ဝက်သားတုတ်ထိုး၊ အချဉ်ရည်နှင့် ငရုတ်သီးစိမ်းများက သူ့ကို ဒုက္ခလှလှကြီးပေးနေပြီ၊ ဗိုက်တစ်ခုလုံး တရစ်ရစ်နှင့် ဇောချွေးများပင် ပြန်လာကာ ခန္ဓာကိုယ်အတွင်းမှ ပြင်းထန်သောတွန်းအားတစ်ခုကို သတိပြုမိလိုက်ချိန်မှာ ဆုံးဖြတ်ချက်တစ်ခုကို သူချလိုက်ရသည်။

ဝုန်းခနဲထရပ်သံနှင့်အတူ ကေကေရော၊ ဝက်သားတုတ်ထိုးသည်နှင့် အခြားစားသောက်နေသူများပါ သူ့ကို နားမလည်နိုင်သည့်အကြည့်များနှင့် ကြောင်ကြည့်နေသည် ထင်သည်။ ထိုတဒင်္ဂအတွင်းမှာ ကားဆီသို့ လေ၏လျှင်မြန်ခြင်းနှင့် ပြေးသွားမိ၏။

"ဟာ. . . ညီလေး ဘာဖြစ်လို့လဲ"

"ကို နေဦးလေ. . . ကေလည်းလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ဟဲ့ သူငယ်. . . အို. . . ကားတိုက်တော့မှာပဲ"

ဘယ်သူ့ကိုမှဂရုမစိုက်အား. . . ကားတံခါးအမြန်ဖွင့်၍ စက်နှိုးကာ မသိန်းတင်လမ်းရှိ သူ့သူငယ်ချင်းအိမ်သို့ အမြန်မောင်းထွက်ခဲ့ရသည်။

ကားထွက်ခါနီး ကေကေကို သူလှမ်းကြည့်လိုက်သေးသည်။ ပလက်ဖောင်းပေါ်တွင် မတ်တုတ်ရပ်၍ ဝက်သားတုတ်ထိုးတစ်ချောင်း လက်မှကိုင်ကာ မီးဝင်းဝင်းတောက်နေသော မျက်လုံးများနှင့် အောက်နှုတ်ခမ်းတစ်ဖက်ကို ပြုတ်လုမတတ်ကိုက်ကာကြည့်နေသော ချစ်သူလေးကို နောက်ဆုံးတွေ့လိုက်ရပါတော့သည်။

အဲဒီနောက်တော့ ဘယ်လိုရှင်းပြရှင်းပြ ကေကေက လက်မခံတော့ဟုဆို၏။ လူတစ်ယောက်လုံးကိုထားခဲ့ပြီး ထထွက်သွားသော သူ့ကိုဘယ်လိုမှ ဆက်သွယ်မရတော့ကြောင်း မနေ့က သူတို့ကို ဆွေးဆွေးမြည့်မြည့်ကြီး ရှင်းပြပါတော့သည်။ အခုလည်း ဒီကောင် အဆောင်မှာ ခွေလိပ်ပြီးတော့ အသည်းကွဲကျန်ခဲ့လေရဲ့. . . မတတ်နိုင်ဘူးလေ. . . ဖြစ်တာတောင် နည်းသေးတယ်. . . ဖင်မနိုင်ဘဲ တုတ်ထိုးစားတာကိုး။

သူကတော့ အခု နွေကျောင်းသို့အလာကို (Drawing)ပုံဆွဲဆောင် ပေါ်မှ လှမ်းကြည့်နေခြင်းဖြစ်၏။ သူတို့ကျောင်းမှာတော့ ကျောင်းဝင်းတစ်ခုလုံးနီးပါးကို (Drawing)ဆောင် အပေါ်ထပ်မှလှမ်းမြင်ရ၏။ ဒါကြောင့် သူ နွေကားဝင်အလာကို (Dawing)ဆောင်ပေါ်မှ ကြည့်နေခြင်းဖြစ်၏။ နွေ သူ့ကို ဘာမှန်းမသိ ရှောင်ရှောင်နေတာ တစ်ပတ်လောက်ရှိနေပြီ။ သူ ရည်းစားစကားပြောပြီးတော့ လေးငါးရက်လောက် နွေ သူနှင့်အတွေ့ခံသေးသည်။ နောက်တော့ သူ့ကိုရှောင်ရှောင်နေ၏။ လမ်းမှာ မလွဲသာလို့တွေ့လျှင်လည်း ခေါင်းငုံ့သွားခြင်း၊ မတွေ့ချင်ယောင်ဆောင်သွားခြင်း ဒါမှမဟုတ် နွေနှင့်သူ တစ်ယောက်ချင်းတိုးလျှင်လည်း သူ့ကို မလွဲသာလို့ပြုံးပြကာ နီးရာဆရာမ ဒါမှမဟုတ် သူငယ်ချင်းတစ်ယောက်ယောက်နှင့် အတင်းစကားမရှိစကားရှာ သွားပြောပြီး ရောကာယောင်ကာလိုက်သွားတတ်သည်။





အဲဒါကို သူကပြောပြတော့ အိတို့က သူ့ကို 'ဟဲ့ အဲဒါ နင်အခြေအနေကောင်းတာဟဲ့. . . မိန်းကလေးဆိုတာ ကိုယ်ကစိတ်ပင်စားပြီဆိုရင် အဲဒီလိုပဲဖြစ်တတ်တယ်ဟဲ့. . . စိတ်မပူနဲ့ နင့်ကို သူစဉ်းစားနေပြီ. . . ငါတို့လည်း နည်းနည်းပါးပါး နွေ့ကို တီးခေါက်ကြည့်ပါဦးမယ်ဟယ်"လို့တော့ ပြောကြသည်။ အိတို့နဲ့တော့ သူနဲ့ပတ်သက်ပြီး နွေနှုတ်ခင်နေပါသည်။ တစ်ကျောင်းတည်းနေ မိန်းကလေးအချင်းချင်းတွေဆိုတော့လည်း သူတို့က ခင်ဖို့မင်ဖို့ သိပ်မခက်ခဲပေ။ အခုဆို နွေက အိတို့နဲ့ ပိုတောင်အဖွဲ့ကျနေသည်။ သူရောက်ရောက်သွားလျှင် နွေသည် စကားကိုသိပ်မပြောတော့ဘဲ ခေါင်းငုံ့ကာ တစ်ခုခုကို အလုပ်မရှိ အလုပ်ရှာလုပ်နေတတ်သည်။ ဒါမှမဟုတ် အကြောင်းတစ်ခုခုပြ၍ ဝိုင်းမှထထွက်သွားတတ်သည်။ အိတို့ပြောသလို အခြေအနေကောင်းသည်ဆိုပေမယ့် အဲဒီလိုကြီး နွေနှင့် စကားမပြောမတွေ့ရတာတော့ သူမနေနိုင်. . . ဒီနေ့တော့ နွေ့ကို သူမတွေ့တွေ့အောင် ရှာမည်ဟုတွေးကာ (Drawing)ဆောင် အပေါ်ထပ်သို့ မနက်စောစောကတည်းက ရောက်နေခြင်းဖြစ်သည်။

ဆူပါဆလွန်း အနီရောင်ကားလေးတစ်စီး ဆရာမများရုံးခန်းရှေ့မှ ကွန်ကရစ်လမ်းပေါ်သို့ ချိုးဝင်လာတာတွေ့လိုက်ရတော့ သူ့ရင်ခွင်တစ်ခုလုံး ဝင်းလက်တောက်ပသွား၏။ ခုနက တိုင်မင်မမှန်သောရင်ခုန်သံသည် အခုမှ ပုံမှန်ဖြစ်ကာ စည်းချက်ညီလာတော့သည်။ သူ လွယ်အိတ်ကိုပြင်၍ (Drawing)ဆောင်ပေါ်မှ အောက်ဘက်သို့ဆင်းမည်အလုပ်

"ဟာ. . . မိုးစက်. . . သူငယ်ချင်းရာ ရှာလိုက်ရတာ"

နားထဲမှာ မိုးကြိုးဒိန်းခနဲပစ်ချလိုက်သလို ခံစားလိုက်ရတယ်၊ ပြိုင်ပွဲမှာ ဂိုးရရှိတော့မည့်အနေအထားရောက်မှ လူကျွံဘောဖမ်းခံရသော ဒိုင်လူကြီး၏ဝီစီသံလို ရင်ထဲမှ ဟာ. . . ခနဲဖြစ်သွား၏။

ဒီအသံကို သူရွှေးယောင်ဆောင်ပြီး ဟောင်နေတောင် မှတ်မိနေသည်။ သူ့အချစ်တော် 'ပေါကြီး'. . .၊ ပုဆိုးမနိုင် လွယ်အိတ်မနိုင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



(Drawing)ဆောင်လှေကားပေါ် ပြေးတက်လာကာ အပေါ်မှဆင်းလာသော သူနှင့်လှေကားပထမဆစ်အချိုးမှာ ပက်ပင်းကြီးသွားတိုးသည်။ ဒီကောင်နဲ့တော့ ဘယ်ဘဝက ရေစက်ပါလာတယ်မသိ၊ အရေးဟယ် အကြောင်းဟယ်ဆို ကြုံပြီ. . . အခုလည်း ဘာကိစ္စအရေးကြီးလာမှန်းမသိ. . .

"အာ. . . ဘာဖြစ်လာပြန်ပြီလဲ. . . မင်းနှမ ခွေးဆွဲသွားလို့လား"

"အဲ. . . အဲဒီထက်အရေးကြီးတယ်၊ ငါ. . . ငါ့ကိုပိုက်ဆံတစ်ထောင်လောက် ချေးစမ်းပါ၊ ငါအဆောင်ရောက်ရင် ပြန်ပေးပါ့မယ်"

"ဘာ. . . ဘာဖြစ်လို့လဲ"

"မင်း. . . မင်း ဝင်းစန္ဒာသိန်းကို သိတယ်မဟုတ်လား. . . ဟို. . . ဟိုငါ. . . ငါ့ကို အကြည့်စိမ်းစိမ်းလေးတွေနဲ့ကြည့်တဲ့ ကောင်မလေးလေ"

အရေးထဲ အကြည့်ငို့ကာချဲ့နေသေးသည်။

"သူ့ဟာသူ စိမ်းစိမ်းကျက်ကျက် ပြောမှာသာပြောစမ်းပါ. . . ဘာဖြစ်လို့လဲ. . . အဲဒီ ဝင်းစန္ဒာသိန်းက ပိုက်ဆံလိုလို့လား"

"အာ. . . ဘယ်ကလာ ဟုတ်ရမှာ"

"ဟာ. . . မင်းဟာက ဘာလဲကွ. . . လိုရင်းကိုပြော. . . ငါအရေးကြီးတယ်. . . သွားစရာရှိလို့"

"မင်းဘယ်သွားမလို့လဲ"

အရေးထဲ ဒီကောင်စပ်စုနေသေးသည်။ ဘယ်သွားသွားကွာဆိုပြီး ထွက်လာလိုက်တော့မှ ဒီကောင် အတင်းလိုက်ဆွဲကာ

"မသွားပါနဲ့ကွာ. . . အဲဒီ ဝင်းစန္ဒာသိန်းနဲ့ငါ ကန်တင်းမှာချိန်းထားလို့ ငါ့မှာပိုက်ဆံမရှိတော့လို့ကွာ. . . ပါလာတဲ့ပိုက်ဆံက ရန်နိုင်စိုးတို့ကို လက်ဖက်ရည်တိုက်လိုက်တာ ကုန်သွားပြီကွ"

သူ့သဘောပေါက်လိုက်ပြီ. . . ဟိုကောင်တွေအဖွဲ့ ဒီငပေါကို ညာတုတ်သွားပြီဆိုတာ သိလိုက်သည်။ သူလည်း ဆက်ပြောမနေတော့ဘဲ. . . ပေါကြီးကို ပိုက်ဆံထုတ်ပေးကာ ဆင်းလာခဲ့တော့သည်။ ဒီကောင်က အရေး





မကြီး. . . တော်ကြာ နွေ့ကိုလွတ်သွားမှ ခက်မည်။

(Drawing)ဆောင်ပေါ်မှပြေးဆင်းပြီး အရှေ့လမ်းမရောက်တော့ နွေက ကားကိုတောင် (ပါကင်)ထိုးပြီးနေပြီ၊ ကားနဲ့ခပ်လှမ်းလှမ်းမှာ လွယ်အိတ်ကို ရင်ခွင်ပိုက်၍ ခေါင်းကလေးငုံ့ကာသွားနေသော နွေ့ကိုမြင်တော့ သူအတင်းနောက်မှ ပြေးလိုက်သွားရသည်။

"နွေ. . ."

သူအနားကပ်ကာခေါ်လိုက်တော့ နွေတစ်ချက်တွန့်သွားပြီး သူ့ကိုမြင်တော့ 'ဟယ်'ခနဲဖြစ်သွားကာ အံ့သြသွားဟန် မျက်လုံးဝိုင်းလေးများနှင့်ကြည့်သည်။

"နွေ. . . ကိုယ့်ကို ဘာလို့ရှောင်နေတာလဲဟင်"

သူလည်း ကျွန်တော်တွေဘာတွေသုံးမနေတော့. . . ကိုယ်တွေ ဘာတွေ ဖမ်းသုံးပစ်လိုက်သည်။ နွေက ဘာမှပြန်မပြောဘဲ ရှက်ရဲရဲလေး ခေါင်းငုံ့သွား၏။ ဒီယောက်ဆို အခြေအနေကောင်းသည်။ သူလည်း အားတက်လာပြီး. . .

"နွေ. . . ကိုယ့်ကိုအဲဒီလိုရှောင်မနေပါနဲ့ နော်. . . ကိုယ် နွေနဲ့မတွေ့ရရင် မနေတတ်လို့ပါ"

". . . . . . . . ."

"နွေ. . ."

". . . . . . . . ."

နွေပြန်မထူးပါ။ ခေါင်းငုံ့၍သာ ဆက်လျှောက်နေ၏။ ဘေးမှဖြတ်သွားသော ကျောင်းသားတစ်အုပ်က မကြားတကြား နောက်သွားကြသည်။ လေတစ်ချက်အဝှေ့မှာ နွေ့ဆီက ကိုယ်သင်းရနံ့လေးရှူရှိုက်မိ၏။

"နွေ. . . စကားလေးဘာလေးပြန်ပြောပါဦး. . . ကိုယ့်မှာ ဘာအပြစ်တွေရှိနေလို့လဲဟင်. . . နွေမကြိုက်တာရှိရင် ကိုယ်ပြင်ပါ့မယ် နွေရယ်. . . အဲဒီလိုတော့မနေပါနဲ့. . . နွေ့ကို ကိုယ်အရမ်းချစ်နေလို့ပါဗျာ၊ ပြီးတော့

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နွေမရှိရင် နှလုံးသားတစ်ခုလုံး အေးခဲသွားနိုင်တယ် နွေ. . . သိရဲ့လား"

အဲဒီအချိန်မှာ ဟိုကောင်တွေသာရှိနေရင်. . . ဟာ ကောင်းလိုက်တာ မိုးစက်ရာ၊ မင်းဒိုင်ယာလော့တွေ ရေရေလည်လည်မိုက်တယ်လို့ ပြောမလား မသိ၊ သူကတော့ နွေ့ကို ရသည့်အခွင့်အရေးကိုအသုံးချကာ ရေရေလည်လည် ကြွေပြလိုက်သည်။ သူကြွေပြလိုက်လို့လား ဒါမှမဟုတ် နွေကိုယ်တိုင်ပဲ သူ့ကိုအားနာသွားလို့လားမပြောတတ်။

"နွေ မိုးစက်ကိုရှောင်နေတယ်လို့ ဘယ်သူပြောလဲ"

ရန်နိုင်စိုးပြောတာလို့ သူယောင်ပြီး ပြောလိုက်မလို ဖြစ်သွားပြီးမှ ထိန်းလိုက်ရသည်။ တကယ်လည်း ဒီကောင်ဟိုနေ့က သူ့ကို ကန်တင်းမှာ 'အဲဒါ မင်းကိုမကြိုက်လို့ နွေကရှောင်နေစာ'ဆိုပြီး အားပေးစကားပြောသေးသည်။ အိတ်တို့ကတော့ 'စဉ်းစားနေတာလို့'ပြော၏။ အိတ်တို့ကတော့ မိန်းကလေးအချင်းချင်း ပိုသိမှာပါလေ. . . သူတို့ပြောတာမှန်ပါစေလို့တောင် ဆုတောင်းမိလိုက်သေး၏။

"ဘယ်သူမှပြောတာမဟုတ်ပေမယ့် ကိုယ်နဲ့တွေ့ရင် နွေရှောင်ရှောင်ထွက်သွားတာ ကိုယ်သိနေတာပဲ. . . အဲဒီလိုတော့မနေပါနဲ့ နွေရယ်"

"နွေရှောင်နေတာမဟုတ်ပါဘူး မိုးစက်ရယ်. . . ဘာမှမဖြစ်သေးခင် ဒီလိုပဲနေတာ အသင့်တော်ဆုံးထင်လို့ပါ"

"ဘာမှမဖြစ်သေးခင်ဆိုတော့ ဖြစ်လာနိုင်စရာ အကြောင်းရှိတယ်ပေါ့ ဟုတ်လား. . . နွေ"

"အို. . ."

နွေ မျက်နှာရဲခနဲဖြစ်သွားကာ သူ့မျက်နှာကို ဆံပင်တွေနှင့်ကာကွယ်ကာ ခေါင်းငုံ့သွား၏။ သူလည်းအားတက်သွားပြီး အခွင့်အရေးကို လက်လွှတ်မခံချင်တော့. . . အရေးထဲ ပြောချင်ဇောအားကြီးပြီး ခလုတ်ကတိုက်လိုက်သေးသည်။

"နွေ. . . ပြောပါဦး နွေရဲ့. . . ကိုယ်ပြောတာ ဟုတ်လားဟင်"





". . . . . . . ."

ဆံပင်တွေကာနေတော့ နွေ့မျက်နှာအနေအထားက ဘယ်လိုဖြစ်နေလဲမသိ. . . ဒါပေမဲ့ နွေရှက်နေတာတော့ သေချာပါသည်။ သူ့အတွက် ဒီလောက်ဆို တော်တော်အခြေအနေကောင်းသည်ဟုတွေးမိပြီး ပျော်လိုက်တာ. . . တကယ်ပါ. . .။ ပျော်လွန်းလို့ ပေါကြီးဆီက ပိုက်ဆံတစ်ထောင်အဆောင်ရောက်ရင် ပြန်မတောင်းတော့ဘူးလို့တောင် မဆီမဆိုင်တွေးလိုက်သေးသည်။

"မိုးစက်ကိုပေးမယ့်အဖြေကို နွေစဉ်းစားနေပါတယ်"

နွေက သူ့ကိုမော့ကြည့်ပြီးပြော၏။

"နွေရယ်. . . ဘယ်နေ့လောက်သိရမလဲ. . . ကိုယ် တကယ်သိချင်လှပါပြီ. . . တစ်ညတစ်ည ကိုယ် နွေ့အကြောင်းတွေပဲတွေးနေလို့ ကိုယ်ညတွေအိပ်မရခဲ့တာ. . . ဘယ်လောက်တောင်ရှိနေပြီလဲမသိဘူး နွေ"

ဒီစကားကိုတော့ ဟိုကောင်တွေကြားရင် ညက အိပ်လိုက်တာ သိုးနေတာပဲ. . . မနက်ကျောင်းသွားဖို့ မနည်းနှိုးရတယ်'လို့ပြောမှာ သေချာသည်။ ဒါပေမဲ့ သူ နွေ့အတွက်ခံစားရတာတော့ တကယ်ပါ။ ညည အိပ်မက်တွေထဲမှာ နွေပဲ အမြဲပါပါလာတတ်တာ သူကိုယ့်မှမသိတာလေ. . .။

"နွေ. . . မိုးစက်ကို အစကတည်းက ခင်ပါတယ်၊ သံယောဇဉ်လည်း ရှိပါတယ်. . . အဲဒါကြောင့် နွေလက်ခံစဉ်းစားတာပေါ့၊ ဒါပေမဲ့ အဖြေပေးဖို့ဆိုတာ စောနေသေးတယ်လေ. . . မိုးစက် နွေ့ကိုပြောထားတာ မကြာသေးဘူးလေ. . . ခဏတော့စောင့်ရမှာပေါ့ မိုးစက်ရဲ့. . . ဘာလဲ မစောင့်နိုင်ဘူးလား"

အဲဒါနဲ့ပဲ ကိုင်ကိုင်ပေါက်နေသည်။ မစောင့်နိုင်ဘူးလို့ ပြောလို့ရသည့်ကိစ္စမဟုတ်တော့ တော်တော်မအီမလည်ကြီးဖြစ်ရတဲ့ကိစ္စပဲ. . . မိန်းကလေးတွေ ယောကျ်ားလေးတွေအပေါ် အနိုင်ဆုံးအချိန်ဆိုတာ အဲဒီအချိန်ပဲလို့ 'အချစ်ဂုရု' ကိုပြုံးပြောတာအမှန်ဆုံးပဲလို့ ထောက်ခံမိ၏။ ဒါပေမဲ့ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



အချစ်အကြောင်း နည်းနည်းပါးပါးသိသည့် ကိုပြုံးတောင် သူကူညီခဲ့ရသည်ပဲလို့ တွေးမိတော့ အချစ်ဆိုတာ တော်တော်ဆန်းကြယ်ကြောင်း သူလက်ခံလာသည်။

"မစောင့်နိုင်လို့မဟုတ်ပါဘူး နွေရယ်. . . ဘယ်နေ့လောက်ပေးမှာလဲဆိုတာ ကိုယ်သိချင်လို့ပါ"

"အင်း. . . တစ်ရက်ရက်ပေါ့"

မတိကျမရေရာသောအဖြေကို နွေက ပေးပြန်သည်။ ဒါပေမဲ့ ဒီတစ်ခါတော့ သူဒီအတိုင်းမနေတော့ နည်းနည်းတော့ ဆုံးဖြတ်ချက်ပြတ်သားရမည့်အကြောင်းတွေပါလာပြီ. . . အဲဒီတစ်ရက်ဆိုတာ အတိအကျသိချင်တယ်နွေလို့ ပြောတော့ နွေက အတော်ကြာကြာလေးစဉ်းစားပြီး တစ်နှစ်လောက်ဟုပြောသည်။ တစ်နှစ်လောက်ဆို ဒုတိယနှစ် နှစ်ဝက်စာမေးပွဲပြီးမှရမည့်ပုံ. . . သူ မနေနိုင်ကြောင်းပြော၍ ဈေးဆစ်ပြန်သည်။ (တစ်လလျှော့သွားသည်)။ ဒါလည်းမထူး၊ သူမရမက ထပ်ဆစ်တော့(နောက်ထပ်(၂)လလျှော့သွားပြန်သည်) ဒါလည်း အနည်းလေး (၉)လတော့ စောင့်ရမည်။ သူက ရလျှင် အခုချက်ချင်းတောင် လိုချင်သည့်ကောင်။ ဒါနဲ့ပဲ တတ်သမျှမှတ်သမျှ အဖွဲ့အနွဲ့စကားတွေနှင့် အာသီးထွက်မတတ်ပြောတော့ နောက်ထပ် ငါးလလျှော့သွားသည်။ ဒါတော့ အခြေအနေကောင်းသည်။ တစ်နှစ်ထက်စာလျှင် (၄)လလောက် စောင့်ရတာ အများကြီးတော်သေးသည်။ ဒါပေမဲ့ ရလိုရငြား သူ့မျက်နှာကို အတတ်နိုင်ဆုံး သနားစရာလေးထပ်လုပ်ကာ ထပ်ပြော၍ ဆစ်ကြည့်သေးသည်။ သူတို့ပုံစံက ကြာတော့ ရည်းစားစကားပြောနေတာနဲ့မတူဘဲ ပွဲစားတန်းမှာ ကားတစ်စီးကိုကြိုက်၍ ဝယ်သူက ရောင်းသူကို အတင်းဈေးဆစ်နေတာနဲ့ပင် တူတော့သည်။ အဲဒီလိုနဲ့ပဲ နောက်ဆုံး နွေက တစ်လထပ်လျှော့ပေးကာ(၃)လနဲ့ပဲ ပွဲကပြတ်သွားတော့သည်။ ဒီ့ထက် ထပ်ဆစ်နေရင်လည်း ရောင်းသူက သူ့ကားသူ ပြန်ရုပ်သိမ်းသွားမှာ စိုးရသည်။ ဒါတောင် သူက. . .





"ရပါတယ် နွေရယ်. . . နွေ့ကို ချစ်တာပဲ၊ ကိုယ်စောင့်ရမှာပေါ့'တွေဘာတွေပြောပြီး မျက်နှာသေးသေးလေး လုပ်နေလိုက်သေးသည်။ ခဏကြာတော့ နွေလည်း သူ့အတန်းရှေ့ရောက်လာ၍ သွားပြီနော်ဆိုကာ ဝင်သွားတော့သည်။

ဘာပဲဖြစ်ဖြစ် သူ နောက်(၃)လကြာရင်တော့ သူ့ရဲ့ရင်ထဲမှာ နွေရနံ့နဲ့အတူဖူးပွင့်မယ့် အချစ်ပန်း ပိတောက်ကလေးတစ်ပွင့် ငုံဖူးနေမည်ဟု ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟော့ ကောင်တွေ. . . ငါတို့ ဒီည အဆောင်ရှေ့ ဂစ်တာသွားတီးရအောင်ကွာ"

"ဟာ. . . မတီးချင်ပါဘူးကွာ"

"တော်ပြီ. . . မသွားဘူး. . . ငါတို့ စာကျက်စရာရှိသေးတယ်"

သူပြောတာမဟုတ်ပါဘူး. . . ဟိုကောင်တွေ ပြောတာပါ၊ အမှန်တော့ ဝင်းထွဋ်ကို ညစ်တာပါ. . . ဝင်းထွဋ် မျက်နှာငယ်လေးနဲ့. . .

"လုပ်ပါကွာ. . . ငါ ဒီည ဒကာခံပါ့မယ်"

"အောင်မယ်. . . မင်းက ငါတို့ကို ကျွေးတိုင်းလိုက်တယ်များ ထင်လို့လား. . . ပိုက်ဆံရှိတယ်ကွ. . . ကိုယ့်ဟာကိုယ် ဝယ်စားနိုင်တယ်"

ရန်နိုင်စိုးက ခပ်တည်တည်နှင့်ဝင်ဟောက်သည်။ ကျော်မင်းကလည်း 'မင်းငါ့ကို ဟိုနေ့က အကျီလေးခဏငှားပါဆိုတော့ ငှားလို့လား. . . အခုမှလာမဖားနဲ့'. . . ဇာနည်ကလည်း 'ငါစာလုပ်ရဦးမယ်. . . မနက်ဖြန် ကျူကို ရီရယ်ရှိတယ်'ဆိုပြီး စာအုပ်ကောက်ကိုင်သည်။ နေထွေးဦးကတော့ သူ့အပူနှင့်သူမို့ သေတ္တာပေါ်မှာ မျောက်မှိုင်မှိုင်ပြီး မျက်နှာက ကြက်ကြီးလည်လိမ်





ထားသလို အားလုံးကို ကြောင်စီစီနှင့်ကြည့်ကာ ဘာမှမပြောဘဲ ငုတ်တုတ်ကလေးထိုင်နေ၏။ ဝင်းထွဋ် မျက်နှာငယ်လေးနှင့် သူ့အနားသို့ ပေကြောင်ကြောင်နှင့်ရောက်လာကာ. . .

"မိုးစက်. . . မင်းလိုက်မယ်မဟုတ်လား"

ပထမတော့ သနားသွားသေးသည်။ ဒါပေမဲ့ ဒီကောင်ကို ခွင်ဝင်တုန်း တွယ်လိုက်ဦးမှပဲလို့စိတ်ကူးပြီး

"ငါ. . . ကဗျာရေးရဦးမယ်ကွာ. . . ဝင်းကိုတို့နဲ့ ငါ ကဗျာစာအုပ်စုထုတ်မလို့ပြောထားပြီးပြီ. . . အဲဒါ ဒီညအပြီးရေးရမှာ"

ဒီကောင် တော်တော်စိတ်ညစ်သွားသည်။ သူတို့ကိုလည်း ဒေါသထွက်သွားပုံရသည်။ ရတယ်၊ မင်းတို့အလှည့်ကျမှတ်ထားဆိုပြီး စူစူအောင့်အောင့်နှင့်ထွက်သွားတော့ တံခါးဝမှာ ဘယ်ကဘယ်လို အနံ့ခံပြီးရောက်လာမှန်းမသိသည့် ပေါကြီးနှင့်သွားတိုး၏။

"ဟာ. . . သူငယ်ချင်း အတော်ပဲ. . . ငါနဲ့ အိတို့အဆောင်ရှေ့ ခဏလိုက်ခဲ့ကွာ. . . ငါမင်းကို လက်ဖက်ရည်တိုက်မယ်"

ဂီတနဲ့ပတ်သက်ရင် ပလွေတောင် နပ်မှန်အောင် မမှုတ်ဖူးသည့် ပေါကြီးကို သွားညှိ၏။ ပေါကြီးက နည်းနည်းတော့ မသင်္ကာဖြစ်သွားသည်။ ဖြစ်မှာပေါ့. . . သူ့ဆီက အမြဲတမ်း ကပ်ကပ်စားနေသည့်ကောင်က အခုမှ လက်ဖက်ရည်တွေဘာတွေ တိုက်မယ်ဆိုတော့ ဒီကောင် စဉ်းစားရကျပ်နေပုံနဲ့. . .

"မင်း ငါ့ကို အလကားနေရင်းတော့ လက်ဖက်ရည်တိုက်မှာမဟုတ်ဘူး. . . ကိစ္စတစ်ခုခုရှိရမယ်"

"အဟီး. . . ငါ အိတို့အဆောင်ရှေ့ ဂစ်တာသွားတီးချင်လို့"

"ဟာ. . . ငါမှ ဂစ်တာမတီးတတ်တာ"

ပွဲက အဲဒီမှာတင် ပြက်ပြီ. . . သူလည်း ဂစ်တာမတီးတတ် ပေါကြီးကလည်း မတီးတတ်ဆိုတော့ ဒီကောင် စိတ်ပျက်လက်ပျက်ဖြစ်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



နေထွေးဦးထိုင်နေသည့် သေတ္တာပေါ်မှာ ခြေပစ်လက်ပစ်ကြီး သွားထိုင်ပြီး တစ်ယောက်ဟည်း ရှုံ့ရှုံ့ရဲ့ရဲ့နှင့် ဒေါသတွေဖြစ်ကာ ဘာမဆိုင်ညာမဆိုင် နေထွေးဦးကို လှည့်ကောတော့သည်။

"ဟေ့ကောင်. . . မင်းမျက်နှာက ဘာဖြစ်နေတာလဲ. . . စိတ်ညစ်ရတဲ့အထဲ ကျက်သရေကိုမရှိဘူး"

သူ့ဟာသူ နေနေတာကို အသားလွတ်ကြီးလာကောတော့ နေထွေးဦး နည်းနည်းတော့ ဒေါသထွက်သွား၏။

"ဟ. . . ငါ့ဟာငါ ဘယ်လိုနေနေပေါ့၊ မင်းခေါင်းပေါ်တက်နေလို့လား. . . မင်းဟာမင်း အဆင်မပြေတိုင်း ငါ့လာမမဲနဲ့၊ သတ္တိရှိရင် မင်းတစ်ယောက်တည်းသွားပါလား၊ ဘာလို့အဖော်လိုက်စပ်နေလဲ၊ သူများတွေလို အဆောင်ရှေ့ကိုသွားပြီး ကောင်မလေးကို ကြူချင်ရင်လည်း အစကတည်းက ဂစ်တာတီးလေးဘာလေး သင်ထားရတယ်ကွ. . . သိလား"

ဝင်းထွဋ်ကလည်း သူ့အားနည်းချက်ကိုထိတော့ မခံ. . .

"အေး. . . ငါက ဂစ်တာမတီးတတ်လို့ အရှက်မကွဲဘူး. . . သွားမတီးရုံပဲ. . . မင်းလို လူရှေ့သူရှေ့ အီးထွက်ကျလို့ ရည်းစားရဲ့စွန့်ပစ်ခြင်းခံရတာမှ ရှက်ဖို့ကောင်းတာ"

ဝင်းထွဋ် ဘလိုင်းကြီးတွယ်ထည့်လိုက်တာ. . . ဟိုကောင် အရှိုက်ကို စကပ်ဒိုးကျည်မှန်သွားသလို အထိနာသွားကာ မျက်နှာတစ်ခုလုံး မည်းတက်လာပြီး. . .

"ဟေ့ကောင်. . . မင်း. . . မင်း. . . ငါ့ကို. . ."

နေထွေးဦး ဒေါသတကြီးထပြီး ဝင်းထွဋ်ကို လက်သီးနဲ့ရွယ်တော့ ဟိုကောင်လည်း ကမန်းကတန်းထရပ်ကာ ပုဆိုးပြင်ဝတ်၏။ ကိစ္စက ကြာရင် မလွယ်တော့. . . အမှိုက်ကာစ ပြဿဒ်မီးလောင်ကိန်း ဆိုက်နေပြီ၊ ဘာမှ မဟုတ်သည့်ကိစ္စနဲ့ တစ်ခါမှ ရန်မဖြစ်ဖူးသည့်သူငယ်ချင်းတွေ စကားများကုန်တော့မည်။ အခြေအနေကို သူပဲဝင်ထိန်းရတော့၏။





"ဟေ့ကောင် ဝင်းထွဋ် တော်တော့. . . နေထွေးဦး မင်းလည်း တော်တော့၊ ဘာမဟုတ်တဲ့ကိစ္စနဲ့ကွာ. . . ဝင်းထွဋ် မင်းကလည်း နောက်လို့ နောက်မှန်းမသိဘူး. . . ဒီသူငယ်ချင်းတွေ ဘယ်တုန်းကများ တစ်ယောက်နဲ့ တစ်ယောက် မကူညီဘဲရှိလို့လဲ၊ မင်းကို အားလုံးက နောက်နေကြတာကွ၊ ဒီကိစ္စမှာ မင်းလွန်တယ် ဝင်းထွဋ်"

ဝင်းထွဋ်ငြိမ်ကျသွားပြီး တွေတွေကြီးပြန်ထိုင်သွား၏။ ပြီးမှ သူမှားသွားမှန်းသိကာ နေထွေးဦးကို လိုက်လိုက်လဲ့လဲ့ တောင်းပန်၏။

"နေထွေးဦး. . . ငါလွန်သွားတယ်ကွာ. . . ငါ့ကိုခွင့်လွှတ်ပါ သူငယ်ချင်းရာ. . . မင်းမကျေနပ်ရင် ငါ့ကိုထိုးလိုက်ပါကွာ"

"ရပါတယ်ကွာ. . . အချင်းချင်းတွေပဲ. . . ထားလိုက်ပါတော့. . . မင်းခေါင်းထဲမှာ မထားနဲ့တော့"

ဆူဆူညံညံအသံတွေကြားတော့ ကိုပြူး အဆောင်အပေါ်ထပ်မှဆင်းလာကာ သူတို့အခန်းထဲသို့ ဝင်လာပါသည်။ အကြောင်းစုံသိသွားတော့. . .

"အင်း. . . မိန်းမ. . . မိန်းမ. . . မိန်းမအတွက်ကြောင့် မင်းတို့အခုလိုဖြစ်တာ. . . မိန်းမဖျက်ရင် ပြည်ပျက်တယ်ဆိုတဲ့ ရှေးလူကြီးတွေစကား သိပ်မှန်တယ်ကွ"

သူကလည်းတစ်မျောင့်. . .။ ဝင်ရောက်ဖျန်ဖြေပေးမယ်တော့ မစဉ်းစားဘူး. . . သူတတ်သလောက် မှတ်သလောက်တော့ ဆရာကြီး ဝင်လုပ်လိုက်သေးသည်။ အရေးထဲ ပေါကြီးကပါ ဝင်၍. . .

"ဟုတ်တယ်. . . ကိုပြူးပြောတာမှန်တယ်. . . ဗင်းဆင့်ဗင်ဂိုးတောင် မိန်းမတစ်ယောက်အတွက်. . . နားရွက်တစ်ဖက် ဖြတ်ခဲ့ရသေးတာပဲဗျာ"

"တော်ပြီ. . . တော်ပြီ. . . ကဲ. . . အားလုံး အဆောင်ရှေ့သွားကြမယ်. . . ဂစ်တာသွားတီးကြမယ်. . . လာ. . . လာ. . . သွားကြစို့"

ဒီဘုန်းကြီးရှုးနှင့်လေ့လူးကို ဒီအတိုင်းလွှတ်ပေးနေရင် မဖြစ်တော့. . . သူ ပွဲမြန်မြန်ဖြတ်၍ အားလုံးကိုခေါ်ကာ အဆောင်ရှေ့ထွက်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့်အတူ ကိုပြူးပါ ပါလာ၏။ ကိုပြူးနဲ့ ပေါ်ကြီးကတော့ အရှိန်မသေသေး၊ တစ်လမ်းလုံး သူတော်အချင်းချင်း သတင်းလွှလာကြသည်။ နေထွေးဦးနှင့် ဝင်းထွဋ်ကတော့ တစ်ယောက်ပခုံး တစ်ယောက်ဖက်ကာ သူမှားပါတယ်. . . ငါမှားပါတယ်နဲ့ ပါလာကြလေရဲ့။ သူတို့အဖွဲ့ အဲဒီညက ညဉ့်နက်မှ အဆောင်ပြန်ရောက်ကြ၏။

ဒီလိုပါပဲ သူတို့သူငယ်ချင်းတွေ ဘာမှမဟုတ်သည့်ကိစ္စနဲ့ စကားထများချင်များကြသည့်ကောင်တွေ. . . နောက်တော့လည်း ဘာရယ်မဟုတ်ပြီးသွားကြသည်။ ပြီးတော့ ဒီသူငယ်ချင်းတွေလောက် ချစ်ကြရတဲ့သူမရှိ။ တစ်ယောက်အနံ့အတာကို တစ်ယောက်က ခံတာမရှိ၊ ညီအစ်ကိုအရင်းတွေထက်တောင် ချစ်ကြတဲ့ကောင်တွေပါ။

“မိုးစက်က စိတ်ရင်းကောင်းပါတယ် နွေရဲ့. . . သူက သူများကို ကူညီချင်စိတ်လည်းရှိတယ်. . . ပျော်ပျော်နေတတ်ပြီး တစ်ခါတစ်ခါ စတာ နောက်တတ်တာက လွဲလို့ အားလုံးကောင်းပါတယ်၊ အိတို့တောင် ဒီကျောင်းရောက်မှ သူတို့နဲ့ခင်ရတာဆိုပေမယ့် သူတို့ကို ငယ်ပေါင်းကြီးဖော်တွေလိုပဲ ခင်မိတယ်. . . သူတို့အဖွဲ့က ပျော်တတ်နောက်တတ်တယ်ဆိုပေမယ့် အရေးအကြောင်းဆို သူတစ်ပါးကို ရိုင်းပင်းကူညီတတ်တဲ့စိတ်ကလေးတွေအပြည့်ရှိတယ်၊ ဘာလဲ နွေက မိုးစက်အကြောင်း အခုတလော မေးနေတယ်ဆိုတော့ မိုးစက်ကို အဖြေပေးတော့မလို့လား”

အိက ပြောတော့ နွေက ရှက်ရယ်ရယ်ရင်း. . .

“အဟင်း. . . မဟုတ်ပါဘူး. . . နွေစဉ်းစားတုန်းပါ. . . အိတို့က မိုးစက်တို့နဲ့ နွေထက် အရင်ခင်တာဆိုတော့ သူတို့အကြောင်းလေး သိချင်လို့ပါ”

“သူ့အကြောင်း အိ သိရသလောက်တော့. . . မိုးစက်က အရင်တုန်းကလည်း ရည်းစားတွေဘာတွေ မထားဖူးဘူးလို့သိရတာပဲ၊ ဒါပေမဲ့ သူ့သူငယ်ချင်းတွေအတွက်ဆိုရင် အောင်သွယ်တော် လုပ်လုပ်ပေးနေကျလို့



www.burmeseclassic.com

www.burmeseclassic.com



သိရတယ်. . . အဲဒါမျိုးကို သူလည်း တော်တော်ဝါသနာကြီးပုံရတယ်. . . အိကိုတောင် တွေ့တိုင်း ဝင်းထွဋ်က ဘယ်လို စိတ်ရင်းစေတနာကောင်းကြောင်း၊ နင့်အပေါ် ဘယ်လောက်ချစ်ကြောင်း ပြောပြောနေလို့. . . သူ့ကိုတောင် အခုနောက်ပိုင်းမတွေ့ရဲဘူး. . . တွေ့လိုက်ရင် အဲဒီအကြောင်းပဲ နားချနေလို့ ရှောင်ရှောင်နေရတယ်"

"အဟင်း. . . အိကရော ဝင်းထွဋ်ကို စိတ်မဝင်စားဘူးလား"

အိက ရယ်ကျဲကျဲနှင့် လက်ကာပြီး. . .

"ဟော. . . လာပြန်ပြီတစ်ယောက်. . . နွေကပါ သူတို့ဘက်ကို အခုကတည်းက ပါချင်နေပြီပေါ့လေ"

နွေက ရယ်ရင်း. . .

"မဟုတ်ပါဘူး အိရဲ့. . . နွေက သိချင်လို့မေးကြည့်တာပါ. . . ဝင်းထွဋ်လည်း ကြည့်ရတာမဆိုးပါဘူး. . . မဟုတ်ဘူးနော်. . . ဟို ဝင်းထွဋ်ဘက်က လိုက်ပြောတာလို့မထင်ပါနဲ့. . . နွေက အမြင်ကိုပြောတာပါ"

အိ စဉ်းစားဟန်တစ်ချက်လုပ်ပြီးမှ. . .

"အင်း. . . ဝင်းထွဋ်ကတော့. . . စဉ်းစားမယ်ဆို စဉ်းစားထိုက်တဲ့သူပါ. . . သူလည်း စိတ်ရင်းကောင်းပါတယ်. . . ဒါပေမဲ့ အူကြောင်ကြောင်တော့ တော်တော်နိုင်တဲ့ကောင်. . . အိကို ရည်းစားစကားပြောတဲ့နေ့ကပဲကြည့်လေ. . . အိဖြင့် ရှက်လိုက်တာပြောမနေနဲ့. . . ဒါပေမဲ့ အိ ရည်းစားထားဖို့ စဉ်းစားမယ်ဆို ဝင်းထွဋ်ကို ပထမဦးစားပေးစဉ်းစားမှာပါ. . . ဒါနဲ့နေပါဦး. . . နွေက အိကိုသာပြောနေတာ နွေကရော မိုးစက်ကိုဘယ်လိုလဲ၊ အဟင်း. . . မိန်းကလေးချင်း အိအကဲခတ်တတ်ပါတယ်. . . ပွင့်ပွင့်လင်းလင်းသာပြောပါ. . . မရှက်ရဘူးနော်"

နွေက ပါးစပ်ကလေးကို လက်နဲ့အုပ်ရင်း ရယ်ကာ. . . 'နွေလည်း စဉ်းစားတုန်းပါပဲ'လို့ ပြော၏။ အဲဒီအချိန်မှာ ရန်နိုင်စိုးနဲ့ ပေါကြီးတို့ နှစ်ယောက် ရောက်လာပါတော့တယ်။ လက်ထဲမှာလည်း ကဗျာစာအုပ်





လေးတွေ ကိုင်လို့. . .

"နင်တို့ကို လိုက်ရှာနေတာ တစ်ကျောင်းလုံးကို နှံ့နေတာပဲ. . . မောလိုက်တာဟာ"

ရန်နိုင်စိုးက မောကြီးပန်းကြီးပြောပြီး အအေးတစ်လုံးလှမ်းမှာကာ

"ဒီမှာ နင်တို့ကို ကဗျာစာအုပ်ရောင်းမလို့. . . ဝယ်ကြဦး"

အိက. . .

"ဘယ်သူတွေထုတ်တာလဲ. . . ငါတို့တောင် သူငယ်ချင်းတွေစုပြီး ထုတ်မလားလို့ စဉ်းစားနေသေးတာ. . . ဘယ်သူတွေလဲ"

"အစုံပဲ. . . မေဂျာစုံက စုရေးကြတာ. . . ငါတို့မေဂျာကတော့ 'မိုးစက်'ပါတယ်. . . နွေ ဝယ်ပြီးအားပေးဦး. . . မိုးစက်ရဲ့ကဗျာပါတယ်"

နွေ ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး

"မိုးစက်ကဗျာမပါလည်း ဝယ်မှာပါနော်. . . ဒီက ဘယ်သူဖြစ်ဖြစ် အားပေးမှာပါ"

"ဟုတ်ပါပြီဗျာ. . . ကျွန်တော်တို့က စဟာပါ. . . ကဲ. . . ကဲ. . . ဝယ်ကြ. . . ဝယ်ကြ. . . တစ်အုပ်မှ (၂၀၀)တည်း"

အိက တစ်အုပ်၊ နွေကတစ်အုပ် ဝယ်လိုက်ကြသည်။

"ဒါနဲ့ မိုးစက်ကော မမြင်ပါလား"

"ရှိတယ်. . . ဒီကောင်လည်း မနက်ကတည်းက ငါတို့ကို စာအုပ်တွေပေးပြီး ပျောက်သွားတာ. . . ဘယ်ရောက်နေလဲမသိဘူး. . . စာအုပ်လိုက်ရောင်းနေမှာပေါ့. . . ကျောင်းထဲမှာပဲရှိလိမ့်မယ်"

အိအမေးကို ရန်နိုင်စိုးတို့က ဖြေပြီး. . .

"ကဲ. . . ငါတို့လည်းသွားလိုက်ဦးမယ်. . . ရောင်းစရာကျန်သေးလို့၊ အအေးဖိုးတော့ နင်တို့ရှင်းလိုက်နော်. . . သွားပြီ"

ပြောပြီး ထွက်သွားကြ၏။ အိကတော့ နွေကို

"တွေ့လား. . . ဒီကောင်တွေက ဒီလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



နွေက ရယ်ရင်း

"သူတို့က နွေထင်ထားတာထက်တောင် ခင်ဖို့ကောင်းသေးတယ် နော်. . . သူတို့ကိုကြည့်လိုက်ရင် အမြဲတမ်း ပျော်ပါးလွတ်လပ်နေတာပဲ"

"ဟုတ်ပါ့. . . ဟုတ်ပါ့. . . အပူအပင်ဆိုတာရော ရှိကြရဲ့လားမသိ ပါဘူး နွေရယ်"

အိက လက်ခါခါနှင့်ဝင်ပြောတော့ ရယ်ဖြစ်ကြသေးသည်။ ခဏကြာ တော့ သူတို့လည်း ကဲန်တင်းမှထကာ ကိုယ့်အတန်းရှိရာသို့ ထွက်လာကြ တော့သည်။ နွေလည်း အတန်းထဲရောက်မှ ကဗျာစာအုပ်ကလေးကို ဖွင့် ဖတ်ဖြစ်၏။ အမှန်အတိုင်းပြောရရင် ဝယ်ကတည်းက ဖတ်ချင်နေတာ. . . အိကရှိနေတော့ သူဟန်ဆောင်ပြီး လွယ်အိတ်ထဲ ထည့်ထားလိုက်ခြင်းဖြစ် သည်။ ကဗျာစာအုပ်ကလေးကိုဖွင့်၍ မိုးစက်ရေးထားသော ကဗျာကိုလိုက် ရှာလိုက်တော့ တွေ့ပါပြီ။ ကဗျာလေးက ရိုးရိုးလေးပါ. . . နာမည်လေးက 'ဘယ်သောရာသီ'တဲ့. . .။

စိတ်မှာလည်းကြွေ
မှုန်ဝါးစေတဲ့
အလင်းမှုန်အပိုင်းစ
ရင်မှာခတ်တော့
ငါ့နှလုံးသားထက်
သက်တံဖြစ်၏။

အတွေးမှာလည်း ဝေ
ကြည်အေးစေတဲ့
ကြယ်ကြွေအပိုင်းစ
ကိုယ်မှာတော့
ငါ့မြို့ရိုးထက်
လင်းဆက်စေ၏။





မြူတို့အုပ်မြူး
ငါ့နှစ်ဦးမှာ
သက်တံလည်းလှ
ကြယ်ကြွေခတဲ့
ထိုသောရာသီ. . . 'နွေ'သာဖြစ်သည်။ တဲ့. . .

www.burmeseclassic.com

www.burmeseclassic.com

# ၃၈

လုပ်တစ်ခုကိုလုပ်တော့မယ်ဆိုရင် ဘယ်အလုပ်ပဲဖြစ်ဖြစ် စေ့စပ်သေချာဖို့က အရေးကြီးဆုံးဖြစ်သည်။ တချို့အလုပ်ကိစ္စတွေမှာ အလွယ်တကူပြီးမြောက်သွားနိုင်သလို၊ တချို့ကိစ္စတွေမှာ တော်တော်သတိထားလုပ်ရတာတွေရှိသည်။ နည်းနည်းလေး လွဲသွားတာနှင့် ပြဿနာ အကြီးအကျယ်တက်သွားနိုင်၏။ အခုလည်း ရန်နိုင်စိုးနှင့်ဆုဆုကိုကိစ္စကို သူ စလုပ်ရတော့မည်။ မလုပ်ခင်ကတည်းက သူစိတ်နည်းနည်းလေးနေ၏။ ဒီကိစ္စက သူအရင်ဟိုကောင်တွေ ကူညီခဲ့သလို ကိစ္စမဟုတ်၊ ကိုယ်က လူချင်းအစားထိုးဝင်၍ ဖုန်းပြောပေးရမည့်ကိစ္စ၊ ကိုယ့်ဘက်က အလွဲလွဲအချော်ချော်ဖြစ်သွားတာပဲဖြစ်ဖြစ်၊ ကိုယ့်လုပ်ရပ်တစ်ခုခု မှားသွားတာပဲဖြစ်ဖြစ်၊ ဟိုကောင် ပြဿနာတက်သွားနိုင်သည်။ ကိုယ်ကသူ့ကိုအဆင်ပြေစေချင်လို့ကူညီတာ ကိုယ့်ကြောင့် သူတို့ပို၍ဒုက္ခရောက်သွားမှာကိုလည်း မလိုလားပေ။ အဲဒါကြောင့် ဒီတစ်ခါတော့ သူ့အတွက် အထူးသတိထားရပေမည်။

ရန်နိုင်စိုး ဆုဆုကိုနောက်ကို မသိမသာတစ်မျိုး၊ သိသိသာသာတစ်ဖုံ လိုက်ခိုင်းထားတာ ဒါနဲ့ဆို နှစ်ပတ်လောက်ရှိပြီ၊ ဒီလောက်ဆို ကောင်မလေး





က ရန်နိုင်စိုးကို မှတ်မိနေလောက်ပြီ၊ သူလုပ်ငန်းစရန် ဖုန်းခွက်ကိုကိုင်၍ ဖုန်းနံပါတ်ရေးထားသော စာရွက်ကိုဖြန့်ကာ နံပါတ်များကို နှိပ်လိုက်တော့သည်။

"ဟယ်. . . လို"

ဟိုဘက်မှလာကိုင်သော အသံချိုချိုကို ကြားလိုက်ရကတည်းက သူတို့နှင့် မတိမ်းမယိမ်း မိန်းကလေးထဲကပဲဖြစ်မည်ဆိုတာ သိလိုက်၏။

"ဟယ်. . . လို"

"ဟုတ်ကဲ့ ပြောပါရှင်"

"ကျွန်တော် ဆုဆုကိုနဲ့ စကားပြောချင်လို့ပါ"

"အင်း. . . ပြောနေပါတယ်"

သူ ဆုဆုကိုနှင့်ထိပ်တိုက်တွေ့ပြီ၊ ဘာဆက်ပြောရမလဲဆိုတာ အပြေးအလွှားစဉ်းစား၏။ နောက်မှ ရန်နိုင်စိုးပြောပြထားတာကို သတိရ၍

"သောကြာနေ့က ကျောင်းမတက်လို့ ဖုန်းဆက်မေးတာပါ"

"ရှင်"

ဟိုဘက်က အံ့ဩသွားပုံ၊ ပြီးတော့ ဇဝေဇဝါဖြစ်သွားပုံ

"အခုပြောနေတာ. . . ဘယ်သူလဲမသိဘူး"

"နာမည်ပြောပြလည်း သိမှာမဟုတ်ပါဘူး၊ ကိုယ်က ဆုဆုကိုအတွက် စိုးရိမ်လို့ ဖုန်းဆက်တာပါ၊ နေမကောင်းများဖြစ်နေသလားလို့"

"ရှင်. . . ဘယ်သူလဲဆိုတာသာ ပြောပါ. . . မပြောရင် ဖုန်းချပစ်လိုက်မှာ"

အသံနည်းနည်းမာသွား၏။ သူ့အကြောင်းကို သိနေ၍ မခံချင်ပုံလည်းရသည်။

"ဖုန်းတော့မချလိုက်ပါနဲ့ဦး. . . ကိုယ် အရေးတကြီးပြောစရာလေး ရှိနေလို့ပါ"

သူ အရေးတကြီးလေသံနှင့် ဖုန်းမချဖြစ်အောင် သူ့ဘက်က နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းလေး တွေဝေသွားအောင် ပြောလိုက်တော့. . .

"ဘာလဲ"

"ကို. . . ဆုဆုကို နေမကောင်းဘူးဆိုရင် ကျောင်းပျက်တဲ့ရက်တွေအတွက် စာအုပ်တွေငှားပေးရမလား"

"နေပါစေ. . . ရတယ်. . နေလည်းအကောင်းကြီး၊ ကိုယ့်ဟာကိုယ်မအားလို့ မတက်တာ"

"ဩော်. . . နေကောင်းတယ်ဆို ပြီးတာပါပဲ၊ ကိုယ်က စိုးရိမ်လို့ ဖုန်းဆက်မေးတာပါ. . . ကိုယ့်နာမည်က ရန်နိုင်စိုးပါ"

-ပြောပြီး သူ ဖုန်းကိုချပစ်လိုက်သည်။ ဒီလောက်ဆိုရင်တော်ပြီ အခုချိန်ဆို ဟိုဘက်မှာ ဖုန်းခွက်ကိုကိုင်ရင်း ကြောင်တောင်တောင်ဖြစ်နေမှာသေချာသည်။ ပြီးလျှင် ဒေါသထွက်မည်။ သူက ဖုန်းမချခင် ကိုယ်က ပြောချင်တာပြောပြီး အရင်ချပစ်လိုက်တော့ ကောင်မလေး တော်တော် မအီမလည်နှင့် ဒေါသတွေပေါက်ကွဲနေမှာ မြင်ယောင်မိသည်။ ပြီးတော့ ရန်နိုင်စိုးဆိုသည့်နာမည်ကို စွဲနေအောင်မှတ်မိသွားမည်ဖြစ်၏။ သူတွေးရင်း ပြုံး၍ရန်နိုင်စိုးထံ ဖုန်းဆက်အကြောင်းကြားလိုက်သည်။ အခုတော့ သူက ရန်နိုင်စိုးကို ပြန်ပြီး သံတော်ဦးတင်နေရသည်။ အဲဒါမှ သူနဲ့ဒီကောင် အချိတ်အဆက်မိနေမှာဖြစ်၏။ နောက်နေ့တွေ သူ့ဖုန်းဆက်ရင်တော့ ကောင်မလေး အော်တာကိုခံရမှာ သေချာပါသည်။

"ဟယ်လို. . ."

"ဆုဆုကို ရှိပါသလားခင်ဗျာ"

"ပြောနေပါတယ်"

"ကျွန်တော် ရန်နိုင်စိုးပါ"

"ဩော်. . . ရှင်ကိုး. . . ဟိုနေ့က ရှင်ပြောချင်တာပြောပြီး ဖုန်းချသွားရအောင် ကျွန်မကို စော်ကားတာလား"

"ဟာ စော်ကားတာမဟုတ်ပါဘူးဗျာ. . . ကျွန်တော် ကြောက်လို့"

"ဘာရှင့်၊ ရှင်က ကျွန်မကိုကြောက်ရအောင် ကျွန်မက ကြောက်စရာကောင်းနေလို့လား"

"အာ. . . မဟုတ်ပါဘူးဗျာ၊ ခင်ဗျားက လှပါတယ်. . . လှလို့ပဲနောက်က တကောက်ကောက်လိုက်နေတာပေါ့"

"ဩော်. . . အဲဒါ ရှင်ကိုး"

"ဟဲ. . . ဟဲ. . . ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“နေပါဦး. . . ရှင်က ကျွန်မနောက် ဘာလို့လိုက်နေရတာလဲ”
“သြော်. . . ကျွန်တော့်အမေခေါ်နေလို့ သွားလိုက်ဦးမယ်နော်”
“ဂွပ်. . . တူ. . . တူ. . . တူ. . .”

“ဟယ်လို”
“ဆုဆုကိုလား”
“လာပြန်ပြီလား. . . ရှင်”
“ဟဲ. . . ဟဲ. . ကျွန်တော် ဆုဆုကိုကို ပြောစရာရှိလို့”
“မပြောနဲ့ နားမထောင်ချင်ဘူး၊ ကျွန်မကိစ္စရှိလို့ ဖုန်းချလိုက်တော့မယ်”
“တကယ်နော်. . . နားမထောင်ချင်လည်း ပြီးရော. . . နောက်မှ ကျွန်တော့်ကို အဆိုးမဆိုနဲ့”
“. . . . . . . .”
“ဟယ်လို”
“ဘာလဲပြော၊ အချိန်သိပ်မရဘူးနော်”
“အဟင်း. . . မနေ့က ဆုဆုကိုတို့အတန်းရှေ့မှာ ဆုဆုကို ပိုက်ဆံအိတ်ဖွင့်တုန်း ဆုဆုကိုရဲ့ ပတ်စ်ပို့ဓာတ်ပုံတစ်ပုံ ပြုတ်ကျသွားတယ်. . . အဲဒါ ကျွန်တော့်ဆီမှာ”
“ဟင်. . . ဟုတ်လား. . . ဘာလို့ ကျွန်မကိုပြန်မပေးတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"တော်ကြာ. . . ဇာတ်လမ်းရှာတယ် ထင်မှာစိုးလို့"

"အဲဒါဆို အခုရော"

"အစတုန်းကတော့ အမှတ်တရသိမ်းထားမလို့ပဲ ယူလာတာ၊ အခု ဘယ်နားထားမိမှန်းမသိဘူး"

"ဘာ. . . ရှင့်"

"အမလေး မအော်ပါနဲ့ဗျာ. . . နားကွဲသွားသလား အောက်မေ့ရတယ်. . . အလကားနောက်တာပါ၊ ကျွန်တော်က ဆုဆုကိုခုတ်ပုံကို အဲဒီလိုလုပ်ပါ့မလား. . . သေချာသိမ်းထားတာပေါ့. . . ညဘက် တစ်ရေးနိုးလို့ သတိရရင်တောင် ထုတ်ထုတ်ကြည့်ရတာအမော"

"ရှင်နော် စကားအကောင်းပြော ဖောက်ဖောက်မလာနဲ့"

". . . . . . . ."

". . . . . . . ."

". . . . . . . ."

ဟယ်လို. . . ဆုဆုကို ရှိပါသလားခင်ဗျား"

"အေး သားရေ ခဏလေးနော်. . . အန်တီခေါ်ပေးမယ်"

"ဟယ်လို"

"ဆု. . . ကိုပါ"

"ဘာဆုလဲ. . . ဘယ်သူခေါ်နိုင်းလို့လဲ၊ ရုတ်ရုတ် ရုတ်ရုတ်မလုပ်နဲ့၊ ဖုန်းချပစ်လိုက်မှာ ဟွန်း"

အဲဒီလို ဆုဆုကိုနဲ့သူ ရန်နိုင်စိုးအစား ဖုန်းပြောလိုက်တာ တစ်လလောက်ကြာသွားပါတယ်။ ဖုန်းထဲမှာတော့ ဆုဆုကိုက သူ့ကို တကယ် ရန်နိုင်စိုးလို့ ထင်နေလေရဲ့။ သူနဲ့ဖုန်းပြောနေစဉ်ကာလအတွင်းမှာ ရန်နိုင်စိုးကို ဆုဆုကိုမတွေ့အောင် ပြန်နေခိုင်းရပြန်တယ်။ အနောက်ကလိုက်ရင်လည်း ဆုဆုကိုမသိအောင် လိုက်ပြီး၊ အတန်းရှေ့သွားကြည့်ရင်လည်း ဆုဆုကို မသိအောင်သွားကြည့်ခိုင်းရပြန်တယ်၊ အဲဒီလိုဖြစ်လေ ဆုဆုကိုက ရန်နိုင်စိုးကို တွေ့ချင်လေပဲပေါ့. . . မိန်းကလေးဆိုတော့ သိတဲ့အတိုင်းပဲ၊ မမြင်ရလေ ပိုစိတ်ဝင်စားလေပဲ။ အဲဒါနဲ့ တစ်လလောက်ကြာတော့ ရန်နိုင်စိုးနဲ့ဆုဆုကိုကို ပေးတွေ့ပေးလိုက်ပါတော့တယ်။ ဒီကြားထဲက ဆုဆုကိုကို ရန်နိုင်စိုးအစား



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားစကား ပြောပေးလိုက်ရပါသေးတယ်။ ဟိုကောင် အပြင်မှာဆို ဆုဆုကိုနဲ့တွေ့ရင် ကြောက်ဒူးတုန်ပြီး မပြောဖြစ်မှာစိုးလို့. . . မိုးစက်တို့က သူများပေွအတွက်ဆိုရင်တော့ ချောလို့မောလို့. . . ကိုယ့်အတွက်ဆိုရင်တော့ ပါးစပ်က မထွက်ရတာနဲ့၊ လန့်နေရတာနဲ့၊ အလွဲလွဲအချော်ချော်ဖြစ်ရတာနဲ့. . . အခုဆို ဆုဆုကိုနဲ့ရန်နိုင်စိုးတို့ တော်တော်အဆင်ပြေနေပြီ. . . ဆုဆုကိုက ရန်နိုင်စိုးကို ချစ်မယ်ဆိုတဲ့အပိုင်းတောင်ရောက်လာပြီ. . . ဘာပဲဖြစ်ဖြစ် ဒီကောင် သေချာသလောက်ရှိနေပါပြီ. . . အင်း. . . သူ့မှာသာ နွေ့ဆီကအဖြေကို ရင်တမမနဲ့စောင့်နေရတာ. . . သူကူညီပေးလိုက်တဲ့လူတွေကတော့ အဆင်ကိုပြေလို့. . . ရှေးလူကြီးတွေပြောတဲ့စကား သိပ်မှန်တာပဲလို့ တွေးနေတယ်. . . ပန်းပဲသမား ဓားကောင်းမကိုင်ရဆိုတာ ဒါမျိုးပဲ ဖြစ်မယ်။ ဆိုင်မဆိုင်တော့ မသိပါ။

ပထမနှစ် နောက်ဆုံးစာမေးပွဲတွေဖြေဖို့တောင် နီးနေပြီ၊ ဘာလိုလိုနဲ့ (တစ်လခွဲ)လောက်ပဲ လိုတော့သည်၊ သူကတော့ စာမေးပွဲနီးလေ ပျော်လေ ဖြစ်၏။ ဘာဖြစ်လို့လဲဆိုတော့ နွေ့ဆီက အဖြေကိုရဖို့ လဝက်လောက်ပဲ လိုတော့သည်။ လဝက်ဆို (၁၅)ရက်ပေါ့။ ဘာပဲဖြစ်ဖြစ် (၁၅)ရက်ဆိုတာ ဖင်လှည့်ခေါင်းလှည့်နဲ့ ပြီးသွားမှာ. . . စာမေးပွဲတွေနီးတော့ နွေက အိတ်နဲ့ အဆောင်မှာလာနေသည်။ အခုမှ သူ့အတွက် ပိုဟန်ကျနေရသည်။ နွေ့ကို ကျောင်းမှာဆိုလည်း တွေ့ရသလို. . . အဆောင်ပြန်ရောက်တော့လည်း သူ သွားသွားတွေ့၏။ တစ်ခါတစ်ရံ ညဘက် သီချင်းတွေဘာတွေတောင် သွားသွားဆိုပြလိုက်သေးတယ်။ နွေကလည်း သူ့ကို အရင်တုန်းကထက် ပိုပြီး ရင်းနှီးလာသည်၊ သူနှင့်နွေက တရားဝင်ရည်းစားတွေသာ မဖြစ်သေးတာ အပြတ်မ်း ကျောင်းမှာတတွဲတွဲဆိုတော့ သူတို့အကြောင်း မသိသူအားလုံးက ရည်းစားတွေလို့ ထင်ကုန်ကြပြီ။

ဒါကို နွေကလည်း အရင်ကလို ဂရုမစိုက်တော့ပါ။ ရှက်ခြင်း၊ စိုးရွံ့ခြင်း လုံးဝမရှိတော့။ သူ့ပုံစံက စာမေးပွဲအောင်မှာကို ကြိုသိနေသည့်





ကျောင်းသားတစ်ယောက်က စာမေးပွဲအောင်စာရင်းကိုကြည့်ရမှာ မစိုးရိမ်တော့သလို. . . သူ နွေ့ဆီက ရမည့်အဖြေကိုလည်း လုံးဝမစိုးရိမ်တော့ပါ။ သူ့ဘက်က ရာနှုန်းပြည့်ရုံတင်မက ကျော်တောင်ကျော်နေပါပြီ။

အခုမှ သူတို့အဖွဲ့ကြီးလည်း အရင်ကထက် လူပိုများလာပြီး ပိုပြီးစိမ်းလန်းစိုပြည်လာသည်။ အရင်ကတည်းက သူတို့ကို တစ်ကျောင်းလုံးက သတိထားမိကြတာ အခုတော့ လူပိုသိကုန်သည်။ တချို့က အမြတမ်းပျော်နေတတ်သည့် သူတို့အဖွဲ့ကို အားကျသည်။ တချို့က စိတ်ညစ်သည်။ ဒါပေမဲ့ သူတို့ကို အမြင်ကတ်သူတော့မရှိပါ။ သူတို့ကလည်း သူတစ်ပါးကို ဒုက္ခပေးတာမဟုတ်တော့ အားလုံးက ခင်ကြ၏။

အခုဆို အိကလည်း ဝင်းထွဋ်ကို အရင်ကလိုပြန်ခေါ်နေပြီ။ နောက်တော့ သူတို့တွေ့တိုင်း ဝိုင်းပြောကြလွန်း၍ နားပူလို့ပဲလား ဒါမှမဟုတ် သူ့စိတ်ထဲကအတိုင်း ရှိလို့ပဲလားမသိ။ ဝင်းထွဋ်ကို ချစ်သူ့လား(?) စည်းစားမယ်တွေဘာတွေ တောင် ဖြစ်ကုန်ပြီ။ ပထမတော့ (၃)နှစ်တဲ့။ နောက်တော့ သူငယ်ချင်းတွေ အုပ်စုလိုက် ဝိုင်းပြီး အိကို ဆစ်လိုက်ကြတာ နောက်ဆုံးတော့ အိလည်း စာမေးပွဲဖြေပြီးရင် ပေးမယ်ဆိုတဲ့အဆင့် ရောက်ရတော့သည်။ ဝင်းထွဋ်ဆိုတဲ့အကောင်ကလည်း ပြုံးလို့ရွှင်လို့ အခုမှ ပိုကဲလာသည်။ မနက်ဆို အစောကြီးထပြီး အိအဆောင်ရှေ့ သွားစောင့်ရတာအမော၊ အခုတော့ အိကလည်း အရင်ကလို ဝင်းထွဋ်ဆီက နှင်းဆီပန်းကို ကိုင်ပေါက်မပစ်တော့။ အသာတကြည် လက်ခံလေသည်။ တစ်ခါတလေ ပါမသွားရင်တောင် စိတ်ကောက်သေး၏။

အဆိုးဆုံးက ရန်နိုင်စိုး။ ဒီကောင် အဖြစ်သည်းလွန်းနေ၏။ ဆုဆုကို အတန်းကိုပဲသွားနေတာ စာလည်းသိပ်မလုပ်၊ အားအားရှိ သူ့မှာ လွမ်းနေတာနဲ့ဆွေးနေတာနဲ့ ပြီးနေတာပဲ။ သူ့ကို အားလုံးက ဝိုင်းပြောရတော့သည်။ အဲဒီကျမှပဲ ဒီကောင် နည်းနည်းပါးပါး အသွားအလာဆင်ခြင်ကာ စာလေးဘာလေးလုပ်လာတော့သည်။ သို့သော် ဆုဆုကို တစ်ခါတလေတော့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ဆီ ရောက်ရောက်လာတတ်ပါသည်။ ဆုဆုကို တခြားသူတွေနှင့်မတူ တစ်မူထူးခြား၏။ မာနနည်းနည်းကြီးပြီး၊ စကားအပြောအဆို နည်းသည်။ သို့သော် ရန်နိုင်စိုးကိုတော့ ချစ်ပုံရပါသည်။ အဖြေမပေးသေးပေမယ့် ရန်နိုင်စိုးလည်း အခြေအနေကောင်းပါသည်။ ဒါပေမဲ့ ဆုဆုကို သူတို့နှင့်စာလျှင် အိတို့နဲ့ကျတော့ မိန်းကလေးချင်းဆိုတော့ ပိုရင်းနှီး၏။

ဇာနည်နဲ့ ကျော်မင်းကတော့ ထုံးစံအတိုင်း မကည့်အတူနေပဲ မတွေ့ရလျှင်လည်း မနေနိုင်သလို၊ တွေ့ပြန်တော့လည်း တကျက်ကျက် ဒီကောင်တွေကတော့ အခုထိ ဂေါ်မဖွဲ့တဲ့ကောင်တွေ၊ ဘယ်မိန်းကလေးကိုမှလည်း တိတိပပ မလိုက်ဖူးသလို၊ ဘယ်မိန်းကလေးကမှလည်း သူတို့ကို စိတ်မဝင်စားပါ။ ဒီတစ်ခါ တစ်ခုထူးခြားတာက သူတို့နှစ်ယောက်လုပ်ပေးလိုက်လို့ နေထွေးဦး ကေကေနဲ့ ပြန်အဆင်ပြေသွားခြင်းပင်။ ဒါတော့ ဒီကောင်တွေ တော်ပါသည်။ သူတို့နှစ်ယောက် ကေကေကို ပါးစပ်က အမြုပ်ထွက်မတတ် သွားရှင်းပြ၍ ပြန်အဆင်ပြေသွားကြ၏။ အရေးကြီးဆုံး တစ်ချက်ကျန်ပါသေးသည်။ သူ့အချစ်တော်ကတော့ ဝင်းစန္ဒာသိန်းနဲ့ကြိုက်သွားပါသည်ဗျား။

အဲဒါလေးတစ်ခုကတော့ သူတို့အဖွဲ့ထဲမှာ ဘယ်သူ့အကူအညီမှ မယူဘဲ သူ့ဟာသူ စွတ်ရွတ်ပြီး အရူးက တစ်မူးသာသွားပါသည်။

# ကလင်

“ကလင် . . . ကလင် . . . ကလင်”

ဖုန်းသံကြားတော့ သူ့အခန်းထဲကဖုန်းကို အိပ်ရာထဲမှ လှမ်းကိုင်မလို့အလုပ်၊ ဧည့်ခန်းမှ မေမေက လှမ်းကိုင်လိုက်သံကြားရပါသည်။

“သားရေ . . . မင်းဖုန်း . . . မောင်ရန်နိုင်စိုးတဲ့”

သူ ဖုန်းခွက်ကိုလှမ်းကိုင်၍

“ကိုင်လိုက်ပြီ မေမေ . . . ဟယ်လို”

“အေး . . . ဟေ့ကောင် မိုးစက် . . . မင်း မနက်ဖြန် အဒေါ်ကို အိမ်က ဘယ်အချိန်ထွက်မှာလဲ”

“မင်းကလည်း အယူအဆန်း လုပ်မေးနေသေးတယ် . . . ထုံးစံအတိုင်း ၆း၃၀ လောက်ပေါ့”

“မဟုတ်ဘူး၊ ငါ့အိမ်က ကားဖျက်သွားလို့ မင်းကို အိမ်ကလိုက်ပို့ရင် ငါ့ကိုဝင်ခေါ်ပါ”

“ဪ . . . အေး . . . အေး . . . မနက်ဖြန် အဖေလိုက်ပို့ပေးမယ် ပြောတယ် . . . ငါဝင်ခေါ်လိုက်မယ်လေ”



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အေး. . . အဲဒါပြောတာ"

ပြောပြီး ဖုန်းချသွား၏။ သူလည်း ဖတ်လက်စစာအုပ်ကို ကောက်ကိုင်ကာ ဖတ်မလို့လုပ်တုန်းပဲရှိသေးသည်။ ဖုန်းက ထပ်မြည်လာပြန်သည်။ ရန်နိုင်စိုးပဲဖြစ်မည်ဟု ကောက်ကိုင်လိုက်၏။ ရန်နိုင်စိုးမဟုတ်ပါ။ နေထွေးဦး။

"ဟေ့ကောင်. . . မိုးစက် ယက်ဖက်ရည်ဆိုင်သွားမလို့ လိုက်မလား"

"အာ. . . မလိုက်တော့ဘူး. . . စာကျက်မလို့"

"မိုးကြိုးတွေပစ်ကုန်ဦးမယ်. . . စကားကို လက်လွတ်စပယ်မပြောနဲ့"

"တကယ်ပါကွာ. . . ငါ စာတွေမရသေးလို့ပါ"

နေထွေးဦး ပွစိပွစိနဲ့ ဆဲနည်းပေါင်းစုံဆဲကာ ဖုန်းချသွား၏။ စာအုပ်ကို ကောက်ကိုင်ရုံပဲရှိသေးသည်။ နောက်ထပ်ဖုန်းဝင်လာပြန်သည်။

"ဟယ်လို"

"မိုးစက် ဟေ့ကောင်. . . ငါ ကျော်မင်း"

ဒီနေ့ကျမှ သူငယ်ချင်းပေါင်းစုံက ဖုန်းဆက်နေလိုက်တာ ပြီးကိုမပြီးနိုင်ဘူး၊ သူလည်း စိတ်မရှည်စွာနှင့်. . .

"ဘာလဲ. . . ပြောကွာ"

"ဟာ. . . မင်းအသံက ရင့်လှချည်လား"

"မင်းတို့တွေ တစ်ယောက်ပြီးတစ်ယောက်ဖုန်းဆက်နေတာ. . ဒီမှာ စာလုပ်ရတယ်ကို မရှိဘူး"

"အမယ်လေး. . . ခွေးဖင်က နတ်စကားမထွက်နဲ့ ဆက်ချင်လို့ ဆက်တာမဟုတ်ဘူး၊ ဇာနည် မင်းဆီလာသလားသိချင်လို့"

"မလာဘူး. . . နေစမ်းပါဦး မင်းနဲ့ဇာနည်က အိမ်နီးနီးလေးမဟုတ်ဘူးလား၊ သူ့အိမ်သွားကြည့်ပါလား"

"သွားကြည့်စရာမလိုဘူး၊ ငါ့အိမ်မှာ ဇာနည်နဲ့ငါ စာလုပ်နေကြတာ ဒီကောင် ခဏဆိုထွက်သွားတာ ပြန်မလာလို့ မင်းဆီများရောက်နေသလား





ဆက်မေးတာ. . . ဒါပဲ ဟေ့ကောင်. . . ငါ ဟိုကောင်တွေဆီ ဆက်မေးလိုက်ဦးမယ်"

ပြောပြီး ဖုန်းချသွား၏။ သူလည်း စာလုပ်ချင်စိတ်မရှိတော့တာနဲ့ အိမ်ရှေ့ကို ထွက်မယ်အလုပ်. . .

"ကလင်. . . ကလင်. . . ကလင်"

ဟာ သူတော်တော်အချဉ်ပေါက်သွားသည်။ အလုပ်ကိုကောင်းကောင်းမလုပ်ရ။ ဒီဖုန်းပဲ ထိုင်ဖြေနေရသည်။ မေမေကလည်း မီးဖိုချောင်ဝင်နေလားမသိ၊ အိမ်ရှေ့မှ ဖုန်းမကိုင်တော့။

ဒီတစ်ခါ ဆက်သည့်အကောင်ကို သူပယ်ပယ်နယ်နယ် ဆဲပစ်လိုက်မည်ဟုတွေးကာ ဖုန်းခွက်ကို ဒေါသတကြီးလှမ်းကိုင်လိုက်၏။

"ဟယ်လို"

". . . . . ."

"ဟယ်လို"

". . . . . ."

ဟိုဘက် ပြန်ထူးသံမကြားရ။ သူစိတ်ကိုဖုသည့်အထဲ ဒေါသပါဖြစ်လာသည်။

"ဟေ့ကောင်တွေ. . . ပြောကွာ. . . စကားမပြောတတ်လည်း ဖုန်းမဆက်နဲ့"

ပြောပြီး ဖုန်းကိုချပစ်လိုက်၏။ ထပ်လာပြန်သည်။ သွားပြီ. . . ဒီနေ့ တစ်နေ့လုံး ဘာတွေဖြစ်နေလဲမပြောတတ်။ ဖုန်းတွေလာနေလိုက်တာ ဆက်တိုက်. . . လောကကြီးမှာ ဘာတွေ ဒီလောက်အရေးကြီးနေသည်မသိ။ သူ ဖုန်းကိုပြန်ကိုင်လိုက်ပြီး

"ဟယ်လို ပြောပါဗျာ"

". . . . . ."

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



ခုနကလိုပဲ ဖုန်းကိုမပြောဘဲ ကိုင်ထားသည်။ သူဒေါသထွက်သွားပြီး

"ဗိုမှာ. . . ဖုန်းသရဲလုပ်နေရအောင် တော်တော်အချိန်တွေ အားနေလား"

တစ်ဖက်ကလူကို ကောပစ်လိုက်၏။ ဒါလည်း ဟိုဘက်က ပြန်မထူး။ တော်တော် စိတ်ထဲမှာ ကသိကအောက်ဖြစ်နေပြီ. . .

"ဟယ်လို"

"တောက်. . ."

နားနားကပ်ပြီး ဗျောက်အိုးဖောက်လိုက်သလို တစ်ဖက်မှ တောက်ခေါက်ကာ ဖုန်းချသွားတော့ သူတော်တော်ကြောင်သွားသည်။ ဘာတွေလဲ သူမစဉ်းစားတတ်တော့။ ဒါမျိုးလည်း သူတစ်ခါမှမကြုံဖူးတော့ တွေးရခက်နေသည်။ နောက်ဆုံး သူခေါင်းတွေနောက်လာ၍ ဖုန်းပလပ်ကို ဆွဲဖြုတ်ပစ်လိုက်တော့သည်။ အဲဒီကျမှပဲ ကိုရွှေဖုန်းက အအော်ရပ်သွားပြီး နားအေးသွားတော့၏။

## နွေ

"ဘာတုန်း. . ."

ထီးကလေးကို ခေါက်နေရင်းမှ ချစ်စဖွယ်အသံလေးနှင့် ဆိုပါသည်။

"နွေ့ကို ကိုယ်အရမ်းချစ်တာသိလား"

"သိသားပဲ. . ."

နွေက ပြုံးတုံ့တုံ့လုပ်ပြီး မျက်နှာလေး ပေစောင်းစောင်းလုပ်ကာ ပြောသည်။ ဘယ်လိုကြည့်ကြည့် တော်တော်ချစ်ဖို့ကောင်းသည်။

"နွေ ကိုယ့်ကိုအဖြေပေးဖို့ တစ်ပတ်ပဲလိုတော့တယ်နော်"

"ဟုတ်လား. . . နွေတောင် မှတ်မထားဘူး. . . အင်း ပြန်တွက်ကြည့်ဦးမယ်"

လက်ချောင်းကလေးတွေကို ထောင်၍ စဉ်းစားဟန်လုပ်နေသည့် သူ့ချစ်သူလေးကို တော်တော်အသည်းယားသွားသည်။ သူသိလျက်နဲ့ သူ့ကို တမင်လုပ်တာပါ. . . တစ်ခါတစ်ရံ နွေက အဲဒီလိုချစ်ဖို့ကောင်းသည်။

"နွေ. . . အဲဒီလို လုလည်မကျနဲ့နော်. . . ကိုယ့်မှာ နွေ့ဆီကအဖြေကို မျှော်ရလွန်းလို့ လည်ပင်းရှည်ထွက်လာပြီး ကုလားအုပ်က အဘခေါ်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ခစ်. . . ခစ်. . . ခစ်. . . ခစ်"

နွေက သဘောကျစွာ လက်ကလေးအုပ်ပြီး ရယ်ပါသည်။ အဲဒီလို အေးချမ်းရင်ခုန်နေသည့် သူ့ဘဝလေးကို ပြဿနာက ဆိုင်းမဆင့်ဗုံမဆင့် ရောက်လာပြီး ဂုတ်တုတ်ကြီးဝင်ထိုင်ပါတော့သည်။

သူတို့စားပွဲဝိုင်းလေးကို ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ဝင်ထိုင်သံကြားလိုက်တော့ လန့်ဖျပ်ပြီးလှည့်ကြည့်လိုက်တော့ ဆုဆုကို. . .

"ဟာ. . . ဆုဆုကို လာထိုင်လေ"

"ဟယ်. . . ဆု အကဲန်းမရှိဘူးလား"

သူနဲ့နွေ ပြိုင်တူပြောလိုက်တာပါ။ ဒါပေမဲ့ ဆုဆုကိုကတော့ ဘယ်သူ့ကိုမှ အရေးမစိုက်သည့်ပုံစံနှင့် သူ့ကို မီးဝင်းဝင်းတောက်သည့် မျက်လုံးများနှင့်ကြည့်ကာ. . .

"ဒီမှာ ကိုမိုးစက်. . . ရှင်တို့အကြံက ဒါအကုန်ပဲလား"

"ဗျာ. . . ဘာ. . . ဘာ. . . ဖြစ်လို့လဲဗျာ"

သူ နားမလည်နိုင်စွာအမေး

"ဟင်း. . . ဟင်း. . . အိပ်ချင်ယောင်ဆောင်သူကို နှိုးရခက်တယ်လို့ ကျွန်မကြားဖူးတာ ယုံသွားပြီ၊ ရှင်အခုမှ မသိချင်ယောင်ဆောင်မနေနဲ့"

သူ့ကို လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောနေသော ဆုဆုကိုကို သူ ဘယ်လိုမှနားမလည်နိုင်။ နွေလည်း သူတို့ကို နားမလည်နိုင်စွာ အူကြောင်ကြောင်နှင့်ကြည့်နေသည်။ ဆုဆုကို၏မျက်နှာမှာ တော်တော် တင်းမာခက်ထန်နေပြီး မျက်ဝန်းမှာလည်း နီရဲကာ မျက်ရည်တွေတောင် ဝဲနေသည်။ လူကလည်း ဒေါသကြောင့် နှုတ်ခမ်းသားတွေတောင် တဆတ်ဆတ်တုန်နေတော့၏။

"ကျွန်တော်တကယ်မသိတာပါ. . . ဘာ. . . ဘာတွေဖြစ်နေတာလဲဗျာ. . . ပြော. . . ပြော. . . ပါဦး. . . ကျွန်တော့်ကို အပွင့်လင်းဆုံးပြောပါ"





"ဟုတ်ပါတယ်ဆုရယ်. . . စိတ်အေးအေးထားပြီးပြောပါ. . . နွေ. . . နွေဖြင့် ရင်တုန်လိုက်တာ"

"နွေ. . . နွေ့ကိုတော့ အားနာပါတယ်၊ ယောကျ်ားတွေက ဘယ်လောက်ကောင်းတယ်ပြောပြော ဒီပုတ်ထဲက ဒီပဲပဲနွေ ဒီမှာကိုမိုးစက် ရှင်က မသိချင်ယောင်ဆောင်နေတော့ ပြောပြရတာပေါ့၊ ရှင် ကျွန်မဆီကို ဘာဖြစ်လို့ဖုန်းဆက်ရတာလဲ၊ ရှင့်မှာလည်း ရည်မှန်းထားတဲ့သူရှိရဲ့သားနဲ့ ရှင်မို့လို့ အရှက်မရှိ၊ ကျွန်မဆီ ဖုန်းဆက်ရဲသေးတယ်၊ ပြီးတော့ ရန်နိုင်စိုးနာမည်သုံးပြီး ကျွန်မကိုထပ်လိမ်တယ်၊ ရှင်တို့ ယောကျ်ားတွေ မိန်းမတစ်ယောက်အပေါ် ပူးပေါင်းပြီး အရူးလုပ်တယ်. . . ရှင်တို့ ယောကျ်ားတန်မဲ့နဲ့အောက်တန်းကျတဲ့သူတွေ"

"ဗျာ. . ."

သူပြာသွားသည်။ ရင်ထဲမှာလည်း အုန်းခနဲ မြည်ဟီးသွားပြီး. . . ခေါင်းတစ်ခုလုံး ချာချာလည်သွား၏။

"မဟုတ်ဘူး. . . ဆုဆုကို. . . ကျွန်တော်ရှင်းပြ. . ."

"တော်ပြီ. . . ဘာမှရှင်းပြစရာမလိုတော့ဘူး. . . အားလုံးပြီးသွားပြီ၊ ဒီမှာ ရှင့်လိုအောက်တန်းကျတဲ့လူတစ်ယောက်ကို ကျွန်မ စကားဆက်ပြောနေလို့ အပိုပဲ. . . ရန်နိုင်စိုးလည်းအတူတူပဲ. . . ရှင်တို့တွေ ကျွန်မ မာနနဲ့ သိက္ခာကို ရိုက်ချိုးပစ်တဲ့သူတွေ. . . ရှင်တို့ကို ကျွန်မမုန်းတယ်"

သူ ဆုဆုကိုဆက်ပြောတဲ့ စကားတွေကို ကြားတစ်ချက် မကြားတစ်ချက်နှင့် ပတ်ဝန်းကျင်တစ်ခုလုံး အသံတွေ ဘာမှမသဲကွဲတော့. . . ဆုဆုကို၏ တောက်ခေါက်သံ. . . စွပ်စွဲသံ. . . ပြီးတော့ နွေ၏ရှိုက်သံ. . . ကဲန်တင်းတစ်ခုလုံးမှလူများက သူတို့အပေါ်ကြည့်နေသည့် အကြည့်များ၊ ပြီးတော့ နွေ၏ ဆုဆုကိုကိုတောင်းပန်သံ. . . ဆုဆုကို၏ ဝုန်းခနဲထသွားသံများမှာ သူ့နားထဲသို့ အဆီအငေါ်မတည့် ဝင်ရောက်ရိုက်ခတ်၏။

လွင့်ထွက်သွားသောစိတ်သည် ခန္ဓာမှာ သတိထား၍ထိန်းလိုက်ချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ သူပထမဦးဆုံး ရင်ဆိုင်လိုက်ရသည်မှာ သူ့ကို စိမ်းစိမ်းကားကား ကြည့်နေသည့် နွေ၏မျက်ဝန်း. . . ဒီမျက်ဝန်းမျိုးကို နွေ့ဆီက သူမြင်ရလိမ့်မယ်လို့ ထင်မထားခဲ့သည့်မျက်ဝန်း၊ ပြီးတော့ စီးကျလာသော နွေ့မျက်ဝန်းမှမျက်ရည်။ သူဖြစ်နိုင်လျှင် အရာအားလုံးနှင့် အဝေးဆုံးနေရာသို့ ဝုန်းခနဲ ပြေးထွက်လိုက်ချင်သည်။ နွေ. . . အောက်နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ကာ မိန်းမတစ်ယောက်၏ အရှက်နှင့်သိက္ခာကို လူလည်ကောင်မှာ ချမြှလိုက်ရသည့်သူတစ်ယောက်၏ ခံစားချက်၊ ပြီးတော့ သူ့ကိုကြည့်နေသည့် သူ့အကြောက်ဆုံးမျက်ဝန်း. . .

"နွေ. . ."

သူတုန်ယင်စွာ လှမ်းခေါ်လိုက်သည်။ ဘယ်စကားက စပြောရမှန်းမသိတော့. . . စကားလုံးအခွန်းပေါင်း တစ်သိန်းလောက် လည်ချောင်းဝမှာ တစ်ဆို့ကုန်သည်။

နွေ သူ့ကို တစ်ချက်လှည့်ကြည့်ကာ မျက်ရည်များကြားမှ ပြုံးပြသည်။ ကမ္ဘာပေါ်တွင် ပန်းတွေပြိုင်တူဖူးပွင့်သလို လှပသည်ဟု သူတင်စားထားသော နွေအပြုံးသည် ဒီတစ်ခါ လဒ်လဒ်မှမသက်ဆိုင်တော့. . . လောကကြီးတစ်ခုလုံးရှိ အပြစ်ဒဏ်အားလုံးကို သူခံနိုင်ပါသည်။ ဒါပေမဲ့ သူ နွေဆီက ဒီအပြုံးတစ်ခုကိုတော့ လုံးဝမလိုချင်. . . နွေသည် သူ့ကို စကားအခွန်းပေါင်းများစွာနှင့်ညီမျှသော အပြုံးတစ်ချက်ကိုပေးသွားခဲ့ပြီ။ မဲ့ပြုံး. . . ဒီအပြုံးတစ်ခုတည်းနဲ့ပင် နွေ သူ့အပေါ်ပြောချင်နေသည့် စကားများကို သုနားလည်လိုက်ပါပြီ၊ ပြီးတော့ ဝုန်းခနဲထကာ ထွက်သွားတော့သည်။

ရင်ခွင်တစ်ခုလုံး ဟာ. . . ခနဲဖြစ်သွားပြီး. . . ဦးနှောက်၊ ဗိညာဉ်နှင့် ကလီစာ အားလုံးမရှိတော့သည့်နှယ် ခန္ဓာကိုယ်သည် အခွံကြီးအတိုင်း ဟာလာဟင်းလင်းဖြစ်၍ ကျန်ခဲ့ပါတော့သည်။

တား

သောက်ဆိုင်တစ်ခုလုံးမှာ လွှန်းသံ၊ ပန်းကန်သံများနှင့် လူသံတို့က ဆူညံပြည့်ကျပ်ကာနေ၏။ ကုန်လုကုန်ခင် ဖြစ်နေသည့် အရက်ပုလင်းပြားနှင့် သောက်လက်စ အရက်ခွက်တို့က သူ့ရှေ့တွင် ငုတ်တုတ်ထိုင်ကာကြည့်နေကြသည်။ သူထပ်မှာသော အမြည်းတချို့နှင့်ဆော်ဒါပုလင်းကို စားပွဲထိုးကောင်လေးက လာချပေးချိန်မှာတော့

"နောက်တစ်ပြားလုပ်ဦးကွာ"

"ဟာ. . . အစ်ကို သိပ်များနေပြီ. . . နေ့ခင်းကတည်းက အစ်ကို ထိုင်နေတာ. . . ပြန်ပါတော့အစ်ကိုရယ်"

ကောင်လေး၏စိုးရိမ်သံ၊ သူ နေ့လယ်ကတည်းက ဒီဆိုင်ကိုရောက်နေတာတဲ့၊ သူပြန်စဉ်းစားလိုက်တော့ ဟုတ်သလိုလို. . . သူ ဒီဆိုင်ကလူတွေနဲ့သိကြသည်။ သူတို့လမ်းထိပ်ကဆိုင်. . . ဒါဆို သူသောက်နေတာ နှစ်ပြားတောင် ကုန်သွားပြီပေါ့. . . အခုမှ ပထမျှမ္မန်ဘဝကို ပြန်ရောက်လာသည့် ခေတ်လွန်လူသားတစ်ယောက်နှယ် ကိုယ့်ကိုယ်ကို အမေးအဖြေလုပ်နေမိ၏။ ဒါပေမဲ့ ဒီလောက်သောက်တာတောင် သူ အခုထိ မမူးသေးဘူးထင်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မူးသွားလျှင် အရာအားလုံးခံစားရသမျှ ခေတ္တတော့ သက်သာသွားနိုင်သည်။ ဒါပေမဲ့ အခု အားလုံးကိုသူသိနေသည်။ ယိမ်းယိုင်သွားသော သူ့ခန္ဓာကိုယ်ကို ကောင်လေး ထိန်းပေးလိုက်သည်ထင်သည်။

"ရတယ်. . . ရတယ်. . . ငါဘာမှမဖြစ်ဘူး"

"ဟာ. . . မဟုတ်သေးဘူး. . . အစ်ကို တော်တော်မူးနေပြီ"

"ဘာ. . . ဟား. . . ဟား. . . ဟား. . . ငါမူးနေပြီဟုတ်လား၊ ငါ အကုန်သိနေတယ်. . . ငါ. . . ငါ မမူးသေးဘူးကွ. . . အော့"

ကောင်လေး စိတ်ညစ်စွာ ခေါင်းကုတ်၍

"အစ်ကိုပြန်ရင် ကျွန်တော် ဆိုက်ကားငှားပေးလိုက်မယ်လေ"

"ဟော့ကောင် မပြန်ဘူးကွ. . . ငါ. . . ငါ. . မူးအောင်သောက်ဦးမှာ"

"ဒုက္ခပါပဲ"

ကောင်လေးက သူ့ကိုစိတ်ပျက်ပြီး ရေရွတ်ကာကြည့်နေတော့သည်။ သူ့ကိုမူးနေပြီတဲ့. . . လောကကြီးကို ကွဲထွက်သွားမတတ် အော်ရယ်လိုက်ချင်သည်။ သူလုံးဝမမူးတာ သူဟာသူပဲသိသည်။ ဒါကို သူတို့မယုံ၊ ရင်ခွင်တစ်ခုလုံး ပူလောင်ကာ ခန္ဓာအတွင်းမှ နလုံးသွေးတို့က ဆူပွက်လာပြီး နောက်ဆုံး ပုန်းခနဲဆောင့်တက်ကာ ပွင့်ထွက်သွားသလို ခံစားလိုက်ရသည်။

"အော့. . ."

"ဟာ အစ်ကို. . . ဟာ ဒုက္ခပဲ. . . ဟော့ကောင်တွေ လာကြစမ်း. . . ဒီကို. . . ခဏ"

ပတ်ဝန်းကျင် ဘာတွေဖြစ်ကုန်တာလဲ. . . သူ့နားမှာ လူရိပ်တွေ အရာရာမသဲကွဲတော့. . . ပြီးတော့ စားပွဲတွေပြိုလဲသံ. . . သူ့နာမည်ကို ခေါ်သံလိုလိုအသံတွေ. . . ခုံတွေလဲပြိုသံ တစ်ခုပြီးတစ်ခု ဝိုးတဝါးကြားနေရသည်။ သူစိတ်ကသိနေသော်လည်း ခန္ဓာကိုယ်ကို သူ့ဟာသူ ဆွဲထူမရတော့. . . နောက်ဆုံး သူ့ကို လူတွေဝိုင်းမပြီး ဆိုက်ကားတစ်စီးပေါ် တင်ပေးလိုက်သည်ထင်သည်. . . ဒါပေမဲ့ သူ သတိမလွတ်သေး၊ လမ်းတစ်လျှောက်





ခတ်မီးတိုင်များကို သူတွေ့နေရသည်။ အားလုံးက သူ့ကိုလှောင်ပြောင်နေသလို. . . အဲဒီနောက်တော့. . . သူသတိရလိုက်တာ မေမေ၏တံခါးဖွင့်ပေးသံ. . . သူအခန်းထဲအလိုလိုရောက်ပြီး အိပ်ရာပေါ် ပစ်လှဲလိုက်တာပဲ သိလိုက်သည်။

အတွေးထဲမှာ အရာအားလုံးမှောင်အတိ. . . နောက်တော့ အတွေးထဲမှာ နွေ၏မျက်နှာလေး တဖြည်းဖြည်းပေါ်လာသည်။ သူနှင့်နွေ အမှောင်ထဲမှာ တစ်ယောက်နှင့်တစ်ယောက် မတွေ့ရတော့ဘဲ ပျောက်သွားပြန်သည်။ မီးစနှင့်ထိုးထားသလို ရင်တစ်ခုလုံး ပြန်လည်ပူလောင်လာပြန်သည်။ တစ်ကိုယ်လုံးလည်း ချွေးတွေနှင့်ကပ်စီးနေ၏။ သူ အင်္ကျီကိုကြိုးစားချွတ်သည်။

မျက်လုံးနှစ်ဖက်ကိုဖွင့်ကြည့်လိုက်တော့ အခန်းတစ်ခုလုံးမှာ အရာဝတ္ထုများ ယိမ်းထိုးနေ၏။ တစ်ကိုယ်လုံးလည်း ပေါက်ကွဲစ မီးတောင်၏ တွင်းဝမှာ ငုတ်တုတ်ထိုင်နေသလို ပူလောင်နေ၏။ သူ အင်္ကျီကို ဒုတိယအကြိမ် ကြိုးစားချွတ်သည်။ အောင်မြင်သွားတော့ အနည်းငယ်သက်သာသွားသလို. . . ဒါပေမဲ့ ခဏပဲ. . . မခံနိုင်တော့သည့်နောက်ဆုံး သူ အဲယားကွန်းခလုတ်ကို ဖွင့်၍ အအေးဓာတ်ကို အဆုံးထိတင်ချလိုက်၏။ ကဲ ဘာတတ်နိုင်သေးလဲ. . . ပူလေ. . . ပူဦးလေ. . .

အပူဒဏ်ကို သက်သာသွားခါစရှိသေးသည်။ နွေ့အရိပ်က အာရုံတွင် ပြန်ပေါ်လာပြန်သည်။ ရင်ထဲမှာ ခံစားချက်က လူနှင့်မမျှတော့။ သူ နွေ့ကိုအရမ်းချစ်သည်။ နောက်ဆုံးနေ့က နွေ သူ့ကိုကြည့်နေသည့်အကြည့်ပြီးတော့ နွေ၏နှုတ်ဆက်ဟန်ပြုံး. . . အရာအားလုံး တစ်ခန်းရုပ်(VIDEO)ပြသလို တစ်ကွက်ပြီးတစ်ကွက် ပေါ်လာသည်။ သူငယ်ချင်းတွေအားလုံး မျက်နှာ. . . မျက်နှာတွေ. . . တစ်ခုပြီးတစ်ခု ဝေးသွားလိုက် နီးလာလိုက်နှင့် တဖြည်းဖြည်း ခေါင်းတစ်ခုလုံး မူးဝေလာသည်. . . တဖြည်းဖြည်း. . . တဖြည်းဖြည်း အမှောင်ထုထဲသို့ သူ့ခန္ဓာကိုယ် တရွေ့ရွေ့လွင့်နေသလို



www.burmeseclassic.com

www.burmeseclassic.com



ဝင်းခနဲ လင်းခနဲ လျှပ်စီးလက်သလိုဖြစ်သွားသည်။ အလင်းရောင်ထဲမှာ မေမေ. . . ဖေဖေ. . . ပြီးတော့ နွေ. . . သူငယ်ချင်းတွေအားလုံး သူမြင်လိုက်၊ သိလိုက်ရသည်။ နောက်ဆုံး သူ အသူတရာနက်သည့် အမှောင်ချောက်ကြီးထဲသို့ ထိုးကျသွားပါတော့သည်။

## နိဂုံး(၁)

မိုးစက်လေးတစ်ပွင့် ကမ္ဘာမြေပေါ် ကြွေကျခဲ့ပါတယ်. . .

ကမ္ဘာမြေကြီးကတော့ ဘာမှဖြစ်လိုက်မယ်မထင်ပါဘူး. . .

မိုးစက်လေးကတော့ အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားပါတော့တယ်။

"မိုးစက်. . . မင်း ဒီအတိုင်းနေသွားတော့မှာလား"

"ဒီအတိုင်းမနေလို့ ငါက ဘယ်လိုနေရမှာလဲ"

"မင်း နွေ့ကို လူကိုယ်တိုင်သွားတွေ့ပြီး ရှင်းပြသင့်တယ်လို့ထင်တယ်"

"အဲဒါကို ငါနားလည်ပါတယ်၊ ဒါပေမဲ့. . . စာမေးပွဲတွေတောင် ဖြေပြီးလို့ ကျောင်းတွေတောင်ပိတ်သွားပြီကွ. . . တွေ့ဖို့ဆိုကာ သိပ်မလွယ်တော့လို့ ငါစဉ်းစားနေတာ. . . မင်းလည်းသိတဲ့အတိုင်းပဲလေ၊ စာမေးပွဲရက်တုန်းက ငါ သူ့အခန်းရှေ့ သွားစောင့်နေတာတောင် ငါ့ကို တစ်ချက်လှည့်မကြည့်ဘဲ ထွက်သွားတာ၊ စကားအတင်းလိုက်ပြောတော့လည်း လုံးဝမကြားချင်ယောင်ဆောင်ပြီး လုံးဝအရေးမလုပ်ဘဲ နေနေတာ ငါ့မှာ အရှုံးကျနေတာပဲ"

ရန်နိုင်စိုး သက်ပြင်းတစ်ချက်ချ၏။ ပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို နွေ့ တော်တော်စိတ်နာသွားတယ်ထင်တယ်"

မိုးစက် ဘာမှမပြောဘဲ ငြိမ်နေမိ၏။ ရန်နိုင်စိုးက ဆက်ပြီး. . .

"အဲဒါဆို. . . အိမ်သွားတွေ့ရင်ကော"

"မင်းက ပြောတော့လွယ်လိုက်တာ၊ သူ ငါ့ကိုမတွေ့ချင်လို့ ရှောင်နေပါတယ်ဆိုမှ ဘယ်လိုသွားတွေ့ရမလဲ၊ အိမ်ရောက်သွားမှ ပြဿနာပိုဆိုးကုန်လိမ့်မယ်"

"အင်း. . . မင်းပြောတာလည်း ဟုတ်တာပဲ. . . ဒါပေမဲ့ ငါ့ကြောင့်ဖြစ်သွားတာဆိုတော့ မင်းကို ငါအရမ်းအားနာလို့ကွ၊ မင်း ဒီလိုဖြစ်သွားတာ ငါလုံးဝမကြည့်ရက်လို့ပါ"

မိုးစက် လက်ကို ကာပြပြီး. . .

"ရပါတယ်. . . ဖြစ်ပြီးသွားမှတော့ ကံကြမ္မာကြောင့်ပဲ ထားလိုက်ပါတော့ကွာ. . . ဘာတတ်နိုင်တော့မှာလဲ"

"မတတ်နိုင်တော့လို့ပေါ့ကွာ၊ တတ်နိုင်ရင် ငါဘာလုပ်ပေးရပေးရ လုပ်ပေးပါတယ် သူငယ်ချင်းရာ"

ရန်နိုင်စိုး မိုးစက်အတွက် တော်တော် ခံစားနေရပုံရ၏။ မိုးစက် မျက်နှာကိုကြည့်၍ ထပ်ပြီး. . .

"မိုးစက်. . . မင်း နွေ့ကိုတကယ်ချစ်တာလား"

"ဟာ. . . ဘယ်လိုပြောလိုက်တာလဲကွာ၊ ချစ်တာပေါ့. . . နွေ့ကို ငါချစ်တဲ့အချစ်က ဒီတစ်သက်မှာ ဒီတစ်ခါပဲရှိတော့မယ့်အချစ်မျိုးကွ"

"ဒါနဲ့များကွာ. . . မင်းပုံစံက အေးတိအေးစက်နဲ့"

"ဟာ. . . မင်းက အခုပုံစံကိုပဲ မြင်တာကိုးကွ၊ ပြဿနာစတက်တုန်းကဆို ငါတော်တော်ခံစားခဲ့ရတာ မင်းမှမသိတာ၊ လူကို ဘယ်လိုနေလို့နေရမှန်းတောင်မှ မသိဘူးဖြစ်နေတာ၊ ငါ နွေ့ကိုအရမ်းချစ်တာကွ. . . တကယ်၊ မင်းပဲစဉ်းစားကြည့်ကွာ၊ ငါ နွေ့ဆီက ချစ်ပါတယ်ဆိုတဲ့အဖြေကို ရခါနီးမှ ဖြစ်ခဲ့ရတာကွ၊ မင်း ငါ့နေရာဝင်ခံစားကြည့်စမ်း၊ ဘယ်လိုနေရမလဲ၊ ငါ





အမှန်အတိုင်းပြောရရင် စာမေးပွဲလာဖြေတာ နွေ့ကို ငါတွေ့ချင်လို့၊ အဲဒီရက်ပိုင်းတွေမှာလည်း နွေ့က ငါ့ကို မင်းသိတဲ့အတိုင်းပဲလေ၊ ပစ်ပစ်ခါခါပဲ၊ ငါ စာမေးပွဲတောင် အောင်ချင်မှအောင်မှာ၊ အဲဒီအချိန်တုန်းက ရောဂါအသည်းဆုံးပဲ"

ရန်နိုင်စိုးက ထပ်ပြီး

"အခုရော"

"အခုလည်း ဒီအတိုင်းပဲ၊ ငါ နွေ့ကို ဘယ်လိုမှလက်လွှတ်မခံနိုင်ဘူး၊ ဒါပေမဲ့ အခုဟာက စဉ်းစားရမယ့်အပိုင်းတွေ ပါလာပြီကွ၊ အရမ်းဆက်လုပ်လို့မဖြစ်တော့ဘူး၊ နောက်မို့ဆို အရာအားလုံး ပြင်မရအောင်ပျက်စီးသွားလိမ့်မယ်"

ရန်နိုင်စိုး သောက်လက်စဆေးပေါ့လိပ်ကို မီးညှိ၍ တစ်ချက်ဖွာပြီး

"အင်း. . . မင်းစဉ်းစားတာလည်းဟုတ်တာပဲ. . . ဒါနဲ့ ငါတို့အားလုံး အခုထိ နားမလည်နိုင်သေးတဲ့ ပုစ္ဆာတစ်ပုဒ်ရှိနေတယ်၊ အဲဒါကို ငါတို့ မရရအောင်စုံစမ်းရမယ်"

"ဘာလဲ"

"ဆုဆုကိုက ငါတို့လုပ်ထားတဲ့ကိစ္စတွေ ဘယ်လိုသိသွားတာလဲ"

မိုးစက်၊ ရန်နိုင်စိုးလက်ထဲမှ ဆေးလိပ်ကို ဆွဲယူ၍ ဖွာလိုက်ပြီး. . . တစ်ချက်စဉ်းစားကာ. . .

"အဲဒါ အခုအချိန်ထိ အဖြေမရှိသေးတဲ့ကိစ္စပဲ၊ ငါ ဟိုကောင်တွေ အားလုံးကို မေးပြီးပြီ၊ သူတို့လည်း အဲဒီကိစ္စကို အရမ်းအံ့သြနေကြတာ၊ ငါတို့အသိထဲကတော့ ဘယ်သူမှ ဒီအကြောင်း ဆုဆုကိုကို သွားပြောမှာ မဟုတ်ဘူး သေချာတယ်"

"တခြားလူက ပြောလိုက်တာဆိုရင်ကော"

"ဒီအကြောင်း ငါတို့အဖွဲ့အပြင် တခြားလူသိဖို့မပြောနဲ့ အိတ်တောင် သိတာမှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ. . . ငါလည်း တွေးရင်းတွေးရင်း ဦးနှောက်ခြောက်လာပြီ"

အဲဒီအချိန်မှာပဲ မိုးစက်တို့ခြံဝမှာ ကားတစ်စီး ဟွန်းတီးသံကြားလိုက်ရတော့ စကားစပြတ်သွားကြတယ်၊ ခဏနေတော့ ခြံစောင့်ကောင်လေးက တံခါးဖွင့်ပေးလိုက်ပုံပဲ၊ ခြံထဲမှာ ကားစက်သံ ဝုန်းဒိုင်းကြဝင်လာပါတော့တယ်။

"ဟေ့ကောင်. . . ရန်နိုင်စိုး. . . ဘယ်သူ့ကားလဲ မသိဘူး"

ရန်နိုင်စိုးက တစ်ချက်စဉ်းစားပြီး. . .

"အင်း. . . ဒီလောက် ကမ္ဘာပျက်နေရင် ဇာနည့်ကားဖြစ်မယ်"

"ဖြစ်နိုင်တယ်"

ရန်နိုင်စိုးအတွေးမှန်ပါတယ်. . . ခဏနေတော့ ဇာနည်၊ ဝင်းထွဋ်၊ နေထွေးဦးနဲ့ ပေါကြီးတို့ မောကြီးပန်းကြီး ဝရုန်းသုန်းကား ဝင်လာပါတော့တယ်၊ အိမ်တံခါးဝရောက်တယ်ဆိုရင်ပဲ နေထွေးဦးက

"မိုးမီးလောင်ပြီ မိုးစက်ရေ၊ မိုးမီးလောင်ပြီဟ. . ."

"ဟ. . . ဘယ်လိုဖြစ်လာတာတုံး. . . မင်းတို့က. . . ပုဆိုးမနိုင် ဘာမနိုင်နဲ့. . . ထိုင်စမ်းပါဦး"

နေထွေးဦး မိုးစက်ဘေးကို အမောတကောဝင်ထိုင်ရင်း အိမ်ထဲကို ဟိုကြည့်ဒီကြည့်နဲ့ သူခိုးကြည့် ကြည့်၍. . .

"မိုးစက်. . . အန်တီတို့ရော"

"မရှိဘူး၊ ဘုန်းကြီးကျောင်းသွားတယ်. . . နေစမ်းပါဦး. . . မင်းက အမေတို့ကိုမေးရအောင် ဘာဖြစ်လာလို့လဲ. . . မင်းပုံစံကြည့်ရတာ မီးဘေးဒုက္ခသည်လို ဣန္ဒြေမရနဲ့"

"အေး. . . အေး. . . မင်း ငါ့ကိုပြောထား. . . မီးဘေးဒုက္ခသည် ငါဖြစ်မလား. . . မင်းဖြစ်မလား. . . ကြည့်ကြသေးတာပေါ့ကွာ"

ဇာနည်၊ ဝင်းထွဋ်နဲ့ ပေါကြီးတို့လည်း ခုံအသီးသီးမှာဝင်ထိုင်ကြ၏။ ဒီကောင်တွေမျက်နှာကြည့်ရတာလည်း တစ်ခုခုလိုနေသလိုပဲ ပေါ့ပျက်ပျက်နဲ့ သူ့ကိုကြည့်နေကြ၏။ နေထွေးဦးက စကားဆက်ပြီး





"ငါက အန်တီတို့ကိုမေးတာ. . . မရှိဘူးဆိုရင် စကားအေးအေးဆေးဆေးပြောလို့ရအောင်ပါ. . ."

"ပြောမှာသာပြောစမ်းပါကွာ. . . မင်းတို့ ဘာအရေးကြီးလာတာလဲ"

"အရေးကြီးတာ ငါမဟုတ်ဘူး ဟေ့ကောင်ရေ. . . မင်း. . . မင်း"

"ငါ"

"အေး. . . မင်း. . . မင်းရဲ့နွေ. . . နွေ"

"ဘာ. . . ဘယ်လို. . . နွေ ဟုတ်လား"

မိုးစက် နည်းနည်းတော့ပျာသွားသည်။ နေထွေးဦးက ဆက်ပြီး. . .

"ဟုတ်တယ်. . . မင်းရဲ့နွေ ယောကျ်ားယူတော့မလို့တဲ့"

"ဘာ"

"ဘာမနေနဲ့ တကယ်ပြောတာ၊ ငါနောက်နေတာမဟုတ်ဘူး၊ မင်းမယုံရင် ဒီကောင်တွေကိုမေးကြည့်"

ဇာနည်တို့ကို လှမ်းကြည့်လိုက်တော့လည်း အားလုံး ခေါင်းညိတ်ကြသည်။ မိုးစက်တော်တော်လန့်သွားသည်။ အခုမှ မီးဘေးဒုက္ခသည် ခွေးလိုက်ဆွဲသလိုဖြစ်သွား၏။

"ဟာ. . . ဘယ်. . . ဘယ်လိုတွေဖြစ်ကုန်တာလဲကွာ. . . နွေက ဘယ်သူနဲ့ယူမှာလဲ. . . မင်းတို့ကရော ဘယ်လိုသိလာတာလဲ"

နေထွေးဦးက ဆက်လက်ပြီး. . .

"အဲဒီပြောတာ. . . မနေ့က သူ နွေနဲ့တွေ့တယ်တဲ့၊ ရန်ကင်းစင်တာမှာ နွေ့မိဘတွေလည်း ပါတယ်ပြောတယ်၊ ဘယ်သူနဲ့လဲဆိုတော့ ဟို. . . ငါတို့ကျောင်းကို လာလာနေတဲ့ကောင်ကွာ. . . ဘာတဲ့ သူ့နာမည် ထိပ်. . . ထပ်. . . ဘာလဲကွာ. . . အဲဒီကောင်. . . အူကြောင်ကြောင်ကောင်ကွာ ကတုံးဆံတောက်ကောင်နဲ့"

"ထိပ်တင်ကြီး"

"အေး. . . အေး. . . အဲဒီကောင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . အဲ. . . အဲဒီကောင်နဲ့လား၊ သွားပြီကွာ. . . ဒါနဲ့ နွေကရော အဲဒီကောင်ကို ကြည်ကြည်ဖြူဖြူပဲလား"

"ဟာ. . . အဲဒါတော့ နွေက အဲဒီကောင်ကိုလုံးဝပဲတဲ့၊ မင်းပဲစဉ်းစားကြည့်ကွာ၊ အဲဒီကောင်ရုပ်က ကြိုက်ချင်စရာ တစ်စက်မှမရှိတာ နွေက ကြိုက်မလား. . . ဒါပေမဲ့ ထိပ်တင်ကြီးမိဘတွေနဲ့ နွေ့မိဘတွေက မိတ်ဆွေတွေဆိုလားကွာ၊ ခတ်ပြားဟောင်းကြီးအတိုင်း အတင်းပေးစားတာနေမှာပေါ့. . . နောက်ပြီး နွေ့မိဘတွေကလည်း မင်းနဲ့နွေ့အကြောင်းကိုသိနေတယ်တဲ့. . . ထိပ်တင်ကြီးပဲသွားပြောတာ နေမှာပေါ့"

"မင်းကို အဲဒီအကြောင်းတွေကို အိပဲပြောတာလား"

"အေး. . . ဟုတ်တယ်၊ အိကို နွေက သူ့မိဘတွေအလစ်မှာ ပြောတာတဲ့၊ နွေလည်း တော်တော်စိတ်ညစ်နေပုံရတယ်တဲ့ကွာ. . . ဒါပေမဲ့ မင်းကိုတော့ မေးသွားတယ်လို့ပြောတယ်"

"ဘာ. . . ဘာ မေးသွားတယ်တဲ့လဲ"

"မင်းရော ဘာတွေလုပ်နေလဲ ဘာညာပေါ့ကွာ. . . ဒီလောက်ပဲတဲ့၊ ဒါပေမဲ့ အိပြောတဲ့ပုံစံအရတော့ နွေက မင်းကို သံယောဇဉ်မကုန်သေးပုံပဲလို့ပြောတယ်၊ မိုးစက်. . . မင်းဘာလုပ်မယ်စိတ်ကူးလဲ"

မိုးစက် ထိုင်ခုံပေါ်သို့ အရုပ်ကြိုးပြတ် ပြန်ပြုတ်ကျသွား၏။ အခုမှ ဒုက္ခအကြီးအကျယ်ရောက်ပြီ၊ နွေ့ကို သူဘယ်လိုမှလက်မလွှတ်နိုင်. . . ဟို ထိပ်တင်ကြီးဆိုတဲ့ ကယောင်ချောက်ချားကောင်နောက်လည်း လုံးဝအပါမခံနိုင်၊ ဘယ်လိုလုပ်ရမလဲ၊ မိုးစက် ထိုင်ခုံမှထပြီး ရေခဲသေတ္တာထဲမှရေကို တဝကြီးသောက်သည်။ ပြီးတော့ ပြန်ထိုင်သည်။ ခဏကြာတော့ ပြန်ထသွားပြန်၏။ လူက ယောက်ယက်ခတ်နေ၏။ သူ့ကိုကြည့်ရင်း ရန်နိုင်စိုးတို့ပါ မူးနောက်လာသည်။

"မိုးစက်. . . ဘာဖြစ်နေတာလဲ. . . ဆပ်ပြာသည် လင်ပျောက်နေတာလား"





မိုးစက် အဲဒီကောင်တွေကို ဘာမှပြန်မပြောနိုင်အား၊ တစ်ခုခုကို လေးလေးနက်နက်စဉ်းစားနေပြီး ခဏနေတော့. . .

"ငါသိပြီ ငါအကြံရပြီ. . . ငါ နွေ့ကို မရရအောင်ယူမယ်ကွာ. . . နောက်ဆုံး မရရင် ခိုးပြေးမယ်"

မိုးစက်စကားကိုကြားတော့ ပေါကြီး လက်ကာကာ ခြေကာကာနဲ့ အလန့်တကြားဝင်ပြောပါလေရော

"ဟာ. . . အဲဒီလိုတော့မလုပ်ပါနဲ့ကွာ. . . ဟေ့ကောင်. . . မင်း. . . မိန်းကလေးတစ်ယောက်ကို အလိုမတူဘဲ ပေါင်းသင်းမှုက ပြဿနာတော်တော်ကြီးတယ်နော်. . . နောက်ပြီး မင်းနဲ့ နွေဦးဝေနဲ့ကလည်း ချစ်သူတွေ ဖြစ်သေးတာမဟုတ်ဘူး၊ မင်း အဆင့်ကျော်လို့မရဘူးကွ"

"ငါအဆင့်ကျော်မယ်လို့ မင်းကို ဘယ်သူပြောလဲ. . . ငါပြောတာကို အစအဆုံး နားထောင်ပါဦး. . . ငါ နွေ့ဆီကအဖြေကို မရရတဲ့နည်းနဲ့ သိအောင်အရင်လုပ်မယ်. . . အဲဒါ အရေးကြီးဆုံးပဲ. . . ပြီးမှ ကျန်တာတွေ တစ်ဆင့်ပြီးတစ်ဆင့် လုပ်သွားမှာ. . . ဒါနဲ့. . . နွေက ဘယ်တော့လောက် မင်္ဂလာဆောင်မှာတဲ့လဲ. . ."

နေထွေးဦးက

"အဲဒါတော့. . . ငါလည်း အတိအကျတော့မသိဘူး. . . အိကိုတော့ နှစ်ပတ်လောက်လိုဦးမယ်လို့ ပြောသွားတယ်တဲ့"

"ဟာ. . . အဲဒါဆို အချိန်သိပ်မရတော့ဘူး. . . မနက်ဖြန် ဆုဆုကို ဆီသွားမှ ဖြစ်တော့မယ်"

ရန်နိုင်စိုး စိတ်ဝင်စားသွားသည်။

"ဆုဆုကိုဆီ ဟုတ်လား"

"အေး ဟုတ်တယ်. . . သူက ငါတို့နှစ်ယောက်အတွက် အဓိက ပုဂ္ဂိုလ်ပဲ. . . မင်းတို့ မနက်ဖြန် ငါနဲ့လိုက်ခဲ့ကြ"

"ဘယ်ကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆုဆုကို အိမ်ကို"

"ဟော. . . ပြဿနာတက်ကုန်ပါဦးမယ်ကွာ. . . မိုးစက်ရာ မင်းဘာလုပ်မယ်စိတ်ကူးထားလို့လဲ"

မိုးစက်က ချက်ချင်းပဲ

"ဟုတ်တယ်. . . ဒီတစ်လမ်းပဲရှိတော့တယ်. . . နောက်မို့ဆို နွေနဲ့ငါလွဲပြီ. . . ဒီအစီအစဉ်အကောင်းဆုံးပဲ. . . မင်းတို့သာ ငါ့ကိုကူညီကွာ၊ အဆင်ပြေစေရမယ် စောင့်ကြည့်နေ"

ဒီကောင်တွေက ဒါမျိုးကျတော့လည်း အားတက်သရောပဲ

"ကူညီမယ်. . . ဟေ့ကောင်"

"မင်းဘာလုပ်ချင်လဲသာ ပြော"

"ဟုတ်တယ်. . . နောက်ဆုံးမရရင် မင်း နွေဦးဝေကို ငါ့ကားနဲ့တင်ပြေးကွာ"

သူငယ်ချင်းတွေရဲ့ အားပေးမှုကိုရတော့ မိုးစက် တော်တော်ပျော်သွားတယ်. . . ရန်နိုင်စိုးက ထပ်ပြီး. . .

"မင်း ဆုဆုကိုဆီ ဘယ်နေ့သွားမှာလဲ"

"မနက်ဖြန်"

အဲဒီလိုနဲ့ နောက်နေ့မှာ သူရယ် ရန်နိုင်စိုးရယ် နေထွေးဦးရယ် ဆုဆုကိုအိမ်ကို ရောက်သွားကြပါလေရော။ ဟိုကောင်တွေကိုတော့ အားလုံး ထားခဲ့လိုက်တယ်။ အားလုံးပါလာရင် မျက်စိနောက်စရာတွေ ဖြစ်လာမှာစိုးလို့၊ ဒါတောင် ရန်နိုင်စိုးကိုနေခဲ့ဖို့ပြောတာ ဒီကောင်မရဘူး၊ အတင်းကုတ်ကတ်လိုက်လာလို့ ပါလာတာ။

ဆုဆုကိုအိမ် သူတို့ရောက်တော့ အိမ်ဖော်ကောင်မလေးက တံခါးလာဖွင့်ပေးပြီး ဧည့်ခန်းကိုခေါ်လာတယ်၊ ဧည့်ခန်းထဲ သူတို့ရောက်တော့ ဆုဆုကိုအဖေလို့ထင်ရတဲ့ အန်ကယ်ကြီးတစ်ယောက်က ဂေါက်တုတ်တွေကို အဝတ်စုတ်နဲ့သုတ်ရင်း ယိုင်နေတာတွေ့ရတယ်။ သူတို့ကိုတွေ့တော့ မျက်လုံးကို မျက်မှန်ပေါ်မှ ဟာမ်းချက်ကျော်ကြည့်၍. . .

"ဩော်. . . အေး. . . သမီးသူငယ်ချင်းတွေထင်တယ်"

တော်သေးတယ်၊ အန်ကယ်ကြီးက ကလျှပ်တွေလို့မထင်တာ၊ ရန်နိုင်စိုးက ဆုဆုကိုအိမ်သွားမှာဆိုပြီး တိုက်ပုံတွေ စတစ်ကော်လာတွေ ဝတ်လာတာကိုး. . .



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ပါအန်ကယ်. . . ကျွန်တော်တို့ ဆုဆုကိုသူငယ်ချင်းတွေပါ၊ ဟို. . . ဆုဆုကို ရှိလား မသိဘူးခင်ဗျ”

“အေး. . . အေး ရှိတယ် ခုနလေးတင် အပေါ်တက်သွားတာ တွေ့လိုက်တယ်. . . ထိုင်လေ”

သူတို့လည်း မိုးတိုးမတ်တတ်ဖြစ်နေရာက ထိုင်ခုံတွေမှာ အသီးသီးဝင်ထိုင်လိုက်၏။ အန်ကယ်ကြီးက အိမ်ဖော်ကောင်မလေးကို သူ့သမီးအားသွားခေါ်ခိုင်းလိုက်ပြီး. . . သူတို့အား ကြည့်ကာ

“ဒါနဲ့. . . မောင်ရင်တို့နဲ့ သမီးနဲ့ချိန်းထားလို့လား”

“ဟို. . . ဟို. . . ချိန်းတော့မထားပါဘူးခင်ဗျ၊ ကျွန်တော်တို့ လမ်းကြုံလို့ ဝင်လာတာပါ”

သူလည်း လိုသလိုကြည့်ပြောလိုက်တော့ အန်ကယ်ကြီးဘာမှမပြောတော့ဘဲ ခေါင်းတညိတ်ညိတ်လုပ်ကာ သူ့ဂေါက်တုတ်ကို သူဆက်သုတ်နေတော့သည်။ ခဏနေတော့ ဆုဆုကို ဆင်းလာပြီး သူတို့ကိုတွေ့တော့ တော်တော်အံ့သြသွားပုံရသည်။ ပြီးတော့ မျက်နှာမှာ ချက်ချင်းတင်းသွားပြီး သူ့အဖေကိုတစ်ချက်ကြည့်ကာ သူ့ရှေ့တည့်တည့်ခုံမှာ ဝင်ထိုင်၍

“နင်တို့. . . ဘာလာလုပ်ကြတာလဲ”

သူတော်တော်တုန်လှုပ်သွားသည်။ ဆုဆုကိုအသံက တော်တော်မာပြီး မျက်နှာက တောသုံးတော တောင်သုံးတောင် အပိုင်စားရသည့်ခြင်္သေ့မင်း၏ မျက်နှာမျိုး၊ သူတို့ကတော့ အိမ်ကြုံအိမ်ကြားက ကြွက်သူခိုးလေးတွေလို မျက်နှာနှင့်၊ အခြေအနေက တော်တော်ကွာခြားနေ၏။ အရေးထဲ သူ့အဖေကြီးကလည်း ရုပ်ရှင်တွေထဲကလို သမီးတို့ အေးအေးဆေးဆေး စကားပြောကြဦးနော်ဆိုပြီး ထမသွားဘဲ သူ့ဂေါက်တုတ်ကြီးကိုသာ ဆက်သုတ်နေပြီး ပေကတ်ကတ်ထိုင်နေ၍ သူတို့ကို အကဲခတ်နေ၏။ သူလည်း ဘယ်ကဘယ်လို စပြောရမှန်းမသိတော့၊ အဲဒီအချိန်မှာပဲ နေထွေးဦးအသံထွက်လာတော့သည်။





“ဒီလိုသူငယ်ချင်းရ. . . ငါတို့ ဒီကောင်အဒေါ်အိမ်လာရင်း နင့်ကို သတိရလို့ ဝင်လာတာ. . . ငါတို့ စာမေးပွဲဖြေပြီးကတည်းက မတွေ့ကြတာလေ. . . အဲဒါနဲ့ ငါတို့လည်း နင့်ကိုသတိရတာနဲ့ ဘာရယ်မဟုတ်ဘူး. . . ဝင်လာတာ. . .”

နေထွေးဦး အတည်ပေါက်ကြီး ဝင်ဖောတော့သည်။ ဆုဆုကိုလည်း မျက်လုံးလေး ကလည်ကလည်နှင့် ကြောင်တောင်တောင်ဖြစ်သွား၏။ နေထွေးဦးက နေ့ချင်းညချင်း သူ့ကိုသတိရသွားတော့ အူကြောင်ကြောင်ဖြစ်သွားပုံရသည်။

နေထွေးဦးကို သူ ဒီတစ်ခါတော့ တော်တော်ကျေးဇူးတင်သွားသည်။ ဘာပဲဖြစ်ဖြစ် စကားထွက်ပေါက်တစ်ခုတော့ရသွား၏။ ဆုဆုကိုအဖေလည်း နေထွေးဦးစကားကြောင့် သူတို့ကို ကွက်ကြည့်ကွက်ကြည့်လုပ်မနေတော့ဘဲ ပုံမှန်အတိုင်း ပြန်ဖြစ်သွားတော့သည်။ ပထမတော့ သူ့သမီးကို လာနှောင့်ယှက်တယ်ထင်နေရင် ထင်နေမှာ. . . ဒါပေမဲ့ သူပြောချင်သည့်စကားများကိုတော့ ဆုဆုကိုကို ဘယ်လိုပြောရမလဲ စဉ်းစားနေရသည်။ သူ့အဖေရှေ့မှာဆိုတော့ ဘယ်လိုမှပြောလို့မရတာ သေချာသည်။ သူ့အဖေကလည်း သူတို့ညှော်ခန်းထဲကခုံကို တစ်ခါမှမထိုင်ဖူးလို့ အခုမှ တစ်ဝကြီးထိုင်နေပုံရသည်။ ထမည့်ပုံ မပေါ်သေးပေ၊ အဲဒီအချိန်မှာပဲ ဆုဆုကိုအမေ ဈေးခြင်းတောင်းဆွဲကာ အိမ်ထဲဝင်လာပြီး သူတို့ကိုတွေ့တော့. . .

“ဩော်. . . သမီးသူငယ်ချင်းတွေရောက်နေတာကိုး. . . အေး. . . အေး. . . ထိုင်ကြ ထိုင်ကြ. . . ကိုတင်ကို. . . ရှင် ကိုကျော်ဝင်းနဲ့ချိန်းထားတယ်ဆို ကိုကျော်ဝင်းနဲ့တွေ့ခဲ့တယ်. . . ထိုင်စေနကျနေရာကိုလာခဲ့တဲ့”

ပြောပြီး အိမ်နောက်ဖေးကို ဝင်သွားပါလေရော။ အဲဒီအချိန်ကြမှ ကိုတင်ကိုဆိုတဲ့ ဆုဆုကိုအဖေကြီးလည်း အေး. . . အေး. . . ဆိုပြီး ထဖို့ပြင်တော့တယ်။ သူ ကိုကျော်ဝင်းဆိုတဲ့လူကြီးကို လူမမြင်ရပေမယ့် တော်တော်ကျေးဇူးတင်သွားတယ်ဗျာ. . . ကျန်းမာပါစေ ဦးကျော်ဝင်းရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ ဆုဆုကိုအဖေ ဦးတင်ကိုလည်း ထတော့တယ်၊ သူ့အဖေ နောက်ဖေးခန်းဝင်သွားတယ်ဆိုရင်ပဲ. . .

"ဆုဆုကို. . . သူငယ်ချင်း. . . ငါတို့ နင့်ကိုတောင်းပန်ဖို့လာတာပါ၊ နင့်ကို ငါတို့ အကြောင်းစုံရှင်းပြချင်လို့ပါဟာ. . . နောက်ပြီး နင့်ဆီက အကူအညီတစ်ခုလည်း တောင်းချင်လို့ပါ"

"ကျွတ်. . . တော်ပြီဟာ. . . ငါ ဘာဆိုဘာမှမကြားချင်တော့ဘူး၊ ငါ အဲဒီကိစ္စတွေမေ့ထားလိုက်ပြီ. . . နင်တို့လည်း ပြန်တော့"

"ဟာ. . . အဲဒီလိုကြီးမလုပ်ပါနဲ့ဟာ. . . ငါပြောတာလေး နားထောင်ပါဦးသူငယ်ချင်းရယ်. . . ဖြစ်သွားတဲ့ကိစ္စတွေ ငါတို့ နင့်ကိုစော်ကားချင်လို့ လုပ်တာတစ်ခုမှမပါပါဘူးဟာ. . . ဒီကောင့်ကို ငါဝင်ကူညီပေးရင်းဖြစ်သွားတာပါဟာ. , . ဖြစ်ပုံက ဒီလိုဟ. . ."

သူလည်း ပြဿနာအလုံးစုံကို ပါးစပ်က အမြုပ်ထွက်မတတ် ရှင်းပြရတော့တယ်၊ ရန်နိုင်စိုးနဲ့နေထွေးဦးကလည်း တစ်ချက်တစ်ချက် သူ့စကားအသွားအလာကိုထောက်ပြီး ဝင်ရောက်ဖြေရှင်းပေးလိုက်တော့ တော်တော်အဆင်ပြေသွားတယ်. . . ဒါတောင် ရန်နိုင်စိုးဆိုတဲ့ကောင်က ဆုကို သူ အရမ်းချစ်လို့ပါဗျာတွေဘာတွေ တစ်ချက်တစ်ချက် ဝင်ဝင်လုပ်နေလို့ မျက်ရိပ်ပြပြီး မနည်းတားရသေးတယ်၊ ကြာတော့ ဆုဆုကိုလည်း ကျွန်တော်တို့ မျက်နှာလေးတွေကြည့်ပြီး သနားလာလို့လားမသိဘူး၊ မျက်နှာက အရင်လို တင်းမနေတော့ဘဲ၊ 'အေး. . . လေ. . . ဘာတတ်နိုင်မှာလဲ' နောက်တော့ သူမကပဲ ဆက်ပြီးပြောပါတယ်. . .

"အဲဒီနေ့က ငါလည်း ရန်နိုင်စိုးဆီ ဖုန်းဆက်မလို့လုပ်တာ၊ ဖုန်းနံပါတ်မေ့သွားလို့ အိမ်ဆီသွားပြီးတောင်းတော့ အိမ်က မိုးစက်ဖုန်းနံပါတ်တော့ သိတယ်၊ မိုးစက်ကို လှမ်းမေးကြည့်ဆိုပြီး ပေးလိုက်တယ်လေ၊ ငါလည်း နင့်ဆီ ဆက်လိုက်တာ. . . ငါက နင့်အသံကြားတော့ ပထမ တော်တော် ကြောင်သွားတယ်၊ နင့်အသံကို ငါက ရန်နိုင်စိုးအသံလို့ထင်နေတာကိုး၊





နောက်မှ ငါလည်းသဘောပေါက်သွားပြီးတော့ တော်တော်ဒေါသထွက်သွားတာဟ. . . ထားပါတော့ ဖြစ်ပြီးတာတွေဖြစ်ပြီးပြီပဲ. . . ကဲ ပြော. . . ငါ့ဆီက အကူအညီတောင်းမယ်ဆိုတာ ဘာလဲ"

ပျော်လိုက်တာဗျာ တကယ်ပါ ဆုဆုကိုကို ထိုင်ကန်တော့ချင်စိတ်တောင် ပေါက်သွားတယ်. . .

"ဒီလိုဟာ. . . သူငယ်ချင်းရာ. . . နင် အဲဒီအကြောင်းတွေ နွေ့ဆီ ဖုန်းဆက်ပြီး ရှင်းပြပေးပါလားဟာ. . . ဟို. . . ဟို. . . နွေနဲ့ငါ အဆင်ပြေတော့မယ်ဆိုတာ နင်လည်းသိတာပဲဟာ. . . နင်ရှင်းပြလိုက်ရင် နွေနားလည်သွားပြီး ငါ့ကိုအဖြေပြန်ပေးရင်ပေးမှာလို့ တွေးမိလို့ပါ။ ပြီးတော့ နွေက အခု ယောကျ်ားယူတော့မယ်ဟ. . . အဲဒီကောင်ကို သူလုံးဝမကြိုက်ဘဲ ကြိတ်မှိတ်ယူရမှာ. . . နွေ့ဆီကသာ ငါအဖြေရလို့ကတော့ ငါအရာရာကို ရင်ဆိုင်ရဲပြီ ဟာ. . . လုပ်. . . လုပ်ပါ သူငယ်ချင်းရာနော်"

သူ ဆုဆုကိုသနားအောင် အပြတ်ကြွေပြလိုက်တယ်၊ ဟိုနှစ်ကောင်လည်း သူတို့ပါးစပ်တွေကို အလကားမထားပါဘူး၊ သူ့ဘက်က ဝင်ရောက်ပြောဆိုပေးပါတယ်၊ နေထွေးဦးကဆိုရင်. . .

"ကူညီပေးလိုက်ပါသူငယ်ချင်းရာ. . . ဒီကောင်ကြီး တော်တော်ခံစားနေရတာပါ. . . ဒီကောင်က သူငယ်ချင်းတွေကို ကူညီပေးရင်း သူပြန်ခံရတာဟ. . . သူငယ်ချင်းလုပ်နိုင်ရင် လုပ်ပေးလိုက်ပါ"

နေထွေးဦးစကားလည်းဆုံးရော ရန်နိုင်စိုးက သူ့အကွက်ဝင်ပြီဆိုပြီး ဝင်တွယ်ပါလေရော. . .

"ဟုတ်တယ် ဆုရယ်. . . ဒီကောင် နွေ့ကိုအရမ်းချစ်တာဟ. . . ဒီကောင် နွေ့ကို ချစ်တဲ့အချစ်က တို့ ဆုကိုချစ်တဲ့အချစ်မျိုး"

"တော်ပါတော့. . . ငါကူညီဆို အတတ်နိုင်ဆုံးကူညီပေးပါ့မယ်၊ နင် ရောင်ခြည်တော်နဲ့ ရောလွှတ်မနေနဲ့"

ဆုဆုကို ရန်နိုင်စိုးကို တားယူလိုက်ရတော့တယ်. . .။ ဒီကောင်က



www.burmeseclassic.com

www.burmeseclassic.com



အပြောခံရတာကောင် နည်းသေးတယ်၊ ပွဲလန့်တုန်း ဖျာခင်းရုံတင်မကဘူး၊ ဖိနပ်ပါ၊ အစုတ်နဲ့အကောင်း လဲစီးချင်တဲ့ကောင်၊ ဘာပဲဖြစ်ဖြစ် သူတို့ အောင်မြင်ပါတယ်၊ နောက်ဆုံး ဆုဆုကိုက သူ နွေ့ကိုသေချာရှင်းပြပေးမယ့် အကြောင်းနဲ့ သူကူညီလက်စနဲ့ပဲ နွေ့ဆီက အဖြေကိုပါ တစ်ခါတည်း တောင်းပေးမယ်ဆိုတဲ့အကြောင်း ပြောပါတယ်၊ ပျော်လိုက်တာဗျာ၊ ရင်ထဲမှာ ကျေးဇူးတင်သွားတယ်ဗျာ၊ တကယ်တမ်းကျတော့ ဆုဆုကိုက သူတို့ ထင်ထားသလို မာနမကြီးပါဘူး၊ သူ့အကြောင်း ဂဃနဏ မသိလို့ပါ၊ သူတစ်ပါးအပေါ် ကူညီချင်စိတ်ကလေး အပြည့်အဝရှိသားပဲ၊ သူတွေးကြည့်တယ်၊ ဟိုကောင် ရန်နိုင်စိုးနဲ့ တန်တောင်မတန်ဘူးဗျာ. . .။

# မိန်း

ကလေးတစ်ယောက် ဖြစ်တာနဲ့ လောကကြီးမှာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် မရှိရဘူးတဲ့လား၊ ရှေးရိုးအစဉ်အလာတွေအတိုင်း အိမ်ကပေးစားတဲ့ယောကျ်ားကိုယူမှ ဘဝမှာ တစ်သက်လုံး စိတ်ချမ်းမြေ့မယ်လို့ ယူဆနေသလား၊ ပထမတော့ ကိုယ့်အပေါ်ကောင်းပြီး နောက်ကျမှ ဇာတိမှန်တွေပေါ်လာ၊ အရက်သောက်၊ ဖဲရိုက်၊ မိန်းမရှုပ်တွေလုပ်မှဖြင့်ဒုက္ခ၊ အဲဒီလိုဖြစ်သွားပြီး မသာယာတဲ့အိမ်ထောင်ရေးတွေလည်း လက်တွေ့မှာ အများကြီး၊ အဲဒီအခါကျမှ အိမ်က လူကြီးတွေက သူတို့လူကဲခတ်တာလွဲသွားလို့ပါဆိုတဲ့ စကားတစ်ခွန်းတည်းနဲ့ ကိုယ်ကဘဝတစ်ခုလုံးသွားရောပဲ၊ ဒါတောင် ပမာဏပဲ ရှိသေးတာ၊ အဓိက မကျသေးဘူး၊ ဒါတွေအားလုံးက လက်ထပ်ပြီးသွားမှ ကြုံချင်လည်းကြုံမယ်၊ မကြုံချင်လည်း မကြုံဘူး၊ အားလုံးဟာ ကံစမ်းမဲဆန်တဲ့သဘောတရားတွေပါ၊ အဲဒါတွေအားလုံးထက် အဓိကကျပြီး အရေးကြီးတဲ့အချက်တစ်ခုရှိတယ်။ အဲဒါ 'အချစ်'ပဲ၊ အချစ်မရှိရင် ဘယ်လောက်ပြည့်စုံနေတဲ့ အိမ်ထောင်ရေးပဲဖြစ်ဖြစ် ဘယ်လိုမှ သာယာနိုင်မှာမဟုတ်ဘူး၊ နောက်ပြီး ကိုယ့်အိမ်ထောင်ဖက်ယောကျ်ားအပေါ်လည်း ဘယ်လိုမှကြည်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာမဟုတ်သလို အမြဲတမ်း ဘာလုပ်လုပ် အပြစ်မြင်မိနေမှာပဲ၊ ဟုတ်တယ်. . . အဲဒီ အချက်ကို မိဘတွေမေ့ထားကြပြီလား. . . ဒါမှမဟုတ် မသိချင်ယောင် ဆောင်နေကြတာလား၊ မတွေးတတ်တော့။

အခုလည်း 'နွေ'နဲ့ 'ထိပ်တင်ကြီး'ကို အတင်းပေးစားနေကြပြီ။ ခါတ်ပြားဟောင်းကြီးမှ ဟကယ့်ခါတ်ပြားဟောင်းကြီး၊ သူတို့ဘက်က ခါတ်ပြားဟောင်းကြီးအတိုင်းလုပ်နေတော့လည်း နွေ့ဘက်ကလည်း ခါတ်ပြားဟောင်းကြီးအတိုင်းပဲပေါ့။ ဘယ်ရမလဲ အိမ်ကပေးစားတဲ့ယောကျ်ားကိုမကြိုက်ရင် ကိုယ်ကြိုက်တဲ့သူနဲ့ခိုးရာလိုက်၊ ဒါပဲလေ၊ ဒါကို လူကြီးတွေလည်းသိနေပုံပဲ နွေကို လုံးဝအလွတ်မပေးတော့ဘူး။ ဒါက ထင်သလောက် ပြဿနာမရှိပါဘူး၊ အချိန်တန်ရင် သူ့အလိုလိုဖြစ်သွားမှာပါ။ အဓိကက မိုးစက်ပဲ၊ ဒီကောင်တိကျဖို့လိုတယ်။ တွေးရင်း မိုးစက်အကြောင်းရောက်လာလို့ ဒေါသထွက်သွားသေး၏။ အဲဒီအကောင် 'မိုးစက်'ကြောင့်ပေါ့၊ နွေ ဒီအချိန်ထိ စိတ်မချမ်းသာသေးတာ၊ ဒီကောင်သာ ဇာတ်လမ်းတွေမရှုပ်ထားရင် အခုချိန်ဆို နွေတို့နှစ်ယောက်စလုံး ပျော်ရွှင်နေရပြီ၊ အခုတော့ သူ့မှာ ဟိုသူငယ်ချင်းအတွက် အောင်သွယ်လုပ်ပေးရတာနဲ့၊ ဒီသူငယ်ချင်းအတွက် ကူညီပေးရတာနဲ့၊ မပြီးကိုမပြီးနိုင်ဘူး၊ သူငယ်ချင်းတွေကို သူ့ထက်များပိုချစ်နေလားမသိဘူး၊ 'ဟွန်း. . . နောက်မှ အသေအချာမေးကြည့်ရဦးမယ်၊ သူ့ထက်ပိုချစ်လို့ကတော့လား တွေ့မယ်. . . ဟွန်း"

နွေ လက်မှနာရီကို တစ်ချက်ကြည့်လိုက်တော့ ညနေ(၆)နာရီထိုးပြီ၊ 'မိုးစက်'နောက် ခိုးရာလိုက်ဖို့ချိန်းထားတာ ည(၁၂)နာရီဆိုတော့ အချိန်လိုသေးသည်။ ပြင်ဆင်သင့်တာ ပြင်ဆင်ထားနိုင်ပြီဟုတွေးပြီး လက်ဆွဲအိတ်တစ်ခုကို ခုတင်အောက်မှ ဆွဲထုတ်လိုက်၏။ လိုအပ်မည်ထင်သည့်ပစ္စည်းများကို အိပ်ရာပေါ်သို့အသာပုံလိုက်ပြီး၊ နှုတ်ခမ်းနီ၊ မိတ်ကပ်၊ သနပ်ခါးနှင့် ရေမွှေးတို့ကို ကျွတ်ကျွတ်အိတ်နှင့်ထုပ်၍ အဆင်သင့်ထည့်ထားလိုက်သည်။ အဝတ်အစားတွေတော့ ညကျမှထည့်မည်ဟု စဉ်းစားလိုက်၏။





ထုတ်ထားသောအိတ်ထဲသို့ ပစ္စည်းများ စနစ်တကျထည့်၍ ခုတင်အောက်သို့ အသာထိုးထည့်လိုက်သည်။ အိုကေ. . ဒီလောက်ဆို အလှကုန်ပစ္စည်းနှင့် တခြား ဘဂီရအသုံးအဆောင်များအတွက် လုံလောက်သွားပြီ၊ အင်း. . ရင်တော့ တော်တော်ခုန်နေတာ ကိုယ့်ကိုယ်ကိုသိသည်။ နောက်ပြီး စိတ်ထဲမှာ တော်တော်လည်းပျော်နေသည်။ ပြီးတော့ 'မိုးစက်'မျက်နှာကို ဖျတ်ခနဲ မြင်ယောင်လာမိပြန်သည်။

"ဟွန်း. . . မုန်းဖို့ကောင်းလိုက်တာ. . . 'နွေ'ယောကျ်ားယူတော့မယ်ဆိုမှ ဟိုလူ့အကူအညီတောင်း၊ ဒီလူ့အကူအညီတောင်းနဲ့ အဲဒီကျမှ အားသည်းအသန်ဖြစ်နေလိုက်တာ၊ တကယ်ပဲ၊ တကယ်လို့သာ ယောကျ်ားယူမယ့်ကိစ္စမပေါ်ခဲ့ရင် ဘယ်အထိများ အေးအေးဆေးဆေး နေနေမလဲမသိဘူး၊ အခုလည်း 'ဆု'က အသေအချာရှင်းပြလို့သာ လက်ခံလိုက်တာ၊ သူ့ကို နည်းနည်းလေးမှ ကြည်တာမဟုတ်ဘူး၊ 'ဆု'ကလည်း ပွဲခဘယ်လောက်ရလဲမသိဘူး၊ 'မိုးစက်'ကို သနားလာအောင်၊ အဖြေပြန်ပေးလာအောင် အတင်းတိုက်တွန်းလိုက်တာ ပြောမနေနဲ့တော့၊ ဒီကလည်း 'မိုးစက်'ကို အရင်ကတည်းကချစ်ပြီးသားပါ၊ ဒါပေမဲ့ သူငယ်ချင်းတွေကိစ္စဆို သူက ရှေ့ဆုံးကဝင်ပါလွန်းလို့ အမြင်ကတ်ပြီး တမင်ရှောင်နေတာ၊ ဒါပေမဲ့ အခုတော့ ရှောင်လို့မရတော့ဘူး၊ ကိုယ်က မူနေရင် ကိုယ်ချစ်တဲ့သူနဲ့ တစ်သက်လုံးလွဲမယ့်အပြင် ဟိုကောင် 'ထိပ်တင်ကြီး'ဆိုတဲ့ကောင်နဲ့ပဲ တစ်သက်လုံးပေါင်းသွားရမှာ အဲဒါတော့လုံးဝမဖြစ်ဘူး၊ ပထမကတည်းက မယူနိုင်ပါဘူးပြောထားတာ မေမေတို့က အတင်းစီစဉ်ကြတာ၊ အရင်ကတည်းက စဉ်းစားထားပြီးသား၊ အခုလို 'မိုးစက်'နောက် ခိုးရာလိုက်မပြေးဖြစ်ခဲ့ရင်တောင် အိမ်က ဆင်းပြေးမယ်၊ ဒီကောင်ကြီးကိုတော့ လုံးဝကိုမယူနိုင်ဘူး။

"ဟယ်. . . မမလေးနော်. . . တစ်ယောက်တည်းတွေးနေတယ်"

အသံကြားလို့ လန့်ပြီးလှည့်ကြည့်လိုက်ရာ 'ဘာနူး'ဖြစ်နေသည်။

"ဟယ်. . . ဘာမှမတွေးပါဘူး. . အပနား အခုဘယ်ကလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



'ဘာနူးနော် ရာဂျူးဆီ စာရေးနေတာနော်. . . ရာဂျူး ဘာနူးကို အရမ်းချစ်တာ"

အင်း. . . ဒီကောင်မလေးလည်းတစ်ဒုက္ခ၊ ဘာနူးက သူ့ထက်(၁)နှစ်လောက်သာငယ်၍ ငယ်ငယ်ရွယ်ရွယ်နှင့် စိတ်ဝေဒနာခံစားနေရသည်။ သူ့ကောင်လေး ရာဂျူး သူ့ရှေ့မှောက်တွင် ကားတိုက်သေသွားရာမှ စသွားချင်းပင်၊ လင်တရူးဆန်ဆန်ဖြစ်နေပြီ၊ ရာဂျူးကို သူ့စိတ်ထဲ အသက်ရှင်နေသည်ဟု ထင်နေခြင်းဖြစ်သည်။ ဒီလိုပါပဲ. . . လူတွေက အချစ်အတွက် တစ်မျိုးမဟုတ်တစ်မျိုး ရူးနေခြင်းပဲလေ. . . သို့သော် ဘာနူးစိတ်မနှံ့တာက ယဉ်ယဉ်လေးပင် ဆိုးဆိုးဝါးဝါး၊ ရမ်းရမ်းကားကားမဟုတ်ပေ။ ဘာနူးသည် သူ့ကို ငယ်စဉ်ကတည်းက ထိန်းကျောင်းလာခဲ့သော ဒေါ်အမီနာ၏သမီးဖြစ်၍ သူတို့အိမ်တွင် ငယ်စဉ်ကတည်းက အတူတူဆော့ရင်း ကြီးပြင်းလာခဲ့တော့ သံယောဇဉ်ဖြစ်နေပြီ။ ဘာနူး စိတ်ဝေဒနာက ခံစားလာရတာ (၂)နှစ်လောက်ပဲ ရှိသေး၏။

နွေဦးဝေ ဘာနူးအကြောင်းတွေးနေရင်းမှ လက်မှနာရီကို ကြည့်ပြီး မိုးစက်ဆီဖုန်းဆက်ရန် သတိရသွားတော့သည်။

## နိဂုံး(၂)

လမိုက်ညသန်းခေါင်ယံသည် ကြောက်ခမန်းလိလိ တိတ်ဆိတ် မှောင်မိုက်နေ၏။ လမ်းဘေးဓာတ်တိုင်မှ နီယွန်မီးရောင်သည် မှိုင်းပျပျလေးသာ ထိုးကျနေသည်။ သစ်ပင်တို့၏အရိပ်တို့က မီးမှိန်မှိန်တွင် တစ္ဆေများမြူးတူးကခုန်နေသလို ထင်ဟပ်နေ၏။ ဇာနည်က ကားကို 'နွေဦးဝေ'တို့လမ်းထိပ်အရောက်တွင် စက်သတ်လိုက်သည်။ ညသည်ပို၍တိတ်ဆိတ်သွားပြီး ပုရစ်အော်သံများကိုသာ ဟိုတစ်ချက် ဒီတစ်ချက် ကြားနေရတော့သည်။

"ကဲ. . . အခွင့်သင့်ဖြစ်ပြီ၊ အားလုံးတွန်းမယ်"

ဇာနည်၏စကားသံသည် ရောမစစ်ဗိုလ်ချုပ်တစ်ဦး၏ စစ်ကွက် မိန့်ခွန်းသံလို တည်ကြည်ခန့်ညားစွာ ညဉ့်ယံကိုဖောက်ထွက်လာပါတော့သည်။ သူတို့အားလုံး ကားနောက်မိုးအောက်မှ တဖုတ်ဖုတ် ခုန်ဆင်းလိုက်ကြပြီး ဇာနည့်ကားကို နွေဦးဝေတို့အိမ်ရှေ့အရောက် တွန်းကြရတော့သည်။ ဒီလိုမတွန်းလို့လည်းမဖြစ်၊ သိကဲ့အတိုင်းပဲ ဒီကောင့်ကားကို ဒီအတိုင်းမောင်းဝင်သွားလို့ကတော့ တစ်ရပ်ကွက်လုံး တစ်အိမ်တက်ဆင်းလိုက်မနိူးရဘဲ နိုးသွားနိုင်သည်။ ပေါ်ကြီးက ကားတွန်းနေရင်းမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်နော် မိုးစက်. . . ဒါ နွေဦးဝေတို့လမ်းနော်"

"သေချာပါတယ်ကွာ. . . ငါနဲ့ဇာနည် နေ့ခင်းတုန်းက တစ်ခေါက် လာကြည့်ပြီးပြီ"

"သေချာရင်ပြီးတာပဲ. . . တော်ကြာ အိမ်မှားခိုးရင် ပြဿနာ ဘယ်လိုမှရှင်းလို့ရမှာမဟုတ်ဘူး၊ အချုပ်ထဲ တန်းရောက်သွားမှာကွ"

"စိတ်မပူပါနဲ့ သူငယ်ချင်းရာ၊ စိတ်ချ. . . ငါက မင်းထက်တောင် ပိုစိတ်ပူသေးတယ်"

"နွေဦးဝေကရော အဆင်သင့်စောင့်နေမှာလား"

"အေး. . . ညနေက ငါနဲ့ဖုန်းပြောပြီးပြီ. . . သူ့အမေနဲ့အဖေ ဒီည သောက်မယ့်ကော်ဖီထဲမှာ အိပ်ဆေးထည့်ထားလိုက်မယ်လို့ ပြောတယ်၊ သူတို့အိမ်မှာလည်း သူ့အပါအဝင် သူ့အဖေရယ်. . . သူ့အမေရယ်. . . ခိုင်းတဲ့ကောင်မလေးရယ် အခုလောလောဆယ် ဒါပဲရှိတယ်. . . ခြံစောင့် အဘိုးကြီး ရွာပြန်သွားတယ်တဲ့. . . ခြံတံခါးကိုလည်း သော့ဖွင့်ပြီး စေ့ရုံပဲ စေ့ထားမယ်လို့ ငါ့ကိုပြောလိုက်တယ်၊ စိတ်အေးအေးထားသူငယ်ချင်း. . . အားလုံးချောမွေ့သွားမှာပါ"

ပြောနေရင်းမှာပဲ နွေဦးဝေတို့အိမ်ရှေ့ရောက်တော့ ဇာနည်က ကားကို အရှိတ်နင်းပြီးရပ်လိုက်၏။ လက်မှနာရီကိုကြည့်လိုက်တော့ ၁၁ နာရီ ၄၅ မိနစ် သူတို့ရောက်သည့်အချိန် အကောင်လောက်ပဲဖြစ်သည်။ အားလုံး ရင်ခုန်ပျော်ရွှင်စွာနဲ့ နွေဦးဝေဆီမှအချက်ပေးမှုကို စောင့်ဆိုင်းနေလိုက်ကြသည်၊ သူတို့အဖွဲ့ တစ်ခါမှ ဒီလိုမိန်းမခိုးသည့်အတွေ့အကြုံရှိသူများမဟုတ် သောကြောင့် နည်းနည်းတော့လန့်သည်။ သို့သော် အားလုံးရင်ခုန်သံတူညီစွာနှင့် ပျော်ရွှင်နေမည်ကိုတော့ တွေးမကြည့်ဘဲနဲ့ သိနိုင်ပါသည်။ လူကုံထံ ရပ်ကွက်ဖြစ်သည့်အလျောက် ခြံကျယ်ဝန်းကျယ်ကြီးများဖြစ်၍ သူတို့အား မည်သူမျှသတိမထားမိကြပေ။ ညဉ့်နက်နေပြီဖြစ်တဲ့အတွက် အားလုံးလည်း အိပ်မောကျကုန်ပြီ။ လမိုက်ညဖြစ်၍လည်း သူတို့အတွက် အခွင့်အရေးက





ပိုကောင်းနေ၏။

"ဟာ. . . ဟေ့ကောင်. . .ဟိုမှာ. . . ဟိုမှာ. . . အချက်ပြနေပြီ"

"ဘယ်မှာလဲ"

"ဟိုမှာ"

နေတွေးဦးပြတဲ့နေရာကြည့်လိုက်တော့ မီးရောင် လက်ခနဲလက်ခနဲ သုံးလေးချက်ကို အပေါ်ထပ်အခန်းဆီမှ ဖြာထွက်လာတာတွေ့လိုက်ရ၏။ လက်ကနာရီကိုကြည့်လိုက်တော့ (၁၂)နာရီအတိ၊ ဒါဆိုသေချာပြီ၊ 'နွေ' အချက်ပေးနေပြီ၊ ဟိုကောင်တွေကြည့်လိုက်တော့ အားလုံး တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေသော ကွန်မန်ဒိုများပမာ အသင့်အနေအထားဖြစ်နေပြီ၊ အိုကေ ဒါဆို ပွဲစလို့ရပြီ။

သူအချက်ပေးလိုက်တယ်ဆိုရင်ပဲ နေတွေးဦးနှင့် ရန်နိုင်စိုးက တမ္ကာ ကျော် အဖက်တိုက်ကြီးကိုဖောက်တော့မည့် ဖောက်ထွင်းဝိဇ္ဇာများပမာ ခြံ တံခါး၏တစ်ဖက်တစ်ချက်ကို ပြေးကပ်တော့၏။ ခြံအတွင်းမှအခြေအနေကို တစ်ချက်ကြည့်သည်၊ ပြီးတော့ သူ့ကို အားလုံးငြိမ်းချမ်းကြောင်း လက်မကို ဟန်ပါပါထောင်၍ အချက်လှမ်းပြ၏။ တခြားအချိန်တွင် ဒီကောင်တွေဒီလို စတိုင်ဩဖမ်းနေတာမြင်ရလျှင် သောက်မြင် ကတ်တော်ကတ်မိမှာဖြစ်သော်လည်း ဒီအချိန်တွင်တော့ သူ့မျက်စိထဲ ဒီကောင်တွေ တော်တော်ကြည့်လို့ ကောင်းနေသည်။ ခါတိုင်းနေ့တွေထက်တောင် ဒီကောင်နှစ်ကောင် ပိုချော လာတယ်လို့တောင် ထင်လိုက်မိ၏။

သူ ခြံတံခါးသော့ကိုစမ်း၍ အသာဖွင့်လိုက်ကာ ခြံဝင်းအတွင်းသို့ ချဉ်းနင်းဝင်ရောက်လိုက်သည်။ အရာအားလုံး ပုံမှန်အတိုင်းငြိမ်သက်လျက် မသင်္ကာစရာ ဘာမှမတွေ့၊ သူလက်ယပ်၍ အချက်ပြလိုက်တော့ ရန်နိုင်စိုး၊ နေတွေးဦး၊ ကျော်မင်းနှင့် စည်သူတို့ ညတိုက်ပွဲဝင် သိုင်းကွက်များသုံးကာ ရုပ်ရှင်ထဲက ကွန်မန်ဒိုများပုံစံအတိုင်း ဖောင်ပြေးကပ်လိုက်၊ မြွောက်ပြေး ကပ်လိုက်နှင့် ဝင်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းတော့အမြင်ကတ်လာပြီ။ အခုမှပြောလည်း တစ်ယောက်မှ နားထောင်တော့မယ့်ပုံတွေ မပေါက်တော့သဖြင့် သူ့အရှိန်နှင့်သူ ဒီအတိုင်း လွှတ်ထားလိုက်ရတော့သည်။

ပေါကြီးနှင့် ဇာနည်တို့တော့ အပြင်မှာပဲ ကားစောင့်ထားခဲ့လိုက်သည်။ ခြံထဲကို လူအများကြီးဝင်ဖို့မကောင်းသလို၊ ဒီနှစ်ကောင်ပါလာလျှင် အခြေအနေပို၍ ရှုပ်ရှုပ်ထွေးထွေးဖြစ်လာနိုင်သည်။

အိမ်ရှေ့ဆင်ဝင်အောက်တွင် မီးလင်းနေ၍ အဝတ်ထုပ်နှစ်ထုပ် အဆင်သင့်ချထားတာမြင်လိုက်ရတော့ ရန်ခုန့်သံ ပြုံးခနဲပြန်ထလာတော့သည်။

ဘာလိုလို့နဲ့ သူ မိန်းမရတော့မှာပါလား၊ မနက်ဖြန်ဆို သူ ဟိုကောင်တွေလို လူပျိုမဟုတ်တော့ပြီ။ နွေ၏လက်ကိုကိုင်ဆွဲ၍ ဘဝခရီးလမ်းကို ရဲဝံ့စွာ သူလျှောက်လှမ်းရတော့မည်။ ရင်ခုန်သံသည် ပူနွေးလိုက်မောနေဆဲ၊ အခုမှ လက်ဖျားခြေဖျားတွေ အေးလာတော့သည်၊ ရင်ထဲမှာလည်း ကတုန်ကယင်နဲ့ ချွေးစေးတွေတောင် ပျံလာပြီ။ သူသိပ်ချစ်သောချစ်သူလေးနဲ့ သူ တကယ်နီးရတော့မည်၊ ရင်ခုန်ပျော်ရွှင်မှု သွေးစီးကြောင်းသည် ခန္ဓာကိုယ်အနှံ့ ဖောက်ထွင်းလျှောက်သွားနေဆဲ။

"ဟော့ကောင် မိုးစက် ဘာကြောင်နေတာလဲ. . . ဟိုမှာ နွေဦးဝေဆင်းလာပြီ"

ရန်နိုင်စိုး၏ ခပ်ဖော့ဖော့အသံကြောင့် သူအသိပြန်ဝင်လာတော့ 'နွေ'ဆင်ဝင်အောက်တံခါးကို အသာဖွင့်၍ ထွက်လာပြီ၊

"နွေ. . . သယ်စရာ ဒါအကုန်ပဲလား"

နွေက သူ့လက်ထဲမှ အိတ်တစ်အိတ်ကိုချ၍

"နေဦး. . . နောက်နှစ်အိတ်ကျန်သေးတယ်"

"ဟာ နွေရယ်. . . ဒီလောက်အများကြီး ဘာတွေထည့်လာတာလဲ"

"အို. . . အစုံပဲ. . . ဘာလဲ အခုကတည်းက နွေကိုဆူချင်နေပြီလား၊





ဒါဆိုမလိုက်တော့ဘူး နေခဲ့လိုက်မှာနော်"

နွေက နှုတ်ခမ်းစူ၍ပြောတော့ သူ ကမန်းကတန်းလက်ကာပြပြီး တောင်းပန်လိုက်ရသည်။ ဒီအချိန်မှာ သူ နွေနဲ့စကားအခြေအတင်ပြောမနေအား၊ မနည်းတောင်းပန်ပြီး မယ်မင်းကြီးမလေးစိတ်တိုင်းကျ ပြန်လွှတ်လိုက်ရသည်။ စည်သူနှင့်ကျော်မင်းက တစ်ယောက်တစ်အိတ်စီ ကောက်ဆွဲပြီး မှောင်ရိပ်ခိုရပ်နေ၏။ သူလည်း ကျန်တဲ့တစ်အိတ်ဆွဲ၍ နွေအလာကို စောင့်နေလိုက်ရသည်။ နွေကလည်း ကြာလိုက်တာ. . . အရေးကြီးရသည့်အထဲ သူက အေးအေးဆေးဆေးလုပ်နေသည်။ အင်း. . . သူတည့်လိုက်တဲ့ အိပ်ဆေးရဲ့လက်ဆကို ယုံကြည်နေပုံရသည်။ သူတစ်ယောက်တည်း အိမ်မှာရှိ၍ အေးအေးလူလူလုပ်နေပုံပေါက်နေသည်။

ခဏနေတော့ အိတ်နှစ်အိတ်ကို မနိုင်မနင်းဆွဲ၍ ထွက်လာတာတွေ့လိုက်တော့ သူအိမ်ထဲဝင်၍ ပြေးသယ်ပေးလိုက်၏။ နွေ အိတ်ကို သူ့လက်ထဲသို့ထည့်ပြီး အရေးတကြီး တစ်ချက်စဉ်းစားကာ. . .

"ဟယ်. . . မိုးစက် ခဏစောင့်နေဦးနော်. . . အရေးကြီးဆုံးတစ်ခု မေ့ကျန်ခဲ့ပြီ"

"ဘာ. . . ဘာလဲဟင်"

"မှတ်ပုံတင်"

"ဟာ"

"ခဏ. . . ခဏ. . . လေး စောင့်နေနော် နွေအခုဆင်းလာခဲ့မယ်. . . ခဏလေးပဲ. . . ခုတင်ပေါ်မှာကျန်ခဲ့တာ"

နွေ သူ့ကိုခပ်အုပ်အုပ်ပြော၍ ပြန်ပြေးထွက်သွားတော့သည်။ ဟူး. . မလွယ်ပါလား၊ ဒီအချိန် တစ်အိမ်လုံးနိုးလာရင်ပြဿနာပဲ၊ သူကသာ တော်တော်လန့်နေတာ၊ နွေကတော့ အေးဆေးပဲ၊ ဘယ်လိုကောင်မလေးမှန်းလဲ မသိဘူး၊ နိုးရာလိုက်တာ ဘုရားဖူးထွက်တာကျနေတာပဲ၊ သာတောင့်သာယာနေနိုင်လွန်းတယ်. . .။ ဘာပဲဖြစ်ဖြစ်လေ သူလည်း တစ်ခါမှခိုးရာမလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖူးတော့ ဘာတွေအရေးကြီးမှန်း သိချင်မှသိမှာပေါ့လေ၊ နွေ့ အိပ်ဆေး လက်ချက် တော်တော်အစွမ်းထက်ပုံရသည်။ တစ်အိမ်လုံး တိတ်လို့၊ သူ နည်းနည်းတော့ ကြောက်စိတ်ပျယ်သွားသည်။ အဲဒီအချိန်မှာပဲ ဘာကြောင့် မှန်းမသိ ရုတ်တရက် မီးက ဖျတ်ခနဲပြတ်သွားတော့၏။

ဟာ. . . သွားပြီ၊ အားလုံးမှောင်မည်းသွားပြီ၊ ဒုက္ခပဲ၊ နွေ့. . . နွေ့ ပိတ်လိုက်တာလား၊ ဒါလည်းမဖြစ်နိုင်ဘူး၊ လောကကြီးတစ်ခုလုံး မှောင်သွား တာ၊ ဒါဆို ဟိုကောင်တွေရော. . . သူအပြင်သို့လှမ်းကြည့်လိုက်ရာ အားလုံး မှောင်မည်းနေပြီး ဘာမှသဲသဲကွဲကွဲမမြင်ရ၊ သူမလှုပ်ရဲပေ၊ တော်ကြာ မမြင် မစမ်းနှင့် တစ်ခုခုတိုက်မိပြီး တစ်အိမ်လုံးနိုးသွားရင်ဒုက္ခ၊ သူ. . . ရောက်နေ သောနေရာမှာပင် ငြိမ်ငြိမ်လေးရပ်နေလိုက်သည်။ နွေ့ကလည်း ကြာလိုက် တာ. . .

ဟော. . . မြင်နေရပြီ၊ သူမျက်လုံးကို အမှောင်ထဲမှာ ကျင့်သားရ အောင် ပြူးပြဲကြည့်လိုက်၏။ ဟုတ်တယ် ဒါ နွေ့ပဲဖြစ်မယ်. . . သူ့ရှေ့မှာ လူရိပ်လိုလိုအရာတစ်ခု သူ့ထံ တန်းတန်းမတ်မတ်လာနေသည်။ ဘယ်သူ ဖြစ်မှာလဲ. . . အဲဒါနွေ့ပဲပေါ့၊ လူရိပ်က သူနှင့်လက်တစ်ကမ်းအကွာလောက် ရောက်လာပြီထင်သည်။ သို့သော် သူ့ကိုမြင်ပုံမပေါ်၊ အပြင်သို့ထွက်ရန်ပြင် နေသည်။ ဟာ မဖြစ်ဘူး၊ နွေ့အပြင်ရောက်သွားပြီထင်တယ်၊ သူစဉ်းစား မနေတော့၊ နွေ့လက်ကိုမှန်းပြီး ပြေးဆွဲလိုက်တော့သည်။

"အို"

အသံသဲ့သဲ့တစ်ခု၊ လက်က အေးစက် ကြမ်းတမ်းနေသယောင်၊ ဟင်. . . နွေ့. . . နွေ့. . . လက်ကဘယ်လိုပါလိမ့်၊ သူလည်း နွေ့လက်ကို တစ်ခါမှမကိုင်ဖူးပေ၊ အင်း. . . နည်းနည်းကြမ်းသလိုပဲ၊ ဘာပဲဖြစ်ဖြစ်ကွာ ပြေးပြီး. . . သူ နွေ့လက်ကိုဆွဲ၍ အပြင်သို့ အမြန်ပြေးထွက်လိုက်တော့ သည်။ နွေ့သည် သူ့နောက်သို့ တရေရေသောပါးပါလာတော့၏။

"အမေ့၊ ပလုတ်လုတ်တုတ်၊ ဟရို့. . . ဟွတ်ရှူး"





ဟာ. . . ဘာကြီးလဲ၊ တော်တော်လန့်သွားသည်၊ ဒါ ဒါ နွေ့. . . နွေ့ အသံမဟုတ်ဘူး၊ အပြင်ရောက်လို့သေချာကြည့်လိုက်တော့ တစ်ကိုယ်လုံး မည်းနက်တောက်ပြောင်နေသော ကုလားမတစ်ယောက်၊ သွားပြီ၊ ဘာ ဘာ တွေလဲ၊ သူလူမှားဆွဲလာပြီ၊ ဟင်. . . အဲဒါဆို နွေ့. . . နွေ့. . . ရော။

"ဟာရေ့၊ အပနားနော်၊ ဘာမှမပြင်ဆင်ရသေးဘူးနော်၊ ရာဂျူးနော် ဘာနူးကို ကြိုမပြောဘူး"

အရှင်လတ်လတ် ယေ်ထိပ်ပေါ် ဗုံးကြဲခံလိုက်ရသလို နားထဲမှာ စီခနဲ ဖြစ်သွား၏။ သွားပြီ၊ ဘာနူးတွေရော၊ ရာဂျူးတွေရော ရှုပ်ကုန်ပြီ၊ ဘာတွေလဲ

"ဘာနူးနော်၊ ရာဂျူးကိုစောင့်နေတာ၊ တော်တော်ကြာပြီနော်၊ အခုမှ လာတယ်နော်၊ သိပ်ဆိုး"

ဘာနူး၏ တင်းကျပ်သောအထိအတွေ့၊ မွှန်ထူနေသော ကိုယ်အနံ့ အသက်၊ သူအဲ့ဒီနေရာမှာတင် ကိုယ့်ကိုယ်ကို အသေခံ ဗုံးခွဲပစ်လိုက်ချင် တော့သည်။ အဲဒီအချိန်မှာပဲ ကိုယ်ရှေ့မီးက ဖျတ်ခနဲပြန်လာတော့၏။

ဟင်. . . သူ လူမှားဆွဲလာသူကို အရှင်လတ်လတ်ကြီးတွေ့လိုက်ရ သည်။ ကုလားမလေးတစ်ယောက် သူ၏မည်းနက်နေသော အသားအရောင် ကြားမှ ဖြူဖွေးသောသွားများဖြင့် သူ့ကိုပြုံးပြနေလေရဲ့၊ ကျွန်တော့်ကို ဘယ် သူမှ မကယ်နိုင်ကြတော့ဘူးလားဗျာ၊ လုပ်ကြပါဦး၊ သူ ဘေးဘီဝဲယာ လှမ်းကြည့်လိုက်တော့. . .

ဟိုကောင်တွေ ကုလားမတစ်ယောက်ကိုဆွဲ၍ ထွက်လာသောသူ့ကို ကြောင်တောင်တောင်နှင့် ကြည့်နေကြသည်။ ပြီးတော့ ဆင်ဝင်အောက်က တံခါးဝမှာ သူ့ကို တအံ့တဩကြည့်နေသည့် 'နွေ့' သူတို့ကို တွေတွေကြီး ကြည့်နေသည်။ ခဏကြာတော့ နွေ့က အခြေအနေအရပ်ရပ်ကို သဘော ပေါက်သွားပုံရသည်။ သူ့ကို တိုးတိုးဆိုသောသဘောဖြင့် နှုတ်ခမ်းရှေ့ လက်ညှိုးထောင်ပြ၏။ ပြီးတော့ ဘာနူးကို ဦးနှောက်မကောင်းဘူးဆိုသည့် သဘောဖြင့် နားထင်ကို လက်ညှိုးထောက်၍ ခါပြနေလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း အခြေအနေအရပ်ရပ်ကို သဘောပေါက်လိုက်ပြီ၊ အခုချိန် ဘာနူး စိတ်ချမ်းသာမှုဖြစ်တော့မည်။ တော်ကြာ စိတ်ပေါက်ပြီး အော်ကြီးဟစ်ကျယ်တွေ ထလုပ်နေလျှင်မလွယ်၊ သူဘာလုပ်ရမလဲ၊ သူ ဦးနှောက်ကို စက္ကန့်ပိုင်းအတွင်း အလုပ်ပေးလိုက်သည်။ အဲဒီအချိန်မှာပဲ အိမ်ရှေ့ကားဂိုဒေါင်နားမှာ အူကြောင်ကြောင်နှင့် မပေါင်မလည်ရပ်နေကာ သူတို့ကို ကြည့်နေသော ကံထူးရှင် ရန်နိုင်စိုးကို သွားမြင်လိုက်တော့သည်။ ဟုတ်ပြီ သူ့အကြံကို အမြန်အကောင်အထည် ဖော်လိုက်တော့သည်။ မြန်မြန်မလုပ်လို့လည်းမဖြစ်၊ ဘာနူးက သူ့ရင်ခွင်ထဲမှာ မှေးမှိတ်နေပြီ၊ ကြာလျှင် သူ အဲဒီနေရာမှာတင် မတ်ကတ်ကြီး ပွဲချင်းပြီးသေသွားနိုင်သည်။

"ဘာနူး"

"ဟင်. . ."

ဘာနူးက နှစ်ကိုယ်ကြားလေး တိုးဖွဖွဆူး၍ သူ့ကို မော့ကြည့်သည်။ မျက်လုံးနှစ်ဖက်ကတော့ ညအမှောင်မှာ ချစ်ရည်တို့ရွှန်းလဲ့ပြီး တောက်ပနေ၏။ သူအချိန်ဆွဲလို့မဖြစ်တော့. . .

"ဘာနူး. . . ကျွန်. . . ကျွန်တော်က ရာဂျူးမဟုတ်ဘူး"

"ဟင်. . . ရာဂျူးမဟုတ်ဘူး"

"ဟုတ်တယ်. . . ကျွန်တော်က ရာဂျူးရဲ့သူငယ်ချင်း"

ဘာနူး ဆတ်ခနဲ သူ့ရင်ခွင်ထဲမှ ခွာထွက်လိုက်၏။

"ဟင်. . . ဒါဆို ရာဂျူးရော. . . ရာဂျူးနော်. . . ဘာနူးကို လာခေါ်မှာနော်"

"ဟုတ်တယ်. . . ဘာနူး. . . ကျွန်တော်သိတယ်. . . အခု ဘာနူး သတိမထားမိလို့နေမှာပါ. . . ရာဂျူးက ဟိုမှာ"

သူ၏လက်ညှိုးညွှန်ချက်သည် ရန်နိုင်စိုးကို အမြောက်နှင့်တေ့ပစ်လိုက်သလို တစ်ကိုယ်လုံး ဖွာထွက်သွားစေ၏။ ပထမတော့ ဒီကောင်မျက်လုံးကလေး ကလည်ကလည်နှင့် တော်တော်ကြောင်သွားသည်။ နောက်





တော့ တော်တော်ကြောက်သွား၏။ မျက်နှာက အပါယ်လေးဘုံကို ရုတ်တရက် ဗီဇာမလျှောက်ရဘဲ ရောက်သွားသလိုဖြစ်သွားသည်။ မတတ်နိုင်ဘူး သူငယ်ချင်းရယ်. . . ကမ္ဘာမီးလောင်နေလို့ပါ၊ သားကောင်ချနင်းရမှာမို့လို့ မင်းကို အားကိုးမိတာပါ။ ဘာနူး သူ့စကားလည်းဆုံးရော ရန်နိုင်စိုးကို တစ်ချက်လှမ်းကြည့်၍ ကျောင်းဆင်းခေါင်းလောင်းသံကြားလိုက်ရသော မူလတန်းကျောင်းသားကလေးတစ်ယောက်နှယ် သူ့ထံမှ ကမြှောသောပါး ပြေးထွက်သွားတော့သည်။ ဒီတစ်ခါတော့ ဘာနူးဦးတည်ရာက ရန်နိုင်စိုးထံသို့။

သူလည်း အချိန်မဆွဲတော့၊ လက်ဆွဲအိတ်များကို ဆွဲကိုင်၍ ဘာနူးမမြင်ခင် နွေ့လက်ကို နိုင်နိုင်ဆွဲကာ အပြင်သို့ပြေးထွက်ခဲ့တော့သည်။ နောက်ဆုံး ရန်နိုင်စိုးကိုတစ်ချက်ကြည့်၍ 'မင်းဟာမင်း. . . လိုသလိုကြည့်ပြောပြီး မဖြစ်ဖြစ်တဲ့နည်းနဲ့ ထွက်ခဲ့'ဆိုပြီး လက်ဟန်ခြေဟန်နှင့် မျက်ရိပ်ပြကာ မှာခဲ့လိုက်တော့သည်။ ရန်နိုင်စိုး၏မျက်နှာကတော့ ဘဝတစ်ခုလုံး စုံးစုံးမြှုပ်ခံလိုက်ရသော သူတစ်ယောက်၏ အကြည့်ကလေးနှင့် သူတို့ကို ကြည့်ကာ ဘာနူးရင်ခွင်ထဲတွင် ငြိမ်သက်စွာကျန်ခဲ့တော့သည်။

'မိုးစက်'တို့အားလုံး ခြံပြင်သို့ အသီးသီးထွက်သွားနေကြပြီ။ ရန်နိုင်စိုးမှာ မလှုပ်ရဲသေးပေ၊ ဘာနူးရင်ခွင်ထဲတွင် ငြိမ်ငြိမ်ကလေး နေပေးနေရသည်။ ဘာနူး၏အမွှေ့အဖက်က ကြမ်းသည်၊ မာန်ပါသည်၊ အကြည့်များက စူးရဲပြီး ရွှန်းလဲ့တောက်ပနေ၏။ တစ်ချက်တစ်ချက် ဘာနူး၏ဝင်သက်ထွက်သက်သည် ရန်နိုင်စိုး၏ပါးပြင်သို့ ဝင်ရောက်ရိုက်ခတ်နေသည်။ ရန်နိုင်စိုးကိုယ့်ဘဝကိုယ်တွေးရင်း မျက်ရည်တွေ ဝေ့တက်လာသည်။ 'သွားပြီ၊ သူ့ဘဝတော့ ဒီညအဆုံးသတ်ပြီ၊ ဘာကိုမှ အတိအကျမသိလိုက်ရပါဘဲနဲ့ ငရဲအိုးသို့ ဇောက်ထိုးကျခဲ့ပြီ၊ ဒါပေမဲ့ ဘာနူးရင်ခွင်ထဲတွင် လှုပ်တောင်မလှုပ်ရဲ၊ မတော် ဘာနူးက သူ့ကိုငြိုငြင်ပြီး ထအော်လိုက်လျှင် ကျော်မကောင်းကြားမကောင်းတွေ ဖြစ်ကုန်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ရာဂျူး"

အဖျားခတ်တုန်ယင်နေသော ဘာနူး၏ခပ်ချွဲချွဲအသံသည် ရန်နိုင်စိုး နားထဲသို့ လောက်ချာနှင့်ကပ်ဆော်လိုက်သလို ဖြစ်သွား၏။ အခုမှတော့ မတတ်နိုင်တော့။ သူငယ်ချင်းအတွက် ရင်းရတော့မည်။

"ရာဂျူးနော်. . . ဘာနူးကို လာခေါ်မယ်ဆိုတာနော် သိဟယ်. . . ဘာနူးနော် ရာဂျူးကိုအရမ်းချစ်တယ်. . . ရွတ်"

ဟာ. . . ရန်နိုင်စိုး ပါးတစ်ဖက်ပူခနဲဖြစ်သွား၏။ မြန်သည်၊ တိကျသည်။ ခန္ဓာကိုယ်အတွင်းကလီစာများ ပြောင်းပြန်လန်ကုန်ပြီထင်လိုက်ရ၏။ အပနား၏ အနမ်းတစ်ချက်၊ ရန်နိုင်စိုး၏ညာဘက်ပါးပြင်ပေါ်သို့ အဆီးအတားမရှိ ကျရောက်သွားတော့သည်။ ရန်နိုင်စိုး သိလိုက်ပြီ၊ ဒီအတိုင်းနေလို့မဖြစ်တော့. . . သူတစ်ခုခုလုပ်မှရတော့မည်။ ဘာနူး တဖြည်းဖြည်း ကြမ်းလာပြီ၊ ကြာလျှင်မလွယ်တော့ပေ။

"ရွတ်"

နောက်အနမ်းတစ်ချက်. . . ဘယ်ဘက်ပါးပြင်ပေါ်သို့ ဘုရား. . . ဘုရား. . . ပထမတစ်ချက် ညာဘက်ပါး၊ ဒုတိယတစ်ချက် ဘယ်ဘက်ပါး၊ တတိယတစ်ချက်ဆိုရင်. . . ဟင်. . . တွေးကြည့်ရုံနဲ့တင် တစ်ကိုယ်လုံး ကြက်သီးတွေ ဖြန်းခနဲထသွားတော့၏။ ရန်နိုင်စိုး တတိယအနမ်းတစ်ချက် မရောက်ခင်မှာပင် ဘာနူးရင်ခွင်ထဲမှ ကုန်းရုန်းထပစ်လိုက်သည်။

"ဟရေ့. . . ရာဂျူး. . . ဘာနူးကိုနော် ခွဲမသွားနဲ့"

"ဟာ. . . မခွဲဘူး စိတ်ချ၊ ပြန်လာခဲ့မယ်၊ ခဏလေးနော်"

ရန်နိုင်စိုးအထ ဘာနူးအဲတင်းပြန်ဆွဲ၏။ ဒီတစ်ခါတော့ ရန်နိုင်စိုး မရတော့ အတင်းရုန်းထွက်ပြီး. . .

"ဘာနူး. . . ရာဂျူးကိုချစ်ရင် အဲဒီလိုမလုပ်နဲ့လေ. . . ပြန်လာခဲ့မယ်နော်. . . ခဏလေး. . . သူငယ်ချင်းတွေသွားခေါ်မလို့. . . ဟို. . . ဟို ဘာနူးအဝတ်ထုပ်တွေ သွားယူထားလိုက်နော်"





ပါးစပ်ထဲ တွေ့ကရာတွေ လျှောက်ပြောပစ်လိုက်သည်။ အဲဒီအချိန်ကျမှ ဘာနူးက လက်ကိုလွှတ်ပေးလိုက်တော့သည်။

အလင်း၏အမြန်နှုန်းတောင် ရန်နိုင်စိုးကို အမှေတော်လိုက်ရမည်၊ လှစ်ခနဲပဲ. . .။

'မိုးစက်'နှင့် နွေဦးဝေက ကားခေါင်းခန်းတွင်ထိုင်နေ၍ ကျန်တဲ့ လူတွေကတော့ အနောက်ခန်းမှာ၊ ခဏနေတော့ ရန်နိုင်စိုးတစ်ကိုယ်လုံး ချွေးတွေရွှဲ၍ ပြန်ထွက်လာတော့သည်။ မျက်နှာက နာဇီအကျဉ်းစခန်းမှ လွတ်မြောက်လာသော ဂျူးလူမျိုးတစ်ယောက်လို ဖြစ်နေသည်။

"ဟေ့ကောင်တွေ. . . မောင်း. . . မောင်းတော့"

ဇာနည်၏ကားစက်နှိုးသံသည် ညဥ့်ယံကို ဗုန်းခနဲ ဖောက်ထွက်သွားတော့၏။

"ဟေ့ကောင် ဇာနည်. . . အမြန်မောင်း၊ မင်းစက်သံအကျယ်ကြီးပဲ၊ တစ်လမ်းလုံး နိုးကုန်မယ်"

"စိတ်မပူပါနဲ့ကွာ. . . ငါတို့ အောင်မြင်သွားပြီပဲ၊ နွေဦးဝေလည်း မင်းဘေးနားရောက်နေပြီ. . . ဘာလိုသေးလို့လဲ. . . ဟဲ. . . ဟဲ"

ဇာနည် ခနဲ့ပြုံးပြုံးရင်း ကားမောင်းထွက်လိုက်တော့၏။ နွေကတော့ သူ့ပခုံးလေးကိုမှီလျက် ရှက်ပြုံးလေးနှင့် ပါလာပါတော့လေသည်။

"ဒုန်း. . . ဒုန်း. . . ဒုန်း"

"ဟေ့ကောင် ဇာနည်. . . ကားရပ်. . . ကား. . . ကားရပ်ဦး"

နွေတို့ လမ်းထိပ်အလွန်လောက်တွင် ပေါ်ကြီး၏ အလန့်တကြား အော်ဟစ်သံကြောင့် သူတို့ ရှေ့မှ သုံးယောက်စလုံးလန့်သွားကြသည်။ ဘာတွေပြဿနာတက်ပြန်ပြီလဲ၊ သူတော်တော်လန့်သွားပြီ၊ ပေါ်ကြီးက ရှေ့ခန်းသို့ မျက်နှာပျက်စွာ ပြေးထွက်လာပြီး. . .

"ဟေ့ကောင်တွေ. . . နေ. . . နေဦးဦး ဘယ်နားကျန်ခဲ့လဲမသိဘူး၊ ပါမလာဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ."

"အေး. . . ဟုတ်တယ်. . . ငါတို့လည်း ခုနက ရန်နိုင်စိုးအပေါ် စိတ်ရောက်နေတာနဲ့ သတိမထားမိလိုက်တာ. . . အခုမှ လှည့်ကြည့်တော့ ဒီကောင့်ကိုမတွေ့တော့ဘူး"

ပြဿနာက တစ်ခုပြီးတစ်ခု တက်နေတော့သည်။ သူ့ကံကြမ္မာကို ဒေါသဖြစ်လာပြီ။ အခုလည်း ပြဿနာတစ်ခုအေးမယ်မကြံသေးဘူး၊ နောက်တစ်ခုက တက်နေပြန်ပြီ။ နေထွေးဦးဆိုတဲ့ကောင်ကလည်း ဘယ်နားသွားနေနေလဲမသိတော့၊ သူတို့လည်း ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ ဂရုမထားမိလိုက်ပေ။

"ဟော့ကောင်. . . မိုးစက်. . . ဘယ်လိုလုပ်မှာလဲ"

ပေါကြီး နောက်တစ်ခွန်းထပ်ပြောသည်။ သူဒီအချိန်မှာ ပြတ်သားရတော့မည်။ နေထွေးဦးသည် ဘာပဲဖြစ်ဖြစ် လူရည်လည်သူတစ်ယောက်ဖြစ်သည်။ ဘယ်နေရာရောက်ရောက် သူကိုယ်လွတ်ရုန်းထွက်နိုင်သည်။ သူနဲ့နွေက ဒီတစ်ခါမပေါင်းဖြစ်လျှင် တစ်သက်လုံး ဘယ်လိုမှ ပေါင်းဖို့မဖြစ်နိုင်တော့. . . သူဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တော့၏။

"သူ ဘယ်နေရာကျန်ခဲ့လဲ ငါတို့မှမသိတာ ဘယ်လိုလုပ်မလဲ၊ အခုခဏထားခဲ့မယ်ကွာ၊ ငါ နွေ့ကို ငါတို့တည်းမယ့်နေရာမှာ သွားထားပြီးမှ ပြန်လာရင်ကောင်းမယ်. . . မင်းတို့သဘောကကော"

ဟိုကောင်တွေ တစ်ချက်စဉ်းစားပြီး

"အေး. . . ဟုတ်တယ်၊ ကောင်းတယ်. . . ဒီကောင်လည်း သူ့ဟာသူ ထွက်လာနိုင်တာပဲ. . . စိတ်တော့သိပ်ပူစရာမရှိပါဘူး၊ ဒီကောင် လူလည်ပါ"

"အေး. . . အဲဒါဆို. . . ကဲ. . . ဇာနည်. . . ငါတို့တည်းမယ့်နေရာကိုသာ အမြန်မောင်းတော့"

ကား၏အရှိန်နှင့်အတူ သူ၏စိတ်များသည်လည်း တရိပ်ရိပ်ပြေးလွှားနေမိသည်။ 'ဟူး' မလွယ်ပါလား၊ မိန်းမတစ်ယောက်ရဖို့ ရင်းနှီးပေးဆပ်ရ





မှုက တော်တော်များပါလား၊ ဘာပဲဖြစ်ဖြစ် သူတို့ပြန်လာချိန်မှာ နေထွေးဦးကို လမ်းထိပ်မှာ မတ်တတ်ရပ်နေတာပဲ တွေ့ပါစေလို့သာ ဆုတောင်းလိုက်မိပါတော့သည်။ 'နွေ'ရေ မင်းနဲ့ကိုယ်ပေါင်းရဖို့အတွက် သူငယ်ချင်းတွေအားလုံး အနစ်နာခံမှုတွေတံတားခင်းပေးခဲ့တယ်ဆိုတာ မင်းသိရင် ငါသူတို့ကိစ္စတွေမှာ ဘာဖြစ်လို့ ရှေ့ဆုံးကကူညီပေးခဲ့တာလဲဆိုတာ မင်းနားလည်လာမှာပါကွာ. . .

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး(၃)

နွေဦးဝေ၏အဖေ ဦးထွန်းဝေသည် ဒီနေ့ညမှ ဘယ်လို ဖြစ်နေသည် မသိ၊ ကော်ဖီတစ်ဝက်လောက်သောက်ပြီး ခဏနေတော့ စာရင်းဇယားများ ကြည့်မလို့ ထိုင်ရုံရှိ သေးသည် နည်းနည်းအိပ်ချင်လာသည်။ လက်မှနာရီကို ကြည့်လိုက်တော့ ၁၀ နာရီပဲရှိသေး၏။ ဒီနေ့တစ်နေ့လုံးလည်း အလုပ် နားရက်ဖြစ်၍ စိတ်ပင်ပန်းလူပင်ပန်းမဖြစ်ပါဘဲနှင့် ယခုမည်သို့ အိပ်ချင်နေ ပါသနည်း။ ဦးထွန်းဝေစဉ်းစားနေရင်းမှာပင် လေးခါမြောက် သမ်းဝေလိုက် တော့သည်။ ဦးထွန်းဝေ ခေါင်းကိုတစ်ချက်ကုတ်လိုက်ပြီး သူ့မိန်းမအား လှည့်ကြည့်လိုက်သည်။ ဒေါ်စောခင်ဦးက အိပ်မောကျလို့ ဟောက်ဖောင် နေပြီ၊ သူ့သမီး နွေဦးဝေကိုခေါ်ပြီး သံပုရာရည်ဖျော်ခိုင်းဖို့ စဉ်းစားသေး သည်။ သို့သော် တစ်အိမ်လုံးတိတ်ဆိတ်ငြိမ်သက်လျက်၊ ဘာနှုးကိုတော့ သူ ဒီအချိန်ကျမှ မခိုင်းချင်တော့၊ ရှုံ့နှံ့နှင့် သူ့စိတ်တိုင်းကျမဖြစ်လျှင် ဒေါသထွက်နေရမည်။ ထို့ကြောင့် သူ စာရင်းစာအုပ်ကိုသာ ကောက်ကိုင် လိုက်တော့သည်။





ညဏ် တိတ်ဆိတ်ငြိမ်သက်မှုနှင့် ဒေါ်ခင်စောဦး၏ဟောက်သံက ဦးထွန်းဝေ၏ အိပ်ချင်စိတ်ကို ထိန်းမနိုင်သိမ်းမရအောင် မြူဆွယ်နေတော့ သည်။ ဘယ်နှခါမြောက်မှန်းမသိသည့် သမ်းဝေခြင်းကိုပြု၍ ဦးထွန်းဝေ စာရင်းစာအုပ်ကိုပိတ်ချလိုက်တော့သည်။ သူမရတော့၊ မျက်ခွံတွေက ခဲဆွဲ ထားသလို လေးလံနေပြီ။ အိပ်မှဖြစ်တော့မည်ဟုတွေးကာ အိပ်ရာထဲသို့ အသာဝင်လိုက်တော့သည်။ လက်မှနာရီကိုကြည့်လိုက်တော့(၁၁း၀၀)နာရီ ထိုးဖို့(၅)မိနစ်၊ ခေါင်းအုံးနှင့်ခေါင်း မိတ်ဆက်လိုက်တယ်ဆိုရင်ပဲ ဦးထွန်းဝေ သာယာချမ်းမြေ့စွာ အိပ်မောကျသွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

နေထွေးဦးသည် 'မိုးစက်' နွေဦးဝေတို့ အိမ်ထဲဝင်သွားတယ် ဆိုရင်ပဲ ဆီးသွားချင်လာသည်။ ပထမတော့ ထိန်းထား သေးသည်။ သို့သော် မိုးစက်က တော်တော်နဲ့ပြန်ထွက်မလာ၊ ကိစ္စကတော်တော်နဲ့ပြီးပုံမပေါ်သေးပေ။ နွေဦးဝေ တစ်ခုခုသွားပြန်ယူနေပုံရသည်။ ခဏတော့ အချိန်ရမှာပဲဟုတွေးကာ အိမ်နောက်ဖေးဘက် မှောင်ရိပ်ထဲသို့ ဝင်လိုက်တော့သည်။ အိမ်နောက်ဖေးသို့ ရောက်တော့ ပုဏ္ဏရိပ်ချုံကွယ်လေးမှာပင် ကိစ္စကို ဖြေရှင်းလိုက်တော့၏။ အခုမှပဲ စိတ်ထဲမှာလန်းဆန်းသွားသလို ရှိသွားသည်။

ကိစ္စပြီးလို့ လှည့်ထွက်မယ်အလုပ်။ အိမ်နောက်ဖေးတံခါးပေါက်မှ လူရိပ်တစ်ခု လှစ်ခနဲထွက်လာတာမြင်လိုက်ရတော့ တစ်ကိုယ်လုံး အကြောတွေတောင် ထောင်ထသွား၏။ ဘယ်သူလဲ ဘုရား. . . ဘုရား. . . နွေဦးဝေတို့အိမ်ကလူတွေ နိုးလာပြီလား၊ နေထွေးဦး ချုံကွယ်လေးမှာ အသာငြိမ်နေလိုက်၏။ အခုမှ အိမ်ရှေ့ထွက်ပြေးလို့လည်း မရတော့ပြီ။ သူထွက်သွားလျှင် လူရိပ်နှင့်ပက်ပင်းတိုးသွားနိုင်သည်။ နေထွေးဦး အသာချောင်းကြည့်လိုက်၏။ အမှောင်ထဲမှာ မျက်လုံးကျင့်သားရလာတော့ သူလူရိပ်ကို သဲသဲ





ကွဲကွဲမြင်ရပြီ၊ ကုလားမလေးတစ်ယောက်ပါလား၊ သစ်ပင်နားသွားပြီး ဘာလုပ်နေပါလိမ့်၊ နေထွေးဦး သေချာကြည့်သည်။ ထိုကုလားမလေးသည် အပင်ခြေရင်းတွင် ငုတ်တုတ်ကလေးထိုင်၍ တရှုပ်ရှုပ်နှင့် ငိုနေပုံရသည်။ ဒုက္ခပဲ၊ ဒီကုလားမ ဘယ်အချိန်ထိငိုနေမည်မသိ၊ မိုးစက်တို့လည်း ဘယ်အခြေအနေတွေရောက်နေပြီလဲ နေထွေးဦးတွေးရင်း စိတ်ပူလာပြီ။ မဖြစ်သေးဘူး၊ ဒီအတိုင်းနေနေရင် အားလုံးပြဿနာတက်သွားနိုင်တယ်၊ ဒီကိစ္စ ဟိုကောင်တွေ သိမှာမဟုတ်ဘူး၊ အမြန်သွားပြောမှ။

နေထွေးဦး မဖြစ်ဖြစ်တဲ့နည်းနဲ့ အိမ်ရှေ့ရောက်ဖို့ အရေးကြီးနေပြီ၊ ဒီကုလားမလေးရှိနေတာကို နွေဦးဝေလည်း သိပုံမပေါ်သေးပေ။ ပြဿနာတွေတော့ အကြီးအကျယ်တက်ကုန်တော့မည်။ သူဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာချလိုက်တော့သည်။ ခုန ကုလားမလေးထွက်လာသည့် တံခါးသည် ယခုတိုင် ဖွင့်လျက်အနေအထားပဲရှိသေး၏။ ထိုတံခါးမှ သူ လှစ်ခနဲ ဝင်လိုက်သည်။ ကုလားမလေးက တံခါးကိုကျောခိုင်းထားတော့ သူ့ကိုမမြင်၊ ဘယ်နှစ် ဘယ်ကာလကတည်းက ပူဆွေးသောကတွေကို ငိုချင်းချနေသည်မသိ၊ အခုထိ တရှုံ့ရှုံ့နဲ့ကျန်ခဲ့လေရဲ့။

နေထွေးဦး မီးဖိုချောင်ဟုထင်ရသော အခန်းထဲရောက်သွားသည်။ တံခါးသုံးပေါက်ရှိသည်၊ ဘယ်တံခါးက အပြင်ထွက်သည့်အပေါက်မှန်း ခန့်မှန်းလို့မရပေ။ တံခါးတွေအားလုံးပိတ်လျက်သား၊ တံခါးပေါက် အကျယ်အဝန်းတွေကလည်း အားလုံး ဆိုဒ်တူကိုက်တူတွေ၊ နေထွေးဦး ခွေးပြန်သွားပြီ၊ ဘယ်အပေါက်ရွေးရမှာလဲ။ အပြင်မှ လှုပ်ရှားသံသဲ့သဲ့ကြားလိုက်ရတော့ သူပျာသွားသည်။ ဟိုကောင်မလေး ပြန်ဝင်လာပြီ။ တွေးမနေအားပေ။ နီးစပ်ရာ တံခါးတစ်ပေါက်ဆီသို့ ဖွင့်၍ဝင်လိုက်ချိန်မှာ ရုတ်တရက် မီးပြတ်သွားတော့၏။

မည်းမည်းမှောင်နေသော အခန်းတစ်ခုထဲဟွင် တစ်ယောက်တည်း ရပ်နေရင်း အားငယ်လာမိတာတော့ အမှန်ပင်။ ဘယ်အခန်းရောက်လို့



www.burmeseclassic.com

ရောက်နေမှန်းမသိတော့ပေ။ သူ့ပတ်ဝန်းကျင်မှအသံများကို နားစွင့်လိုက်သည်။ တံခါးပိတ်သံသဲ့သဲ့တစ်ခုကိုကြားရပြီး ခဏနေတော့ တံခါးတစ်ချပ်ဖွင့်သံကြားလိုက်ရသည်။ ဒါဆို သူအခုရောက်နေသည့်အခန်းသည် အပြင်ထွက်သည့် တံခါးပေါက်မဖြစ်နိုင်တာ ကျိန်းသေသွားပြီ။

ဒါဆို သူဘယ်ရောက်နေသနည်း၊ နေရင်းထိုင်ရင်း တောထဲ တောင်ထဲမဟုတ်ပါဘဲနှင့် မြို့လယ်ခေါင် အိမ်တစ်လုံးထဲမှာလမ်းပျောက်နေသည့်ကိုယ့်အဖြစ်ကိုယ် ယူကျုံးမရဖြစ်မိတော့သည်။ ဖိတ်ဆောင် သော့ချိတ်မာတ်မီးလေးပါလာတာ သတိရ၍ ထုတ်ကာဖွင့်ကြည့်၏။ မှောင်မိုက်နေသော အခန်းထဲတွင် သူ့ဘက်ထရီဓာတ်မီးလေး၏အရောင်သည် အတော်တာသွားသည်။ သူ ပြတ်ပြတ်သားသား သိလိုက်ပြီ။ သူရောက်နေတာ အိမ်သာ။

အပြင်မှအသံများကို သေချာနားစွင့်လိုက်ပြီး ထူးခြားမှုမရှိတော့မှ အသာထွက်လိုက်၏။ လက်မှ ဓာတ်မီးလေးအားကိုးဖြင့် စမ်းတဝါးဝါး လျှောက်လာရင်း တံခါးတစ်ခုကိုအသာဖွင့်၍ အပြင်ကို အကဲခတ်ကြည့်လိုက်၏။ အတော်အတန်ကျယ်ဝန်းသောအခန်းဖြစ်ပါသည်။ ဒီတစ်ခါတော့ မလွဲတော့။

ဒီအခန်းမှသွားလျှင် အပြင်ရောက်သွားနိုင်သည်ဟု တွေး၍ ထိုအခန်းထဲသို့ ဝင်ချလိုက်တော့၏။ ထိုအချိန်မှာပဲ မီးက ဖျတ်ခနဲပြန်လာပါတော့သည်။ မှန်သည်။ သူရောက်နေတာ ထမင်းစားခန်း။ ပတ်ဝန်းကျင်ကို စူးစမ်းလိုက်သည်။ လာပြန်ပြီ တံခါးပေါက်တွေ၊ ဒီတစ်ခါလည်း စိတ်ညစ်ရပြန်ပြီ၊ ဘယ်အပေါက်က ထွက်ရမည်မသိတော့၊ သူ့ဘဝက ဇက်ပါထဲထွက်ပေါက်ရှာနေပုံနှင့် တော်တော်တူလာပြီ၊ သူ ဘာမဆိုင်ညာမဆိုင် နွေဦးဝေတို့အိမ်ကိုပုံစံထုတ်သည့် အင်ဂျင်နီယာကို စိတ်ထဲမှ ပျစ်ပျစ်နှစ်နှစ်ဆဲပစ်လိုက်သည်။

ဒီတစ်ခါတော့ အချိန်ဆွဲမနေတော့ စိတ်ထင်ရာအခန်းတံခါးကို ဆွဲ





ဖွင့်လိုက်ပြီး ဝင်ပစ်လိုက်သည်။ သွားပြန်ပြီ၊ ကားဂိုဒေါင်ထဲ သူရောက်သွား၏။ ဟူး. . . ဒီတိုင်းသာ ဆက်သွားရင် သူအိမ်ထဲမှာတင် မိုးလင်းသွားတော့မည်။ သူ ကားဂိုဒေါင်ထဲမှ အမြန်ထွက်၍ ကျန်ကဲ့တစ်ပေါက်ကို ဖွင့်ပြီးဝင်လိုက်သည်။ အိပ်ခန်းတစ်ခန်းဟုထင်ရသော အခန်းတစ်ခန်းရှိသည်။ တံခါးတော့ပိတ်ထားသည်။ သူသွားမဖွင့်ရဲပေ။ ဟိုကုလားမလေးအခန်းဖြစ်နေမှ ဟုတ်ပေ့ဖြစ်သွားမည်။ ရှေ့တွင် ပါကေးခင်းထားသောလမ်းကလေးရှိ၏။ ဒါဆို သေချာပြီ၊ ရှေ့တွင် ဧည့်ခန်းကိုရောက်တော့မည်။ နေထွေးဦးပျော်သွားသည်။ ထိုပါကေးခင်းထားသော လမ်းတိုလေးအတိုင်း လျှောက်လာ၍ ညာဘက်တွင် အပေါ်ထပ်တက်သောလှေကားကို တွေ့လိုက်ရသည်။ ဒါဆို ဘယ်ဘက်က ဧည့်ခန်းဖြစ်မည်ဆိုတာ မေးမနေပါဘဲရိပ်မိလိုက်၏။

ဟင်. . . နေထွေးဦး ကိုယ့်မျက်လုံးကိုပင် ကိုယ်မယုံကြည်နိုင်လောက်အောင်ဖြစ်သွား၏။ သူဧည့်ခန်းကိုရောက်တော့ ဆင်ဝင်အောက် တံခါးနားမှာ အဝတ်ထုပ်လေးတစ်ထုပ်ဘေးချ၍ ငုတ်တုတ်ထိုင်နေသော ခုနက ကုလားမလေးကိုတွေ့လိုက်ရတော့သည်။ သေချာအောင် ထပ်၍ကြည့်သည်။ သေချာသည်။ အဝတ်ထုပ်လေး ဘေးချလျက် ကုလားမလေး၊ ဟင်. . . ဒါဆို နွေဦးဝေတို့ မိုးစက်တို့ရော သူတစ်ယောက်မှမတွေ့တော့။ ဘာတွေဖြစ်ကုန်ပြီလဲ၊ နေထွေးဦးခေါင်းသည် ဂျူပီတာဂြိုဟ်လောက်ကြီး ထွက်သွား၏။ သူ ဘာဆိုဘာမှ နားမလည်နိုင်တော့ပြီ၊ ဟိုကောင်တွေလည်း တိတ်တိတ်ကို ပျောက်လို့၊ ရိုးတိုးရိပ်တိတ်ကလေးတောင် မတွေ့ရတော့ပြီ။ သူကြည့်နေစဉ်မှာပဲ ကုလားမလေး ဘာစိတ်ကူးပေါက်သွားသည်မသိ၊ သူ့ဘေးမှအိတ်ကို ဆောင့်ဆောင့်အောင့်အောင့်ဆွဲ၍ တောက်တစ်ချက်ခေါက်ကာ အိမ်ရှေ့တံခါးကိုသော့ခတ်ပြီး လှည့်ဝင်လာတော့သည်။

ဟာ. . . သွားပြီ၊ နေထွေးဦး ဘယ်ပြေးလို့ ပြေးရမှန်းမသိတော့၊ အရှူးမီးပိုင်းသလိုဖြစ်သွားသည်။ မထူးတော့ဘူး နောင်ခါလာ နောင်ခါချေးပဲဟုတွေးကာ ညာဘက်လှေကားမှ အပေါ်ထပ်သို့ တက်ပြေးလိုက်တော့၏။

www.burmeseclassic.com



သို့ဆုံးဖြတ်ချက် ဒီတစ်ခါတော့မှန်သွားပြီ၊ ကုလားမလေးက သူခုနဖြတ်လာသည့် လမ်းကလေးရှေ့မှ အခန်းထဲဝင်သွားပါတော့သည်။

ဟူး. . . နေထွေးဦး အခုမှသက်ပြင်းချနိုင်တော့သည်။ သူရောက်နေတာ နွေဦးဝေတို့အပေါ်ထပ်ဖြစ်သည်။ တိတ်ဆိတ်နေသော အိမ်ကြီးထဲတွင် နေထွေးဦးတစ်ယောက်တည်း ချောက်ချားလာသည်။ ကြာတော့ကြောက်လာသည်။ အခုအချိန် လူတွေနိုးလာလျှင် သူ့ကို သူခိုးထင်တော့မည်။ ဘယ်လိုမှရှင်းပြလို့ရမှာမဟုတ်ကော၊ ထောင်ထဲတန်းရောက်သွားနိုင်၏။ ထိုအချိန် သူ မိုးစက်တို့ကိုသတိရလိုက်သည်။ ဒီကောင်တွေ ဘယ်လိုက ဘယ်လို ဒီကုလားမလေးမသိအောင် ထွက်သွားသနည်း။ ဒီကုလားမလေးကရော ဘယ်အကြောင်းကြောင့် အထုပ်တစ်ထုပ်နှင့် စောင့်နေရသနည်း။ သူလည်း ခိုးရာလိုက်မလို့လား၊ ဟာ. . . ဒါတော့မဖြစ်နိုင်။ သူ တွေးရင်း ခေါင်းရှုပ်လာပြီ၊ အဖြေထွက်ဖို့ နေနေသာသာ၊ ဘယ်ကဘယ်လို အစရှာရမှန်းတောင်မသိတော့ပြီ၊ သူ ခဏကလေး နောက်ဖေးဝင်၍ ရှူးရှူးကလေး လာပေါက်ရုံပဲရှိသေးသည်။ လောကကြီး ဘာတွေဖြစ်ကုန်သနည်း။ နေထွေးဦး တွေးရင်းတွေးရင်း ကြောင်တောင်တောင်ဖြစ်လာသည်။

အခုအချိန်မှာ အပြင်ကို ဘယ်လိုထွက်ရမလဲ. . . ဟိုကုလားမလေးကလည်း အိမ်တံခါးကိုပိတ်ပြီး သော့ခတ်သွားပြီ၊ နေထွေးဦး တွေးရင်း ငိုချင်လာသည်။ သူ့အဖြစ်ကလည်း ကိုယ်နဲ့မသိသည့် သူစိမ်းအိမ်တစ်အိမ်ထဲမှာ ညကြီးအချိန်မတော် ငုတ်တုတ်လာထိုင်နေရသည့်အဖြစ်။ အကြံတစ်ခု လက်ခနဲရလိုက်၏။ ဟုတ်ပြီ. . . လာရာလမ်းအတိုင်းပြန်ထွက်မယ်။ အိမ်နောက်ဖေးက ထွက်ရင်ရတာပဲ. . . အိမ်ရှေ့ရောက်မှတော့ ခြံစည်းရိုးကျော်တက်ရရုံအပြင် ပြဿနာမရှိဘူး၊ နေထွေးဦး အချိန်ဆိုင်းမနေတော့ ချက်ချင်းထလိုက်ပြီး အိမ်အောက်သို့ ပြေးဆင်းလိုက်တော့သည်။

# ကော်ဖီ

ကိုတစ်ဝက်ခန့်သာသောက်ယား၍ အအိပ်အလွန်ဆတ်သော ဦးထွန်းဝေအတွက် အိပ်နေရာမှနိုးသွားဖို့ကိစ္စမှာ ခဲယဉ်းသောအလုပ်မဟုတ်ပေ။ ဦးထွန်းဝေ၏နားထဲတွင် တံခါးပိတ်သံ၊ လမ်းလျှောက်သံများကို အိပ်မက်ဆန်ဆန်ကြားနေရသည်။ သို့သော် အိပ်ချင်မူးတူးနှင့် မသဲမကွဲဖြစ်နေ၏။ စိတ်ထင်တာနေမှာပါဟုတွေးကာ ပြန်အိပ်ဖို့ကြိုးစားလိုက်သည်။ အဲဒီအချိန် ကျမှပဲ လေကားမှတက်လာသော ခြေသံဖွဖွတစ်ခုကို တိတ်ဆိတ်နေသော ညဥ့်ယံမှာ နားနဲ့ဆတ်ဆတ်ကြားလိုက်ရပါတော့သည်။

ဟင်. . . ကိုထွန်းဝေခေါင်းသည် ဆတ်ခနဲထောင်သွား၏။ ခြေသံ. . ဟုတ်သည်၊ သူ နားနဲ့သေချာကြားလိုက်ရသည်။ ဘာနူးလား၊ သမီးလား၊ ဦးထွန်းဝေတွေးရင်း မဖြစ်နိုင်မှန်းသိသည်။ ဘာနူးနှင့် သူ့သမီးခြေသံသူသိသည်။ ဒီကောက်နည်းနည်းပိုပြင်းသည်။ ဒါဆို ဘယ်သူလဲ၊ အိမ်ထဲတစ်ယောက်ယောက် ရောက်နေပြီပေါ့။ ဦးထွန်းဝေတွေးရင်း အရှမ်းစိုးရိမ်သွားသည်။ သူခိုး၊ ဓားပြတွေဆိုဒုက္ခ၊ ကိုယ်က လက်ဦးမှုရမှရမည်။ အိမ်မှာ ယောကျ်ားသားဆိုလို့ သူတစ်ယောက်တည်းရှိ၏။ ဦးထွန်းဝေ ဖသာကလေး နတင်ပေါ်မှ

ဆင်းလိုက်သည်။ သူ မိန်းမကိုနိူးမနေတော့၊ တော်ကြာ အိပ်ချင်မူးတူးနှင့် ကယောင်ကတမ်းတွေ လျှောက်အော်နေလျှင် သူခိုးလွတ်သွားနိုင်သည်။ ဦးထွန်းဝေ အသာကလေး ခြေဖွနင်း၍ အခန်းတံခါးဆီထွက်လာလိုက်သည်။

တံခါးလက်ကိုင်ဘုကို အသံမမြည်အောင် အသာကြိတ်ဆွဲ၍ တံခါးကို အပြင်သို့မြင်သာရုံ လှပ်လိုက်၏။ မြင်လိုက်ရသော မြင်ကွင်းကြောင့် ဦးထွန်းဝေ ခဏမှင်တက်သွားမိသည်။ ပေါ်တစ်ကောင်၊ လှေကားအဆင်းမှာ အေးအေးလူလူ ငုတ်တုတ်ထိုင်နေသည်။ ဘယ်လိုတုန်း၊ သူ့အိမ်လုံခြုံမှုရှိတာ သူသိသည်။ အိမ်ထဲမှတစ်ယောက်ယောက်ဖွင့်မပေးလျှင် မည်သူမှ အထဲကို မဝင်နိုင်ပေ။ ခတ်ထားသောသော့များနှင့် အိမ်တံခါးတွေကလည်း အားလုံး အာမခံအကောင်းစားတွေချည်းဖြစ်သည်။ ဒါဆို ဒီကောင်ဘယ်လိုရောက် လာသနည်း။ ထိုင်နေပုံကလည်း အေးအေးဆေးဆေးနှင့် အောင်မယ်. . . အတွေးတောင် နယ်ချဲ့နေပုံရသည်။ လာချာပြီ. . . ဒါ သူခိုး၊ ဦးထွန်းဝေ ရုတ်တရက် ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ သူ့သမီးနှင့် ဘာနှုးကတော့ အိပ်နေတာဖြစ်မည်။ တစ်အိမ်လုံးလည်း တိတ်ဆိတ်လို့ လက်မှနာရီကြည့် လိုက်တော့ (၁း၁၅)။

ခုတင်အောက်မှာထားသော သူငယ်ငယ်က ကစားသည့်ဘော့စ်ဘော တုတ်ကို အသာဆွဲယူလိုက်ပြီးကြည့်လိုက်၏။ လက်ထဲတွင်ရောက်လာသော ဘော့စ်ဘောတုတ်သည် အလေးချိန်စီးပြီး ပြောင်လက်နေကာ ရိုက်ချင်စရာ ပင်၊ သူ ဒါလောက်နဲ့တင် ဒီငတိကိုရင်ဆိုင်လို့ရပြီ၊ ကြည့်ရတာ ဒီကောင့် လက်ထဲမှာ ဘာလက်နက်မှပါပုံမရ၊ သူ့မိန်းမကို တစ်ချက်ကြည့်သည်။ အိပ်နေတာ သိုးလို့၊ ဦးထွန်းဝေ တံခါးဆီသို့ပြန်သွားပြီး အသာချောင်းကြည့် လိုက်သည်၊ ဟိုအကောင် ထိုင်နေဆဲ၊ တံခါးကို အသံမမြည်အောင် အသာ ဖွင့်လိုက်ချိန်မှာ ဟိုကောင် အောက်ထပ်သို့လှစ်ခနဲပြေးဆင်းသွားတာ မြင် လိုက်၏။ ဟင်. . . ဦးထွန်းဝေ အချိန်မဆွဲတော့။ ကြာရင် လွတ်သွားမည်၊ လှေကားအတိုင်း အဲဒီကောင်နောက် အသာပြေးလိုက်လိုက်၏။ ဒီကောင့်ပုံက





ကြည့်ရတာ သူ့ကိုသတိထားမိပုံမပေါ်ချေ။ လက်ထဲမှာလည်း ဘာပစ္စည်းမှ မတွေ့၊ ဘယ်လိုပါလိမ့်၊ သူခိုးဆို ခိုးရာပါပစ္စည်းတစ်ခုခုရှိရမည်၊ အခုတော့ ဒီကောင့်လက်ထဲ ဘာမှမတွေ့ပေ။ ဒီကောင် ဘာကောင်လဲ၊ အို. . . ဘာပဲ ဖြစ်ဖြစ် ညကြီးအချိန်မတော် သူ့အိမ်ထဲလာပြီး ဒီကောင်အပန်းဖြေနေတာ တော့မဖြစ်နိုင်၊ ပစ္စည်းမခိုးရသေးတာပဲဖြစ်မည်။

ဦးထွန်းဝေ ကြည့်နေရင်းမှာပင် ဟိုကောင် ထမင်းစားခန်းတံခါးကို ဖွင့်၍ဝင်သွား၏။ ဦးထွန်းဝေ စဉ်းစားသည်။ ဒီကောင် သူ့အိမ်တံခါးပေါက် တွေကို ဘယ်ကဝင်လာလျှင် ဘယ်ကိုရောက်နိုင်သည်ဆိုတာ သိပုံရ၏။ ဒါ အကျွမ်းတဝင်သိတွေထဲက လက်ထောက်ချလိုက်တာဖြစ်မည်ဟု တွေးလိုက်၏။ ငွေ ဘီရိုလုံဆို သူ့အိမ်ထဲမှာတင် မျက်စိလည်သွားနိုင်တာ သူသိ၏။ သူ တွေးနေစဉ်မှာပင် ဟိုအကောင် မီးဖိုချောင်တံခါးကို ကုပ်ချောင်းချောင်းနှင့် ဆွဲဖွင့်နေပြီ၊ သူအချိန်မဆွဲတော့၊ လက်ထဲမှ ဘော့စ်ဘောတုတ်ကို ကျစ်ကျစ် ပါအောင်ဆုပ်လိုက်ပြီး. . . ။

"ရပ်လိုက်စမ်း"

ဦးထွန်းဝေအသံသည် ညဥ့်၏တိတ်ဆိတ်မှုကို ဟိန်းခနဲဖောက်ထွက် သွားတော့သည်။ သူ့ရှေ့က တံခါးဖွင့်နေသည့်အကောင် တစ်ကိုယ်လုံးတုန် ခါသွားတာ မြင်လိုက်ရ၏။ ဖျတ်ခနဲလှည့်ကြည့်ပြီး သူ့ကိုမြင်လိုက်ရတော့ အာဋ္ဌာဝကဘီလူးကို မျက်ဝါးထင်ထင်တွေ့လိုက်ရသလို မျက်နှာတစ်ခုလုံး သွေးမရှိတော့ဘဲ ကြက်သေသေသွား၏။ ပြီးတော့ တံခါးပေါင်လေးအတိုင်း မှီ၍ ကြမ်းပြင်ပေါ်သို့ဖုတ်ခနဲ အရုပ်ကြိုးပြတ် ပြုတ်ကျသွားကာ သူ့ကို ကြောင်စီစီလေးနှင့်ကြည့်နေတော့သည်။ ဒီကောင့်ကြည့်ရတာ ဒီလိုဖြစ် လာမယ်ဆိုတာကို ထင်မှတ်ထားပုံမပေါ်ချေ။ ရုတ်တရက်ကြုံလိုက်ရတော့ လိပ်ပြာလွင့်သွားပုံရသည်။

"မင်း ဘယ်သူလဲ. . . ပြောစမ်း"

". . . . . . . . . . . ."



www.burmeseclassic.com

www.burmeseclassic.com



"ငါ. . . မေးနေတယ်လေ"

". . . . . . . . . . . ."

ဒီကောင် ကြောင်တောင်တောင်နဲ့သာ ကြည့်နေသည်။ ဘာမှပြန်မပြောပေ၊ နှုတ်ခမ်းတွေလည်းတုန်နေသည်။

"ရတယ်လေ. . . မင်းကမပြောမှတော့ ငါ့အဆိုးမဆိုနဲ့"

ဦးထွန်းဝေပြောပြီး လက်ထဲက တုတ်ကို တစ်ချက်ဆကိုင်လိုက်တော့မှ

"ပြော. . . ပြော. . . ပါ့မယ်ဗျာ. . . ကျွန်တော်. . . ကျွန်တော်. . . နေ. . . နေထွေးဦး. . . ဦး. . . ပါ"

"ဟေ့ကောင်. . . မင်းကို ဆွေမျိုးစပ်မလို့ နာမည်မေးနေတာမဟုတ်ဘူး၊ မင်း. . . ဒီကိုဘာလာလုပ်တာလဲ၊ သူခိုးလား. . . အဲ. . . ဘာခိုးမလို့လဲမေးတာ"

"ဟို. . . ဟို. . . တလွဲမထင်ပါနဲ့ဗျာ. . . ကျွန်. . . ကျွန်တော်. . . လူ. . . လူကောင်းပါ၊ ဦး. . . အိမ်. . . အိမ်ထဲမှာ လမ်းပျောက်နေလို့ပါ" -

"ဘာကွ. . . ငါ့အိမ်ထဲ လမ်းပျောက်နေရအောင် ငါ့အိမ်က လမ်းမပေါ်ခွပြီး ဆောက်ထားတာမှမဟုတ်တာ. . . တို. . . မဟုတ်တာမပြောနဲ့. . ရှုပ်ပါတယ်ကွာ. . . ရဲစခန်းဖုန်းဆက်မယ်"

အဲဒီအချိန်မှာ ဒေါ်ခင်စောဦး အိမ်ပေါ်ထပ်မှ ကမန်းကတန်းဆင်းလာ၏။

"ဟင်. . . ကိုထွန်းဝေ ဘာ. . . ဘာတွေ. . . ဖြစ်နေတာလဲ"

ဒေါ်ခင်စောဦး အိမ်အောက်မှ ဆူဆူညံညံအသံတွေ ကြားတော့ လန့်နိုးသွားသည်။ အောက်ထပ်ဆင်းကြည့်လိုက်တော့ ယောကျာ်းဖြစ်သူနှင့် လူစိမ်းတစ်ယောက်၊ ဘာတွေဖြစ်ကုန်ပြီလဲ။

"အစော. . . သွားစမ်း. . . ရဲစခန်း. . . ဖုန်းဆက်. . . ဒီမှာ သူခိုးမိထားတယ်လို့"





ဟင်. . . သူခိုးဆိုပါလား ဘာတွေပါသွားပြီလဲမသိ၊ ဒေါ်ခင်စောဦး စိုးရိမ်သွားသည်။ သူလည်း ဒီနေ့မှ ဘာကြောင့်မှန်းမသိ စောစောစီးစီး အိပ်ပျော်သွားတာ အခုမှပဲ နိုးတော့သည်။ သူခိုးဆိုသည့်ကောင်လေးကို ကြည့်လိုက်တော့လည်း ရုပ်ရည်လေး သနားကမားနှင့် အင်း. . . လေ. . . စားစရာမရှိတော့လည်း လုပ်မိလုပ်ရာလုပ်မိကာနေမှာပါ၊ လောကကြီးမှာ ဒါမျိုးတွေအများကြီးရှိမှာပဲ. . . ဟုတွေးကာ တယ်လီဖုန်းဆီ လှမ်းသွားလိုက်တော့သည်။

နေထွေးဦး ရဲစခန်းဆိုသည့် နာမည်ကြားလိုက်တော့ သေးဖြန်းဖြန်းထွက်မတတ် လန့်သွား၏။ သွားပြီ. . . ဘဝပျက်ပြီ၊ အစောဆိုသည့် မိန်းမကြီးကလည်း သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်၍ တယ်လီဖုန်းဆီသို့ထွက်သွားပြီ. . . ဘယ်လိုလုပ်ရမလဲ နေထွေးဦးစဉ်းစားသည်၊ ဒီအတိုင်း နေလို့တော့မဖြစ်၊ သူ့ကို သူခိုးလို့တော့အထင်မခံနိုင်၊ အားလုံး အမှန်အတိုင်းဖွင့်ပြောလိုက်တာ ကောင်းမည်။

အခုချိန် မိုးစက်တို့နောက် နွေဦးဝေလည်းပါသွားလောက်ပြီ။ မိုးစက်တို့ရှိသည့်နေရာကို သူမပြောပြလျှင် လူကြီးတွေဘယ်လိုမှသိနိုင်မှာမဟုတ်၊ ဒါဆို မိုးစက်တို့ကို ဘယ်လိုမှလိုက်ခွဲနိုင်မည်မဟုတ်ဟုတွေးကာ နွေဦးဝေကို လာခိုးကြောင်း အမှန်အတိုင်းပြောရန် ဆုံးဖြတ်ချက်ချလိုက်တော့သည်။

"အန်တီ. . . ရဲစခန်းတော့. . . ဖုန်း. . . ဖုန်းမဆက်ပါနဲ့ခင်ဗျာ. . ကျွန်တော် လူကောင်းပါ. . . ဟို. . . ဟို. . . နွေဦးဝေသူငယ်ချင်းပါဗျာ"

"ဟေ"

ဦးထွန်းဝေရော ဒေါ်ခင်စောဦးပါ နေထွေးဦးကို တအံ့တဩပြိုင်တူ ကြည့်လိုက်ကြသည်။

"ဟုတ်. . . ဟုတ်ပါတယ်. . . ကျွန်တော့်သူငယ်ချင်းနဲ့ နွေဦးဝေနဲ့ ကြိုက်နေကြတာပါ၊ အဲဒါ နွေဦးဝေက လက်ထပ်တော့မှာမို့လို့. . . နွေဦးဝေကို ကျွန်တော်တို့လာခိုးရင်း. . . ကျွန်တော်. . . ကျွန်တော်ကျန်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ပါဗျာ"

"ဘာကွ. . . ဟင်. . . ဒါဆို. . . သမီး. . . သမီးလေး"

"ဟင်. . . သမီးလေး. . . ကိုထွန်းဝေ. . . လုပ်. . . လုပ်ပါဦး"

နေထွေးဦးစကားကိုကြားတော့ ဦးထွန်းဝေနဲ့ ဒေါ်ခင်စောဦး ပျာထွက်သွား၏။ ဒေါ်ခင်စောဦး တယ်လီဖုန်းနားမှခွာ၍ အိမ်ပေါ်ထပ် သူ့သမီးအခန်းသို့တက်ပြေးသည်။ ခဏကြာတော့ ပျာပျာသလဲ ပြန်ဆင်းလာပြီး ရင်ဘတ်ကိုဖိကာ

"ကိုထွန်းဝေ. . . ကျွန်မကိုတော့ ကိုယ်ကျိုးနည်းပါပြီရှင်. . . သမီးသမီးလေး မရှိတော့ဘူး"

"ဟင်"

ဒေါ်ခင်စောဦး မျက်ရည်များနှင့် ဦးထွန်းဝေလက်မောင်းကို လှုပ်ခါရင်း ငိုကာပြောနေ၏။ ဦးထွန်းဝေ မျက်နှာချက်ချင်းတည်သွားသည်။ ပြီးတော့ ရဲလာ၏။ နောက်ဆုံး အသားတွေ တဆတ်ဆတ်တုန်ခါလာပြီး၊ မျက်နှာကြီးတစ်ခုလုံး ရဲနေရာမှ ရွှာတော့မည့်မိုးလို မည်းတက်လာတော့သည်။ နေထွေးဦးဘက်သို့ ဓားသွားနှင့်တူသော မျက်လုံးရဲကြီးများနှင့်ကြည့်ကာ

"ဒီမှာ. . . မောင်ရင်. . . မင်းပြောနေတာတွေ အမှန်ပဲလား"

အသံက မာသည်၊ ပြတ်သားသည်။

"ဟုတ်ကဲ့. . . အမှန်ပါပဲဗျာ"

နေထွေးဦးပြောပြီး သူတို့ယုံကြည်ရန် ပိုက်ဆံအိတ်ထဲမှကျောင်းသားကဒ်ကို ချက်ချင်းနှိုက်၍ ထုတ်ပြလိုက်တော့သည်။ ဦးထွန်းဝေ ကျောင်းသားကတ်ကို တစ်ချက်ယူကြည့်ပြီး သူ့သမီးနှင့် ကျောင်းတူနေကြောင်း တွေ့လိုက်ရတော့

"တောက်. . . အမိုက်မ. . . ခွေးမ. . . ငါ့စိတ်ကိုစမ်းတာ၊ မီးဘတွေ လက်နဲ့ရေးတာကို ဒင်းက ခြေနဲ့ဖျက်ချင်တဲ့ဟာမ"



ဦးထွန်းဝေ၏ ပထမကတည်းက ဒေါသထွက်နေသည့်စိတ်သည် ယမ်းပုံမီးကျသလို ပိုဆိုးလာတော့၏။

"မင်းသူငယ်ချင်းနာမည်. . . ဘယ်သူလဲ"

"မိုးစက်ပါ"

"သူတို့ အခုဘယ်မှာလဲ"

"ကျွန်တော်မသိဘူး"

"ဘာကွ. . . ဘာလို့မင်းမသိရမှာလဲ. . . ဟောကောင် အူကြောင်ကြောင်လုပ်မယ်မကြံနဲ့. . . ပြောဆိုပြော"

ဦးထွန်းဝေ ပြောနေရင်းမှ ဒေါသသည် အထွတ်အထိပ်ရောက်ရှိသွားပြီး. . . လက်ထဲမှတုတ်ကို ကျစ်ကျစ်ပါအောင်ဆုပ်၍ နေထွေးဦးဆီဆတ်ခနဲ တိုးကပ်သွား၏။ နေထွေးဦး ဦးထွန်းဝေကိုကြည့်ကာ လန့်သွားပြီ၊ တကယ်ဆော်မည့်ပုံ၊ အမှန်အတိုင်းပြောလိုက်တာ ပိုဆိုးသွားပြီ၊ ကျားကရှင်ကြီးထက် ဆိုးနေပြီ။ နေထွေးဦးကြောက်ပြီး နောက်သို့ဆုတ်လိုက်တာ အုတ်နံရံနှင့် ပြားနေအောင် ကပ်သွားတော့သည်။ သွားပြီ. . . သူ့သမီးအပေါ်ထွက်နေသည့် ဒေါသအားလုံး သူ့အပေါ် လုံးလုံးလျားလျားကျရောက်သွားပြီဆိုတာ သိလိုက်ချိန်မှာ နေထွေးဦး အချိန်နှောင်းသွားလေပြီ၊ ဒီတစ်ခါမှ တကယ်ဘဝပျက်ပြီ။

"ဟောကောင်. . . ပြောဆိုပြောနော်. . . ထွန်းဝေတဲ့ တစ်ဝေကည်းရှိတယ်"

ပိုဆိုးလာပြီ၊ အကျိုးလက်တွေဘာတွေ မ,ကဲ့အဆင့်အထိပါ ရောက်လာပြီ. . .။

"ဟောကောင်. . . ပြောဆို"

နေထွေးဦး ဒီအချိန်မှာ သူငယ်ချင်းအတွက် သစ္စာရှိရမည်ဟုတွေးကာ မွေးကတည်းက ပါလာသည့်သတ္တိတွေ အကုန်စုပြီး တစ်ခွန်းတည်း ပြတ်သားစွာ ပြောချလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြောပြဘူး"

"ဘာ. . . အေး မပြောပြရင်. . . ရောကွာ"

ဒေါ်ခင်စောဦး၏အော်သံ. . .

"ကိုထွန်းဝေ လွှန်မယ်. . . မလုပ်နဲ့"

ဦးထွန်းဝေ၏ရိုက်ချက်

"ဖောင်း. . ."

နေထွေးဦး၏ရင်တွင်းဖြစ်

"အား. . ."

အားလုံးမှောင်အတိ. . .။

BURMESE CLASSIC .com

## ဇာတ်သိမ်း

စခန်းမှူး ဦးလှဆွေ၏ရှေ့တွင် နှစ်ဖက်သော မိဘတွေနှင့်အတူ သတို့သား၊ သတို့သမီးများဖြစ်ကြသော မိုးစက်နှင့်နွေဦးဝေတို့ ယို့ယို့လေး ထိုင်နေကြလေသည်။ သတို့သမီးမြန်လည်အပ်နှင်းခြင်းနှင့် တရားစွဲဆိုသည့် ကိစ္စများ လာရောက်ဖြေရှင်းကြခြင်းပင်၊ ခဏကြာတော့ စခန်းမှူးဦးလှဆွေ၏ အောင်မြင်ခန့်ညားသောအသံ ထွက်ပေါ်လာပါတော့သည်။

"ကဲ. . . အားလုံးလည်း တစ်ဖက်နဲ့တစ်ဖက် အဆင်ပြေသွားကြပြီ ဆိုတော့ ကျန်တဲ့မင်္ဂလာကိစ္စတွေကို မိဘတွေဘက်ကပဲ ဆက်လက်စီစဉ်ကြပေါ့ဗျာ"

"ဟုတ်ကဲ့ပါ. . . စခန်းမှူးကြီးရယ်. . . ကျွန်မတို့ဘက်ကလည်း မိန်းကလေးရှင်စိတ်တိုင်းကျ မိသားဖသားပီပီ သွားရောက်တောင်းရမ်းပြီးတော့ မင်္ဂလာကိစ္စကို ခမ်းခမ်းနားနားလုပ်ပေးပါ့မယ်ရှင်. . . ကျွန်မတို့ကိစ္စကို ဝင်ရောက်ကူညီပေးတဲ့ စခန်းမှူးကြီးကိုလည်း အရမ်းကျေးဇူးတင်ပါတယ်"

"ရပါတယ်ဗျာ ဒါ. . . ကျွန်တော်တို့တာဝန်ပါ"



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အားလုံး အဆင်ပြေသွားကြပြီ၊ ဦးထွန်းဝေတို့ဘက်ကလည်း သူကို့အမှုဖွင့်ထားသည့် ကိစ္စအပဝကို ကျေအေးလိုက်ပါသည်။ မကျေအေးလို့လည်းမရပေ။ မိုးစက်တို့က လက်ထပ်ပြီးနေပြီ။ ယခုအချိန်မှတော့ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးကြရတော့မည်ဖြစ်ကြောင်း သူတို့အားလုံး သဘောပေါက်ထားကြပါသည်။ ထို့ကြောင့် တစ်ဖက်နှင့်တစ်ဖက် မိတ်ဆက်ကာ မင်္ဂလာကိစ္စများကို စီစဉ်ကြတော့သည်။ ခဏနေတော့ သူတို့အားလုံး စခန်းမှပြန်ထွက်ခဲ့ကြပါတော့၏။

△ △ △

BURMESE CLASSIC .com

# ရန်

ကုန်-ပြည်လမ်းပေါ်တွင် တရိပ်ရိပ်ပြေးနေသောကားလေးပေါ်မှာ မိုးစက်၊ နွေဦးဝေနှင့်အတူ သူတို့သူငယ်ချင်းတစ်သိုက် ပျော်ရွှင်စွာပါလာကြတော့သည်။ မိုးစက်၏ရင်ခွင်ထဲမှာ နွေဦးဝေက ခေါင်းကလေးမှီလျက် သူတို့အားလုံး၏ ဦးတည်ရာက ရန်ကုန်ဆေးရုံကြီးသို့. . .။

ဆေးရုံကြီးလူနာဆောင်အဝင်ဝသို့ ရောက်တယ်ဆိုရင်ပဲ နေထွေးဦး ပတ်တီးအဖွေးသားနှင့် ကုန်းရုန်းထတော့သည်။ နေထွေးဦး အဲဒီနေ့ညက ဦးထွန်းဝေ၏ရိုက်ချက်ကြောင့် နဖူးတွင်(၂)ချက်ချုပ်ရပြီး ရှေ့သွားနှစ်ချောင်း ကျွတ်သွား၏။

"သက်သာသွားပြီလား သူငယ်ချင်း"

မိုးစက်က နေထွေးဦး၏လက်တစ်ဖက်ကို ဆုပ်ကိုင်၍ မေးလိုက်၏။

"အေးဆေးပါကွာ. . . ဘာမှကြီးကြီးကျယ်ကျယ်မဖြစ်ပါဘူး၊ သူတို့မဆင်းနိုင်းသေးလို့ပါ"

နေထွေးဦးက အပြုံးနှင့်ဆို၏။ သူငယ်ချင်းတွေ မျက်နှာတွေ့လိုက်ရတော့ ရရှိသည့်ဒဏ်ရာတောင် မေ့သွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မိုးစက် မင်းတို့ရောအဆင်ပြေလား"

"ဟာ. . . ပြေတယ် သူငယ်ချင်း. . . ငါတို့ ရှေ့အပတ် တနင်္လာ မင်္ဂလာဆောင်မှာ အဲဒါ မင်းကျန်းမာအောင်နေ"

"ဟာ. . . စိတ်ချ၊ ငါက မနက်ဖြန် သန်ဘက်ခါလောက် ဆင်းရမှာကွ. . . ဟဲ. . . ဟဲ. . ."

နေထွေးဦး သူ၏ရှေ့သွားနှစ်ချောင်းမရှိတော့သည့် အပြုံးနှင့် ရယ်ကျဲကျဲလုပ်ပြပြီး

"ဒါနဲ့ မိုးစက်. . . ဟို. . . ဟိုဟာလေ. . . မင်းတို့ ကလေးယူရင် ယောကျ်ားလေးမွေးကွာ"

"ဟာ. . . ဟော့ကောင်. . . မင်းကွာ. . ."

"ဟယ်. . . နေထွေးဦး. . . နင်ကလည်း"

"အောင်မယ်. . . ရှက်နေကြသေးတယ်. . . ငါက တကယ်ပြောတာ၊ တော်ကြာ မိန်းကလေးမွေးရင် မိုးစက်ဝဋ်လည်ပြီး အိပ်ဆေးပြန်အခတ်ခံနေရမှာစိုးလို့ဟ"

"ဟား. . . ဟား. . . ဟား. . ."

"ဟား. . . ဟား. . . ဟား. . ."

မိုးစက်တို့ရယ်သံများသည် လူနာဆောင်အခန်းထဲမှ လျှံထွက်သွားပါတော့၏။ ခဏကြာတော့ မိုးစက်တို့အားလုံး နေထွေးဦးကို နှုတ်ဆက်ပြန်ခဲ့ကြတော့သည်။ ပြန်ခါနီး နေထွေးဦးက ခုတင်ပေါ်မှာလှဲလျက် မိုးစက်ကို လက်မထောင်၍ လှိုက်လှိုက်လှဲလှဲ ပြုံးပြလိုက်ပါသည်။ နေထွေးဦး၏ ရှေ့သွားနှစ်ချောင်းမရှိသောအပြုံးသည် ကမ္ဘာပေါ်တွင် ပန်းတွေ ပြိုင်တူဖူးပွင့်သလို လှပနေသည်ဟု မိုးစက်ထင်မိပါတော့သည်။

ကြိုးစားလျက်

မိုးဆက်လင်းထက်

BURMESE CLASSIC .com



www.burmeseclassic.com